www.burmeseclassic.com

ရွှေပြည်သိမ်းစာပေ

# လုံမ

## ကြင်နာချစ်တယ်



အချစ်

လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၊ ပထမအကြိမ်

**ကွန်ပျူတာစာစီ** - ခင်ပြုံးဝင်း(ဖုန်း-၀၉၉၇၃၉၂၈၃၇၇)

**ထုတ်ဝေသူ** - ဦးဖြိုးကျော်သူ (၀၀၇၇၇)
ရွှေပြည်သိမ်းစာပေ
အမှတ်-၂၂၁ (၄) လွှာ၊
ဗိုလ်မြတ်ထွန်းလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ** - ဦးအေးလွင် (၀၀၂၄၀)
'ရွှေဝဓေသာအော့ဖ်ဆက်'
အမှတ်(၃၃)၊ ကျိုက်ဝိုင်းလမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

**ဖြန့်ချေး** - ၁၅၀၀ ကျပ်

**အုပ်ရေ** - ၅၀၀ အုပ်

**ထုတ်ဝေသည့်စာအုပ်၊ ကတ်တလောက်အညွှန်း (CIP)**

ကြင်နာချင်တယ်
လုံမ
ရွှေပြည်သိမ်းစာပေ၊ ၂၀၁၇၊ ရန်ကုန်။
-စာ၊ ၁၂ × ၁၈ စင်တီ။
(၁) ကြင်နာချင်တယ်

# ကြင်နာချင်တယ်

## လုံမ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

"စံပယ်ပန်းတွေရမယ်. . . စံပယ်ပန်းတွေ. . ."

"စံပယ်ပန်းလေးတွေယူပါဦး အစ်ကို၊ ကားရှေ့ခန်းမှာချိတ်ထားရင် လန်းဆန်းအေးမြပြီး စိတ်ကြည်လင်သွားပါတယ်၊ ချိတ်ထားကြည့်ပါလားဟင်"

"ဟူး"

ကားမှန်လေးကိုထုကာပြောနေတာမို့ မီးပွိုင့်မိလို့ စိတ်ရှုပ်နေရသည့် မိုးမြင့်ဝင့်ထည် ပိုပြီးစိတ်ရှုပ်သွားရသည်။ သူ့အိမ်ကထွက်လာလျှင် ဒီမီးပွိုင့်ကို မဖြတ်လို့မဖြစ်ပါ။

အိမ်အနီးဝန်းကျင်မှာ မီးပွိုင့်ရှိနေတာမို့ ဘယ်ကိုသွားချင်သွားချင် မီးပွိုင့်ကိုဖြတ်မှကိုရသည်။ ဒါကြောင့်မို့ စိတ်ညစ်ပြီး အိမ်ကမထွက်လျှင် ဘယ်မှရောက်မှာမဟုတ်တော့။

"ဒီစံပယ်ပန်းလေးက အရမ်းကိုမွှေးတာပါ၊ ချိတ်ကြည့်ပါဦး"

"ရော့. . . ခက်တာပဲ"

အဲကွန်းဖွင့်ထားတာမို့ မယူချင်ပါဘူးဆိုပြီး လက်လေးကာပြသော်လည်း ပန်းရောင်းသည့်ကောင်မလေးက လက်လျှော့ချင်ပုံမပေါ်။ ကောင်မလေးက သူ့ထက်အသက်နည်းနည်းကြီးလောက်မည့် အပျို



www.burmeseclassic.com

www.burmeseclassic.com



အရွယ်ဖြစ်နေတာတောင် ကားမှတ်တိုင်မှာ ပန်းရောင်းကာ ရုန်းကန်နေတာ သနားစရာပင်။

နေပူထဲမှာ ရုန်းကန်ရသည့်ဘဝမို့ အသားလေးကညိုသယောင်ထင်ရပြီး ကုပ်ပေါ်မရောက်တရောက်ဆံနွယ်များကို ကလစ်ဖြင့်ညှပ်တင်ထားကာ ပါးပြင်ပေါ်မှာ သနပ်ခါးပါးကွက်ကိုလည်း ထင်ထင်ရှားရှားတွေ့ရသည်။

ဒီကောင်မလေးကို ဒီကားမှတ်တိုင်မှာ ပန်းရောင်းနေတာ၊ သူသတိထားမိနေတာတော့ကြာနေပြီဖြစ်သည်။ မီးပွိုင့်မိတိုင်း သူ့ကားမှန်တံခါးလေးခပ်ဖွဖွလေးပုတ်၍ ပန်းရောင်းတာလည်း အကြိမ်ကြိမ်ပါ။

သူကတော့ ကားထဲမှာတန်ဖိုးကြီးရနံ့တွေ မွှေးကြိုင်နေ၍ ဒီကောင်မလေး ပန်းလာရောင်းတာကို အံ့ဩနေမိသည်။ ကိုယ်ပိုင်ကားစီးနိုင်သည့်လူတွေက မျက်စိရှေ့မှာ ဒီလိုစံပယ်ပန်းကိုချိတ်ပြီး အရှုပ်ခံပါ့မလား။

"မဝယ်တော့ဘူး ညီမ"

ကားထဲကနေ လက်ကာပြလို့မရတော့ ကားမှန်ကိုလျှော့ချကာ ပြောလိုက်သည်။ ကောင်မလေးရဲ့ နှုတ်ခမ်းပါးလေးက အပြုံးတွေလျော့မသွားပါ။

"ပန်းလေးတွေ တကယ်မွှေးလို့ပါ၊ ဈေးဦးမပေါက်သေးလို့ အားပေးသွားပါဦး"

"ခြသ်"

ဈေးဦးမပေါက်သေးဘူးဆိုတော့ သနားသွားမိသလိုပင်။ သူ့အတွက်က ငါးရာတစ်ထောင်မခဲယဉ်းပါ။ သူမတို့ဘဝလေးကျတော့ တစ်ရာ နှစ်ရာဖိုး ဈေးဦးပေါက်ဖို့တောင် ခက်ခဲနေသည်လား။

"တစ်ထောင်ဖိုးပေးဗျာ"

[redacted]



"ဟုတ်ကဲ့... ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်၊ နောက်လည်း အားပေးပါနော်၊ အရမ်းကိုကျေးဇူးတင်ပါတယ်"

ကောင်မလေး အရမ်းကိုပျော်ရွှင်သွားပုံရသည်။ သူပေးလိုက်သည့် တစ်ထောင်တန်လေးကို အပေါ်ထပ်ရှပ်အင်္ကျီခပ်နွမ်းနွမ်း၏ အိတ်ကပ်ထဲကိုထည့်လိုက်ပြီး ကျေနပ်စွာပြုံးလျက် ပန်းတွေကို ဓားသေးသေးလေးနှင့် ဖြတ်ပေးသည်။

"ချိတ်ပေးရဦးမလားဟင်"

"ရတယ် ရတယ်၊ မီးပွိုင့်စိမ်းနေပြီ သွားပြီနော်"

မြင်နေကျမို့ နှုတ်ဆက်မိသလိုဖြစ်သွားလျက် ကားလေးကိုလှိမ့်ထွက်ခဲ့သည်။ သူ့ကုမ္ပဏီကို လာသည့်အချိန်တိုင်း ဒီနေရာမှာ ရုံးချိန်မို့ ဆယ်မိနစ် ဆယ့်ငါးမိနစ် အနည်းဆုံးကားလမ်းပိတ်တတ်သည်။

သူကုမ္ပဏီကို အလုပ်ဝင်တာ လေးငါးလမျှသာရှိသေး၏။ ဖေဖေက သူအလုပ်ဝင်သည့် အချိန်ကစပြီး ကားလမ်းပိတ်ချိန်ကျော်မှ ကုမ္ပဏီကို လိုက်လာတတ်သည်။ ဒီဒုက္ခတွေ ဖေဖေခံလာရတာ နှစ်ပေါင်းမနည်းတော့ပြီပဲ။

"ဟာ... စံပယ်ပန်းတွေအများကြီးနဲ့ ပန်းရောင်းစားတော့မလို့လား၊ ဘယ်လိုဖြစ်လာတာလဲ"

ကုမ္ပဏီရဲ့ကားပါကင်မှာ ကြိုစောင့်နေကျ မင်းဦးက သူ့ကိုကားတံခါးဖွင့်ပေးရင်း စံပယ်ပန်းတွေကို မြင်သွားကာ စနောက်၏။ မင်းဦးက သူနှင့် ကျောင်းအတူတက်ခဲ့သည့် သူငယ်ချင်းပါ။

သူကုမ္ပဏီမှာ အလုပ်ဝင်ရမည်ဆိုတော့ သူငယ်ချင်းကို ဖေဖေက သူ့ရဲ့အတွင်းရေးမှူးနေရာခန့်ထားပေးခဲ့ခြင်းပင်။

"ရော့"

"ဘာလုပ်ရမှာလဲ"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



စံပယ်ပန်းကုံးတွေကို မင်းဦးလက်ထဲထည့်ပေးလိုက်တော့ မင်းဦး ဘာလုပ်ရမှန်းမသိဘဲ ပြန်မေး၏။

"မင်းလုပ်ချင်တာသာလုပ်"

"မင်းက ဒီပန်းတွေဘယ်ကရလာတာလဲ"

"ဝယ်လာတာ"

"အေး. . . ဘာလုပ်ဖို့ ဝယ်လာတာလဲ"

"မသိဘူး"

"အာ. . . မိုးမြင့် မင်းဘာဖြစ်နေတာလဲ"

"မသိပါဘူးကွာ၊ မီးပွိုင့်မိနေတုန်း ကောင်မလေးတစ်ယောက် ဈေးဦးမပေါက်လို့ပါခဲ့ဆိုပြီး ဖွတ်ရောင်းနေလို့ သနားပြီး ဝယ်လာတာပါ၊ နေ့တိုင်းနီးပါး လာရောင်းနေတာကိုလည်း အားနာလို့"

"ဟာ. . . ကိုယ်ပိုင်ကားကို အဲကွန်းနဲ့မောင်းနေတဲ့သူတွေက အဲဒီထက် တန်ဖိုးကြီးအနံ့တွေသုံးနေတာ မသိဘူးလား။ ဘယ်သူက ဒီလိုပန်းမျိုးကို ကားမှာချိတ်ပြီး အနံ့ခံနေမှာလဲ၊ ကားမှတ်တိုင်မှာ ပန်းရောင်းပြီး ဒါတောင်မတွေးတတ်ဘူးလား"

"တွေးမိလည်း သူတို့ဈေးဦးပေါက်ဖို့ ရောင်းရဖို့အတွက် ဖွတ်ရောင်းကြမှာပဲလေ၊ ကောင်မလေးက ရုပ်လေးသနားကမားနဲ့ သနားစရာပါ"

"ဘယ်အရွယ်ရှိလို့လဲ"

"ငါ့ထက် တစ်နှစ် နှစ်နှစ်တော့ ကြီးမလားမသိဘူး"

"ခြေဘ်. . . ဒါဆို မငယ်တော့ပါဘူး။ တခြားအလုပ်တွေလုပ်စရာပေါ်ရဲ့သားနဲ့ နေပူလယ်ကောင်မှာ ပန်းရောင်းတဲ့အလုပ်လုပ်ရသလား။ အတွေးနည်းလိုက်တာ"

မင်းဦးပြောတာကို မိုးမြင့်ဝင့်ထည် နှာခေါင်းရှုံ့မိသွားသည်။





"အလုပ်ကတော့ရွေးနေလို့ရမလားကွာ၊ ကိုယ့်ဘဝအတွက် ရှန်းကန်ဖို့ ကျင်လည်သလို လုပ်စားရတာချည်းပဲ၊ သူ့ဘဝနဲ့ သူ့အကျိုး ပေးပေါ့"

"မင်းက သနားတတ်နေလိုက်တာ၊ ပန်းသည်မလေးက အရမ်း ချောတယ်ထင်တယ်"

"ချောမှလှမှပဲ သနားရမှာလား။ ငါက အရွယ်လေးကောင်း ရုပ်ကလေးလှရက်နဲ့ နေပူပူမှာ ရောင်းဝယ်စားနေရတာကို စာနာတယ်။ မိဘတွေသာ ပညာတတ်တစ်ယောက်ဖြစ်အောင် ပြုစုပျိုးထောင်ခဲ့ရင် ကုမ္ပဏီလိုနေရာမျိုးတွေမှာ စာရေးမဖြစ်ဖြစ်၊ စက္ကထရီဖြစ်ဖြစ်၊ မားကက်တင်းမန်နေဂျာဖြစ်ဖြစ်၊ တင့်တင့်တယ်တယ် ဖြစ်သင့်တာမျိုး မဟုတ်လား"

"ဒါတော့ဟုတ်တယ်၊ သားသမီးတွေရဲ့ အနာဂတ်က မိဘတွေရဲ့ ပြုစုပျိုးထောင်မှုက အဓိကပဲ၊ ငါ့မိဘတွေဆိုရင် အစိုးရဝန်ထမ်း လစာမလောက်မငဖြစ်နေတာတောင် ခြိုးခြံချွေတာပြီး ဖို့ကိုဘွဲ့ရအောင် ပညာတွေသင်ပေးခဲ့တယ်၊ ငါ့ကို အမွေပေးလို့ရအောင်ဆိုပြီး ဆင်ခြေဖုံး ရပ်ကွက်လေးတစ်ခုမှာ မြေကွက်လေးဝယ်၊ အိမ်လေးဆောက်နိုင်အောင် ကြိုးစားပြီးနေကြတယ်၊ ဘယ်အဆင့်အတန်းကပဲဖြစ်ဖြစ် သားသမီး အတွက် ပညာအမွေ၊ ဥစ္စာအမွေတစ်ခုခုပေးစရာမရှိရင် ရှက်စရာကောင်း တဲ့ မိဘတွေဖြစ်ကြမှာပဲ"

မင်းဦးပြောတာကို ထောက်ခံသလို မိုးမြင့်ဝင့်ထည် ခေါင်းညိတ် ပြီးမှ ကျေနပ်စွာပြုံးရင်း ရုံးခန်းထဲရောက်လာကြချိန်မှာ လမ်းတစ်လျှောက် ခေါင်းလေးတွေ ညွတ်ကျ်နှုတ်ဆက်သော ဝန်ထမ်းတွေကိုရည်ရွယ်၍

"တွေ့တယ်မဟုတ်လား။ ဖေဖေက ငါ့ကိုအဲလိုဘဝမျိုးမှာထား တာ၊ ကုမ္ပဏီပိုင်ရှင် လုပ်ငန်းရှင်တစ်ယောက်ရဲ့သားအဖြစ်နဲ့တင်မဟုတ် ဘဲ၊ အဲလိုလုပ်ငန်းရှင် ကုမ္ပဏီပိုင်ရှင်ကြီးဖြစ်အောင်ကို အမွေတွေပေးခဲ့ဦး



www.burmeseclassic.com

www.burmeseclassic.com



မှာ၊ အဲဒါကြောင့် ဖေဖေ့ကို ငါလေးစားတယ်၊ ဂုဏ်ယူတယ်၊ မေမေမဆုံးခင်အချိန်ကရော၊ ဆုံးပြီးလို့ ဆယ်နှစ်ဝန်းကျင်ရှိလာတဲ့ကာလမှာရော မိန်းကလေးကိစ္စ အရှုပ်အရှင်းမရှိခဲ့ဘူး၊ ငါ့အတွက်လေးစားအားကျ အတုယူ ဂုဏ်ယူသင့်တဲ့ပုဂ္ဂိုလ်တစ်ယောက်ပဲ''

''ဟုတ်တယ်၊ အန်ကယ့်ကိုတော့ ငါလည်းအရမ်းကိုလေးစားမိတယ်၊ အခြေခံကစခဲ့တဲ့ဘဝကို ဒီအခြေအနေထိရောက်အောင် ကြိုးစားနိုင်ခဲ့တယ်၊ နှစ်ဖက်မိဘသဘောမတူလို့ ရင်းနှီးမြှုပ်နှံထောင်မှုမလုပ်ခဲ့တာကို ကိုယ့်ခွန်ကိုယ့်အားနဲ့ လုပ်ငန်းရှင်တစ်ယောက်ဖြစ်အောင် လုပ်ရတာ လွယ်မယ့်ကိစ္စမဟုတ်ဘူး၊ အသောက်အစား အပျော်အပါး လောင်းကစား မိန်းမကိစ္စ ကင်းရှင်းမှုဖြစ်နိုင်တာ၊ မင်းအတွက် ဖခင်ကောင်းတစ်ယောက်ပါ၊ ငါတို့ အန်ကယ့်ကိုအတုယူသင့်တယ်''

''အမှန်ပေါ့ကွာ၊ ငါက ဖေဖေ့လိုယောကျ်ားကောင်းတစ်ယောက်ဖြစ်အောင်ကြိုးစားမှာ''

''ဟုတ်ပါပြီ၊ အဲဒါတွေထားပါတော့၊ ငါကစကားပြောကောင်းနေတာနဲ့ ဒီစပယ်ပန်းကြီးကိုကိုင်ပြီး ရုံးခန်းထဲထိဝင်လာတယ်၊ ဝန်ထမ်းတွေလည်း ဘာယကြာချေမလဲဆိုပြီး ပြုံးစိစိကြည့်နေကြတာထင်တယ်၊ ဒါကြီး ဘာလုပ်ရမှာလဲ''

''မင်းဘာသာ ဘာလုပ်လုပ်ပါဆိုကွာ''

''ခက်တော့တာပဲ၊ ငါ့ခေါင်းမှာ ပန်ထားလိုက်ရမလား''

''မင်းသဘောပဲ၊ လှသွားတာပေါ့ သူငယ်ထောင်လို့တောင်ရတယ်''

''ခွေးကောင်''

အလုပ်ရှင်နှင့် ဝန်ထမ်းဆိုသော်လည်း ကျောင်းအတူတက်ခဲ့သည့် သူငယ်ချင်းမို့ ပြောမနာဆိုမနာ စနောက်၍သာနေကြသည်။



ကျောင်းပြီးချိန်မှာ သူ့ကိုကုမ္ပဏီမှာ ဖေဖေအလုပ်ဝင်ခိုင်းတော့ စီးပွားရေးအဆင်မပြေသည့် မင်းဦးကို သူ့ရဲ့အတွင်းရေးမှူးနေရာ အလုပ်ခန့်ပါရစေဟု ဖေဖေ့ဆီတောင်းဆိုခဲ့သည်။

ဖေဖေက သူ့ဆန္ဒကို အလေးအနက်ပင်ခွင့်ပြုခဲ့၏။ အလုပ်တွဲလုပ်တာ ရင်းနှီးမှုရှိတော့ ပိုကောင်းတာပေါ့၊ စိတ်ပျော်ရွှင်မှုလည်းရှိတယ်၊ သားသဘောပါဆိုတော့ မင်းဦးအတွက် အတော့်ကိုဝမ်းသာသွားခဲ့ရ၏။

ဖေဖေ့မှာ အဲလိုကောင်းချီးပြု ဂုဏ်ယူစရာတွေအများကြီးပါ။

ဖေဖေ ရုပ်ရည်ခံ့ညားသလို၊ စိတ်သဘောထားလည်း ပြည့်ဝသည်။ သူ့အတွက် ဂုဏ်ယူစရာ စံပြပုဂ္ဂိုလ်တစ်ယောက်မို့ သူက ဖေဖေ့ကို ဘဝနှင့်ရင်းကာ လေးစားမြတ်နိုးရင်း ...။

✤✤✤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဟာ. . . ဒေါ်သောင်း မုန့်ဟင်းခါးဝယ်ထားတာလား အိုကေပဲ"

မုန့်ဟင်းခါးပွဲကိုမြင်လိုက်သည်နှင့် ထိုင်ခုံမှာ ခပ်မြန်မြန်ပင် ဝင်ထိုင်လိုက်သည်။ မနက်စာအတွက်ကိုတော့ ဒေါ်သောင်းက မုန့်ဟင်းခါး မုန့်ဖက်သုပ်၊ နန်းကြီးသုပ်၊ တစ်မျိုးမျိုးစီစဉ်ပေးထားတတ်သည်။ ပြီးလျှင် ဒေါ်သောင်းနှပ်ပေးသော ကော်ဖီပူပူလေးတစ်ခွက်သောက်လိုက်ရမှ သူ ကျေနပ်တာ။

"ဖေဖေရော ဒေါ်သောင်း"

"ဘုရားခန်းမှာလေ၊ လမ်းလျှောက်ကအပြန် ရေမိုးချိုးသန့်စင်ပြီးမှ ဘုရားခန်းဝင်တယ် ဆင်းလာတော့မှာပါ"

"ဖေဖေကတော့ ကျွန်တော်တို့ထက် ဝီရိယကောင်းတယ်၊ ကျန်းမာရေးလိုက်စားပြီး ဘာသာရေးကိုင်းရှိုင်းလို့ နုပျိုနေတာဖြစ်မယ်"

"ဒါပေါ့ကွယ်၊ သူဌေးမင်းကတော့ တကယ်လေးစားဖို့ကောင်းတဲ့သူပါ၊ သူဌေးမင်းက ဒေါ်သောင်းထက်ငယ်ရင် နှစ်နှစ် သုံးနှစ်ပေါ့၊ ဒါပေမဲ့ ဒေါ်သောင်းတို့ထက် အရမ်းကိုနုပျိုတယ်၊ စိတ်ရင်းစေတနာ ကောင်းတာရယ်၊ ဘာသာတရားကိုင်းရှိုင်းတာရယ်၊ အသောက်အစား၊ လောင်းကစား ကင်းတာရယ်၊ ကျန်းမာရေးလိုက်စားတာရယ်ကြောင့်





သူဌေးမင်းက တကယ်ကို သူတော်ကောင်းရုပ်ပေါက်နေတာ၊ လူလေး အတုခိုးသင့်တယ်"

"ဒါပေါ့ ဒေါ်သောင်းရဲ၊ ဖေဖေက ကျွန်တော့်အတွက် တကယ်ကို စံပြပုဂ္ဂိုလ် ပုဗ္ဗစရိယ ဆရာသခင်ပါပဲ၊ ဒါကြောင့်လည်း မကောင်းတာဆို ကျွန်တော်ဘာမှမလုပ်ဖြစ်ဘူး။ ကျွန်တော့်ကြောင့် ဖေဖေ့ကို ဂုဏ်မပျက်စေချင်လို့လေ"

"လူလေးလည်း သားလိမ္မာပါပဲကွယ်၊ တချို့က မိဘကောင်းရင်တောင် သားသမီးမကောင်းကြဘူး၊ သားသမီးကောင်းရင်လည်း မိဘတွေက မကောင်းကြဘူး။ အမြဲဒွန်တွဲ အတူတကွအဆင်မပြေနိုင်ဘူး ပြောတာ၊ လူလေးတို့သားအဖကတော့ အဖေကလည်း တန်ဖိုးရှိ သားကလည်း တန်ဖိုးရှိတဲ့သားလို့ ပြောရမှာပဲ"

"ဘာတွေအတင်းပြောနေကြတာလဲကွ"

"ဟာ. . . ဖေဖေလာ၊ သားက ဗိုက်ဆာနေပြီ၊ ဖေဖေ့ကိုစောင့်နေတာ"

ဦးဂုဏ်ဝင့်ထည်က ယောပုဆိုးအနက်ရောင် စတစ်ကော်လန် အဖြူနှင့် အရမ်းကို သန့်ပြန့်လတ်ဆတ်နေသည်။ သားရဲ့ပခုံးလေးကို ဆုပ်ညှစ်ပြီးမှ ခုံမှာဝင်ထိုင်ကာ

"သား ဗိုက်ဆာရင်စားနှင့်ပေါ့ကွ၊ ဖေဖေက လမ်းလျှောက်ဘာ ဘုရားရှိခိုးတာ၊ ရေချိုးတာနဲ့ဆိုရင်ကြာတယ်၊ သားက ကုမ္ပဏီကို စော သွားရတာနဲ့ဆိုရင် စောစောစားလိုက်ပေါ့"

"မလုပ်ပါနဲ့ဖေဖေရယ်၊ သားအဖနှစ်ယောက်က မနက်စာ စား ချိန်နဲ့ ညစာစားချိန်လောက်ပဲဆုံတာ၊ ကုမ္ပဏီမှာလည်း အရေးကြီးမိတင် ချိန်လောက်ပဲ၊ ဒီအချိန်လေးတွေတော့ တန်ဖိုးထားရမှာပေါ့"

"ဟုတ်ပါပြီ သားရယ်၊ ဖေဖေကတော့ သားကိုအချိန်တိုင်းလေး



www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှာ ကုမ္ပဏီအတွက် အားကိုးရလို့ ဝမ်းသာနေတာ၊ တာဝန်တွေအားလုံး ဖေဖေ့အပေါ်မှာ ပုံမနေတော့ဘူးလေ၊ တကယ်အားကိုးရတဲ့သား၊ မွေးရကျိုးနပ်လို့ ဖေဖေကျေးဇူးတင်တယ်"

"သားကသာ ကျေးဇူးတင်ရမှာပါ ဖေဖေရယ်၊ သားအတွက် ဂုဏ်ယူလေးစားထိုက်တဲ့ ဖေဖေဖြစ်ပေးလို့ပါ၊ မေမေဆုံးပြီးတာကြာပေမယ့် ဖေဖေနောက်အိမ်ထောင်ပြုဖို့ မစဉ်းစားခဲ့ဘူး၊ နာမည်ပျက်အောင်အပျော်လည်း မရှာခဲ့ဘူး၊ တခြားသူဌေးတွေနဲ့ ကလပ်တက်၊ ပါတီတက်တာမျိုးတောင်မရှိတော့ ဖေဖေ့ကိုအရမ်းလေးစားမိပါတယ် ဖေဖေ"

"ပျက်စီးခြင်းအစက အဲဒါတွေပဲလေ၊ ကိုယ့်ဂုဏ်သိက္ခာကိုအပျော်အပါးအတွက် မိန်းမကိစ္စတွေအတွက်နဲ့ အစွန်းအထင်း အပွန်းအပဲ့မခံနိုင်ဘူး၊ အထူးသဖြင့် ဖေဖေ ဒီလိုကြိုးစားနေခြင်းဟာ သားကအထင်သေးရှုတ်ချခံရတဲ့ အဖေတစ်ယောက်မဖြစ်ချင်လို့ပဲသား၊ မိဘဆိုတာ သားသမီးလေးစားတဲ့သူဖြစ်အောင်နေတတ်ဖို့ အရမ်းအရေးကြီးတယ်၊ သား အိမ်ထောင်ကျတဲ့အခါမျိုးမှာလည်း ဖခင်ကောင်းတစ်ယောက်၊ အိမ်ထောင်ဦးစီးကောင်းတစ်ယောက်ဖြစ်စေချင်တယ်"

မိုးမြင့်ဝင့်ထည်အပြုံးများဖြင့် ခေါင်းညိတ်ပြလိုက်ကာ

"စိတ်ချပါ ဖေဖေ၊ ဖေဖေက သားရဲ့လက်ဦးဆရာပါ၊ ရှေ့ကကောင်းတာတွေ လမ်းပြပေးနေတဲ့ ဖခင်ကောင်းတစ်ယောက်ပါ၊ ဖေဖေ့ကိုသားဂုဏ်ယူ လေးစားရင်း အတုယူရင်းနဲ့ပဲနေထိုင်သွားမှာပါ"

သားကို ဦးဂုဏ်ဝင့်ထည် ပီတိဖြင့် ပြုံးကြည့်နေရင်း

"ဖေဖေ့အတွက်လည်း သားက အဖိုးထိုက်တန်တဲ့သားလိမ္မာပါပဲ၊ သားကလိမ္မာသိတတ်နေတဲ့အတွက် ဖေဖေအများလုပ်ဖို့ ပိုပြီးခက်ခဲတယ်၊ သားအတုယူမမှားအောင် ဖေဖေ့ကိုယ်ဖေဖေ ပိုပြီးထိန်းသိမ်းဖြစ်တယ်၊ ဒါဟာ သားကိုချစ်တဲ့စိတ်နဲ့ဖြစ်သလို လူဆိုတာ ကျင့်ဝတ်နဲ့အညီ





နေနိုင်မှ ဂုဏ်သိက္ခာရှိတာမို့လို့ပဲ"

"ဟုတ်ကဲ့ပါဖေဖေ၊ သားလည်း အဲဒီအတိုင်းပဲနေပါ့မယ်"

"အေးပါသားရယ်၊ ဖေဖေ ယုံပါတယ်၊ ကျောင်းနေစဉ်တစ်လျှောက်လုံး ရည်းစားတောင်မထားဘဲ၊ ပညာတစ်ခုပဲ ကြိုးစားခဲ့တာဖေဖေ့ကို ကျေးဇူးဆပ်နေသလိုပါပဲ၊ သားအိမ်ထောင်ပြုတဲ့အခါမှာလည်းဆင်းရဲတာ ချမ်းသာတာ၊ ပညာမဲ့တာ ပညာတတ်တာ အဆင့်အတန်းတွေ ဖေဖေ မခွဲခြားချင်ဘူး၊ ကိုယ်ကျင့်တရားကောင်းပြီး ဂုဏ်သိက္ခာရှိတဲ့ မိန်းကလေးတော့ဖြစ်ပါစေသား"

"ဟုတ်ကဲ့ပါ ဖေဖေ၊ ဒါပေမဲ့ သားမှာ အခုချိန်ထိရည်းစားဆိုလို့မူးလို့တောင် ရှူစရာမရှိသေးဘူးဖြစ်နေတယ်"

"လူပျိုကြီးတော့မလုပ်နဲ့သား၊ ဖေဖေက မြေးချီချင်သေးတယ်"

"ဟား. . . ဟား၊ ဒါဆိုသား မိန်းမမြန်မြန်ယူလိုက်ပါ့မယ်"

ထမင်းစားခန်းထဲမှာ သားအဖနှစ်ယောက်ရဲ့ရယ်သံများ ဝေစည်သွားသည်။ ထမင်းချက်ကြီး ဒေါ်သောင်းက ပီတိများဖြင့် ပြုံးကာကြည့်နေ၏။ ဒေါ်သောင်းလည်း ဒီအိမ်ကြီးမှာနေသည့်သက်တမ်း မနည်းတော့ပါ။

သူမွေးပြီးကတည်းက နို့ထိန်းအနေနှင့်ခေါ်ထားခဲ့ရာက ဆွေမျိုးသားချင်းမရှိ၍ ဒီအိမ်မှာ သံယောဇဉ်တွေနှင့်အတူ နေလာခဲ့ခြင်းဖြစ်သည်။

ဒါကြောင့် ဖေဖေကလည်း ဒေါ်သောင်းရဲ့ကျန်းမာရေး လူမှုရေးကအစ တာဝန်ယူထားခဲ့သည်။ ဒေါ်သောင်းက သေရင်တောင် ဒီအိမ်မှာပဲသေဖို့ ရည်ရွယ်ထားသည် မဟုတ်လား။

သူ့စိမ်းကောင်းလျှင် သွေးသားရင်းထက် ရင်းနှီးသည်မို့ . . .

✤✤✤



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"စံပယ်ပန်းလေးတွေ ဝယ်သွားပါဦးနော်၊ လာဘ်လာဘပွင့်ပါတယ်၊ အားပေးပါဦး"

"ဟော"

တွေ့ပြန်ပြီ။ ဒီနေရာမှာ မီးပွိုင့်မိတာနှင့် ဘယ်နေရာက ဘယ်လိုရောက်ရောက်လာမှန်းမသိ။ အပြေးအလွှား ဟိုကားရှေ့ရောက်သွားလိုက် ဒီကားရှေ့ရောက်သွားလိုက်။

မျက်နှာလေးက အပြုံးပန်းလေးတွေဝေလျက် နေပူဒဏ်ကို ကြံ့ကြံ့ခံလျက်ရှိသည်။ အသက်နှစ်ဆယ်ကျော်ဝန်းကျင် အရွယ်ကောင်းလေးပါ။ ဖျတ်ဖျတ်လတ်လတ် သွက်သွက်လက်လက်ဖြင့် မျက်နှာမှာချွေးလေးတွေ စို့နေတာတွေ့ရသော်လည်း အပြုံးပျက်မသွား။

မိဘတွေအတွက် ရှန်းကန်နေရခြင်းလား။ မွေးချင်းမောင်နှမတွေအတွက် ပင်ပန်းဆင်းရဲခံနေရခြင်းလား။

ဒါမှမဟုတ် အိမ်ထောင်ပြုပြီး လင်ယောကျ်ားမကောင်းလို့ သားသမီးလေးတွေအတွက် ...

"အစ်ကို... စံပယ်ပန်း အားပေးသွားပါဦး"

သူ့ကားဆီရောက်လာပြီး မှန်တံခါးလေးကို ဖွဖွတို့လျက် စံပယ်



ပန်းလေးကို မြှောက်ပြနေသည်။ သူကားမှန်လေးကို လျှောခနဲချလိုက်၏။

"တစ်ထောင်ဖိုးပေး ညီမ"

"ဟုတ်ကဲ့... ဟုတ်ကဲ့ ကျေးဇူးပါရှင်"

သူမ မျက်နှာလေးပြုံးပျော်သွားတာ အရမ်းကိုလှသည်။ သူပေးလိုက်သော တစ်ထောင်တန်ကို နေပူခံထပ်ဝတ်ထားသည့် ရှပ်အင်္ကျီအိတ်ကပ်လေးထဲ ကပျာကယာထည့်ပြီး သူ့ကိုကျေးဇူးတင်စွာ ခေါင်းလေးညွှတ်၍ ပြုံးပြ၏။ သူလည်း အလိုလိုပြုံးမိလျက်သားဖြစ်သွားသည်။

ရိုးသားဖြူစင်သော သူမရဲ့ဘဝလေးအတွက် အားပေးသောအပြုံးပါ။

"အစ်ကို မီးစိမ်းသွားပြီ"

သူမရဲ့သတိပေးစကားကြောင့် သူလက်လေးပြ၍ မောင်းထွက်ခဲ့လိုက်သည်။ ဆုံစည်းမှုက ဒီလောက်အချိန်တိုလေးအတွင်းပါပဲ။ စံပယ်ပန်းလေးတွေက ကုမ္ပဏီအထိ သူ့ထိုင်ခုံဘေးမှာ ပါလာခဲ့သည်။ ကားပါကင်မှာကြိုရောက်ပြီး သူ့အတက်ချိန်ကော့စ်ကို ကူဆွဲပေးမည့် မင်းဦးက စံပယ်ပန်းတွေကိုမြင်ကာ ဘာလုပ်ဖို့ဝယ်လာပြန်တာလဲဟု မေးဦးတော့မည်ထင်၏။

သူခပ်တည်တည်ပဲ ကားကို ဘက်ဒ်ဆုတ်လျက် ပါကင်ထိုးလိုက်သည်။ ကားတံခါးကိုဖွင့်ပြီး အတက်ချိန်ကော့စ် ဆွဲယူလိုက်သည်။ မင်းဦးက ထိုင်ခုံပေါ်က စံပယ်ပန်းကုံးလေးတွေကိုမြင်သွားပြီး မျက်မှောင်ကြုတ်သည်။

"ဟာ... ဒီကောင် စံပယ်ပန်းတွေပါလာပြန်ပြီ မင်းဘာလို့ စံပယ်ပန်းတွေ နေ့တိုင်းဝယ်နေတာလဲ၊ စံပယ်ပန်းသည်ကောင်မလေးကို ကြိုက်နေတာလား"

"မဟုတ်ပါဘူးကွာ၊ သူ့ရဲ့ပင်ပင်ပန်းပန်းရုန်းကန်မှုတွေအတွက်

www.burmeseclassic.com

www.burmeseclassic.com



အားပေးတာပါ''

''မင်းကလည်း လောကကြီးမှာ ဒီလိုမျိုးရုန်းကန်နေရတဲ့ဘဝတွေ အများကြီးပါ''

''အေး . . ငါကလည်း သူတစ်ယောက်တည်းမှ ဒီလိုလုပ်တာမို့လို့လား။ ကျောင်းတက်တဲ့အချိန်တွေတုန်းက လမ်းဘေးမှာတောင်းစားတဲ့သူတွေဆိုလည်း ပိုက်ဆံထည့်တာပဲ၊ ဈေးရောင်းတဲ့ကလေးတွေဆီက မုန့်တွေဝယ်ပြီး တခြားသူတွေကို လှူဖူးတာပဲ၊ ငါက ဒီလိုလုပ်ကိုင်စားရတဲ့သူတွေကို သနားတတ်တာကွ''

ဒါတော့ဟုတ်သည်။ မိုးမြင့်ဝင့်ထည်က သနားကြင်နာတတ်သည့် စိတ်ရှိတာတော့ အသိအမှတ်မပြုလို့မရ။

ကိုယ့်ကိုတောင် မပြည့်စုံသည့်သူဆိုပြီး ကျောင်းတက်ခဲ့သည့် ကာလတစ်လျှောက်လုံး ကူညီထောက်ပံ့နေခဲ့တာ မဟုတ်ပါလား။ အခုလည်း သူ့အဖေကို အလုပ်ပြောပေးလို့ အတည်တကျခန့်ခန့်ထည်ထည် နေနိုင်နေတာပါ။

''အေးပါကွာ၊ ငါသိပါတယ်၊ ဒါပေမဲ့ ဒီစံပယ်ပန်းတွေက ဘာမှလုပ်လို့မရဘူး။ အမှိုက်ပုံးထဲပဲ ရောက်နေတာ''

''ဒါတော့လည်း ဘယ်တတ်နိုင်မလဲ၊ ငါတို့အတွက် စံပယ်ပန်းက ဘာမှလုပ်မရပေမယ့်၊ ဟိုကောင်မလေးအတွက် ငွေတစ်ထောင်ကတော်တော်တန်ဖိုးရှိတယ်လေ''

''နောက်မှ ဖူးစာဆုံရင်ရော''

''ဘယ်တတ်နိုင်မလဲ''

''ဘာကွ''

ပြောပြီး မိုးမြင့်ဝင့်ထည်က ခါတ်လှေကားထဲ ဝင်သွားတော့ နောက်ကပြေးလိုက်ရသည်။ ရုံးခန်းသွားသည့်လမ်းတစ်လျှောက် ဝန်ထမ်း





တွေက ခေါင်းလေးတွေညွှတ်ကာ နှုတ်ဆက်ကြ၏။

ရုံးခန်းထဲအရောက်မှာတော့ လက်ထဲမှာကိုင်လာသည့် စံပယ်ပန်းတွေကို အမှိုက်ပုံးထဲပစ်ထည့်လိုက်သည်။

''မင်းကလည်း စံပယ်ပန်းတွေကို ရုံးခန်းထဲထိယူမလာနဲ့လေ၊ ကားပါကင်နားမှာလည်း အမှိုက်ပုံးတွေရှိနေတာပဲ၊ အဲဒီမှာ ထည့်ခဲ့ပါလား။ ဒီအထိယူလာတော့ ဝန်ထမ်းတွေ တစ်မျိုးမြင်မှာပေါ့''

''မင်းမိန်းမရဖို့ ယတြာချေနေတယ်လို့ပဲ ထင်မှာပါ၊ အိမ်ထောင်ဘက်က စံပယ်ပန်းသည်''

မိုးမြင့်ဝင့်ထည် ဘာမှမပြောဘဲ ပြုံးနေတော့ မင်းဦးအသည်းတွေယားလာကာ၊ မိုးမြင့်ဝင့်ထည်ရှေ့က ခုံမှာဝင်ထိုင်ပြီး

''စံပယ်ပန်းသည်နဲ့ တကယ်ဖူးစာဆုံချင်နေတာလား မိုးမြင့်၊ ဟင် ပြောစမ်းပါဦးကွ''

''ဩော် . . ဖူးစာဆိုတာပြောလို့ရမလား၊ ဘယ်လိုမိန်းကလေးနဲ့ အိမ်ထောင်ဘက်ဖြစ်မယ်ဆိုတာ''

''မင်းလိုအဆင့်အတန်းကကောင်က အမြင့်မှာနေတဲ့မိန်းကလေးတွေကို ခေါင်းခေါက်ရွေးချယ်လို့ရနေတာ၊ ဒီစကားမျိုးပြောရသလား''

''အဲဒါ အယူအဆကြီးတဲ့သူတွေအတွက်တော့ ဟုတ်လိမ့်မယ်၊ ငါ့အတွက်တော့ ဘယ်အတန်းက မိန်းကလေးနဲ့မှ အိမ်ထောင်ဘက်ဖြစ်ရမယ်လို့ စိတ်ကူးထားတာ ရည်ရွယ်ထားတာမျိုးမရှိဘူး၊ ကံအကြောင်းတရားအတိုင်းပဲ''

''မင်းအဖေက ရှိသေးတယ်လေ၊ မင်းအဖေကတော့ အဲလိုအတန်းအစားက မိန်းကလေးကို ဘယ်လိုမှသဘောတူမှာမဟုတ်ဘူး''

မင်းဦးစကားကို မိုးမြင့်ဝင့်ထည် ခပ်မိန့်မိန့်ပြုံးလိုက်ပြီး

''ဖေဖေက ငါ့ကိုပြောပြီးသားပါ၊ အဆင့်အတန်း ဂုဏ်ဒြပ်ရှိ

www.burmeseclassic.com

www.burmeseclassic.com



တား ဆင်းရဲတာ ချမ်းသာတာ၊ ပညာတတ်တာ ပညာမဲ့တာထက် ကိုယ်ကျင့်တရားကောင်းပြီး သိက္ခာရှိတဲ့မိန်းကလေးမျိုးဆို လက်ခံနိုင်တယ်တဲ့"

"ဟာ ... မထင်ရဘူးကွာ၊ မင်းအဖေက အရမ်းဂုဏ်သိက္ခာကြီးတဲ့သူဆိုတော့၊ ငါကမင်းရဲ့အိမ်ထောင်ဘက်ကိုလည်း အတန်းအစားကို အမြင့်ကြီးမှန်းထားမယ်ထင်တာ"

"တကယ်တမ်းက ဖေဖေက မေမေ့လောက်ပြည့်စုံခဲ့တာမဟုတ်ဘူး၊ သဘောမတူလို့ ဘာအထောက်အပံ့မှမရဘဲ ကြိုးစားခဲ့ရတာ၊ အဲဒီအတွက် ငါ့အိမ်ထောင်ဘက်ကို ဖေဖေအမြင့်ကြီးမှန်းမထားတာ၊ ဖေဖေလည်း ကိုယ်ကျင့်တရားကောင်းအောင်ကြိုးစားပြီး ဂုဏ်သိက္ခာကိုပဲ မြှင့်တင်ခဲ့တာလေ၊ မေမေ့အသိုက်အဝန်းဘက်မှာ ဒါကြောင့်ပဲ လက်မထောင်ဂုဏ်ယူဝင့်ကြွားနိုင်ခဲ့တာ၊ မေမေ့အသိုက်အဝန်းဘက်က အရမ်းကို အထင်သေးရှုတ်ချတတ်တဲ့သူတွေ"

"လူကြီးကျယ်တွေပေါ့၊ ဂုဏ်သိက္ခာကို ရှေ့တန်းတင်လွန်းရင်လည်း ကြီးကျယ်လွန်းတဲ့သူတွေ ဖြစ်သွားတတ်ကြတာပဲ"

"ဖေဖေက ဒါကို အကဲ့ရဲ့လွတ်အောင်နေပြနိုင်ခဲ့တယ်၊ အခုမှ ဖေဖေ့ကိုလေးစားရမှန်း အထင်ကြီးရမှန်း သိလာကြတာ။ ဖေဖေ့က တကယ်ကို လေးစားဖို့ကောင်းတဲ့သူပါ၊ တကယ်ဆို မေမေသေသွားတာကြာပြီ၊ မေမေ့ဘက်က အသိုက်အဝန်းကို ဂရုမစိုက်ဘဲနေလို့ရတာပဲ၊ ဒါပေမဲ့ ငါ့မျက်နှာကြောင့် အများကင်းအောင်နေတယ်၊ ဂုဏ်သိက္ခာနဲ့ ထည်ထည်ဝါဝါဖြစ်အောင်ထားတယ်၊ ကမ္ဘာလောကကြီးတစ်ခုလုံးမှာ ဖေဖေ့ကို ငါအချစ်ဆုံး အလေးစားဆုံးပဲ၊ ငါလက်ထပ်မယ့် မိန်းကလေးကိုတောင် ဒုတိယနေရာကထားမိမယ်ထင်တယ်"

ကြည်နူးပီတိများဖြင့်ပြောရင်း ဖေဖေ့မေတ္တာတွေ ခံစားခွင့်ရတာကို ကျေနပ်နေမိသည်။ မင်းဦးက နှာခေါင်းရှုံ့လျက်



"မုန့်ဆီကြော်က ဘယ်မှာနေမှန်းမသိဘူး၊ နှုတ်ခမ်းနာနဲ့တည့်ပါ့မလားဆိုပြီး စိတ်ကူးယဉ်နေတယ်၊ ချစ်သူကို ဒုတိယနေရာထားမိမလား မသိဘူးတဲ့၊ ဘယ်မှာလဲ ရည်းစား"

"စကားအဖြစ်ပြောတာပေါ့ကွာ၊ အခုတော့ မူးလို့တောင်ရှူစရာမရှိသေးပါဘူး"

"အရှုံးကောင်"

နှစ်ယောက်သားရယ်မိကြသည်။ ဒီလိုပဲ အပြောင်အပျက်စကားများဖြင့် ပျော်အောင်နေတတ်ကြသူတွေပါ။

စိတ်ဆင်းရဲစရာ စိတ်ညစ်စရာမှမရှိဘဲ၊ တချို့ဆို မိဘတွေကြောင့် သားသမီးတွေ စိတ်ဆင်းရဲကြ။ သားသမီးတွေကြောင့် မိဘတွေ စိတ်သောကရောက်ကြနှင့်။ မိသားစု ပဋိပက္ခတွေ မပြီးဆုံးနိုင်။

သူ့ဘဝမှာတော့ ဂုဏ်သိက္ခာကြီးမားသော ကိုယ်ကျင့်တရားကောင်းသော၊ လူကြီးလူကောင်း လူကုံထံပီသသော ဖေဖေ့ကြောင့် ထိုအပူသောကတွေ ဘာမှမရှိ။ နောင်ဘဝဆက်တိုင်းဆက်တိုင်း ထိုအဖေမျိုးနှင့် ဆုံရပါစေလို့ ဆုတောင်းရင်းနှင့် ...။

✤✤✤

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

"အားထည့်ရိုက်လေ သားရဲ၊ ညာဏ်လေးလည်း သုံးပြီးရိုက်မှပေါ့"

ဖေဖေက အပြုံးမပျက်ပြောနေပေမယ့် သူ့မှာပြေးလိုက်ရတာရော ရိုက်ရတာရော မောနေသည်။

ကုမ္ပဏီပိတ်ရက်မို့ အိမ်မှာစားပွဲတင် တင်းနစ်ရိုက်ကာ သွေးပူလေ့ကျင့်ခန်းလုပ်နေကြတာပါ။ ပိတ်ရက်တိုင်းတော့ သားအဖနှစ်ယောက် ဒီလိုအားကစားလုပ်ဖြစ်ကြသည်။

ပြီးလျှင် ရေမိုးချိုးပြီး ဆိုင်တစ်ဆိုင်မှာ သွားစား။ သားအဖနှစ်ယောက် မြို့တစ်ပတ်ကားပတ်မောင်း။ စကားတွေပြော။

တကယ်ကို ဘဝမှာပျော်ရွှင်နွေးထွေးရသည့်အချိန်တွေပါပဲ။ သူ့အမောမပြေစွာ ရှုံ့ရှုံ့မဲ့မဲ့နှင့်ပင်။

"ဖေဖေက သားထက်အားကစားလုပ်တော့ ကြံ့ခိုင်တယ်၊ သားက လေ့ကျင့်ခန်းမှမဆင်းတာ၊ ဖေဖေ့ကိုဘယ်မီမှာလဲ"

"အသက်အရွယ်ကွာသေးတယ်လေကွ၊ ဖေဖေက လေးဆယ်ကျော်ပြီ၊ သားကနှစ်ဆယ်ကျော်ပဲရှိသေးတာ၊ ဒီလောက်ပျော့နေလို့ ဖြစ်မလား။ အားကစားလုပ်တာက ကျန်းမာရေးအတွက် အထောက်အကူ



ဖြစ်တယ်၊ သားနောက်ဆို ကုမ္ပဏီကအပြန်ပဲဖြစ်ဖြစ် မနက်အိပ်ရာထပဲဖြစ်ဖြစ် လေ့ကျင့်ခန်းဖြစ်အောင် ထရိုန်နင်ဆင်းရမယ်၊ ကြားလား သား"

"ဟုတ်. . . ဟုတ်ကဲ့ပါ ဖေဖေ"

ဖေဖေက ပေါ့ပေါ့ပါးပါး အပြုံးမပျက်သလောက် သူကဟောဟဲလိုက်နေသည်။ နောက်မှသူ့ကို ဖေဖေကသနားပြီး ရပ်လိုက်၏။

"ရေချိုးပြီးရင် ဘယ်သွားမလဲ သား"

"ဘုရားသွားမယ် ပြီးရင် စားသောက်ဆိုင်"

"အိုကေ"

သားအဖနှစ်ယောက် ပခုံးချင်းဖက်ကာ အိမ်ထဲဝင်ခဲ့ပြီး ကိုယ့်အခန်းကိုယ်ဝင်ကာ ရေမိုးချိုး အဝတ်အစားလဲ၍ ကားနှင့်ထွက်ခဲ့ကြသည်။ ဖေဖေက ကားမောင်းပေးပြီး၊ ဘုရားကို အရင်ဆုံးလာခဲ့ကြ၏၊ ဘုရားမှာ ရေသပ္ပာယ်၊ ပုတီးစိပ်တော့လည်း ဖေဖေက အကြာဆုံးပင်၊ ဘယ်အရာဖြစ်ဖြစ် ဖေဖေ့ကိုမီဖို့ သူအများကြီးလိုနေသေးသည်။

ပုတီးစိပ်နေသော ဖေဖေ့ကို ကြည်ညိုလေးစားစိတ်ဝိတ်များဖြင့် ထိုင်ကြည့်နေမိသည်။ ဖေဖေက တကယ်ကိုလေးစားကြည်ညို အတုယူထိုက်သည့် ယောကျ်ားကောင်းတစ်ယောက်ပါ။

"သား ဘာတွေထိုင်ကြည့်ပြီး ပြုံးနေတာလဲကွ"

ဖေဖေက ပုတီးစိပ်ပြီး သူ့ကိုမြင်ကာပြောသည်။ သူက ဖေဖေ့လက်ကိုဆုပ်ကိုင်ထားပြီး

"ဖေဖေ့ကိုကြည်ညိုလေးစားလို့ပါ၊ သားအတွက် ဒီလိုအတုယူထိုက်တဲ့အဖေဖြစ်ပေးလို့ ကျေးဇူးတင်ပါတယ် ဖေဖေ"

"ဪ သားရယ်၊ ကျေးဇူးတင်စရာလားကွာ၊ ဖေဖေက သားအတွက် ဂုဏ်ယူထိုက်တဲ့အဖေဖြစ်အောင် တစ်သက်လုံးနေသွားမှာပါ။ ဒါဟာ တမင်လုပ်ယူတာလည်း မဟုတ်ပါဘူး၊ ဖေဖေကိုယ်တိုင်က ဂုဏ်



www.burmeseclassic.com

www.burmeseclassic.com



သိက္ခာရှိတဲ့ လူတစ်ယောက်ဖြစ်ချင်တယ်၊ ဘဝမှာ ငွေကြေးချမ်းသာမှုတွေနဲ့ ပုံအောဝယ်လို့မရတာ ကိုယ်ကျင့်တရားနဲ့ သိက္ခာပဲ၊ တန်ဖိုးဖြတ်လို့မရဘူးဆိုပါတော့၊ ငွေကြောင့်ပဲ ပျက်စီးစေတာလေ၊ သားလည်း အဲလိုမျိုး ဘယ်တော့မှမဖြစ်စေနဲ့''

''ဟုတ်ကဲ့ပါ ဖေဖေ၊ ဖေဖေ့ကိုအားကျစိတ်နဲ့ သားအဲလိုမျိုးပဲနေမှာပါ၊ ဖေဖေ့ကြောင့် သားစိတ်ချမ်းသာရသလို သားကြောင့်ဖေဖေဘယ်တော့မှ စိတ်မဆင်းရဲစေရပါဘူး''

''သာဓုပါ သား၊ သားလိမ္မာလို့လည်း ဖေဖေကနောက်အိမ်ထောင်ပြုဖို့ မိန်းမရှုပ်ဖို့ ဘယ်တော့မှမစဉ်းစားခဲ့တာ၊ လူ့ဘဝမှာနေရတုန်းခဏ ဂုဏ်သိက္ခာရှိရှိလေးနေသွားချင်လို့ပေါ့ သားရယ်''

ဖေဖေ့ကို သူအရမ်းကိုလေးစားသွားမိလေသည်။ တစ်သက်လုံးဂုဏ်သိက္ခာရှိစွာနေဖို့ဆိုတာ ခဲယဉ်းသည့် အလုပ်မဟုတ်ပါလား။

လူဆိုတာက အကြိမ်ကြိမ်မှားယွင်းတတ်ကြသူနှင့် တစ်ကြိမ်တစ်ခါ မှားယွင်းဖူးကြသူတွေချည်းပင်။ ခြောက်ပြစ်ကင်း သဲလဲစင်ဆိုတာ ဘယ်မှာရှိဖူးလို့လဲ။

တစ်ကြိမ်တစ်ခါမှ မမှားယွင်းဖူးသော ဖေဖေ့ကို သူဒါကြောင့်ပဲ ကြည်ညိုလေးစားနေခဲ့ရတာ။

''ကဲ ဖေဖေ၊ သားတို့စားသောက်ဆိုင်သွားမယ်၊ အပြန်သားကားမောင်းမယ်နော်''

''ရပါတယ်သားရဲ့၊ ဖေဖေ မောင်းပါ့မယ်''

''အလာတုန်းက ဖေဖေမောင်းခဲ့ပြီးပြီလေ၊ သားမောင်းပါ့မယ်၊ ဘုရားကအပြန် သားကုသိုလ်ရချင်လို့ပါ''

''ကဲ. . . သားလေးသဘော''

အပြန်အလှန်ညှာတာမှုများဖြင့် သူတို့သားအဖနှစ်ယောက်ဘဝ



က ကြည်နူးစရာပါ။ အဆင့်အတန်းအမြင့်ဆုံး အကောင်းဆုံး စားသောက်ဆိုင်ကို ရောက်လာပြီး အရက်ဘီယာမပါဘဲ အစားအသောက်တွေသာမှာစားကြသည်။

သူသိသလောက်တော့ ဖေဖေတစ်ခါမှ အရက်သောက်တာမတွေ့ဖူးပါ။ သူဆယ်နှစ်သားအရွယ် မေမေဆုံးပြီး တစ်နှစ်ခွဲ နှစ်နှစ်ကျော်အတွင်းလောက်မှာတော့ ဖေဖေ့မိတ်ဆွေ အပေါင်းအသင်းတွေကဖေဖေ့ကို စိတ်ပြေလက်ပျောက်ဆိုပြီး အပြင်ကိုခေါ်ထုတ်သွားတတ်ကြသည်။

ပြန်လာတော့ သူကအိပ်နေပြီဖြစ်၍ ဖေဖေအရက်သောက်ပြန်လာသလားဆိုတာ သူမသိ။

''သား စားလေကွာ၊ ဘာလို့ငြိမ်သွားတာလဲ''

''ဪ. . . ဖေဖေအရက်သောက်တာ တစ်ခါမှမတွေ့ဖူးလို့ပါ၊ ဖေဖေ မသောက်တတ်တာလားဟင်''

''သားရယ် ယောက်ျားပဲ၊ မသောက်တတ်ဘဲနေမလားကွာ၊ အရင်ကတော့ အတွေ့အကြုံရှိအောင် လုပ်ဖူးတယ်ရှိအောင် ဘာမဆိုစမ်းသပ်ကြည့်ခဲ့ဖူးတာပေါ့၊ ဒါပေမဲ့ မကောင်းတာကို မကောင်းမှန်းသိရင်ရှောင်နိုင်ရမှာပေါ့ မဟုတ်ဘူးလား သား''

''ဟုတ်တာပေါ့ ဖေဖေ၊ တချို့ဆို မကောင်းမှန်းသိရဲ့နဲ့တောင်မရှောင်နိုင်ဘဲ ရှေ့ဆက်တိုးမိုက်နေကြတာ၊ ဖေဖေ့စိတ်ကတော့ အရမ်းချီးကျူးဖို့ ကောင်းပါတယ်''

''သားကတော့ သားအဖချင်း အမြဲတမ်းမြှောက်ပြောနေတော့တာပဲ''

''မဟုတ်ပါဘူး ဖေဖေက အရမ်းလေးစားဖို့ကောင်းလို့ပါ၊ သားအတွက် နမူနာစံပြအဖေပါပဲ''

www.burmeseclassic.com

www.burmeseclassic.com



"သားက အဲလိုပြောတော့ ဖေဖေပိုပြီး အပြစ်ကင်းအောင်နေမှ ဖြစ်တော့မှာပဲ၊ တုတ်တုတ်တောင် မလှုပ်ရဲတော့ဘူး"

သားအဖနှစ်ယောက် သဘောကျစွာ ရယ်လိုက်ကြသည်။ ဒီလို အပြင်ထွက်ပြီး စားရသောက်ရသည့် အချိန်ဆိုလည်း ကြည်နူးစရာပါပဲ။ ဒီလိုဘဝမျိုးလေးဘယ်တော့မှ မပျောက်ပျက်ချင်။

ဘယ်သောအခါမှ ပျောက်ပျက်မသွားနိုင်သည့် ဒီမေတ္တာတွေ နှင့်ပဲ ။ ။

✤✤✤



## အခန်း (၅)

"စံပယ်ပန်းလေးတွေ အားပေးပါဦးရှင်"

သူကားမှန်ကို လျှာခနဲပင် ဖွင့်လိုက်မိသည်။ မီးပွိုင့်မိတိုင်း ဒီအသံလေးနှင့် သူ့ကားနားရောက်လာတတ်သည် မဟုတ်လား။

"တစ်ထောင်ဖိုးပေးပါ"

"ဟုတ်ကဲ့ ။ ။ ဟိုလေ ။ ။ နောက်နေ့ဆို ကျွန်မပန်းမရောင်း တော့ပါဘူး"

"ဗျာ ။ ။ ဘာဖြစ်လို့လဲ"

"ပန်းရောင်းရင်း မုန့်ဟင်းခါးနဲ့ အသုပ်ရောင်းဖို့ အရင်းအနှီး ရသွားလို့ပါ၊ ကျွန်မနေတဲ့ ရပ်ကွက်ထဲမှာပဲရောင်းမှာဆိုတော့ လာပြီး အားပေးပါဦးနော်၊ ဒီမှာလိပ်စာကတ်ပါ၊ အားပေးပါဦးနော်"

"ဪ ။ ။ ဟုတ်ကဲ့၊ ဟုတ်ကဲ့"

လိပ်စာကတ်လေး သူ့လက်ထဲထည့်ပြီး ကောင်မလေးက အဝေး ကိုရောက်သွားသည်။ စံပယ်ပန်းကုံးတွေနဲ့အတူ လိပ်စာကတ်လေးကို ထိုင်ခုံဘေးမှာ မချထားဖြစ်ဘဲ သူ့အိတ်ကပ်ထဲကို ထည့်ထားလိုက်သည်။ နောက်နေ့ကစပြီး ပန်းမရောင်းတော့ဘူးတဲ့၊ မုန့်ဟင်းခါးနဲ့ အသုပ်ရောင်း ဖို့အတွက် အရင်းအနှီးရသွားလို့ဆိုပါလား။ ဘဝအတွက် ရိုးသားစွာ

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားရှန်းကန်နေတာကတော့ သေချာသည်။ ဒါလည်းချီးကျူးထိုက်ပေတာပဲ။

"မိုးမြင့် . . . စပယ်ပန်းကုံးလေးတွေ ပါမှပါလာပါ့မလားလို့"

မင်းဦးက အတက်ချိုကော့စ်ကိုဆွဲယူရင်း အရင်ဆုံးငေါ၏။ သူက ခပ်မဲ့မဲ့ပင်ပြုံးလိုက်ကာ

"နောက်နေ့ဝယ်ချင်လို့တောင်မရတော့ဘူး"

"ဟ . . . ဘာဖြစ်လို့လဲ၊ ထီပေါက်သွားလို့ မရောင်းတော့ဘူးတဲ့လား"

"ပန်းရောင်းတဲ့အမြတ်က မုန့်ဟင်းခါးနဲ့ အသုပ်ရောင်းဖို့ အရင်းအနှီးရသွားလို့တဲ့၊ ငါ့ကိုလိပ်စာကတ်ပေးလိုက်တယ်"

"တယ်ဟုတ်ပါလား၊ ပြစမ်းပါဦး"

သူ့အိတ်ထဲက လိပ်စာကတ်လေးထုတ်ပြလိုက်သည်။ မင်းဦးက လိပ်စာကတ်ကိုကြည့်ပြီး မျက်နှာရွှံ့သွားလျက်

"သုဝဏ္ဏနဲ့ သာကေတ တခြားစီ တစ်နေရာစီပဲ"

"သွားမယ်ဆိုရင်တော့ နီးပါတယ်"

"မင်းကသွားဖို့စဉ်းစားထားလို့လား"

"ငါက မုန့်ဟင်းခါးကြိုက်တယ်လေ၊ လက်ရာကောင်းမကောင်း မြည်းစမ်းကြည့်ရတာပေါ့"

"မင်းကတော့ တကယ့်ကောင်ပဲ၊ ပန်းသည်ကောင်မလေး ဘယ်လောက်ဆွဲဆောင်မှုရှိလို့ မင်းကကြွေသွားရတာလဲ"

"အဲလိုမပြောပါနဲ့ကွာ၊ ရိုးသားမှုကိုချီးမြှောက်ချင်ရုံပဲရှိပါသေးတယ်"

"မုန့်ဟင်းခါးစားပြီးရင်တော့ ဒီထက်ပိုချင်ပိုလာနိုင်တယ်ပေါ့"

"မပြောတတ်သေးဘူး၊ ရေစက်ဆုံဖို့ ကံပါလာရင် ပါလာနိုင်



တယ်လေ"

"တကယ့်ကောင်ပဲကွာ၊ ရည်းစားမထားဖူးတော့ မမြင်ဘူးမူးကိုမြစ်ထင်တယ်ဆိုတာလိုဖြစ်နေပြီ၊ စိတ်ဝင်စားစရာရှားလို့ ပန်းရောင်းစားရတဲ့ အတန်းအစားမျိုးကိုမှကွာ"

မင်းဦး အထင်သေးသလိုပြောလိုက်သည့်စကားအတွက် မိုးမြင့်ဝင့်ထည် မကြိုက်ဖြစ်သွားလျက်

"ရိုးသားခြင်းကို ငွေနဲ့ရှာလို့မရဘူး၊ ဘဝရဲ့ဒဏ်ရာဒဏ်ချက်အနာတရပါလာတဲ့ မိန်းကလေးက အထင်သေးစရာမှမဟုတ်ဘဲ၊ ငါသူ့ကိုစိတ်မဝင်စားသေးပေမယ့်၊ သူ့ဘဝကိုတော့ စိတ်ဝင်စားတယ်၊ ဘဝအတွက်ရုန်းကန်တဲ့သူအချင်းချင်း အနေအထားမတူတာတော့ အမှန်ပဲ၊ တချို့မိန်းကလေးတွေ ငွေအလွယ်ရတဲ့လမ်းမှားမှာ ပျက်စီးနေတာထက်စာရင် သူ့ရဲ့ရုန်းကန်မှုလေးက အရမ်းကိုရိုးသားဖြူစင်လွန်းနေတယ် ဟုတ်တယ်မဟုတ်လား"

အတက်ချိုကော့စ်ကိုဆွဲကိုင်လာရင်း မင်းဦးခေါင်းညိတ်ပြသည်။ ဒီနေ့တော့ စပယ်ပန်းကုံးလေးကို မိုးမြင့်ဝင့်ထည်က လွှင့်မပစ်နိုင်ဘဲ ရုံးခန်းထဲကို သူကိုယ်တိုင်ကိုင်လာ၏။ ရုံးခန်းထဲရောက်တော့ အံဆွဲထဲကို ထည့်သိမ်းလိုက်ကာ

"ဒါက သူ့ရဲ့နောက်ဆုံးစပယ်ပန်းကုံးလေးဖြစ်နေလို့ သိမ်းထားလိုက်တော့မယ်"

"မင်းအရမ်းရိုမန့်တစ်ဆန်နေပါလား မိုးမြင့်၊ ငါတကယ် မသင်္ခဲ့မိတာပါ၊ မင်းက အနေအေးဆေးတယ်၊ မိန်းကလေးကိစ္စအရှုပ်အရှင်းမရှိဘူး၊ ချစ်သူရည်းစားမထားဖူးဘူး၊ ဒီလိုမိန်းကလေးမျိုးကိုလည်း ချစ်သွားလိမ့်မယ်လို့ မထင်မိဘူး"

"အခုလည်း ချစ်သွားပြီလို့ ငါမပြောပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ မင်းဆတ်ဆတ်ထိမခံတော့ဖြစ်နေတယ် မဟုတ်လား"

"စာနာစိတ်ကြောင့် သူ့ကိုအထင်သေးတာမျိုးမဖြစ်စေချင်တာပါ၊ သူ့ရဲ့ရိုးသားမှုက ထင်ပေါ်နေတယ်မဟုတ်လား၊ ဒါကိုအသိအမှတ်ပြုမိရုံလေးပါ၊ ငါဒီထက်မပိုသေးဘူး နောက်တော့ . . ."

မသိသေးဘူးလို့ မင်းဦးကိုနောက်ပြောင်ရမှာမျိုးတောင် မပြောချင်၊ ဟိုကောင်မလေးတန်ဖိုးလျော့သွားမှာစိုးလို့ပါ။

"ကဲ . . မင်းဦး လက်မှတ်ထိုးဖို့ကိစ္စတွေရှိတယ် မဟုတ်လား။ မနေ့က ကျန်သွားတဲ့စာရင်းတွေလည်း ရှိသေးတယ်"

"အေး . . အဲဒါတွေအပြင် ဒီနေ့တစ်နာရီ မီတင်ပါရှိတယ်နော်၊ မင်းမေ့နေမှာစိုးလို့ သတိပေးတာ"

"မေ့စရာလား ငါ့တာဝန်ပဲဟာ"

"မသိဘူး၊ အခုတစ်လောမင်းက ဗျိုင်းပျံဖြူလေးအကြောင်းပဲ စိတ်ကူးယဉ်ပြီး အတိတ်ပါမေ့နေသလားလို့"

"ငါ့ကို နှိပ်ကွပ်မယ်ဆိုရင် မင်းကပြောထွက်တယ်နော်၊ မင်းအလှည့်ကျမှ ဘယ်လိုမိန်းကလေးနဲ့တွေ့မလဲ စောင့်ကြည့်ဦးမယ်"

"ငါလား၊ အောင်မြင်မှုမရှိသေးတဲ့ဘဝထဲကို ဘယ်မိန်းကလေးကိုမှ ဆွဲမခေါ်သေးဘူး၊ ငါက မင်းလိုပြည့်စုံတဲ့ကောင်မှ မဟုတ်သေးတာ၊ မိဘတွေအတွက် အရင်ကြိုးစားမယ်၊ ပြီးမှ . . ."

"မင်းလည်း ငါ့လိုပဲ မိဘကပထမပဲ မဟုတ်လား"

"အဟင်း . . ငါက အဲလိုပြောတော့ မင်းတို့အချစ်နဲ့မတွေ့သေးလို့ပါကွာတဲ့၊ တွေ့ရင် မိဘတွေ ဘယ်နေရာနေရမှန်းတောင်သိမှာမဟုတ်ဘူးတဲ့"

"အဲဒါလည်း ဖြစ်နိုင်တာပဲ"

သူနှင့် မင်းဦးရယ်မိကြပြန်သည်။ ဘဝမှာ အဲလိုပျော်စရာတွေ



နှင့်ပဲပြီးဆုံးသွားပါစေဟု ဆုတောင်းမိ၏။ အပျော်ပါးဆုံးအချိန်တွေပဲ ဖြတ်သန်းချင်ပါသည်။

ဟိုကောင်မလေးလည်း သူ့လိုဘဝမျိုးသာ ဖြတ်သန်းခွင့်ရလျှင် ဘယ်လောက်များကောင်းမည်လဲ၊ မင်းဘဝလေးပြောင်းလဲသွားစေချင်ပါတယ် မိန်းကလေးရယ်။

ပင်ပန်းမှုတွေက မင်းနဲ့မလိုက်ဖက်လို့ပါ။ မျက်နှာလေးက လှလိုက်တာ။ ဘာလို့များ ဘဝကကြမ်းတမ်းရတာလဲ။

မင်းနာမည်တောင် မသိရပါဘဲ။

✤✤✤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ဘာပြောတယ် ရဲ့ ညည်းမုန့်ဟင်းခါးရောင်းမယ် ဟုတ်လား"

"ဟုတ်တယ် မမခိုင်၊ ပန်းရောင်းရတာနေပူတယ်၊ လိုင်းကားတွေကလည်း အလုအယက်နဲ့ ပန်းကိုမဝယ်ချင်ကြဘူး။ ကိုယ်ပိုင်ကားတွေကလည်း သူတို့ကားတွေထဲမှာ တန်ဖိုးကြီးရေမွှေးနံ့တွေပါပြီး သားလေ၊ နေမြင့်အောင်အထိရောင်းရတော့ နေအရှိန်းပူတယ်၊ အဲဒါကြောင့် အရင်းအနှီးရအောင် ကြိတ်မှိတ်ပြီး သည်းခံပြီးစုလာခဲ့တာ၊ အခုတော့ ပြည့်သွားပြီ"

မမခိုင် ခေါင်းတညိတ်ညိတ်လုပ်ပြီး မြလေးရဲ့ကို ကရုဏာသက်သလိုကြည့်၍

"ရဲ့လည်း တူမတစ်ယောက်အတွက်နဲ့ ပင်ပန်းလိုက်တာကွယ်၊ ရဲ့ကို မမခိုင်အရမ်းသနားတာပဲ"

"ဘဝအကျိုးပေးပေါ့ မမခိုင်၊ တူမလေးအတွက် ရဲ့ကိုတာဝန်တွေ ပေးခဲ့ကြတာလေ၊ သူတို့ဘဝကူးကောင်းပါစေလို့ပဲ ဆုတောင်းပါတယ်"

"အင်း . . ရွှေဖူးမွန်လေးလည်း ကံဆိုးတာပါပဲလေ၊ မွေးမွေးချင်း အမေကဆုံးတယ်၊ အဲဒီစိတ်နဲ့ အဖေက အရက်တွေသောက်ပြီး



သွေးအန်ဆုံးတယ်ဆိုတော့ အဒေါ်ဖြစ်တဲ့ ရဲ့သာ တာဝန်မယူနိုင်ရင် ဒီကလေးရဲ့ဘဝ ဘယ်လိုများဖြစ်ရှာမှာလဲ"

"ရွှေဖူးလေးရဲ့ကံပေါ့ မမခိုင်၊ မိဘတွေမရှိတော့ပေမယ့် ရဲ့က သူနဲ့ရှိနေပေးတာ သူ့ရဲ့ကံပဲပေါ့၊ ရဲ့လည်း မိဘတွေမရှိတော့ဘူး၊ အစ်ကိုတစ်ယောက်ရှိတော့လည်း အတူတူကြာကြာမနေလိုက်ရဘူး။ သူ့မိန်းမကို ချစ်တဲ့စိတ်နဲ့ ညီမကိုရော သမီးကိုရော လောကအလယ်မှာမျက်နှာငယ်နဲ့နေရအောင်ထားရစ်ခဲ့တယ်၊ အဖေရော၊ အမေရော၊ အစ်ကိုရော မတရားဘူးလို့ပဲပြောရမလား၊ ရဲ့ကို ဒုက္ခတွေထမ်းပိုးခိုင်းခဲ့လို့လေ၊ လူမမယ်ကလေးတစ်ယောက်ကို မိန်းမသားတစ်ယောက်အနေနဲ့ တာဝန်ယူရမယ်ဆိုတာ မနိုင်ဝန်ပဲမဟုတ်လား မမခိုင်"

မမခိုင် ခေါင်းညိတ်ပြီး မြလေးရဲ့လက်ကလေးကို စိတ်မကောင်းသလို ဆုပ်ညှစ်ကိုင်ထားကာ . .

"ဒါပေါ့ကွယ်၊ မမခိုင်တောင် တစ်ယောက်တည်းဘဝကို ရုန်းကန်ရတာ လွယ်တာမှမဟုတ်တာ၊ မိဘတွေက မမခိုင်အတွက် တစ်ဦးတည်းမွေးထားတယ်ဆိုပြီးတော့လည်း ဘာအမွေမှမချန်ထားခဲ့နိုင်ဘူးလေ၊ အသက်နှစ်ဆယ်ကျော်အရွယ်မှာ အရမ်းကိုဒုက္ခတွေများခဲ့တာပေါ့၊ ထမင်းလစာ၊ အိမ်လစာရအောင် စက်ရုံတွေ အပြင်အလုပ်တွေအကုန်လုပ်ခဲ့ရတယ်၊ ရည်းစားထား ယောက်ျားယူဖို့တောင် အချိန်မပေးနိုင်ဘူး"

"အဲဒါကြောင့် အပျိုကြီးဖြစ်နေတာလား"

"ဆိုပါတော့ ကိုယ့်အပူနဲ့ ကိုယ်ဆိုတော့ နောက်ထပ်အပူလည်း မရှာချင်တော့ဘူး၊ ယောက်ျားတစ်ယောက်ယူလိုက်လို့ ကိုယ့်ဘဝပြောင်းသွားရင် တော်သေးတယ်လေ၊ မဟုတ်ရင် ပိုပြီးနှစ်ရုံပဲရှိတယ်၊ အဲဒီလိုတွေ တွေးကြောက်လို့ အပျိုကြီးဖြစ်သွားတာ ထင်ပါတယ်"

မမခိုင်စကားကြောင့် မြလေးရဲ့ သွားလေးတွေပေါ်အောင်

www.burmeseclassic.com

www.burmeseclassic.com



ပြုံးရယ်မိကာ ..

"ရဂုံလည်း တူမလေးတစ်ယောက်နဲ့ အပျိုကြီးပဲလုပ်ဖြစ်တော့မယ်ထင်ပါတယ်၊ ဒီကလေးတစ်ယောက်ပါလာတာကို ဘယ်ယောကျ်ားက လက်ခံချင်မှာလဲ၊ ကိုယ်ယူမယ့်ယောကျ်ားက ကိုယ့်ကိုချစ်တဲ့စိတ်နဲ့ လက်ခံချင်လည်း သူ့မိဘအသိုက်အဝန်းက လက်ခံမှာမဟုတ်ဘူးလေ"

"ဒါကတော့ကွယ်၊ အိမ်ထောင်ကျခဲ့ပြီး လင်ကြီးနဲ့ရခဲ့တဲ့ကလေးမှ မဟုတ်တာ၊ တူမလေးကိုတာဝန်ယူရတာပဲ၊ သူတို့နားလည်ပေးရမှာပေါ့၊ သူ့ကိုယူချင်တာနဲ့ တူမလေးကို စွန့်ပစ်လိုက်ရမှာလား၊ မတရားတာတော့ ဘယ်ခံလို့ဖြစ်မှာလဲ"

"ဟင်း ဟင်း"

"ရဂုံ ဘာရယ်တာလဲ"

"မဟုတ်ဘူးလေ၊ ရဂုံ့မှာချစ်သူရည်းစားတောင်မရှိသေးဘဲနဲ့ မမခိုင်က တစ်ဖက်ကိုဒေါသဖြစ်ပြနေလို့ပါ"

"ဪ .. အေး ဟုတ်သား"

မြလေးရဂုံနှင့် မမေခိုင် နှစ်ယောက်သားရယ်မိကြသည်။ ဒီရပ်ကွက်ကိုပြောင်းလာတာ တစ်နှစ်ကျော်မျှသာရှိသေးသော်လည်း အိမ်နားနီးချင်းလိုဖြစ်နေသော အပျိုကြီးမမေခိုင်နှင့်တော့ မိသားစုမွေးချင်းလိုပင် သံယောဇဉ်ရှိနေကြသည်။

မမေခိုင်က ငယ်ရွယ်စဉ်လုပ်နိုင်ကိုင်နိုင်သည့်အချိန်မှာ စုဆောင်းလာခဲ့၍ အခုဆို ဈေးထဲ ရပ်ကွက်ထဲမှာ ငွေတိုးလေးချေးစား အပေါင်လေးခံ၍ လုပ်ကိုင်စားနိုင်ပြီဖြစ်တာမို့ အဆင်ပြေပြေလေးနေနိုင်ပြီဟု ပြောလို့ရသည်။

ဆွေမျိုးရင်းချာမိသားစုလည်း မရှိတာမို့ တူမလေးကိုလက်ဆွဲကာ မြလေးရဂုံတို့ အိမ်ပြောင်းလာသည့်အခါမှာ အကူအညီတွေအများ



ကြီးပေးခဲ့၏။ အခုလည်း မြလေးရဂုံ ဈေးရောင်းဈေးဝယ်ထွက်သည့်အချိန်မှာ တူမလေးရွှေဖူးမွန်ကို ထိန်းပေးထားသည်။ နှစ်အိမ်တစ်အိမ်ဆိုပေမယ့် မြလေးရဂုံအလုပ်တွေကိုလည်း ကူလုပ်ပေး၏။

သူ့လိုအရွယ်လေးနှင့် ရုန်းကန်နေရသော မြလေးရဂုံကို စာနာလို့ဟု ပြောသည်။

"ကဲ .. ကလေးက ကျောင်းသွားရမှာဆို မနီးသေးဘူးလား"

"နီးတော့ မနီးရတော့ပါဘူး၊ ခဏနေသူ့ဘာသာနိုးလာတော့မှာပါ၊ ပြီးရင် သူ့ဘာသာမျက်နှာသစ် ရေမိုးချိုးတတ်နေပြီ၊ အရင်လောက် ဒုက္ခမများတော့ဘူးပေါ့"

"အေး ... မမခိုင် စာနာမိပါတယ်ကွယ်၊ တစ်နှစ်သားအရွယ် လူမမယ်ကလေးတွေနဲ့ ရဂုံအရမ်းကို ဒုက္ခရောက်ခဲ့ရှာမှာပဲ၊ မမခိုင်တောင် ကိုယ့်တစ်ဝမ်းတစ်ခါးရှာစားတာတောင် လွယ်တာမဟုတ်ဘူး၊ နောက်ပိုင်း ဘယ်သူ့မှထောက်ပံ့စရာမလိုလို့ ပိုပိုလျှံလျှံဖြစ်လာတာ၊ ရဂုံက ကလေးနို့မှုန့်ဘူးဖိုးကအစ ပင်ပင်ပန်းပန်းရုန်းကန်ခဲ့ရမှာ၊ အေးလေ .. လူ့ဘဝတွေရဲ့ ကံတရားတွေက တူကြတာမဟုတ်ဘူး၊ အခုလည်း ရဂုံတစ်သက်လုံး ပင်ပန်းတော့မှာပဲ"

"ကံတရားပဲလို့ ဖြေနေရတာပေါ့မမခိုင်၊ အခုချိန်မှာတော့ ဒီတူမလေးကို တင့်တောင့်တင့်တယ်ထားနိုင်ပါစေဆိုတဲ့ ဆန္ဒပဲရှိပါတော့တယ်၊ အရင်ကတော့ မျက်ရည်နဲ့ မျက်ခွက်ပေါ့"

"ရွှေဖူးလေးက လိမ္မာရှာပါတယ်၊ စကားလည်း တော်တော်တတ်တယ်၊ ရဂုံမရှိတဲ့အချိန်ဆို အန်တီလေးကိုသနားပါတယ် ပြောတယ်"

"ဟုတ်တယ် .. ရွှေဖူးအရမ်းသိတတ်တယ်၊ ပြောစကားနားလည်တယ်"

"ဒါနဲ့ အရင်နေခဲ့တဲ့ရပ်ကွက်မှာမနေဘဲ ဒီရပ်ကွက်ကိုပြောင်း

www.burmeseclassic.com

www.burmeseclassic.com



လာတာလဲ၊ အရင်နေခဲ့တဲ့နေရာက အိမ်လစာ အရမ်းဈေးချိုတဲ့နေရာ မဟုတ်လား”

“ပတ်ဝန်းကျင်မကောင်းလို့ပေါ့ မမခိုင်၊ ရဂုံ့ကို ထိကပါးရိကပါး စော်ကားမော်ကားလုပ်ချင်ကြလို့၊ ရပ်ကွက်သန့်တဲ့ ဒီနေရာကိုပြောင်းလာခဲ့တာ၊ မိဘမရှိ အစ်ကိုဖွတွေ မောင်တွေမရှိတော့ မိန်းမသားဖြစ်တဲ့ ရဂုံ့ကိုအထင်သေးပြီး စမ်းသပ်ချင်ကြတာပေါ့၊ နောက်ဆိုအရွယ်ရောက်လာမယ့် တူမလေးအတွက်ပါ လုံခြုံမှုမရှိတော့ဘူးလေ”

မမခိုင် စိတ်မကောင်းသလိုဖြစ်သွားကာ

“လူတွေက မကောင်းကြတာအမှန်ပဲ၊ အားနည်းတဲ့သူကို စေတနာသန့်သန့်နဲ့ ကူညီချင်တဲ့သူရှားတယ်၊ ရေနစ်သူကို ဝါးနဲ့ပဲကူထိုးချချင်ကြတာလေ၊ နှိမ့်ချမယ် စော်ကားမယ် အထင်သေးမယ်၊ ဒီလိုလူတွေကြောင့်ပဲ၊ လူတန်းစား အနိမ့်အမြင့်ဆိုပြီး အပြောခံနေရတာ၊ ဆင်းရဲတွင်းက မလွတ်ကြတာလေ”

“မမခိုင် ပြောတဲ့ပုံစံက ဆင်းရဲတဲ့သူတွေမှ နိမ့်ကျတဲ့စိတ်ရှိနေသလိုပဲ၊ ချမ်းသာတဲ့သူတွေကမှ ပိုပြီးအောက်တန်းကျတတ်ကြတာ မမခိုင်၊ သူတို့က ငွေနဲ့ဖုံးကွယ်လို့ရလို့ သူတော်ကောင်းယောင်ဆောင်လို့ကောင်းနေကြတာပါ၊ ငွေနဲ့ဖုံးဖိပြီး သူတို့သိက္ခာတွေကို အရောင်တင်နေကြတာပါ၊ အဲလိုလူတွေကမှ ပိုပြီးအောက်တန်းကျတတ်ကြတာ”

“ရဂုံ”

မြလေးရဂုံလေသံတွေ ပြင်းထန်မာကျောသွား၍ မမခိုင်အံ့အားသင့်သွားသည်။ ဘယ်လိုခံစားချက်တွေရှိနေထားလို့ ဒီလိုပေါက်ကွဲရတာလဲ မသိပေ။

“အန်တီလေး”

“သြော်. . . ရွှေဖူးလေး နိုးပြီလား၊ အံမယ် ရေချိုးပြီး သနပ်ခါး



တောင် လိမ်းပြီးနေပါရောလား၊ ရွှေဖူးလေးက လိမ္မာလိုက်တာကွယ်၊ အန်တီလေးဆီလာပါဦး”

“မီးမီးက အန်တီလေးနဲ့ အန်တီမေခိုင် စကားပြောနေလို့ တိတ်တိတ်လေး ရေချိုးလိုက်တာပါ၊ စကားကောင်းကောင်းပြောရအောင်လို့”

“အမယ်လေး သိတတ်လိုက်တဲ့ တူမလေး”

ရွှေဖူးလေးရဲ့ပါးကို ဘယ်ပြန်ညာပြန်နမ်း၍ မွှေ့ဖက်ထားလိုက်သည်။ ဒီအချိန်မှာ ရွှေဖူးလေးက သူ့မဘဝရဲ့ ပင်ပန်းမှုတွေ ပြေပျောက်စေသည့် အမောပြေလေးပါပဲ။

“အန်တီလေး ဒီနေ့ဘာလို့ ပန်းရောင်းမသွားတာလဲဟင်”

“အန်တီလေးက အိမ်မှာပဲ မုန့်ဟင်းခါးရောင်းတော့မှာ ရွှေဖူးရဲ့၊ ဒီနေ့ဈေးဝယ်ရမယ်၊ လုပ်ရကိုင်ရမယ်”

“အိမ်ရှေ့မှာပဲရောင်းမှာလား၊ ဒါဆို ရွှေဖူး မုန့်ဟင်းခါးစားပြီးကျောင်းသွားလို့ရပြီပေါ့”

“ဟင်း ဟင်း ဒါပေါ့၊ ရွှေဖူးလေးက နေ့တိုင်းထမင်းကြမ်းပဲစားနေရလို့ မစားချင်တော့တာပေါ့လေ”

“ဟုတ်ပါဘူး အန်တီလေးရဲ့၊ အန်တီလေးထားခဲ့တဲ့ ထမင်းကြမ်းနဲ့ ပဲပြုတ်က အရမ်းစားလို့ကောင်းပါတယ်၊ ရွှေဖူးက အန်တီလေး မုန့်ဟင်းခါးရောင်းရင် ကူလုပ်ပေးမလို့ပါ”

“ကြည့် မမခိုင်၊ ဘယ်လောက်လည်ထားလဲလို့”

“ဟင်း ဟင်း ရဂုံ့တူမပဲကွယ်၊ ဒီလောက်တော့ရှိမှာပေါ့”

“ကဲ. . . ကဲ ကျောင်းသွားရမယ်၊ အန်တီလေး ထမင်းကြော်ထားတာစားလိုက်ဦး၊ ပြီးရင် အဝတ်အစားလဲပြီး အန်တီလေး ကျောင်းလိုက်ပို့မယ်နော်”

“ဟာ၊ ဒီနေ့ အန်တီလေး ကျောင်းလိုက်ပို့မှာပေါ့ ပျော်စရာကြီး”

www.burmeseclassic.com

www.burmeseclassic.com



"အံမယ်၊ အရင်နေ့က ကျုပ်လိုက်ပို့တော့ မပျော်ဘူးပေါ့လေ"

"မဟုတ်ပါဘူး အန်တီခိုင်ရဲ့၊ အန်တီလေးက ပန်းရောင်းနေရတော့ တစ်ခါမှကျောင်းလိုက်မပို့နိုင်ဘူးလေ"

"နောက်နေ့ အန်တီလေး မုန့်ဟင်းခါးရောင်းရင်လည်း လိုက်ပို့နိုင်မှာ မဟုတ်ပါဘူး၊ အန်တီခိုင့်ကိုပဲ လိုက်ပို့ခိုင်းရမှာ၊ ရွှေဖူး ကူလုပ်မယ်ဆိုရင် ကျောင်းပိတ်ရက်မှကူလုပ်ပေါ့"

"ဟုတ်ကဲ့၊ ရွှေဖူး ပန်းကန်ဆေးတတ်တယ်"

သူငယ်တန်းကျောင်းသူအရွယ်လေးနှင့် ရွှေဖူးက အရမ်းကိုလိမ္မာသိတတ်လေသည်။ ဒါကြောင့်လည်း ရွှေဖူးလေးကို သူမအချစ်ပိုနေရတာပါ၊ သူ့အတွက် ရုန်းကန်နေရတာလည်း ပင်ပန်းသည်ဟုမထင်။

အကြောင်းရေစက်တွေရှိလို့ ဆုံစည်းမှုတွေနှင့် အတူနေနေရတာပဲမဟုတ်လား။ သံသရာမှာ နောက်ထပ်ဆုံစရာလူတွေလည်း ရှိသေးတာမို့ ...။

✤✤✤

# အခန်း (၇)

"သားကုမ္ပဏီသွားတော့မယ် ဖေဖေ"

"ဟင်...သား ဘရိတ်ဖတ်စ်မဆွဲတော့ဘူးလား၊ ကုမ္ပဏီမှာ ဘာအရေးကြီးကိစ္စရှိလို့လဲသား"

မိုးမြင့်ဝင့်ထည်က ထိုင်ခုံမှာဝင်မထိုင်ဘဲ အတက်ချိုကော့စ်ကိုဆွဲလျက်ပြောတော့ ဦးဂုဏ်ဝင့်ထည် အံ့အားသင့်ကာ ပြန်မေးရသည်။ မိုးမြင့်ဝင့်ထည်က ဘာမှမဖြစ်သလို မျက်နှာနှင့်ပင်

"ကုမ္ပဏီမှာ အရေးကြီးကိစ္စတော့မရှိပါဘူး ဖေဖေ၊ မီးပွိုင့်မိတာကို စိတ်မရှည်လို့ပါ၊ အကြာကြီးစောင့်ရတာကို ငြီးငွေ့တယ်၊ စောထွက်လိုက်ရင် သိပ်မမိတော့ဘူး"

"အဲဒါတော့ဟုတ်တယ်၊ ရုံးချိန် ကျောင်းတက်ချိန်ကတော့ တော်တော်ဆိုးတယ်၊ မီးပွိုင့်မှာစောင့်ရတာ စိတ်ဖိစီးမှုများတာပေါ့၊ တစ်နေကုန်အလုပ်လုပ်ရတာတောင် မလန်းဆန်းတော့ဘူး"

"ကဲ...အဲဒါကထားပါဦး ဒီမှာလူလေးကြိုက်တဲ့ မုန့်ဟင်းခါးဝယ်ခိုင်းထားတာ မစားတော့ဘူးလား၊ အရင်နေ့တွေကဆို မုန့်ဟင်းခါးနဲ့ အသုပ်မြင်ရင် ဟန်မဆောင်နိုင်ဘဲနဲ့"

"ဩ...ဟုတ် ဒေါ်ကြီးသောင်း၊ နောက်နေ့ဆို ဒီလိုပဲအိုက်က

www.burmeseclassic.com

www.burmeseclassic.com



စောထွက်မှာဆိုတော့ စားဖြစ်မှာ မဟုတ်တော့ဘူး၊ ကျွန်တော်အဆင်ပြေတဲ့နေရာမှာပဲ စားလိုက်ပါ့မယ်''

ဒီလိုပြောတာကို ဦးဂုဏ်ဝင့်ထည် သိပ်ကြိုက်ပုံမရဘဲ . . .

''အိပ်ရာက စောထပြီး အိမ်မှာပဲစားပါလား သားရယ်၊ လမ်းမှာစားတာ အဆင်ပြေပါ့မလား၊ တော်ကြာ မသန့်မရှင်းဆိုရင်''

''ဆိုင်ကောင်းကောင်းမှာ စားမှာပေါ့ဖေဖေရဲ့၊ သားက ဖေဖေနဲ့အတူတူမစားနိုင်တာကိုပဲ စိတ်မကောင်းတာ''

''ဒါက ရပါတယ်သားရယ်၊ ဖေဖေလည်း လမ်းလျှောက်ထွက်တာနောက်ကျရင် သားနဲ့အတူ စားဖြစ်တာမှမဟုတ်တာ၊ အဲဒီမီးပွိုင့်မိတဲ့ ဒုက္ခကြောင့်ပါ၊ လမ်းတွေဘယ်လောက်ချဲ့ချဲ့ တံတားတွေဘယ်လောက်ထိုးထိုး၊ လူဦးရေတိုးသလို ကားစီးရေလည်း တိုးလာတဲ့အတွက် ကားတွေက ဘယ်နှခုနှစ်ပဲရောက်ရောက် ဘယ်မင်းပဲတက်တက် ကျပ်နေဦးမှာပဲ''

''အဲဒါတော့ ဟုတ်တယ်ဖေဖေ၊ ကားလမ်းပိတ်တော့ လူတွေက စိတ်ဖိစီးမှုများပြီး ဒေါသဖြစ်ကြတယ်၊ ဒေါသဖြစ်တော့ အထက်အောက် အလုပ်ရှင်ဝန်ထမ်း၊ ဈေးသည်ဈေးဝယ် ဆက်ဆံရေးတွေ အဆင်မပြေကြတော့ဘူး၊ ဒီအဆင်မပြေမှုတွေကြောင့်ပဲ နိုင်ငံရေးမှာလည်း ထိခိုက်တာပဲ''

''ဒါတော့ ဒါပဲ၊ ဒါပေမဲ့လည်း ဘယ်တတ်နိုင်မှာလဲ၊ ကဲ . . . စကားပြောနေရင်းနဲ့ သားနောက်ကျနေတော့မယ်''

''ဟုတ်ကဲ့ ဖေဖေ''

သားထွက်သွားသည့်အခါမှာ သားကျောပြင်ကို ပီတိဖြင့်ပြုံးကြည့်နေမိသည်။ ဒေါ်သောင်းက ဦးဂုဏ်ဝင့်ထည်အတွက် ကော်ဖီထည့်ပေးရင်းနှင့်



''သူဌေးမင်းလည်း ဒီသားကိုတော်တော်ချစ်တယ်နော်''

''ဩော် . . ဒီသားလေးတစ်ယောက်တည်းရှိတာ ချစ်တာပေါ့ ဒေါ်သောင်းရယ်၊ သားက ကျွန်တော့်အသက် ကျွန်တော့်ဘဝပါပဲ၊ သားအတွက်ပဲ ရှင်သန်နေတာ''

''လူလေးအမေ အမြင့်ကို သတိရမိတယ်ကွယ်၊ သူ့သားအရွယ်လိမ္မာတယ်ဆိုတာသိရင် ဘယ်လောက်များ ဝမ်းသာရှာလိုက်မလဲ၊ သူ့ယောက်ျားကို အထင်သေးချင်တဲ့ သူ့အသိုက်အဝန်းကို အရှမ်းကိုစိတ်နာရှာတာ၊ ဒီလိုဘဝမျိုးရောက်လာလို့သာ အထင်တကြီး ပြန်ဆက်ဆံလာကြတာ မဟုတ်လား၊ အရင်က ဒီလိုဂုဏ်သိက္ခာရှိ ကြိုးစားမှုရှိလာလိမ့်မယ်လို့မှ ထင်မထားကြတာ၊ တော်တော်ဂုဏ်မက်ပြီး မျိုးရိုးဂုဏ်မောက်တဲ့ အသိုက်အဝန်း အခုချိန်ထိလည်း စောင့်ကြည့်နေတုန်းပဲမဟုတ်လား''

''သူတို့သမီးမရှိတော့ပေမယ့် သူတို့မြေးကရှိနေတုန်းလေ၊ ကျွန်တော့်ကို နောက်အိမ်ထောင်ပြုမလား . . ၊ မိန်းမတွေပွေရှုပ်ပြီး သောက်စားအပျော်ရှာနေမလားလို့ သေချာကိုစောင့်ကြည့်နေကြတာပေါ့၊ ကျွန်တော့်ကို အစကတည်းက အထင်ကြီးတဲ့ အသိုက်အဝန်းမှမဟုတ်တာ၊ ကိုယ်မနေတတ်ရင် လက်ညှိုးပိုင်းထိုးပြီး ကဲ့ရဲ့မယ့်သူချည်းပဲ''

''အင်းလေ . . သူဌေးမင်းက အကဲ့ရဲ့လွတ်အောင် နေထိုင်တတ်တဲ့သူမို့ တော်သေးတာပဲ၊ လူလေးမိုးမြင့်ဝင့်ထည် မလိမ္မာရင်လည်း သူဌေးမင်းကိုပဲ အပြစ်ပြောကြမှာ၊ ကိုယ်က ကောင်းအောင်မနေလို့ သားကိုမဆုံးမ မသွန်သင်နိုင်ဘူးဆိုပြီးတော့လေ''

ဦးဂုဏ်ဝင့်ထည်မချိသလို ပြုံးလိုက်ကာ

''သေချာတာပေါ့ ဒေါ်သောင်း။ ဒါကြောင့်လည်း သားရှေ့မှာ အမှားမလုပ်မိအောင် ပိုပြီးထိန်းသိမ်းရတယ်။ သားကို အမှားမလုပ်မိအောင် စောင့်ရှောက်ရတယ်၊ ငွေကရှာလို့ရတယ်၊ ဂုဏ်သိက္ခာကပြန်ရှာ

www.burmeseclassic.com

www.burmeseclassic.com



လို့မရဘူးလေ။ သားသမီးလေးစားအောင်နေတဲ့မိဘက ဘယ်တော့မှ သားသမီးရဲ့ အစော်ကားမခံရဘူးတဲ့၊ ကျွန်တော်အဲလိုဖခင်မျိုးပဲဖြစ်ချင်တယ်"

"အဲဒါကြောင့် ဒေါ်သောင်းလည်း သူ့ရွှေမင်းကိုလေးစားနေတာပါ၊ ဒီဘက်ခေတ်မှာ အဲလိုအပြစ်ကင်းပြီး ဂုဏ်သိက္ခာရှိအောင်နေတတ်တဲ့ မိဘမျိုးကရှားသွားပြီလေ၊ ကိုယ့်အတွက်ကိုယ်ပဲတွေးတတ်တဲ့ မိဘမျိုးတွေများလာတယ်၊ သူ့ရွှေမင်းကို တကယ်လေးစားမိပါတယ်"

ဒေါ်သောင်းရဲ့ ချီးကျူးစကားကြောင့် ဦးဂုဏ်ဝင့်ထည် ကိုယ့်ကိုယ်ကိုယ် ကျေနပ်စွာပြုံးလိုက်သည်။ ဒီလိုချီးကျူးဂုဏ်ပြုသံတွေကြောင့် ဘဝမှာ ဘယ်လောက်တောင်နေပျော်လိုက်သလဲ။

အရာရာထိန်းသိမ်းဆင်ခြင်ခွင့်ရသော ဒီဘဝကိုပဲ မက်မောတွယ်တာစွာဖြင့် ...။

✤✤✤

# အခန်း (ဂ)

"စားကောင်းတယ် ရဂုံရေ၊ လက်ရာကတော့ အမိုက်စားပဲ၊ တို့ရပ်ကွက်ထဲလာဖွင့်တဲ့ မုန့်ဟင်းခါးဆိုင်တွေထဲမှာ ရဂုံ့လက်ရာအကောင်းဆုံးပဲ"

"ဟိုတယ်ကြီးတွေ ဆိုင်ကြီးတွေမှာရောင်းရင်တောင်ရလောက်တယ်၊ မြန်မာ့ရိုးရာ အစားအစာဆိုပြီးတော့လေ၊ ဒီလက်ရာမျိုး ဘယ်သူ့ဆီမှာ သင်ထားတာလဲ ရဂုံရဲ့"

"အမေ မသေခင်ကျန်းမာရေးကောင်းတဲ့အချိန်တွေက မိသားစုအတွက် မုန့်ဟင်းခါးရောင်းကျွေးခဲ့တာလေ၊ အဲဒီကတည်းက အမေ့လက်ရာကို သင်ထားခဲ့တာပါ၊ စားကောင်းတယ်ဆိုရင် ကျေးဇူးတင်ပါတယ်၊ နောက်လည်း အားပေးကြပါနော်၊ လိုအပ်တာရှိရင်လည်း ပြုပြင်လို့ရအောင် ပြောကြပါဦး"

"အမယ်လေး ကောင်းလွန်းလို့ ဒီအတိုင်းပဲချက်ပါတော်၊ အသုပ်ကလည်း ကောင်း၊ မုန့်ဟင်းရည်က ကောင်းနဲ့ တကယ်ခံတွင်းကိုတည့်သွားတာပဲ"

မြလေးရဂုံ ဆိုင်လေးထဲမှာ မုန့်လာစားသူတွေရဲ့ ချီးကျူးသံတွေဖြင့် ဆူညံနေလေသည်။ မြလေးရဂုံ မုန့်စရောင်းသည့်နေ့မှစပြီး ဈေးကောင်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်းသည်ဟု ပြောလို့ရသည်။

အလုပ်သွား ဈေးသွား အားလုံးဝင်စားကြ၏။ လက်ရာကောင်းတာကြောင့် ပါးစပ်ကလည်း ချီးကျူးသွားကြသေးသည်။

မြန်မာမုန့်လျှင် မုန့်ဟင်းခါးမကြိုက်သည့်သူရှားသည် မဟုတ်လား။ ကူလုပ်ပေးနေသော မမေခိုင်လည်း မနားရပါ။

"တီ . . တီ"

ကားဟွန်းသံကြောင့် မြလေးရဂုံ မုန့်ပွဲပြင်နေရင်းက ခေါင်းထောင်သွားသည်။ ရင်းနှီးနေသည့် ပုံရိပ်က မျက်ဝန်းထဲမှာတန်းခနဲပါ။ ဒီလူကို လိပ်စာကတ်လေးပေးခဲ့ပေမယ့် ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာလိမ့်မည်ဟု မထင်မိ။

အရဲစွန့်ပြီး လိပ်စာကတ်ပေးခဲ့မိတာ မဟုတ်ပါလား။

"မ . . မမခိုင်၊ ဆိုင်ကယ်နဲ့ စက်ဘီးလေးတွေ တခြားဘက်ကပ်ပြီး ရွှေ့ခိုင်းပေးပါဦး၊ ဟိုကားက မုန့်လာစားတာထင်တယ်"

"ဟုတ်ပါ့၊ ရဂုံတို့ကတော့ စက်ဘီးသမား၊ ဆိုင်ကယ်သမားတင် မဟုတ်ဘူး၊ ကိုယ်ပိုင်ကားစီးနိုင်တဲ့သူတွေပါ လာစားကြပြီ၊ ဒို့ထက်တိုးတက်ဦးမယ်၊ အောင်မြင်ဦး ကြီးပွားဦးမယ်ပေါ့"

မမေခိုင်က ပါးစပ်ကအရွှန်းဖောက်လျက် ကားဝင်လို့ရအောင် စက်ဘီးတွေ ဆိုင်ကယ်တွေကို ဘေးကပ်ခိုင်းနေသည်။

မုန့်ပွဲပြင်ပေးပြီးသည်နှင့် ထိုလူ့ဆီကို မြလေးရဂုံ ခရီးဦးကြိုလျှောက်သွားလိုက်သည်။

"လာမယ်တောင်ထင်မထားဘူး၊ လိပ်စာကတ်ပေးထားပေမယ့် တော်တော်ရှာခဲ့ရမှာပဲ"

"သိပ်မရှာရပါဘူး၊ ဒီဘက်တွေမှာ ကျွန်တော်တို့ ကုမ္ပဏီက ပစ္စည်းတွေယူတဲ့ဆိုင်တွေရှိတယ်လေ၊ လမ်းမတော်မှာ ဆိုင်တော်တော်



များပါတယ်၊ ဒီလမ်းချိုးကိုပဲ နည်းနည်းမေးလာရတာ"

"ဟုတ်ကဲ့ အခုလိုရောက်လာတာ ကျေးဇူးတင်ပါတယ်၊ ရဂုံက လိပ်စာကတ်သာ အရဲစွန့်ပေးလိုက်တာ၊ ရှင်တို့လို သူဌေးတွေက လမ်းဘေးဆိုင်စားမှာ မဟုတ်ဘူးဆိုပြီး ရင်တထိတ်ထိတ်နဲ့လေ"

"ကျွန်တော်က မုန့်ဟင်းခါးဆိုကတည်းက ဣန္ဒြေမရဖြစ်နေတာဗျ၊ မုန့်ဟင်းခါးတို့ အသုပ်တို့ အရမ်းကြိုက်တာလေ"

"ဩော် . . ဟုတ်လား၊ လက်ရာကြိုက်ရင်တော့ အမြဲအားပေးရမယ်နော်"

"ဟုတ်ကဲ့ပါ"

ထိုလူထိုင်ဖို့အတွက် သူမ နေရာရှင်းပေးလိုက်သည်။ သူဌေးသားမို့ ကြီးကျယ်မည်ထင်ထားသော်လည်း ထိုင်ခုံပုလေးမှာ လွတ်လပ်ပေါ့ပါးစွာပင် ဝင်ထိုင်သည်။

"ဘာစားမလဲ၊ မုန့်ဟင်းခါးလား၊ အစုံသုပ်လား"

"မုန့်ဟင်းခါးတစ်ပွဲ၊ အစုံသုပ်တစ်ပွဲပေးပါ၊ ဒါမှနှစ်မျိုးလုံးရဲ့ အရသာကို သိရမှာ၊ ကျွန်တော်က နည်းနည်းလောဘကြီးတယ်"

"ဟုတ်ပါပြီ၊ ခဏလေးနော်"

မမေခိုင်က သူမတို့အခြေအနေကို စောင့်ကြည့်အကဲခတ်နေသည်။ ကားနှင့်လာသည့်လူက သူမနှင့်ဘာကြောင့် အသိအကျွမ်းတွေဖြစ်နေလဲဟုနေမှာပေါ့။

သူမလည်း ကတုန်ကယင်နှင့် ခြေဖျားလက်ဖျားတွေ အေးစက်နေပါသည်။ ဒီလူလာလောက်မှာ မဟုတ်ဘူးလို့ ထင်ထားတာမဟုတ်ပါလား။

"ရဂုံ . . ဒီမုန့်ပွဲပြင်တာ ကြာလိုက်တာ၊ ဘယ်လိုဖြစ်ပြီး သူများမုန့်ပွဲတွေထက်ကြာနေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်. . . မ. . . မဟုတ်ပါဘူး မမခိုင်၊ ပြီးပါပြီ၊ ရော့. . . မုန့်ပွဲလေးချပေးပါဦး"

မမေခိုင် မျက်စောင်းထိုးသည်။ မုန့်ပွဲယူပြီး ဟိုလူရှေ့သွားချတော့ ပြုံးပြုံးကြီးလုပ်၍

"သွေးသည်သုံးဆောင်ကြည့်ပါနော်၊ လိုအပ်တာရှိရင် ပြောပါ"

"ဟုတ်ကဲ့ခင်ဗျ"

မိုးမြင့်ဝင့်ထည် ဟင်းရည်ကို အရင်မြည်းကြည့်ပြီး ခံတွင်းတွေ့သွားသည်။ ဒီမိန်းကလေး မုန့်ဟင်းခါးဟင်းရည်ကောင်းကောင်းချက်တတ်သားပဲ။ သူတကယ်ပါးစပ်ထဲစွဲသွားပါသည်။

ရှေ့မှာချထားသော နံနံပင်နှင့် ငရုပ်သီးမှုန့်လေးပါထည့်၍ စားလိုက်သည်။ တော်တော်လေးကို အရသာရှိလေ၏။

"ဟာ. . . အသုပ်လည်း ကောင်းသားပဲ"

အသုပ်ကိုစားလိုက်၊ မုန့်ဟင်းခါးကိုစားလိုက်ဖြင့် မိုးမြင့်ဝင့်ထည် အရမ်းကို သဘောကျနေသည်။

"စားလို့ အဆင်ပြေရဲ့လားရှင်"

မြလေးရုံ လာမေးလိုက်တော့. . .

"ဟာ. . . အဆင်ပြေတယ် ပြေတယ်၊ စားလို့ကောင်းပါတယ်၊ မုန့်ဟင်းခါးဆိုတာ ဟင်းရည်အဓိကပဲ၊ အသုပ်ကလည်း လက်စမှန်မှ၊ အခုနှစ်မျိုးလုံးကောင်းတယ် အဆင်ပြေတယ်"

"ဟုတ်. . . ကျေးဇူးတင်ပါတယ်၊ နောက်လည်း အမြဲလာအားပေးပါနော်"

"ဟုတ်ကဲ့၊ လက်ရာကောင်းတဲ့အတွက် လာအားပေးဖို့ သေချာသွားပါပြီ"

ထိုလူအပြောကြောင့် သူမပြုံးလိုက်မိသည်။ ထိုအချိန်မှာ ရွှေဖူးလေးက သူမအင်္ကျီစလေးကိုလာဆွဲပြီး

"အန်တီလေး ရွှေဖူးကျောင်းသွားတော့မယ်"

"သြော်. . . ရွှေဖူး အန်တီလေးမအားလို့နော်၊ အန်တီမေခိုင့်ကို ကျောင်းဝတ်စုံလဲခိုင်းပြီး ကျောင်းလိုက်ပို့ခိုင်း"

"ဟုတ်ကဲ့"

"ရွှေဖူးလေး၊ မုန့်ဟင်းခါးရောကုန်ရဲ့လား"

"ဟုတ်ကဲ့. . . အန်တီလေးလက်ရာကောင်းလို့ ရွှေဖူးအကုန်စားလိုက်တယ်၊ ပန်းကန်လည်းဆေးထားတယ်"

"အေး. . . ရွှေဖူးလေးက လိမ္မာတယ်နော်၊ ကျောင်းသွားတော့"

"ဟုတ်ကဲ့ အန်တီလေး၊ နောက်နေ့လည်း ရွှေဖူးကျောင်းမသွားခင် ပန်းကန်တွေ ကူဆေးပေးမယ်နော်"

"အေးပါကွယ်၊ ဟုတ်ပါပြီ"

ရွှေဖူးလေး အိမ်ထဲပြန်ဝင်သွားသည်။ သူမလည်း အသုပ်ဝယ်မည့်သူလာနေတာနှင့် ဆိုင်နေရာကိုပြန်လာလိုက်၏။ ထိုလူရဲ့မျက်ဝန်းတွေ ရှုံးစမ်းသည့် အရိပ်အရောင်တွေပေါ်သွားသည်။

"ရှုံရေ. . . ရွှေဖူးကိုကျောင်းလိုက်ပို့လိုက်ဦးမယ်ဟေ့၊ အပြန်ကျမှ ဆေးပေးမယ်၊ ပန်းကန်တွေပုံထားလိုက်"

"ဟုတ်ကဲ့ မမခိုင်၊ အခုလိုကူညီနေတာ ကျေးဇူးတင်ပါတယ်၊ ရွှေဖူးလေး ကျောင်းမှာစာတွေ အများကြီးသင်ခဲ့နော် တာ့တာ"

"တာ့တာ အန်တီလေး"

ရွှေဖူးလေးကို မျက်စိတစ်ဆုံးကြည့်ပြီး တာ့တာပြလိုက်သည်။

မမေခိုင်လည်းမရှိ၊ ရွှေဖူးလေးလည်းမရှိတော့ ဆိုင်ထဲမှာ သူမတစ်ယောက်တည်း ပျာယာခတ်သွား၏။

တခြားကိုယ်ခွဲ လက်ခွဲမှမရှိတာ။ ဒီလိုအပင်ပန်းခံ အဆင်းရဲခံမှ



www.burmeseclassic.com

www.burmeseclassic.com



ဘဝရဲ့နေထိုင်မှုက အဆင်ပြေရုံပဲရှိမှာပါ။
အနာခံမှပဲ အသာစံရမှာ မဟုတ်ပါလား။
ဘဝဟာ နုံချာခြင်းတွေဖြင့် . . . ။

✤✤✤

## အခန်း (၄)

"မင်း အဲဒီကောင်မလေးဆိုင် မုန့်ဟင်းခါးဝင်စားလာတယ်ပေါ့"

"အင်း"

"မင်းအဖေကို ဘယ်လိုဘတ်ကီးရိုက်ပြီး ထွက်လာတာလဲ"

"လမ်းတွေပိတ်လို့ အိမ်ကစောထွက်မယ်လို့"

"လမ်းပိတ်တာက ဘတ်ကီးရိုက်ဖို့အကြောင်းပြချက်ရသွားတာပေါ့၊ မင်းက တစ်ခါမှ မလိမ်မညာဖူးတဲ့ကောင်ဆိုတော့ မင်းအဖေကလည်း ယုံမှာပဲ၊ သားလိမ္မာလေးဆိုပြီးတော့လေ"

"အခုရော ငါက ဘာတွေမိုက်တွင်းနက်နေလို့လဲ"

"ဟာ . . ပန်းရောင်းတုန်းက ပန်းကိုအားပေးတယ်၊ အခုမုန့်ဟင်းခါးရောင်းတော့ တကူးတကသွားပြီး အားပေးတယ်၊ သူ့ဘဝကို စာနာလို့ဆိုပြီး ဆင်ခြေမပေးနဲ့၊ အထာတွေရိုးနေပြီ၊ သူ့ဘဝကို စိတ်ဝင်စားတယ်ဆိုတာက နားထောင်လို့ကောင်းဦးမယ်"

မင်းဦးစကားအတွက် သူအဖြေရသွားသလို ခေါင်းညိတ်လိုက်၏။ မင်းဦးပြောတာ မမှားတော့ပေ။

"ဟုတ်တယ်၊ ငါသူ့ဘဝလေးကို စိတ်ဝင်စားတယ်၊ သူ့နာမည်ကို ခေါ်သံကြားလိုက်တယ် . . ရင်ခုန်တဲ့၊ ပြီးတော့ သူ့မှာခြောက်နှစ် ခုနစ်နှစ်

www.burmeseclassic.com



အရွယ်လောက်ရှိမယ်၊ ဘူမလေးတစ်ယောက်ရှိတယ်''

''ဟင်. . . တခြားရော''

''ကူလုပ်ပေးတဲ့ အစ်မကြီးတစ်ယောက်တွေ့တယ်၊ ဆွေမျိုးတော့ မဟုတ်လောက်ဘူးထင်တယ်၊ ကူလုပ်ပေးတာကို ကျေးဇူးတင်တယ် ပြောလိုက်တော့လေ''

''ခန့်မှန်းတာတော်လှချည်လား။ မင်းအမြင်မှာ ဒီသုံးယောက်ပဲရှိတာပေါ့''

''အဲဒါကြောင့် ပိုစိတ်ဝင်စားသွားတာ၊ မိဘတွေမတွေ့ဘူး၊ မွေးချင်းသားချင်းတွေမရှိဘူး။ နောက်အခေါက်တွေသွားရင်တော့ ဘာကြောင့်မရှိရတာလဲဆိုတဲ့ အကြောင်းရင်းကို သိရမှာပဲ''

''နောက်တစ်ခေါက်သွားဖို့တောင် စဉ်းစားပြီးနေပြီလား''

''မုန့်ဟင်းခါးရော အသုပ်ရောကောင်းလို့ပါ၊ မင်းလိုက်စားကြည့်ပါလား''

''တော်ပါ၊ ငါနဲ့ဆို ပိုပြီးဝေးသေးတယ်၊ မင်းလို တကူးတက မလာနိုင်ပါဘူး။ မင်းပဲသွားပါ''

''ငါလည်းသွားမှာပါ''

''မင်းတော့ စံပယ်ပန်းသည်၊ မုန့်ဟင်းခါးသည်နဲ့ ဖူးစာဆုံတော့မယ်''

''အဲဒါတော့ပြောလို့မရဘူး၊ မိန်းကလေးတစ်ယောက်အကြောင်းကို ငါပထမဆုံး စိတ်ဝင်စားမိတာဆိုတော့ အကြောင်းရေစက်ပါလို့လည်း ဖြစ်ချင်ဖြစ်နိုင်တယ်၊ ပြီးတော့ ဖေဖေက ငါ့ရဲ့အိမ်ထောင်ဘက်ကို ရိုးသားဖို့ ကိုယ်ကျင့်သိက္ခာကောင်းဖို့ပဲလိုတယ်ဆိုတော့ သူ့မှာ အဲဒီအရည်အချင်းတွေနဲ့ ပြည့်စုံတယ်လို့ ထင်မိတယ်''

''ငါကတော့ မင်းကိုနမြောတယ်''



''ဟင်''

မင်းဦးစကားကြောင့် သူကြောင်တောင်တောင်ဖြစ်သွားသည်၊ မင်းဦးက ဖိုင်တွေကို အံဆွဲထဲထည့်ကာ သော့ပိတ်ပြီးမှ. . .

''မင်းပညာ မင်းအရည်အချင်း မင်းအဆင့်အတန်းနဲ့ အဲဒီကောင်မလေးနဲ့မတန်ဘူး မိုးမြင့်၊ ငါမင်းဘက်ကနာလို့ အမှန်အတိုင်းပြောတာ၊ ပြောတာမကြိုက်လို့ မင်းငါ့ကိုထိုးချင်လည်းထိုး၊ အလုပ်ဖြုတ်ချင်လည်းဖြုတ်''

''ဟား. . . ဟား မင်းဦးရာ၊ ငါသူ့ကိုကြိုက်တောင် မကြိုက်ရသေးပါဘူး၊ ရင်းနှီးကျွမ်းဝင်မှုလည်းမရှိသေးဘူး''

''အခု ဇာတ်လမ်းဆင်နေတာမဟုတ်လား၊ အလွန်အကျွံမဖြစ်ခင် နောက်ဆုတ်လိုက်ပါလားကွာ၊ မဖြစ်နိုင်ဘူး၊ အဲ. . . မဖြစ်နိုင်ဘူးဆိုတာထက် ဖြစ်ကိုမဖြစ်သင့်တာ''

''အဲလောက် စိုးရိမ်မနေပါနဲ့ မင်းဦးရာ၊ မင်းထင်နေသလို ကိစ္စတွေဖြစ်ချင်မှ ဖြစ်လာမှာပါ၊ အခုချိန်မှာ ဘာမှမပြောပါနဲ့ဦး၊ မင်းပြောတော့ ငါတောင်ဘယ်လိုနေရမှန်း မသိတော့ဘူး''

''အေးပါကွာ၊ ငါလည်း မင်းအတွက်စိုးရိမ်လို့ပါ၊ မင်းက ငါ့ကို မပြည့်စုံချို့တဲ့နေတဲ့ကောင်၊ အသိုက်အဝန်းကျဉ်းတဲ့ကောင်မဟုတ်ဘူး အရာရာပြည့်စုံပြီး အရည်အချင်းရှိတယ်၊ ကိုယ်နဲ့ထိုက်တန်တဲ့မိန်းကလေးကိုပဲ ရွေးချယ်ပါ၊ အတန်းအစား အရမ်းကွာလွန်းတာတော့''

''မင်းစေတနာကို ငါနားလည်ပါတယ်၊ ဒါပေမဲ့ မင်းစိုးရိမ်ရလောက်တဲ့ အဆင့်တော့မရောက်သေးပါဘူး၊ တစ်ခုတော့ရှိတယ်၊ လူတစ်ဦးနဲ့တစ်ဦး ဆုံစည်းမှုဟာ တမင်ဖန်တီးယူထားကြတာမဟုတ်ဘူး အမှတ်တမဲ့ကနေ အမှတ်တရတွေဖြစ်သွားကြတာချည်းပဲ၊ သူ့ရဲ့ရိုးသားဖြူစင်မှုတွေ ရှန်းကန်မှုတွေက ငါ့အတွက် မှတ်မှတ်ထင်ထင်ရှိသွားတာ

www.burmeseclassic.com

တော့ အမှန်တွေချည်းပဲ၊ မာယာပရိယာယ်များတဲ့ရောင်စုံမိန်းကလေးတွေ ထက်စာရင် အရောင်မဲ့တဲ့ အရိုးရှင်းဆုံးမိန်းကလေးနဲ့တော့ ငါတွေ့ချင် တယ်''

သူပြောသည့်စကားတွေက မင်းဦးရဲ့စိုးရိမ်မှုတွေအတွက် ဖြေ သိမ့်ရာရောက်ပါ့မလားတော့မသိ။ သူကတော့ ရင်ထဲရှိရာအမှန်အတိုင်း ပြောလိုက်မိခြင်းဖြစ်သည်။

ရဂုံဆိုသော မိန်းကလေးရဲ့ရိုးသားဖြူစင်ခြင်းတွေက သူ့ရင်ကို တိုက်ရိုက်ထိမှန်နေတာ အမှန်ပဲမဟုတ်ပါလား။ ကိုယ်ကလည်း ဘဝကို ရိုးသားခြင်းတွေနှင့်ပဲ ဖြတ်သန်းချင်သည်။

အကြောင်းရေစက်တွေဟာ ဒီလောက်လေးပဲမဟုတ်သေးဘူးဆို လျှင်တော့ ‥။



## အခန်း (၁၀)

''ပြောပါဦး ရဂုံ၊ အဲဒီကိုယ်ပိုင်ကားနဲ့ သူဌေးပုံစံကောင်လေးက နင်နဲ့ဘယ်နေရာမှာ သိကျွမ်းလာခဲ့တာလဲ''

''ပန်းရောင်းရင်းနဲ့ပါ''

''ပန်းရောင်းရင်းနဲ့''

မြလေးရဂုံအလေးအနက်မဟုတ်သလို ပေါ့ပေါ့လေးဖြေလိုက် တာကို မမေခိုင်ဘဝင်ကျပုံမရပေ။ အနည်းငယ်နှာခေါင်းရှုံ့သွားလျက် သံယောင်လိုက်ရင်းမှ ‥‥

''အဲလိုကိုယ်ပိုင်ကားစီးနိုင်တဲ့လူတွေက ကားထဲမှာတန်ဖိုးကြီး ရနံ့လေးတွေနဲ့ ဖိမ်ခံတတ်ကြတာ၊ ဘယ်လိုများ ပန်းရောင်းရင်းဆုံရတာ လဲ ပြောပြစမ်းပါဦး''

''ဩော် ‥ မမခိုင်ရယ် ဒါတော့ရဂုံလည်း သိတာပေါ့၊ သူတို့လို လူတွေက ဘယ်လိုလုပ်ကားထဲမှာ ချိတ်ဖို့ပန်းဝယ်ချင်ကြမှာလဲ''

''အင်း ‥‥ ပြောပါဦး''

''ဒီလိုပဲ ပန်းရောင်းမကောင်းတော့၊ သူတို့မှန်တံခါးလေးတွေ ထုပြီး ဝယ်ပါဦးလို့ အသနားခံရတာပေါ့''

''အဲဒါနဲ့ပဲ ဒီအထိ မှန်ဟင်းခါးလာစားတယ်ဆိုတာ မဟုတ်သေး

www.burmeseclassic.com



ပါဘူး''

''ရဂုံ လိပ်စာကတ်လေးတွေပေးခဲ့တာလေ၊ ရဂုံနဲ့ခင်မင်သိကျွမ်းတဲ့သူတွေရော၊ ပန်းဝယ်တဲ့သူတွေကိုရော ပန်းမရောင်းတော့ပါဘူး။ မုန့်ဟင်းခါးရောင်းမယ်ဆိုတာသိအောင် လိပ်စာကတ်ပေးခဲ့တာပါ၊ ဒါမှလည်း ရဂုံ့ဆိုင်မှာ ဖောက်သည်များမှာပေါ့၊ ရပ်ကွက်ထဲက လူတွေတင်ရောင်းလို့ အဆင်ပြေပါ့မလား''

''ဪ. . . အဲဒါကြောင့် ဆိုင်ကယ်တွေ၊ ကားတွေနဲ့ မမြင်ဖူးတဲ့သူတွေကို ငါတွေ့နေရတာကိုး၊ ရဂုံတို့ကတော့ ဉာဏ်ကြီးရှင်ပါပဲအေ''

မြလေးရဂုံအဖြေကြောင့် မမေခိုင်သဘောကျ ကျေနပ်သွားလေသည်။ သူမကို သနားကြင်နာသော မျက်လုံးများနှင့်ကြည့်နေပြီး

''အေးလေ. . . ရွှေဖူးလေးအတွက် ရဂုံဒီလိုရုန်းကန်မှပဲဖြစ်မှာပေါ့၊ အကြံတုံးဉာဏ်တုံးနဲ့ဖြစ်သလိုပဲနေမယ်ဆိုရင် ရွှေဖူးလေးလည်း ဖြစ်သလိုပဲ ဖြစ်သွားမှာ၊ ဒါပေမဲ့ မုန့်ဟင်းခါးရောင်းတာ ပန်းရောင်းတာထက်တောင် ရဂုံပင်ပန်းသေးတယ်၊ တစ်နေကုန်ဈေးဝယ်ရ၊ ဟင်းချက်ဖို့လုပ်ရနဲ့ မနက်ကျတော့လည်း အိပ်ရာစောစောထပြီး ချက်ရသေးတယ်''

''ဒါပေမဲ့ အမြတ်အစွန်းကျတော့လည်း ကွာတယ်လေ မမခိုင်၊ ပန်းရောင်းတာက နှစ်ထောင် သုံးထောင်မြတ်ဖို့ နေပူထဲမှာ ဟိုပြေးဒီပြေး လျှောက်နေရတာ၊ အခု မုန့်ရောင်းတာက ပင်ပန်းတယ်ဆိုပေမယ့် အရိပ်ထဲမှာလုပ်ရပြီး ငါးထောင် ခြောက်ထောင်မြတ်တယ်၊ ဒီ့ထက်ပိုရောင်းရရင် ဒီ့ထက်ပိုမြတ်ဦးမှာပဲ၊ ရွှေဖူးလေးရဲ့ရှေ့ရေးအတွက် မပူရတော့ဘူးပေါ့''

''အေး . . . တစ်လနဲ့တစ်လ စာရင်းချုပ်ပြီး ပိုတာကိုဘဏ်မှာအပ်မယ်ဆိုတော့ ရွှေဖူးအနာဂတ်အတွက် မျှော်လင့်ချက်ကောင်းသွားပါပြီ၊ မမခိုင်လည်း တတ်နိုင်သလောက် ကူညီပါ့မယ်၊ တစ်ကိုယ်ရေ တစ်ကာယသမားဆိုတော့ ဘယ်သူ့အတွက်မှလည်း နောက်ဆံတင်းစရာ



မရှိပါဘူး။ ညနေပိုင်းတစ်ချက်ပိုက်ဆံတောင်းထွက်ဖို့ အလုပ်ကလေးတစ်ခုပဲရှိတာ''

''မမခိုင်က အရမ်းကိုယ်ဖိရင်ဖိ ကူညီနေတော့လည်း ရဂုံအားနာမိပါတယ်၊ ရဂုံတို့မှာ တခြားဆွေမျိုးသားချင်း ကိုယ်ခွဲလက်ခွဲအားကိုးစရာမရှိတော့ အားလည်းကိုးမိပါတယ် မမခိုင်၊ ရဂုံတို့အတွက် မမခိုင်က အားကိုးထိုက်တဲ့ဆွေမျိုးသားချင်းညီအစ်မအရင်းလိုပါပဲ''

''အမယ်လေးအေ၊ အခု ကျုပ်က ရှင်တို့ကိုကူညီလုပ်ကိုင်ပေးနေရတာ ဘာတွေဆုံးရှုံးသွားလို့ အားနာနေရတာလဲ၊ ရှင့်အိမ်မှာ မနက်ရော၊ ညနေရော ထမင်းစားနေရတယ်၊ ထမင်းချက်စရာတောင်မလိုတော့ဘူး။ အိမ်မှာဆို ကျုပ်တစ်ယောက်တည်း ပျင်းနေတာ၊ ရပ်ကွက်ထဲရှင်တို့တူအရီးနှစ်ယောက်ပြောင်းလာတာ ကျုပ်ဆွေမျိုးသားချင်းရောက်လာသလိုပဲ၊ ကျုပ်ကတော့ ဘာတွေလုပ်ပေးရပေးရ ဝမ်းသာတယ်၊ ကျေနပ်တယ်၊ အခုမှ လူနဲ့တူတယ်လို့တောင် ထင်မိသေး''

မမေခိုင်စကားကြောင့် မြလေးရဂုံ ရယ်ပြုံးဖြစ်သွားသည်။ မမေခိုင်က တကယ်ကို ညီအစ်မအရင်းလိုကောင်းသည့်သူပါ။

အတိတ်ကိုပြန်သတိရကာ သူမ တစ်ချက်ငြိမ်သွားတော့. . .

''ဘာဖြစ်သွားတာလဲ ရဂုံ၊ မျက်နှာပျက်သွားသလိုပဲ၊ မမခိုင်စကားပြောတာ အမှားပါသွားလို့လား''

''မ. . . မဟုတ်ပါဘူး၊ အဖေ၊ အမေနဲ့ အစ်ကို့ကို သတိရသွားလို့ပါ၊ သူတို့တွေသာရှိရင် ရဂုံ ဒီအလုပ်တွေလုပ်ရမှာမဟုတ်ဘူး၊ စာတွေသင်ပြီး ပညာတတ်ကြီးဖြစ်နေမှာ၊ ရဂုံက အငယ်ဆုံးဆိုတော့ အရမ်းချစ်ကြတာလေ၊ လောကဓံရဲ့ အပြောင်းအလဲက အရမ်းကိုကြောက်စရာကောင်းပါတယ်''

''ဒီလိုပေါ့ ရဂုံရယ်၊ မမခိုင်လည်း မိဘတွေရှိတုန်းက တစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



တည်းသော သမီးလေးဆိုပြီး အရမ်းအလိုလိုက်ခံရ၊ အချစ်ခံခဲ့ရတာပေါ့၊ ဘဝမှာပျော်ပျော်နဲ့ တစ်သက်လုံး အဲဒီလိုပဲနေသွားရမယ်ထင်တာ၊ နောက်တော့လည်း အတိတ်ကံမကောင်းတော့ လောကဓံကိုကြုံသလို ဖြစ်သလို ရင်ဆိုင်လိုက်ရတာပါပဲ၊ ရဂုံကမှ ရွှေဖူးလေးနဲ့အဖော်ရသေးတယ်ပြော ရမယ်''

''ဟုတ်ပါတယ်၊ ရွှေဖူးအနာဂတ်အတွက် ကြိုးစားနေရတာ အဓိပ္ပာယ်ရှိတယ်လို့ထင်မိတယ်၊ ကိုယ့်အတွက်ကိုယ်ဆိုရင် လောကဓံကို ဖြစ်သလိုပဲ ရင်ဆိုင်ဖြစ်မှာ''

ရင်ထဲရှိသလို ပြောမိသည်ဆိုပေမယ့် ရင်ထဲမှာတော့ ပေါ့ပါး မသွားပေ။ ရှေ့မှာ သူမရင်ဆိုင်ရမှာတွေက အများကြီးကျန်သေးသည် မဟုတ်လား။

မမေခိုင်က ကြက်သွန်လှီးနေရင်းက. . .

''ဟိုကောင်လေးက နောက်နေ့ရောလာဦးမှာလား''

''ဘယ်ကောင်လေးလဲ''

''ဩော်. . . ကားနဲ့လာတဲ့ကောင်လေးပေါ့ဟယ်၊ ခပ်ချောချော ခပ်ဖြောင့်ဖြောင့်၊ သူဌေးမင်းရုပ်ပေါက်နေတဲ့ကောင်လေးကိုပြောတာ''

''အဟင်း . . . ရဂုံ့လက်ရာကိုကြိုက်ရင် လာချင်လာမှာပေါ့''

''လက်ရာကိုကြိုက်ရင်မပြောပါနဲ့အေ၊ ဒီထက်ကောင်းတဲ့ အစား အစာတွေကို သူတို့လိုလူမျိုးတွေအတွက် ဟိုတယ်ကြီးတွေ၊ စားသောက် ဆိုင်ကြီးတွေမှာ စားလို့ရတာပဲ၊ တကူးတက လာစားတယ်ဆိုကတည်းက အကြောင်းတော့ရှိရမယ်''

''ဘာအကြောင်းရှိရမှာလဲ၊ တချို့သူဌေးတွေက စားသောက် ဆိုင်ကြီးတွေ၊ ဟိုတယ်ကြီးတွေက အစားအသောက်ထက် ဒီလိုဟာမျိုး ကို မက်ကြတာ၊ သူတို့အတွက် ခံတွင်းတွေ့မယ်ဆိုရင် ဘယ်နေရာဖြစ်





ဖြစ် တကူးတကဆိုလည်း သွားဝယ်စားကြတာပဲ''

''ရဂုံ ရိုးရိုးလေးပဲ တွေးထားတယ်ထင်တယ်''

''ရိုးရိုးမတွေးလို့ ဘယ်လိုဆန်းဆန်းပြားပြားတွေးရမှာလဲ၊ ရဂုံ့ အတွက်တော့ ဈေးရောင်းရဖို့တစ်ခုပဲ စဉ်းစားတယ်၊ ကျန်တာတွေဘာမှ တွေးမထားဘူး''

''အေး. . . နင်မတွေးပေမယ့် ငါတော့တွေးမိတယ်''

''ရှင်''

မမေခိုင်ပြောလိုက်တာကို သူမ နားမလည်။ မမေခိုင်က ပြုံး ပြုံးကြီးနှင့် . . .

''ငါ့အတွက်တွေးတယ် ပြောတာမဟုတ်ပါဘူးတော်. . .၊ နင့် အတွက် တွေးမိတာပါ''

''ဘာကိုလဲ''

''အဲလိုသူဌေးသားနဲ့ ဖူးစာဖက်ဆုံရရင်ကောင်းမလားလို့လေ၊ ဒါမှ ရဂုံ့ဘဝလေး အေးအေးချမ်းချမ်းဖြစ်မှာ''

''အမယ်လေး မမခိုင်ရယ်၊ စိတ်ကူးမယဉ်ရဲပါဘူး၊ သူတို့လို သူဌေးတွေကို မျှော်တော်ဇောနဲ့မောရုံပဲရှိမှာပေါ့''

''ဖူးစာဆိုတာတော့ ပြောလို့ရမလား ရဂုံရယ်၊ အတိတ်ဘဝက အကြောင်းရေစက်ရှိရင် ဆုံရတာချည်းပဲ၊ သူ့အနေနဲ့ ဒီလိုဝေးဝေးလံလံ နေရာကို တကူးတကလာတယ်ဆိုတာ တော်ရုံစိတ်နဲ့ မဟုတ်ဘူး၊ ရိုးရိုး သားသား အားပေးချင်လို့လာတယ်ဆိုလည်း နောက်ထပ်မရိုးမသားတွေ ဖြစ်လာနိုင်တယ်လို့ မမခိုင်ထင်မိတယ်''

''အဲလိုဖြစ်ရင်ကောင်းတာပေါ့''

သူမ အေးခဲစွာ နှုတ်ခမ်းကိုမဲ့၍ ပြောလိုက်မိခြင်းဖြစ်သည်၊ မမေခိုင် နားမလည်သလို မျက်နှာနှင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"ရဂုံရော အဲလိုမျှော်လင့်ထားလို့လား"

မြလေးရဂုံ ချက်ချင်းပင် မျက်နှာအမူအရာပြောင်းသွားကာ

"ဟင့်အင်း ... ရဂုံ မမျှော်လင့်ရဲပါဘူး၊ စိတ်ကူးလည်း မယဉ်ရဲပါဘူး၊ ရွှေဖူးအတွက် ရဂုံအသက်ရှင်နေတာပါ၊ ကျန်တာတွေ ရဂုံ ဘာကိုမှ မျှော်လင့်မထားပါဘူး မမခိုင်"

"အေးပါကွယ်၊ ဘာမှမျှော်လင့်မထားတာလည်း စိတ်အပင်ပန်းသက်သာပါတယ်၊ မမခိုင်ကတော့ ရဂုံ့ကို သူဌေးတစ်ယောက်ယောက်နဲ့ ရပြီး ပျော်ပျော်ရွှင်ရွှင်ဖြစ်စေချင်တယ်၊ ရွှေဖူးလေးဘဝလည်း ကံကောင်းစေချင်လို့လေ၊ ဒါမှ ဒီဘဝက လွတ်မြောက်မှာမဟုတ်လား"

"အဲလိုဆန္ဒတွေရှိပေးတဲ့အတွက် မမခိုင်ကို ကျေးဇူးတင်ပါတယ်"

"ကဲ... ကျေးဇူးတင်ရင် ကျုပ်ကိုထမင်းကျွေးတော့တော်၊ ကျုပ်ထမင်းဆာပြီ၊ ပြီးရင် ပဲပြုတ်ရဦးမှာနဲ့ အလုပ်ကရှိသေးတယ်၊ ဘာဟင်းရော ချက်ထားတုန်း"

"အမဲရိုးနဲ့ မျှစ်နဲ့ အရည်ချိုလေးချက်ထားတယ်၊ ငရုပ်သီးဆားထောင်းနဲ့ မမခိုင် ကြိုက်တယ်မဟုတ်လား"

"ကြိုက်ပ့ါ ကြိုက်ပ့ါ၊ ရဂုံ ဘာချက်ချက် မမခိုင်ကတော့ အကုန်ကြိုက်တယ်...၊ ရဂုံက ဘာဟင်းချက်ချက် လက်ရာကိုကောင်းတာ၊ ယောကျ်ားရရင်တော့ ယောက္ခမချစ်မယ့် ချွေးမမျိုးပဲ"

မထင်ပါဘူး မမခိုင်ရယ်လို့ ရင်ထဲကပြောမိသည်။

သူမရင်ထဲမှာရှိနေတာတွေ မမခိုင်သိလို့မဖြစ်သေးပါ။ ဘယ်သူ့ကိုမှ အသိပေးလို့လည်း မဖြစ်သေး။ ရင်တွင်းဒဏ်ရာဆိုတာ အနာမချွေးတတ်တာမို့ သူမ ကြိတ်မှိတ်ခံစားရဦးမှာပါ။

တစ်နေ့နေ့ ဝေဒနာတွေ ဖွင့်ဟခွင့်ရပြီဆိုလျှင်တော့ ...။

✤✤✤

# အခန်း (၁၁)

"သား ကုမ္ပဏီပိတ်ရက် ဝတ်စားပြင်ဆင်လို့ပါလား၊ ဘယ်သွားမလို့လဲ သား"

"မင်းဦးအိမ်မှာ ကုသိုလ်လုပ်မယ်ဆိုလို့ပါ ဖေဖေ၊ ကြီးကြီးကျယ်ကျယ်မဟုတ်ပေမယ့် သွားမှကောင်းမယ်ထင်လို့ပါ"

သူ မလိမ်ညာစဖူး ဖေဖေ့ကိုလိမ်ညာတာ ဒုတိယအကြိမ်မြောက်ဖြစ်မည်ထင်သည်။ ဒါလည်း ဖေဖေအမှန်အတိုင်းမသိသေးသည့်ကိစ္စမို့ပါ။ ဖေဖေကတော့ ယုံကြည်နေဟန်ဖြင့် ...

"အေး... ဒါပေ့ါသား၊ မောင်မင်းဦးက သားအပေါ်အနွံတာခံကောင်းရှာပါတယ်၊ မပြည့်စုံချို့တဲ့တာလေးကလွဲရင် စိတ်ရင်းကောင်းတယ်၊ စိတ်သဘောထားပြည့်ဝတယ်၊ အလုပ်မှာလည်း ကြိုးစားမှုရှိတယ်၊ သားကိုလည်း သူငယ်ချင်းဆိုပြီး အခွင့်အရေးယူတာမရှိဘူး၊ ကျိုးနွံတယ်ဆိုတော့ သူ့အပေါ်လည်း သားကပြန်ကောင်းပေးရမယ်"

"ဟုတ်... ဟုတ်ကဲ့ပါ ဖေဖေ၊ ဖေဖေ အသိအမှတ်ပြုပေးတာသိရင် ဒီကောင်လည်း ဝမ်းသာမှာပါ၊ ဒီကောင်က ဖေဖေ့ကိုအရမ်းလေးစားတာ၊ သားက အကုန်ပြောပြထားတော့။ ဒီလိုအဖေမျိုးရှားတယ်တဲ့၊ ယောကျ်ားသားအများစုက အိမ်ထောင်ဖနီးမယားရှိတောင် မိန်းမကိုခွ

www.burmeseclassic.com



အရှုပ်အရှင်းကင်းကြတာမဟုတ်ဘူး၊ အသောက်အစား အပျော်အပါးဆို ပိုဆိုးသေးတယ်၊ မင်းအဖေမှာ အဲလိုအပြစ်အနာအဆာ၊ အရှုပ်အရှင်း ဘာမှမရှိတဲ့အတွက် အတုယူလေးစားသင့်တယ်လို့ အမြဲပြောနေတာ''

''သားကကွယ်။ မင်းက ဖအေကိုမြှောက်ပင့်ဂုဏ်ယူနေမှတော့ ပြောပြီပေါ့ကွာ၊ ဘာပဲပြောပြော ဖေဖေကတော့ သူများချီးကျူး ဂုဏ်ယူဖို့ ထက် ကိုယ့်ကိုယ်ကိုယ် ပြန်လေးစားနိုင်အောင် နေနေတာပါ၊ သားက အထင်သေးရှုတ်ချတဲ့ အဖေမျိုးဖြစ်မှာ အရမ်းကြောက်တယ်''

''ဖေဖေရယ်၊ ဖေဖေ ဘယ်လောက်ကောင်းတယ်ဆိုတာ သား သိပါတယ်၊ ဖေဖေက သားတစ်သက်လုံး လေးစားကြည်ညိုရတဲ့ ဖေဖေပဲ ဖြစ်မယ်ဆိုတာ သားယုံကြည်နေပါတယ်၊ အဲဒါကြောင့်လည်း သားဂုဏ်ယူ ဝံ့ကြွားလို့ရနေတာပေါ့၊ အဲဒီအတွက် သားတစ်သက်လုံး ကျေးဇူးပြန်ဆပ် သွားပါ့မယ် ဖေဖေ''

ဖေဖေ ကျေနပ်စွာပြုံးလိုက်သည့်အတွက် သူလည်း ပီတိဖြစ် စွာ ပြုံးလိုက်မိသည်။ ဖေဖေနှင့် ဒီလိုစကားတွေပြောခွင့်ရတာ ဂုဏ်ယူ စရာပါ။

တခြားမိသားစုတွေလို ပဋိပက္ခတွေနှင့် အတိုက်အခံတိုက်ပွဲဝင် နေရတာမျိုးမဟုတ်ဘူး မဟုတ်ပါလား။

''သားသွားလိုက်ဦးမယ် ဖေဖေ''

''အေး. . . သားကားကို ဖြည်းဖြည်းမောင်း''

ဖေဖေက ထိုသို့မေတ္တာများဖြင့် မှာတတ်မြဲပါ။ ဒါကြောင့်ပင် ဖေဖေ့ကို သူပိုချစ်ခဲ့ရတာ။ သူကတော့ မုဒိတာဝါဒများဖြင့် မင်းဦးဆီကို မဟုတ်ဘဲ ရဂုံရဲ့မုန့်ဟင်းခါးဆိုင်လေးကို လာခဲ့သည်။

ရုံးပိတ်ရက်မို့ ကားလမ်းက ဒီလောက်မကျပ်သော်လည်း သူ ထွက်လာတာ နောက်ကျနေပြီဖြစ်သည်။



''အန်တီလေးရေ၊ ရွှေဖူး ပန်းကန်တွေဆေးပြီးပြီနော်''

သူရောက်လာစဉ်မှာ ရဂုံ့တူမလေးက ပန်းကန်တွေဆေးနေရာ က လှမ်းအော်သည်။ ဒီလောက်အရွယ်လေးနှင့် ဒီလိုသိတတ်တာတော့ ချစ်စရာပင်။

''သြော်. . . ရှင်ရောက်လာပြီလား၊ ဒီနေ့နောက်ကျတယ်နော်''

''ပိတ်ရက်ဆိုတော့ နောက်ကျမှ အိမ်ကထွက်လာလို့ပါ၊ မုန့် ဟင်းခါးရော ကျန်သေးရဲ့လား၊ ကျွန်တော်လမ်းက ဘာမှစားမလာခဲ့ ဘူး''

''နည်းနည်းပဲကျန်တော့တယ်၊ အချိန်မီပါသေးတယ်''

''အသုပ်ရောနော်၊ အသုပ်တစ်ပွဲ မုန့်ဟင်းခါးတစ်ပွဲ''

''အဟင်း ဟုတ်ပါပြီ၊ ခဏလေးစောင့်နော်၊ လူရှင်းသွားပြီဆို တော့ မြန်ပါတယ်''

''ဟုတ်ကဲ့''

လူရှင်းသွားပြီဖြစ်သည့်အတွက် မမေခိုင်ကို ဈေးပြေးခိုင်းလိုက်ပြီး ရွှေဖူးလေးက ပန်းကန်တွေကူဆေးနေသည်။ ကျောင်းပိတ်ရက်မှာ ပြောထားသည့်အတိုင်း ရွှေဖူးလေးက ပန်းကန်တွေကူဆေးပေးရှာ သည်။

''ရွှေဖူးလေး ပြီးရင် ရေသွားချိုးတော့နော်၊ အန်တီခိုင်လာရင် ဟင်းလေးချက်ပြီး ထမင်းစားရအောင်''

''ဟုတ်ကဲ့ အန်တီလေး''

ရွှေဖူးလေးက ပန်းကန်တွေဆေးပြီးသည်နှင့် အိမ်ဘက်ကိုပြေး ဝင်သွားသည်။ ရဂုံက ထိုလူအတွက် မုန့်ပန်းကန်တွေလာချပေးပြီး

''မြည်းကြည့်ပါဦးနော်၊ လိုအပ်တာရှိရင်ပြောပါ''

''ရဂုံ့ လက်ရာကကောင်းပြီးသားပါ၊ မြည်းစရာမလိုတော့ပါဘူး''

www.burmeseclassic.com

www.burmeseclassic.com



သူမနာမည်ကိုသိသွားသည့်အတွက် သူမသိပ်တော့ မအံ့ဩတော့ပေ။ မမခိုင်ခေါ်တာကြားနေမှာပဲ။

"ရှင့်နာမည် ကျွန်မ မသိရသေးဘူးနော်၊ ဟို. . သိချင်လို့တော့ မဟုတ်ပါဘူးနော်၊ နာမည်ခေါ်ပြီး ပြောရတာကောင်းမယ်ထင်လို့ပါ"

"ဪ. . ဟုတ်တာပေါ့။ ကျွန်တော့်နာမည် မိုးမြင့်ဝင့်ထည်ပါ၊ ကျွန်တော့်အဖေက ဦးဂုဏ်ဝင့်ထည်၊ ရဂုံ အဆင်ပြေသလိုခေါ်ပါ"

"ဟုတ်ကဲ့၊ ကျွန်မနာမည်အပြည့်အစုံကတော့ မြလေးရဂုံပါ၊ ရဂုံလို့ပဲခေါ်တာများတယ်"

"ဟုတ်ကဲ့၊ ခုနက ရဂုံ့တူမလေးထင်တယ်"

"ဟုတ်ကဲ့"

"သူက အဖေ အမေနဲ့မနေဘဲ ရဂုံနဲ့နေတာလား။ ဒီမှာကလေးရဲ့မိဘတွေ မတွေ့မိသလိုဖြစ်လို့ မေးတာပါ"

စပ်စုသည်ထင်မှာစိုး၍ ထိန်းကာမေးရသည်။ ရဂုံက တခြားစားသုံးမည့်သူတွေလည်းမရှိတာကြောင့် သူထိုင်နေသည့် စားပွဲဝိုင်းကခုံမှာပင် ဝင်ထိုင်ကာ

"ရွှေဖူးလေးရဲ့အဖေက ကျွန်မအစ်ကိုပါ၊ သူ့မှာမိဘနှစ်ပါးလုံး မရှိကြတော့ဘူးလေ"

"ဗျာ. . ဒီလောက်အရွယ်ငယ်ငယ်လေးနဲ့ မိဘတွေမရှိကြတော့ဘူးတဲ့လား။ သနားစရာကောင်းလိုက်တာ"

"အဲဒါကြောင့် သူ့ဘဝလေးကိုတာဝန်ယူနိုင်ဖို့အတွက် ကျွန်မကြိုးစားရုန်းကန်ပြီး ငွေရှာနေရတာပေါ့။ သူ့ခင်မျာ ကျွန်မကိုပဲအားကိုးနေရရှာတာလေ"

"ဪ"

ရဂုံ့ဘဝလေးက ပို၍စိတ်ဝင်စားစရာ၊ သနားစရာကောင်းသွား



ခဲ့သည်။

"ရဂုံ့မှာလည်း မိဘတွေမရှိတော့ဘူးပေါ့"

"ဟုတ်ကဲ့၊ တူမလေးနဲ့ နှစ်ယောက်တစ်ဘဝပါ"

"ဟိုအစ်မတစ်ယောက်ကရော"

"သူကလည်း တစ်ယောက်တည်းသမား။ ရဂုံ့တို့ကိုသနားလို့ လာပြီး ကူညီနေတာ"

"ဪ"

"ခင်ရာဆွေမျိုး မိန်ရာပာင်းကောင်းပေါ့လေ၊ ရဂုံတို့မှာ သူစိမ်းကိုပဲ ဆွေမျိုးလုပ်နေရတာ၊ မိဘဆွေမျိုးသားချင်းအရင်းတွေမှမရှိတော့ဘဲ၊ တူမလေးကိုစောင့်ရှောက်ရင်းနဲ့ ဒီလိုပဲနေရတော့မှာ"

"ဪ. . ရဂုံရယ်"

သူတကယ်ကို စိတ်မကောင်းဖြစ်သွားရလေသည်။ ရဂုံ့ကို ဒီလောက်ထိ အခြေအနေမဲ့မည်ဟု ထင်မထားခဲ့ပါ။ ရဂုံရော၊ ရွှေဖူးရော ကံမကောင်းကြပါလား"

"ရွှေဖူးမိဘတွေက ဘာလို့ငယ်ငယ်ရွယ်ရွယ်နဲ့ သေသွားကြတာလဲ၊ စပ်စုတယ်လို့ မထင်ဘူးဆိုရင်. . "

"ရွှေဖူးလေးကို မွေးမွေးချင်း အမေကဆုံးသွားတာ၊ ရဂုံ့အစ်ကိုကတော့ အဲဒီစိတ်နဲ့ အရက်သောက် ဆေးချရင်း တစ်နှစ်လောက်အကြာမှာ ဆုံးသွားတာ"

"ဪ"

"ရဂုံ့မိဘတွေကတော့ . . ."

မပြောသေးဘဲ ရဂုံ ခပ်ငေးငေးတွေးကာနေ၏။ ပြီးမှသက်ပြင်းရှည်ကြီးနှင့်အတူ . . .

"ရဂုံ့ကို ဒီဒုက္ခတွေပေးပြီး ထွက်သွားကြတာလေ၊ တရားခံ

www.burmeseclassic.com

www.burmeseclassic.com



ကတော့ . . .''

မပြောသေးဘဲ အံကြိတ်သလိုမြင်လိုက်ရ၏။ ဘာကြောင့်ရယ် မသိတာကြောင့် သူမကိုပဲငေးနေလိုက်သည်။

''တရားခံကတော့ သေမင်းပဲပေါ့၊ ဒုက္ခတွေကို ကျွန်မတစ်ယောက်တည်းခံရအောင်လို့ အားလုံးကို သေမင်းကခေါ်သွားတာလေ''

''စိတ်မကောင်းပါဘူး ရဂုံ၊ ကျွန်တော်က ရဂုံ့ဘဝကို အဲ့လောက်ဆိုးလိမ့်မယ်လို့တောင် ထင်မထားဘူး။ ရွှေဖူးလေးကိုလည်း သနားမိတယ်၊ ဟို. . ကျွန်တော်''

''ဘဝဆိုတာ ဒီလိုပါပဲ၊ ဘယ်သူမှအနာအဲဆာကင်းတဲ့သူဆိုတာ မရှိပါဘူး၊ လောကဓံကို ကြံ့ကြံ့ခံနိုင်ဖို့ပဲ အရေးကြီးတာပါ၊ ရွှေဖူးလေးတောင် ဒီအရွယ်ရောက်လာပြီဆိုတော့ ခံနိုင်ရည်လည်းရှိလာပါပြီ၊ အခုလို စိတ်မကောင်းဖြစ်ပေးတဲ့အတွက် ကျေးဇူးပါပဲ. . ဟို. .''

''မြလေးရဂုံ''

''ဟုတ်ကဲ့ . . . ကိုထည်''

သူမခေါ်သည့်အသံလေးက တစ်မျိုးလေးမို့ သူစိတ်ထဲပြုံးမိသွားရသည်။ ကိုထည်တဲ့. . .။

အထူးအဆန်းပါပဲ။ မင်းက ငါ့အတွက်အထူးအဆန်းပါပဲ ရဂုံ။

✤✤✤



## အခန်း (၁၂)

မနက်မိုးလင်းတာနှင့် မြလေးရဂုံရဲ့ မုန့်ဟင်းခါးဆိုင်လေးကိုသွားဖို့ ဝီရိယတွေ ကောင်းနေခဲ့သည်။ ညဘက်ဆိုလည်း ရဂုံတို့အကြောင်းတွေးနေတာနှင့် တော်တော်နှင့်အိပ်မပျော်ပါ။

ဘာကြောင့် ဒီလိုအညတရမိန်းကလေးတစ်ယောက်အကြောင်းကို တွေးနေမိသည်မသိပေ။ သူမရဲ့ရိုးသားဖြူစင်မှုလေးတွေကြောင့်လား၊ ရုန်းကန်မှုကြောင့် ပင်ပန်းနေသော်လည်း မျက်နှာချိုချိုလေးက တစ်ခါမှ အပြုံးပျက်သည်ဆိုတာ မမြင်ရ။

သူမဘဝလေးကို အရောင်တင်ပေးခွင့်သာရလျှင် မပြောင်းလဲမှုအပေါ်မှာ သူမဘယ်လောက်တောင်ပျော်ရွှင်သွားမလဲ။

''သား. . ဒေါက် ဒေါက်''

''ဟာ. . ဖေဖေ''

တံခါးခေါက်သံကြောင့် သူခပ်မြန်မြန်လေး တံခါးသွားဖွင့်လိုက်ရသည်။ ဖေဖေက အခန်းထဲကိုဝင်လာလျက်

''သားက ကုမ္ပဏီသွားဖို့ အဆင်သင့်ဖြစ်နေပြီလား၊ ဖေဖေက သားနဲ့ ဘရိတ်ဖတ်စ် အတူမစားရတာကြာလို့ လမ်းလျှောက်ကနေတောင် စောစောပြန်လာခဲ့တာ''

www.burmeseclassic.com



"ဟုတ်လား၊ ဟိုလေ. . . သားက"

"ကားလမ်းပိတ်မှာစိုးလို့ အိမ်ကနေ သားစောပြီးထွက်ချင်တာ ဖေဖေသိပါတယ်၊ ဖေဖေ အိမ်ကထွက်တဲ့အချိန်မှာတောင် လမ်းကရှင်းသေးတာမဟုတ်ဘူး၊ ဒါပေမဲ့ ဖေဖေတို့ ဘရိတ်ဖတ်စ်ချိန်မှာ မဆုံတာကြာလို့လေ"

"ဟုတ်. . . ဟုတ်ကဲ့၊ သားဒီနေ့ ဖေဖေနဲ့အတူစားပြီးမှ သွားလိုက်ပါ့မယ် ဖေဖေ"

"အေးပါ သားရယ်၊ ဒီသားအဖနှစ်ယောက်တည်းရှိတာကြောင့်ပါ"

"လာ ဖေဖေ၊ သွားဆွဲရအောင်"

ဖေဖေ စိတ်ကျေနပ်အောင် ဖေဖေ့ခါးကိုဖက်၍ခေါ်လာခဲ့သည်။ ဒေါ်သောင်းက သူ့အကြိုက်နန်းကြီးသုပ်ရော၊ မုန့်ဟင်းခါးပါ ဝယ်ပေးထား၏။ သူ့မျက်ဝန်းထဲမှာတော့ ရဂုံရဲ့ မုန့်ဟင်းခါးဆိုင်လေးကိုသာ မြင်ယောင်နေသည်။

"မနက်ပိုင်း လူလေးမျက်နှာတောင်မမြင်ရတာကြာနေပြီ၊ အဲဒါ လူလေးအဖေက လူလေးကိုသွားခေါ်မယ်ဆိုလို့ ဒေါ်ကြီးသောင်းဝယ်ထားတာ လူလေးအကြိုက်ပဲ စားစမ်းပါဦး"

"ဟုတ်ကဲ့. . . ဒေါ်ကြီးသောင်း"

"ဒေါ်ကြီးသောင်း နှပ်ထားတဲ့ကော်ဖီလက်ရာကိုလည်း မေ့နေပြီမဟုတ်လား"

"မမေ့ပါဘူး ဒေါ်ကြီးသောင်းရဲ့၊ အခုသောက်လည်း အရသာရှိနေဦးမှာပဲ၊ ဘယ်ချိန်တုန်းက ဒေါ်ကြီးသောင်းလက်ရာပျက်ဖူးလို့လဲ"

"ဟုတ်ပါပြီတော်၊ မမေ့သေးလည်း ပြီးရောပါ"

ဒေါ်ကြီးသောင်း ကျေနပ်လောက်အောင်လည်း သူပြောရသည်။



ဒါပေမဲ့ မုန့်ဟင်းခါးကိုရော ကော်ဖီကိုရော သူခံတွင်းမတွေ့တော့ပါ၊ ရဂုံလက်ရာလေးကိုပဲ သတိရနေသည်။

"သား စားလို့မကောင်းဘူးလားကွ၊ သားအရင်ကစားနေကျဆိုင်ကပဲ ဝယ်ခိုင်းထားတာ"

"ဟုတ်လား၊ လက်ရာပြောင်းသွားလို့လား မသိဘူး၊ တစ်မျိုးပဲ"

"မပြောင်းပါဘူးရှင်၊ ဒီလူဒီလူပါပဲ၊ သူတို့က ဒေါ်ကြီးသောင်းလာရင် ဘာတွေဘယ်လိုထည့်ရမယ်ဆိုတာ မှတ်မိနေတာ"

"ဟုတ်လား. . . ဟို. . . ကျွန်တော်စားနေတဲ့ဆိုင်က လက်ရာပိုကောင်းနေလို့လား မသိဘူး"

"သားက ဘယ်ဆိုင်ကစားနေလို့လဲ၊ ဒေါ်သောင်းကို အဲဒီဆိုင်ပြောင်းဝယ်ခိုင်းလိုက်လေ"

"ဒေါ်ကြီးသောင်း သွားရတာနီးမှာမဟုတ်ဘူး"

"ဟင်. . . သားစားတဲ့ဆိုင်က ဘယ်မှာမို့လို့လဲ၊ အိမ်က ကားနဲ့သွားတာပဲ၊ မနီးလည်း သားကြိုက်တယ်ဆိုရင် ဝယ်ခိုင်းလိုက်ပေ့ါ"

"ရပါတယ် ဖေဖေ၊ သားအိမ်ကစောထွက်ပြီး ဆိုင်မှာစားရတာ အဆင်ပြေပါတယ်"

"ဪ. . . သား အဆင်ပြေတယ်ဆိုရင်လည်း ပြီးရောလေ၊ ဒါပေမဲ့ အိမ်မှာဖေဖေနဲ့အတူ မစားဖြစ်တာတော့ စိတ်မကောင်းဘူး"

ဖေဖေ ဒီလိုပြောတော့ သူလည်းစိတ်မကောင်းပေ။ အရင်ကဆို ဖေဖေနှင့် ဘရိတ်ဖတ်စ်ပိုင်းမှာလုပ်ငန်းကိစ္စ၊ လူမှုရေးကိစ္စတွေ ဖောင်ဖွဲ့အောင်ပြောနေကျပါ။

အပြောင်အနောက်စကားလေးတွေပြောရင်း ပိုပြီးရင်းနှီးသည်ဟုလည်း ထင်မိသည်။ အခုဆို ဖေဖေလမ်းလျှောက်က ပြန်မလာခင်မှာ သူ အိမ်ကနေစောထွက်ဖြစ်တာပဲများနေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ. . . ဖေဖေ၊ ဒီနေ့ နိုင်ငံခြားက ကုန်ပစ္စည်းသစ်တင်ဖို့ ကိစ္စဆွေးနွေးဖို့အတွက် မီတင်ရှိတယ်နော်၊ ဖေဖေလာမှဖြစ်မှာ"

"သားကို အကုန်လွှဲထားတာပဲ၊ နောက်ပိုင်းကိစ္စတွေ ဖေဖေ မပါလည်းဖြစ်အောင် စီမံပါသား၊ ဖေဖေက သားကိုပဲအားကိုးတော့မှာ၊ သားအရည်အချင်းကို ဖေဖေယုံကြည်တယ်"

"ဖေဖေက အသက်မကြီးသေးပါဘူး၊ အနားယူလိုက်ရင် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုမဲ့ပြီး ရောဂါဝင်လာပါဦးမယ်"

"ဖေဖေက သေတဲ့အထိ စိတ်ရော လူရော အနားမယူဘူးသား၊ သားပြောသလိုပဲ၊ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုမဲ့ပြီး ရောဂါဝင်မှာစိုးလို့လေ၊ ဖေဖေက သားကို ဒီကုမ္ပဏီအပ်ပြီး ပါတနာတွေနဲ့ တခြားလုပ်ငန်းစလုပ်ကြည့်မလို့ပါ၊ အစဆိုရင် ပြိုင်ဆိုင်မှုများလို့ ပိုတက်ကြွတယ်၊ စိတ်ချ ဖေဖေ့ကျန်းမာရေးက ရိုက်သတ်လို့တောင်သေမှာမဟုတ်ဘူး"

"အဟင်း . . . ဖေဖေကိုက အမြဲတက်ကြွလန်းဆန်းနေတာပဲ၊ ပျို့တိုင်းကြိုက်တဲ့နှင်းဆီခိုင်လို မုဆိုးဖိုဖေဖေ့ကို မိန်းမတွေဝိုင်းနေတာတောင် ဖေဖေက မိန်းမတွေနဲ့ ကင်းကင်းရှင်းရှင်းနေတယ်"

"အဲဒါ သားမျက်နှာနဲ့ သားအမေမျက်နှာကြောင့်ပေါ့ကွာ၊ သာယာမှုက တစ်ခဏပဲခံစားလို့ကောင်းတာ၊ ဂုဏ်သိက္ခာက တစ်ဘဝလုံး အဖတ်ပြန်ဆယ်ဖို့လွယ်တာမဟုတ်ဘူး၊ သားအမေဘက်က အဘိုးအဘွားတွေ အပြောလွှတ်ဖို့ ဖေဖေ ဒီအတိုင်းပဲနေမှာပါ၊ ပတ်ဝန်းကျင်အလယ်မှာရော ဖေဖေ့ကြောင့် သားဘယ်တော့မှမျက်နှာမငယ်စေရဘူး"

ဖေဖေ့ရဲ့ မေတ္တာစကားကြောင့် သူဖေဖေ့ကိုပိုပြီး ကြည်ညိုလေးစားသွားရလေသည်။ ဖေဖေက သူ့ပခုံးလေးကိုလှမ်းပုတ်၍

"သားရော ရည်းစားလေးဘာလေးထားပြီး အိမ်ထောင်မပြုသေးဘူးလား၊ သားအရွယ်လွန်သွားဦးမယ်"

[redacted]



"အရွယ်တော့ မလွန်စေရပါဘူး ဖေဖေ"

"ဒါဆို ရည်းစားမရှိသေးလို့လား သား၊ ဖေဖေရှာပေးရမလား၊ ဖေဖေ့မိတ်ဆွေတွေထဲမှာ အမျိုးသမီးကောင်း မိန်းကလေးပီပီသသလေးတွေရှိပါတယ်၊ ရိုးသားတယ်၊ အေးဆေးတယ်၊ ကိုယ်ကျင့်တရားကောင်းတယ်"

"ဟို. . . ဖေဖေ"

"ဘာလဲ. . . ပြော သား"

"အဲဒီလိုမိန်းကလေးမျိုး သားရှာပါ့မယ်"

"ဘာပြောတယ် သား"

"ရိုးသားဖြူစင်တဲ့ မိန်းကလေးကိုပြောတာပါ၊ သူက ပညာတတ်ချင်မှတတ်မယ်၊ ငွေကြေးပစ္စည်းဥစ္စာပြည့်စုံချင်မှ ပြည့်စုံမယ်၊ အမိအဖဆွေမျိုးသားချင်းရှိချင်မှ ရှိမယ်၊ ဒါပေမဲ့ ရိုးသားဖြူစင်တယ်၊ ကိုယ်ကျင့်တရားကောင်းတယ်၊ ရှန်းကန်မှုတွေက ဂုဏ်သိက္ခာရှိတယ်"

"သားမှာ အဲဒီလိုမိန်းကလေးမျိုးရှိနေပြီလား"

"အဲဒါက ဟို"

စကားကြုံတုန်း သူ့ဘက်က တစ်ဖက်သတ်သွေးချာသလိုဖြစ်နေသည့်အတွက် သူဘာဆက်ပြောရမှန်းမသိပေ။ မြလေးရဂုံကိုချစ်စကားကြိုက်စကား အရိပ်အမြွက်လေးတောင် သူမပြောဖူးသေးပါ။

သူ့ဘက်က ကမ်းလှမ်းလျှင် သူမလက်ခံပါ့မလား။

"ပြောလေ သား၊ သားမှာ အဲလိုမိန်းကလေးမျိုးရှိနေပြီလား"

"ဟို. . . အဲဒါက ဒီလိုပါဖေဖေ၊ သားသဘောကျနေတာတော့ရှိပါတယ်၊ သူ့ရဲ့ရိုးသားဖြူစင်မှုလေးတွေက သားကိုသဘောကျစေတာပါ၊ သူ့မှာတူမလေးတစ်ယောက်ရှိတယ်၊ အမိအဖမွေးချင်းမောင်နှမ မရှိတဲ့ အဲဒီတူမလေးအတွက် ရိုးရိုးသားသားရုန်းကန်နေတာ၊ ပြောရရင် သူ့ဘဝ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



လေးက သနားစရာလေးပါ ဖေဖေ၊ သူ့ဘဝလေးကို အရောင်တင်ပေးခွင့်ရချင်တယ်၊ ရိုးသားမှုဆိုတာ ငွေနဲ့ဝယ်ယူတိုင်းရတတ်တဲ့အရာမဟုတ်ဘူး မဟုတ်လား"

"အဲဒါကို ဖေဖေလက်ခံပါတယ်၊ ဖေဖေလည်း သားအမေလောက်မပြည့်စုံတဲ့ ဘဝကလာတဲ့ကောင်ပဲ၊ ရိုးသားကြိုးစားမှုတွေနဲ့ပဲ ဘဝကိုရုန်းကန်လာခဲ့တာ၊ အဓိကက ဂုဏ်သိက္ခာဖြူစင်ပြီး ကိုယ်ကျင့်တရား ရိုးသားတဲ့မိန်းကလေးဖြစ်ဖို့တော့ အရေးကြီးတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သားအဘိုးအဘွား အသိုက်အဝန်းမှာ သားမျက်နှာငယ်ရလို့ မဖြစ်ဘူး"

"ဟုတ်ကဲ့ . . ဟုတ်ကဲ့ပါဖေဖေ၊ အဲလိုကိစ္စလုံးဝမဖြစ်စေရပါဘူး။ သူရိုးသားဖြူစင်တယ်၊ ဘဝကို ရိုးရိုးသားသား ရုန်းကန်နေတယ်ဆိုတာ သားလက်တွေ့မြင်တွေ့နေရတဲ့အတွက် သူ့ရဲ့ကိုယ်ကျင့်သိက္ခာတွေကို သားယုံကြည်တယ်၊ သားလေ့လာကြည့်သလောက် သူ့ဘဝလေးက အရမ်းကို သနားစရာကောင်းတာပါ"

သူ့ရဲ့ခပ်လောလောအပြောကို ဖေဖေကလှောင်သလို ပြုံးရယ်နေ၍ သူ့မျက်နှာနီကာရှက်သွားသည်။

"ဖေဖေက ဘာကိုရယ်တာလဲ"

"ကောင်မလေးကို ပရိုပို့စ်တောင် မလုပ်ရသေးဘူး မဟုတ်လားကွ"

"ဪ . . အင်း ဟုတ် . . ဟုတ်တယ်ဖေဖေ"

"ဒီလိုမိန်းကလေးကို သားကတစ်ဖက်သတ် အသည်းအသန်ဖြစ်နေတော့ အံ့သြစရာကောင်းတယ်၊ ကောင်မလေးက သားကိုဘာတွေနဲ့ သိမ်းသွင်းဖြားယောင်းလိုက်တာလဲ"

"ရိုးသားဖြူစင်မှုတွေနဲ့ပါ ဖေဖေ၊ ဒီဘက်ခေတ်မှာ မိန်းကလေး



တော်တော်များများ လောကဓံကို ပင်ပန်းဆင်းရဲခံပြီး မရုန်းကန်ကြတော့ပါဘူး၊ အဲဒီလိုမိန်းကလေးတွေထဲမှာ သူ့ရဲ့ရုန်းကန်မှုက ပိုပြီးပေါ်လွင်စေခဲ့တာပါ"

"သား ဟုတ်ထိသွားတယ်ဆိုပါတော့"

သူခေါင်းညိတ်ပြတော့ ဖေဖေက သူ့ပခုံးကိုပုတ်၍ ပြုံး၏။

"အေးလေ . . သားသဘောကျတယ်ဆိုရင် ပြီးတာပါပဲ၊ လူတစ်ယောက်အတွက် ဆင်းရဲခြင်းဟာအပြစ်မဟုတ်ဘူး၊ ကိုယ်ကျင့်တရားပျက်စီးတာကမှ အပြစ်ပဲ၊ သားပြောတဲ့ ခပ်လွယ်လွယ်မိန်းကလေးမျိုးတွေက အများသားလေ၊ ပြည့်စုံတဲ့အသိုက်အဝန်းမှာရော မပြည့်စုံတဲ့အသိုက်အဝန်းမှာရော၊ ကိုယ်ကျင့်သိက္ခာပျက်စီးနေတဲ့ မိန်းကလေးတွေ ဒီခေတ်ထဲမှာ တကယ်ကိုအများကြီးပဲ၊ ဒီအထဲမှာမှ သားကရိုးသားဖြူစင်တဲ့ မိန်းကလေးကိုရွေးချယ်နိုင်တယ်ဆိုတော့ ဖေဖေဂုဏ်ယူပါတယ်သား"

ဖေဖေ့စကားကြောင့် ရင့်ကိုချစ်ခွင့်ပန်ဖို့ သူပိုပြီးအားရှိသွားလေသည်။ ရင့်မျက်နှာလေးကို မြင်ယောင်ကာ သူရင်တွေကြိုပြီးခုန်နေခဲ့သည်။ သူ့လိုလူကို ရင့်ငြင်းပယ်မလား။ သူမဘဝလေးကို မြှင့်တင်စောင့်ရှောက်ခွင့်ရတော့မှာမို့ သူတကယ်ကိုပျော်နေမိတာပါ။

ဖေဖေ့လို နားလည်မှုရှိသောအဖေမျိုးကိုရတာ သူကံကောင်းတာပဲပေါ့။ ကျေးဇူးတင်ပါတယ် ဖေဖေ။

တစ်သက်လုံး ဖေဖေ့ကိုကြည်ညိုလေးစားသွားမှာပါ . . ။

✤✤✤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"ရှင်ဒီနေ့နောက်ကျတယ်နော်"

ရဂုံ့ ဆိုင်လေးကို သူရောက်သွားချိန်မှာ လူရှင်းကြဲပါးနေပြီဖြစ်သည်။ တစ်ယောက်စ နှစ်ယောက်စ စားသောက်ပြီး ပြန်သွားတော့ သူ့အတွက်မှ ကျန်ပါဦးမလားဆိုပြီး မုန့်ဟင်းရည်အိုးတွေကိုလှမ်းကြည့်မိ၏။

"အိမ်မှာ ဖေဖေနဲ့စကားပြောနေတာနဲ့ နောက်ကျသွားတာပါ၊ ကျွန်တော့်အတွက် ကျန်ရောကျန်သေးရဲ့လား"

"ရှင်ရောက်အောင်တော့လာမှာပဲလို့ ယုံကြည်ပြီး ချန်တော့ချန်ထားပါတယ်၊ အသုပ်တစ်ပွဲ မုန့်ဟင်းခါးတစ်ပွဲမဟုတ်လား"

"ဟုတ်ကဲ့ ရဂုံ"

"ခဏလေးနော်"

သူမ မုန့်ပွဲပြင်နေတာကို သူကြည့်ကောင်းကောင်းနှင့်ကြည့်နေလိုက်သည်။ နဖူးစပ်မှာ ချွေးလေးတွေစို့နေသော်လည်း သူမမျက်နှာမှာ အပြုံးပန်းလေးတွေကတော့ ညှိုးနွမ်းမသွားပေ။

"ဟင်းရည်နွေးထားတာပါ၊ သုံးဆောင်ပါဦး"

"အလုပ်အားရင် ခဏထိုင်ပါဦးလား ရဂုံ၊ စကားလေး ဘာလေး



ပြောကြတာပေါ့၊ ဟို. . . တူမလေးရော"

"ကျောင်းသွားပြီလေ၊ မမခိုင်လိုက်ပို့တယ်၊ မမခိုင်ပြန်ရောက်မှ ရဂုံ ဈေးသွားရမှာ"

"ဩော်"

ရဂုံဈေးသွားလျှင် သူလိုက်ပို့ခွင့်ရဖို့ ကြိုးစားရမည်။ ရဂုံက သူ့ရှေ့ကခုံမှာ ဝင်ထိုင်လိုက်တော့ သူခပ်ငေးငေးကြည့်ဖြစ်၏။

သူမနဖူးကချွေးစလေးတွေကို သူသုတ်ပေးခွင့်ရချင်လှပါသည်။

"ရဂုံ"

"ဟင်. . . ရှင်"

"ရဂုံ့မှာ ရည်းစားမရှိဘူးလား"

"ရှင်. . . မရှိပါဘူး၊ ဘာဖြစ်လို့လဲ"

"ဩော်. . . ရဂုံတစ်ယောက်တည်း ရုန်းကန်နေရတာ ပင်ပန်းလို့ အားကိုးရှာဖို့ပြောတာပါ"

"အားမကိုးရဘဲ ဒီ့ထက်ပိုဆိုးတော့ ဘယ်လိုလုပ်မလဲ၊ အခုခေတ် ယောကျ်ားတွေယူလိုက်ရင် ဒိုးတူပေါင်ဖက် လုပ်ကိုင်စားမှပဲဖြစ်လိမ့်မယ်၊ ဘယ်ယောကျ်ားမှ မိန်းမတစ်ယောက်ကို လက်ကြောတင်းတင်း လုပ်ကိုင်ကျွေးချင်တဲ့ ယောကျ်ားမရှိဘူး၊ တူမတစ်ယောက်ပါနေတဲ့အတွက် ဘယ်သူမှလည်း ရဂုံ့ကို စိတ်ဝင်စားကြမှာမဟုတ်ပါဘူး"

"ကျွန်တော်က စိတ်ဝင်စားတယ်ဆိုရင်ရော"

"ရှင်"

သူမထိတ်လန့်သွားပုံလေးက သူ့ကိုမယုံကြည်သည့်သဘောပင်။ ဒါမှမဟုတ် မဖြစ်နိုင်တာတွေလာပြောနေသည်လို့များ ထင်သွားသလား။

"ကျွန်တော် တကယ်ပြောတာပါရဂုံ၊ ရဂုံတို့တူအရီးနှစ်ယောက်ကို ကျွန်တော်စောင့်ရှောက်ခွင့်ရချင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"မ။ ။ မဖြစ်နိုင်တာ၊ ရှင့်အဖေက ဘယ်လိုလုပ်သဘောတူမှာလဲ၊ ရဂုံတို့က ဆင်းရဲတယ်၊ မပြည့်စုံဘူး။ ပညာနည်းတယ်၊ အသိုင်းအဝိုင်းလည်းမရှိဘူး"

"ဖေဖေ့ကို ကျွန်တော်ပြောပြပြီးပါပြီ"

"ရှင်"

သူပြောတာကို သူမအံ့သြပြီးရင်း အံ့သြနေသည်။ သူ့လိုလူက သူမလိုမိန်းကလေးကို အလေးအနက်ဒီလိုစကားတွေပြောလိမ့်မည်ဟု မထင်ဘူးနေမှာပေါ့။

"ကျွန်တော်ရဂုံကို တကယ်မြတ်နိုးလို့၊ ရဂုံ့ကိုဖွင့်မပြောသေးဘဲ ဖေဖေ့ဆီက ခွင့်ပြုချက်ယူခဲ့တာပါ။ ချစ်သူတွေဖြစ်ပြီးမှ ဖေဖေကသဘောမတူလို့ စိတ်ဆင်းရဲပင်ပန်းပြီး ခွဲခွာရတာမျိုးမဖြစ်ချင်လို့လေ"

"ဘာ။ ။ ဘာပြောလဲ ရှင့်အဖေက။ ။"

"မပြည့်စုံတာ ဆင်းရဲချို့တဲ့တာ အသိုက်အဝန်းမရှိတာက အရေးမကြီးဘူး။ ကိုယ်ကျင့်တရားကောင်းဖို့နဲ့ ဂုဏ်သိက္ခာရှိတဲ့မိန်းကလေးဖြစ်ဖို့က အဓိကပဲတဲ့"

"ရှင့်အဖေက အဲလိုပြောတာလား"

"ဟုတ်တယ်။ ။ ကျွန်တော့်အဖေက အရမ်းဂုဏ်သိက္ခာကို တန်ဖိုးထားတဲ့လူ၊ မေမေဆုံးပြီးတာ ဆယ်နှစ်ကျော်ပြီ၊ နောက်အိမ်ထောင်လည်း မပြုဘူး၊ မိန်းမကိစ္စအရှုပ်အရှင်းလည်း မရှိဘူး။ ဂုဏ်သိက္ခာရှိရှိနဲ့ ကျွန်တော့်ကိုပဲ စောင့်ရှောက်ခဲ့တာ၊ မေမေ့အသိုက်အဝန်းက ကြီးတယ်လေ၊ သူတို့ဘက်က အပြစ်ပြောလွှတ်အောင်နေရတာပေါ့၊ ဖေဖေကိုယ်တိုင်ကလည်း သူ့ဂုဏ်သိက္ခာကို စောင့်ထိန်းချင်တာပါပါတယ်၊ အပျော်ဆိုတာ တစ်ခဏပဲခံစားလို့ကောင်းတာတဲ့"

"သြော်။ ။ အဲဒီလိုပြောတာလား"



သူမ မေးခွန်းက အဲကြိတ်သံပါသွားခဲ့တာ မိုးမြင့်ဝင့်ထည်သတိထားမိလိုက်မှာ မဟုတ်ပေ။ သူမက နှုတ်ခမ်းကအပြုံးလေးတွေလွင့်ပါးမသွားအောင်ထိန်းချုပ်လျက်။ ။

"ရှင့်အဖေက အရမ်းဂုဏ်သိက္ခာကို တန်ဖိုးထားတဲ့သူပေါ့၊ အဲဒီလိုလူမျိုးရဲ့သားဖြစ်ရတာ ရှင်ကံကောင်းတာပဲ"

"ဒါပေါ့ရဂုံ၊ ဖေဖေ့ကို ကျွန်တော်အရမ်းကြည်ညိုလေးစားတယ်၊ ဖခင်ကောင်းတစ်ယောက်ဖြစ်ပေးတာထက် ကိုယ်ကျင့်တရားကောင်းပြီး ဂုဏ်သိက္ခာကြီးမားတဲ့အဖေဖြစ်ပေးလို့ပါ၊ အဘက်ဘက် အရာရာပြည့်စုံကောင်းမွန်တဲ့လူဆိုတာ ရှားတယ်မဟုတ်လား။ ကျွန်တော့်အဖေကတော့ ကျွန်တော့်အတွက် တကယ်တန်ဖိုးရှိတဲ့သူပါ"

"အဲဒီလိုလူမျိုးကို ယောက္ခမတော်ရမယ်ဆိုရင် ကျွန်မလည်း ကံကောင်းတာပေါ့နော်"

"ဗျာ။ ။ ရဲ။ ။ ရဂုံ၊ ကျွန်တော့်ကိုလက်ခံတာလား"

"ဟင်။ ။ အဲလိုပြောမိလို့လား၊ မပြောမိသေးပါဘူး"

သူမ ပျာပျာသလဲငြင်းလိုက်တော့ သူစိတ်ထိခိုက်သွားရသည်။ လက်ထဲမှာကိုင်ထားဆဲ ဖွန်းလေးကို ပန်းကန်ပေါ်ချလျက်

"ဘာဖြစ်လို့လဲ ရဂုံ၊ ကျွန်တော့်ကိုလက်မခံနိုင်ဘူးလား"

"ရှင့်လို အရာရာပြည့်စုံတဲ့သူကို ရဂုံငြင်းလိုက်ရင်တော့ ရဂုံ့လောက်မိုက်မဲတဲ့သူရှိမယ်မထင်ဘူး၊ ဒါပေမဲ့ အလွယ်တကူလည်း လက်မခံချင်ဘူး ကိုထည်"

"ဘာ။ ။ ဘာဖြစ်လို့လဲ ရဂုံ၊ ကျွန်တော့်မှာ ဘာလိုအပ်ချက်တွေ"

"ဟင့်အင်း မရှိပါဘူး၊ ရှင်က အရာရာပြည့်စုံတဲ့သူပါ၊ အဲဒါကြောင့်ပဲ ရဂုံစဉ်းစားရမှာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"မပြည့်စုံတဲ့သူဆိုတာ အရာရာအားငယ်ရတယ်၊ သိမ်ငယ်ရတယ်၊ ရှင့်အဖေက ပစ္စည်းဥစ္စာမက်လို့ လက်ခံတယ်ထင်သွားရင် ဘယ်လိုလုပ်မလဲ"

"ဟာ…ဖေဖေက အဲလိုမထင်ပါဘူး၊ ရဂုံ့ရဲ့ ရိုးသားဖြူစင်မှုတွေကို ကျွန်တော့်ဖေဖေကို ပြောပြထားပါတယ်၊ အဲဒါကြောင့်ပဲ ဖေဖေက လက်ခံပေးတာ၊ သားသဘောကျတယ်ဆိုရင် ပြီးရောတဲ့"

"ရှင်ကရော ရဂုံ့ရဲ့ နိမ့်ပါးမှုကြောင့် ရဂုံလက်ခံမှာပဲလို့ အပိုင်တွက်ထားတာလား"

"ဗျာ…အဲဒီလိုမဟုတ်ပါဘူး ကျွန်တော်ရဂုံ့ကို အထင်သေးပြီး အဲဒီစိတ်မျိုးနဲ့ ဖွင့်ပြောတာမဟုတ်ပါဘူး တကယ့်ကို ရဂုံတို့ဘဝလေးကို သနားကရုဏာဖြစ်ပြီး စောင့်ရှောက်ပေးချင်တာပါ၊ ကျွန်တော်တို့အတွက်က ရိုးသားဖြောင့်မတ်ကိုယ်ကျင့်သိက္ခာကောင်းတဲ့ လူပဲလိုအပ်တာလေ၊ ကျန်တာတွေကရှိပြီးသား ပြည့်စုံပြီးသားပဲ မဟုတ်လား"

မိုးမြင့်ဝင့်ထည် မမြင်အောင် သူမနှုတ်ခမ်းလေးလှုပ်ရှံ့မဲ့ပြုံးပြုံးလိုက်သည်။ ရင်ထဲက ဒဏ်ရာတွေက အနာဆွေးတစ်ခုလိုရှင်သန်နေဆဲပါ။

"ရှင့်အဖေရဂုံတို့ကို လက်ခံမှာသေချာသလား ကိုထည်"

"သေချာတယ်…သေချာပါတယ် ရဂုံ"

"လက်မခံဘူးဆိုတဲ့ ကိစ္စမျိုးတွေရှိလာရင်ရော ရဂုံတို့ဘက်က ရပ်တည်မှာလား"

"ရပ်တည်မှာပေါ့ ရဂုံ၊ ရဂုံ့ကို ကျွန်တော်တန်ဖိုးထားပြီးချစ်တာပါ၊ ရဂုံ့မှာတူမလေးတစ်ယောက်ရှိတယ်ဆိုတာလည်း ဖေဖေ့ကို ကျွန်တော်ကြိုပြောထားတယ်"



"အဲဒီအတွက်တော့ ကျေးဇူးပဲ၊ ရဂုံ့အတွက်က ဒီတူမလေးက အရေးကြီးဆုံးပဲလေ၊ တူမလေးကို လက်ခံမပေးရင် ရဂုံရှင့်ကိုလက်ခံလို့မဖြစ်ဘူး"

"အခု လက်ခံသွားပြီလား"

"ရှင်ဘာလို့ လောနေတာလဲ…၊ ရဂုံတို့ရင်းနှီးကြတာ ဘယ်လောက်မှမကြာသေးဘူး မဟုတ်လား၊ ရှင့်အကြောင်းကို ရဂုံသေချာမသိသေးသလို ရဂုံ့အကြောင်းလည်း ရှင်သေချာမသိသေးဘူး မဟုတ်လား"

"ဘာတွေ ဒီထက်ပိုသိဖို့လိုသေးလို့လဲ ရဂုံရယ်၊ ရဂုံက တူမလေးနဲ့ နှစ်ယောက်တစ်ဘဝရုန်းကန်နေတယ်၊ မိဘဆွေမျိုးအသိုက်အဝန်း ခိုကိုးစရာ အားကိုးစရာမရှိဘူး၊ မပြည့်စုံပေမယ့် လမ်းမှားမရောက်ဘဲ ဘဝကို ရိုးရိုးသားသားဖြတ်သန်းတယ်၊ အိမ်ထောင်မရှိ ချစ်သူရည်းစားမရှိ၊ အမှားအယွင်း အစွန်းအထင်းမရှိ"

"ကဲ…တော်ပါတော့ သေသေချာချာကို သိနေတော့တာပဲ၊ ရှင့်အကြောင်းလည်း ရှင်ပြောသလောက်တော့ သိနေပါပြီ၊ ရှင့်အဖေက ဂုဏ်သိက္ခာကြီးမားတဲ့လူတစ်ယောက်၊ ကိုယ်ကျင့်တရားမပျက်ပြားဘဲ ထည်ထည်ဝါဝါနေတယ်၊ ရိုးသားကြိုးစားမှုတွေနဲ့ လုပ်ငန်းရှင်ကြီးတစ်ယောက်ဖြစ်နေတယ်၊ ရှင်က အရမ်းကိုယ်ကျင့်တရားကောင်းပြီး ဂုဏ်သိက္ခာကြီးမားတဲ့အဖေကို အတုယူလေးစားကြည်ညိုတယ်၊ အဲ့လိုအဖေမျိုးရတဲ့အတွက် ဂုဏ်ယူနေတယ်"

"တော်လိုက်တာ ရဂုံပြောတာ အမှန်တွေချည်းပဲ၊ ဟုတ်တယ် ဖေဖေ့ကြောင့် ကိုယ်ဂုဏ်တက်ရတယ်၊ ကိုယ်ကျင့်တရားမပျက်တဲ့အတွက် ဂုဏ်သိက္ခာရှိတယ်၊ ဂုဏ်သိက္ခာရှိတော့ သားတစ်ယောက်အနေနဲ့ လေးစားကြည်ညိုမိတာပေါ့ ရဂုံရယ်၊ ဖေဖေက ကျွန်တော့်အတွက် စံပြ

www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်ပါ''

သူမမျက်နှာကို တစ်ဖက်လှည့်၍ နှုတ်ခမ်းကိုမဲ့ကာ ပြုံးမိပြန်၏။ ဒါပေမဲ့လည်း မိုးမြင့်ဝင့်ထည် မြင်လို့မဖြစ်သေးပါ။

''ထားပါတော့လေ၊ ရှင့်အတွက် အဲဒီလိုအဖေမျိုးဖြစ်ပေမယ့် ရဂုံ့အတွက် ယောက္ခမကောင်းဖြစ်ချင်မှ ဖြစ်ပေးနိုင်မှာ၊ ရဂုံတို့က မပြည့်စုံတဲ့သူတွေမဟုတ်လား၊ နှိမ့်ချအထင်သေးပြီး သဘောမတူဘူးဆိုတာမျိုးတွေ ဖြစ်လာနိုင်တယ်၊ ရှင့်ရှေ့မှာတစ်မျိုး ရှင့်ကွယ်ရာမှာဆက်ဆံတာမျိုးတွေလည်း ဖြစ်လာနိုင်တယ်၊ ရုပ်ရှင်တွေထဲမှာလည်း မရိုးနိုင်အောင် ဒီဇာတ်လမ်းတွေရှိနေတာပဲလေ''

''ကျွန်တော့်ဘက်မှာတော့ ဒါမျိုးတွေ ဘယ်တော့မှရှိလာမှာ မဟုတ်ပါဘူး ရဂုံ၊ ကျွန်တော်တို့သားအဖက နှစ်ယောက်တစ်ဘဝပါ၊ ကျွန်တော်စိတ်ဆင်းရဲအောင် ဖေဖေဘယ်တော့မှလုပ်မှာ မဟုတ်ပါဘူး၊ အဲဒါကို ကျွန်တော်အာမခံပါတယ်၊ မယုံရင် ရဂုံနဲ့ချစ်သူဖြစ်တဲ့နေ့မှာ ကျွန်တော်ရဂုံ့ကို ဖေဖေနဲ့တွေ့ပေးဖို့ အိမ်ခေါ်သွားမယ်''

''တကယ်လား''

သူမ လွင့်လွင့်လေးပြုံးကာ မေးလိုက်၏။ မိုးမြင့်ဝင့်ထည် ရင်ခုန်စွာ ခေါင်းညိတ်ပြချိန်မှာ ဆိုင်ထဲကို မမေခိုင်ဝင်လာသည်။

''ဟော.. အထူးညွှန်သည်ရောက်နေတာလား၊ မုန့်တွေက မကုန်သေးဘူးလား ရဂုံ''

''ကုန်နေပါပြီ မမခိုင်''

''အိုးတွေလည်း မဆေးရသေးပါလား၊ ဈေးသွားရဦးမယ်ဆို''

''ဟုတ်ကဲ့.. ရဂုံ စကားကောင်းနေတာမို့ပါ၊ ဈေးပြန်မှပဲ ဆေးတော့မယ်''

''အမယ်လေး ဈေးသွားမှာဖြင့် သွားပါတော်၊ အိုးတွေ ကျုပ်



ဆေးထားလိုက်ပါ့မယ်''

''ဒါဆိုလည်း အဝတ်အစားလဲပြီး ရဂုံဈေးသွားလိုက်မယ်နော်''

''အေးပါ.. သွားပါ သွားပါ''

''ဟို.. ကျွန်တော့်ကားနဲ့ လိုက်ခဲ့ပါလား ရဂုံ၊ ကျွန်တော်လည်း ပြန်မှာပဲဥစ္စာ''

မိုးမြင့်ဝင့်ထည်စကားကြောင့် မမေခိုင်အစိပ္ပာယ်တွေနှင့် လှည့်ကြည့်သည်။ မြလေးရဂုံက ခေါင်းယမ်းလိုက်ပြီး

''ဟင့်အင်း.. ရှင့်ကားနဲ့မလိုက်တော့ပါဘူး၊ ရဂုံ့ဘာသာ လိုင်းကားတိုးစီးသွားလို့ အဆင်ပြေပါတယ်''

''လိုင်းကားထက် ကျွန်တော့်ကားက ပိုအဆင်မပြေနိုင်ဘူးလား ရဂုံရယ်၊ အားနာလို့ဆိုတာမျိုးတော့ မလုပ်ပါနဲ့၊ ကျွန်တော်က ရဂုံကို သက်သောင့်သက်သာဖြစ်စေချင်လို့ပါ''

''ဟဲ့.. ဟဲ့၊ ငါ့ခဏလေးမရှိတာ ဘယ်လိုတွေတုန်းဟဲ့''

မမေခိုင် ဟိုဘက်လှည့်ကြည့် ဒီဘက်လှည့်ကြည့်နှင့် စကားလုံးတွေကို အဓိပ္ပာယ်ဖမ်းမရဖြစ်နေလေသည်။ မြလေးရဂုံက ဘာမှမပြောဘဲ အိမ်ဘက်ကိုအဝတ်အစားလဲဖို့အတွက် ဝင်သွားသည်။

မိုးမြင့်ဝင့်ထည်ကလည်း မမေခိုင်ကို ဘာမှရှင်းမပြချင်သေးတာကြောင့် ကားပေါ်မှာသွားထိုင်နေ၏။

ဘယ်သူမှ ဘာမှမပြောကြလည်း မမေခိုင်ကတော့ အခြေအနေတွေကို အကဲခတ်မိနေခဲ့သည်။

ရဂုံလေးသာ ကံကောင်းမည်ဆိုလျှင်တော့ ...။

✤✤✤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ဘာ. . . မင်းက ငါးဈေးကိုလိုက်ပို့နေလို့ နောက်ကျတာ၊ တော်သေးတာပေါ့ကွာ၊ မီတင်ချိန်အမီရောက်လာသေးလို့ပေါ့၊ ဒါနဲ့မင်းတို့ အခြေအနေက အဲဒီလောက်တောင် အပြောင်းအလဲမြန်သွားပြီလား"

"ဆိုပါတော့၊ ငါရင့်ကို ဖွင့်ပြောလိုက်ပြီ"

"ဘာ"

ရုံးခန်းထဲမှာ မင်းဦးရဲ့အာမေဍိတ်သံက အံ့အားတသင့်ကျယ်လောင်သွား၏။ သူကတော့ ရင်ခုန်မှုတွေဖြင့် အပြုံးတွေလွင့်နေကာ. . .

"ကြုံကြိုက်လို့ တိုက်ဆိုင်လို့ မြန်မြန်ဖွင့်ပြောဖြစ်သွားတာတော့ မဟုတ်ပါဘူး၊ ဖေဖေ့ကိုအသိပေးရင်း စိတ်ကတက်ကြွနေတာနဲ့ အဲဒီလို ဖြစ်သွားတာ"

"ဘာ. . . မင်းအဖေကိုပါပြောပြီးပြီ"

"ဖေဖေက ငါ့ကိုအိမ်ထောင်ပြုစေချင်တယ်၊ တခြားသူ့မိတ်ဆွေသမီးတွေနဲ့ စီစဉ်ပေးရမလားတဲ့၊ ငါ့မှာ ရည်ရွယ်ထားတဲ့သူရှိတယ်ဆိုပြီး ပြောလိုက်တာ၊ ရင့် ဘယ်လိုမိန်းကလေးဆိုတာက အစပေါ့"

"မိုးမြင့်၊ မင်းခြေလှမ်းတွေ သွက်နေပါလား။ ရိုးသားမှုကို အသိအမှတ်ပြုရုံပါပဲဆို၊ ပြောင်းလဲသွားတာမြန်လှချည်လား"



"သူ့ဆိုင်လေးကို သွားနေတော့ သူ့အခြေအနေကို ပိုသိပြီး သနားလို့ပါ၊ သနားချစ်က ပိုပြီးခိုင်မြဲတယ်ဆိုတာလည်း မင်းသိသားပဲ၊ နေ့စဉ်မြင်တွေ့နေရတာ၊ သူ့ဘဝကို အမြန်ဆုံးစောင့်ရှောက်ခွင့် ထွေးပွေ့အားပေးခွင့်တွေရချင်နေတယ်"

"မင်းအဖေက လက်ခံတယ်ပေါ့"

"အင်း. . . အရင်ကတည်းက ပြောထားတာရှိတယ်လေ၊ ငွေကြေးပြည့်စုံမှုထက် ကိုယ်ကျင့်သိက္ခာရှိတဲ့မိန်းကလေးဖြစ်ဖို့က အဓိကပဲတဲ့၊ ဖေဖေနဲ့တော့ တွေ့ပေးရဦးမှာပေါ့၊ ရင့်ရဲ့ရိုးသားဖြူစင်မှုတွေကို ဖေဖေလက်ခံမှာပါ၊ မြင်မြင်ချင်းချွေးမတစ်ယောက်အဖြစ် ချက်ချင်းအသိအမှတ်ပြုသွားလိမ့်မယ်"

မိုးမြင့်ဝင့်ထည် အပြုံးတွေဖြင့် တက်ကြွလျက်ရှိသည်။ မင်းဦးကတော့ အတူပြုံးပျော်မပေးနိုင်သလို မျက်နှာလွှဲကာ သက်ပြင်းရှိုက်၏

"ဘယ်လိုဖြစ်သွားတာလဲကွာ၊ မင်းနဲ့တန်တယ်လို့ကို မထင်ဘူး၊ ငါ့ဘဝကို မသိလို့မဟုတ်ပါဘူး၊ ငါလည်း မပြည့်စုံတဲ့လူတန်းစားပါပဲ၊ ဒါပေမဲ့ မင်းမှာတခြားရွေးချယ်စရာ အထက်တန်းလွှာက မိန်းကလေးတွေ အများကြီးပါ"

"အတိတ်ကံရေစက်ဆိုတာရှိတယ်၊ ဖူးစာဆိုတာရှိတယ်၊ မင်းစေတနာကို ငါနားလည်ပါတယ်၊ ဒါပေမဲ့ ငါ့ဘဝအတွက်က အချစ်ပဲလိုတယ်၊ ငါသူ့ကိုသိပ်ချစ်တယ် မင်းဦး၊ သူ့ရဲ့ဖြူစင်ရိုးသားမှုလေးတွေကို ငါမြတ်နိုးတယ်၊ ပြီးတော့ သူ့ဘဝလေးကိုမြှင့်တင်ပေးခွင့်ရတော့မှာကို တွေးပြီး ငါပျော်တယ်၊ သူ့ကိုပိုင်ဆိုင်ရတော့မှာကို ငါရင်ခုန်တယ်"

"အေးလေ. . . မင်းအဲဒီလောက် ခံစားနေပြီဆိုရင်၊ မင်းရင်ထဲမှာလေးရင့် ဘယ်လောက်ထိရောက်နေပြီလဲဆိုတာ ခန့်မှန်းနေစရာမလိုတော့ပါဘူး၊ ရွှေပင်နားရင်တော့ ရွှေကျေးဖြစ်သွားမှာပါ၊ မင်းနဲ့လိုက်ဖက်

www.burmeseclassic.com

www.burmeseclassic.com



မှရှိချင်လည်း ရှိသွားမှာပေါ့"

"ရှိရမှာပေါ့ကွား ငါက သူ့ဘဝလေးကိုမြှင့်တင်ပေးမှာ၊ သူ့ဘဝလေးကို ငါ့ဘဝနဲ့ထပ်တူဖြစ်အောင်လုပ်ပေးမှာ၊ သူ့ဘဝတစ်ခုလုံး ပြောင်းလဲသွားအောင် ငါအရောင်တင်ပေးမှာ"

"မင်းတကယ် လိုက်လိုက်လှဲလှဲကိုပျော်နေတာပဲ"

မင်းဦးပြောတော့ မျက်နှာပိုးသတ်လို့မရသည့်အပျော်တွေအတွက် သူအနည်းငယ်ရှက်သွားမိသည်။ သူဒီလောက်တောင် ကြွေမြူ့ ပျက်နေမိပြီလား။

မြလေးရဂုံကို သူအရမ်းကိုချစ်မိနေတာပေါ့။

"မိုးမြင့်"

"ဟင်"

"မင်းချစ်တတ်လာတာ ပထမဦးဆုံးမြင်ရတာဆိုတော့ ငါတောင်စိတ်လှုပ်ရှားမိတယ်၊ ကျောင်းမှာ ရည်းစားတစ်ယောက်တောင် မထားခဲ့ဘူး။ လုပ်ငန်းခွင်မှာတွေ့တဲ့ မိန်းကလေးတွေကိုလည်း စိတ်မဝင်စားဘူး"

"မှန်တယ်၊ ရဂုံက ငါ့ရဲ့အချစ်ဦးပဲ၊ ငါ့ကိုအားပေးပါ မင်းဦးရာ၊ ရဂုံ့ကိုလည်း အထင်မသေးပါနဲ့၊ သူကငါ့ရဲ့ပစ္စည်းဥစ္စာတွေကို မက်မောလို့ မဟုတ်ပါဘူး။ ငါ့လိုလူမျိုးက ဖွင့်ပြောတာတောင် သူစဉ်းစားချင့်ချိန်နေထယ်"

"သူ့မှာတူမတစ်ယောက်လည်း အပိုဆုအနေနဲ့ပါနေလို့ပါ၊ ပြီးတော့ တူမဆိုတာ တကယ်ရောဟုတ်ရဲ့လား"

"ဘာ"

"တခြားယောကျ်ားတစ်ယောက်ယောက်နဲ့ မွေးထားတဲ့သမီးရော မဖြစ်နိုင်ဘူးလား"



"မင်းဦး"

မိုးမြင့်ဝင့်ထည် အရမ်းကိုစိတ်ဆိုးသွားသည်။ မင်းဦးရဲ့ဝေဖန်မှုက ရဂုံ့ရဲ့ဂုဏ်သိက္ခာကို ထိခိုက်သည်မဟုတ်လား။

မင်းဦးက သူစိတ်ဆိုးတာကိုဂရုမစိုက်ဘဲ. . .

"မြလေးရဂုံကို မင်းတွေ့တာမကြာသေးဘူး။ သူ့အကြောင်းသေချာမသိသေးဘူး၊ ဘယ်လိုခွင်ရိုက်ထားတယ်ဆိုတာ"

"မင်းဦး . . . ရဂုံ့အကြောင်းသိချင်ရင် ရဂုံ့အိမ်လေးကိုသွားကြည့်ပါလား။ သူတို့ဘယ်လောက် ရိုးသားဖြူစင်တယ်ဆိုတာ မင်းသိသွားရင် ဒီလိုစကားမျိုးတွေ ပြောထွက်မှာမဟုတ်ဘူး၊ တကယ်ကို သူတို့ ရိုးသားဖြူစင်ကြပါတယ်၊ ကလေးရဲ့အမေက မွေးပြီးပြီးချင်းဆုံးတယ်၊ ရဂုံ့အစ်ကိုက သူ့မိန်းမရဲ့စိတ်နဲ့ အရက်တွေသောက်ပြီး တစ်နှစ်လောက်အကြာမှာ သွေးအန်ပြီးသေတယ်၊ ကျန်ခဲ့တဲ့တူမလေးကို ရဂုံမဖြစ်မနေတာဝန်ယူလိုက်ရတာ. . . ဒါပဲ"

"မြလေးရဂုံပြောပြတာမဟုတ်လား"

"အေးလေ. . . သူ မပြောလို့ဘယ်သူပြောမှာလဲ၊ ဪ. . . သူနဲ့အတူနေတဲ့ မမေခိုင်ကလည်း ရဂုံတို့တူအရီးနှစ်ယောက် ဘယ်လောက်သနားစရာကောင်းတယ်ဆိုတာ ပြောပြပါတယ်၊ သူသာမရှိသားရင် သူ့ပတ်ဝန်းကျင်ကရော သူ့ကိုလက်ခံပါ့မလား"

မင်းဦးတွေခနဲတော့ ဖြစ်သွားခဲ့သည်။ မိုးမြင့်ဝင့်ထည်ကိုမှန်နေပြီလို့ပြောရမှာတော့ အားနာနေမိ၏။

ဒီလိုတော့ မပြောရက်ပါ။

"ငါက မင်းတွေ့ချိန်တွေနည်းသေးလို့ သတိပေးတာပါ၊ အခုခေတ်မှာက အဲဒီလိုမျိုး ရုပ်ရှင်ရိုက်တတ်တာတွေ အများကြီးလေ၊ အဖြူပါဆိုပြီး ချဉ်းကပ်တတ်တာတွေရှိတာ မင်းလည်းသိတာပဲ၊ ပြီးမှ သို့က

www.burmeseclassic.com

www.burmeseclassic.com



ဒီက ကလေးပေါ်လာတာ"

"ရဂုံကတော့ အဲဒီလိုမိန်းက ေလးမျိုးမဟုတ်တာသေချာတယ်၊ ငါ့ကိုလည်း တမင်တကာ ရည်ရွယ်ချက်တွေနဲ့ ချဉ်းကပ်လောက်အောင် ဘာအကြောင်းမှမရှိဘူး၊ ငါနဲ့သူနဲ့က ကားမှတ်တိုင်မှာ သူစံပယ်ပန်း လေးတွေရောင်းရင်းနဲ့ဆုံတာ၊ သူများတွေလို ကော်ဖီဆိုင်မှာ၊ နိုက်ကလပ် မှာ၊ ဂေတီဗီမှာ အမှတ်တမဲ့ဆုံဆည်းရတာမျိုး မဟုတ်ဘူး ပြီးတော့ လူတစ်ယောက်ရဲ့ ရိုးသားမှုက ဘာနဲ့မှ ဖုံးကွယ်ထားလို့မရဘူး၊ အဲဒီ အတွက် ငါသူ့ကိုတန်ဖိုးထားတာ ချစ်သွားတာ၊ ဘယ်တော့မှလည်း နောင်တရမှာမဟုတ်ဘူး"

"မင်းမချစ်ဖူးလို့ ဆန္ဒတွေပြင်းပြနေတာ ငါနားလည်ပါတယ် ကွာ၊ ငါကလည်း မင်းကိုချစ်လို့ စိုးရိမ်နေတာပါ၊ ငါအပြောအဆိုမှားသွား ရင် ရှိင်းသွားရင် ဆောရီးပါ"

"ရပါတယ်၊ သူငယ်ချင်းချင်း တောင်းပန်စရာမလိုပါဘူး၊ မင်း ငါ့အပေါ်ကောင်းတာလည်း ငါသိတာပဲ၊ မင်းစိုးရိမ်တာကို အသိအမှတ် မပြုလို့ မဟုတ်ပါဘူးကွာ၊ ငါရဂုံ့ရဲ့ ရိုးသားဖြူစင်မှုလေးတွေကို အရမ်းချစ် သွားလို့ပါ၊ ငါ့ကိုဝေဒနာတွေပေးမယ့် မိန်းကလေးမဟုတ်ဘူးလို့ ငါ ယုံကြည်နေတယ်၊ ရဂုံ့ကို မင်းတွေ့ဖူးရင်လည်း ရဂုံ့ရဲ့ဖြူစင်မှုကို မင်း အသိအမှတ်ပြုမှာပါ၊ ညနေရုံးဆင်းရင် မင်းလိုက်ခဲ့ကွာ၊ ငါလည်း ညနေ ဘက် ရဂုံ့အိမ်ကိုမရောက်ဖူးလို့ သွားချင်တယ်"

"အင်း ... လိုက်ကြည့်တာပေါ့၊ အခု မိတင်ချိန်နီးနေပြီ၊ အစည်း အဝေးခန်းထဲသွားရအောင်၊ မင်းအဖေက အချိန်မိနစ်စွန်းရင်တောင် ကြိုက်တာမဟုတ်ဘူး၊ အရမ်းစည်းကမ်းကြီးတာ"

"ဒီနေ့မိတင် ဖေဖေ တက်မှာမဟုတ်ဘူး၊ အရေးကြီးကိစ္စတွေက အစ ငါ့ကိုလွှဲလိုက်ပြီ၊ ဖေဖေက တခြားလုပ်ငန်းဘက်လှည့်လိမ့်မယ်"



"မင်းကတော့ ကံကောင်းပြီး ကံကောင်းနေတော့တာပဲ၊ ရဂုံနဲ့ ပတ်သက်သမျှလည်း မင်းစိတ်ချမ်းသာပါစေ"

ထိုဆုပေးစကားကိုတော့ သူအကြိုက်ဆုံးဖြစ်သွားသည်။ ရဂုံ နှင့်ပတ်သက်လျှင် အရာရာ သူအလေးအနက်တန်ဖိုးထားနေချင်တာ ပါ။ ရဂုံက သူ့ဘဝအတွက် အချစ်ဦး အချစ်ဆုံးပဲမဟုတ်ပါလား။ မင်း အတွက်လည်း ကိုယ်က အချစ်ဦး အချစ်ဆုံးပဲဖြစ်ချင်ပါတယ် မြလေး ရဂုံ။

ထိုဆန္ဒလေး ပြည့်ဝပါစေလို့ပဲ ...။

❖❖❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ဟဲ့ . . ရဂုံ၊ ရေချိုးလို့မပြီးသေးဘူးလား၊ ဒီမှာညည်းသည်တွေ ရောက်နေတယ်"

မမေခိုင်ရဲ့အသံကျယ်ကျယ်ကို အိမ်ခန်းထဲကကြားလိုက်ရတာကြောင့် အခန်းထဲကနေ သနပ်ခါးသွေးခြင်းကိုရပ်တန့်ပြီး

"ရေချိုးပြီးပါပြီ၊ သနပ်ခါးသွေးနေတာပါ၊ လိမ်းပြီးတာနဲ့ ထွက်ခဲ့ပါ့မယ်၊ ရေနွေးလေးနဲ့ ညည်းခံထားလိုက်ပါဦး၊ ရဂုံ လက်ဖက်သုပ်ပြီး ယူခဲ့ပါ့မယ်"

ပြန်အော်ပြောလိုက်ပြီး သနပ်ခါးရေကျဲလေး အမြန်ပွတ်ကာ မီးဖိုခန်းဘက်မှာ လက်ဖက်သုပ်ပြီးမှ အိမ်ရှေ့ထွက်ခဲ့ရသည်။

"သြော် . . ကိုထည်တို့ပါလား၊ ညည်းသည်တွေဆိုလို့ ဘယ်သူများလဲလို့၊ ရေနွေးနဲ့လက်ဖက်သုပ်သုံးဆောင်ပါဦး၊ လာမယ်ကြိုသိရင် တစ်ခုခုလုပ်ထားပါတယ်"

"ဒါလည်း အဆင်ပြေနေတာပဲ ရဂုံရဲ့၊ ကျွန်တော်က သူငယ်ချင်းနဲ့ မိတ်ဆက်ပေးချင်လို့ခေါ်လာတာ"

"သြော် . . ဟုတ်ကဲ့"

"မင်းဦးပါ၊ မိုးမြင့်ကုမ္ပဏီမှာပဲ လုပ်ပါတယ်"



"ဟုတ်ကဲ့ မြလေးရဂုံပါ"

လက်ကမ်းပေးဖို့ မလိုတာကြောင့် နာမည်ချင်းပဲ မိတ်ဆက်ကြသည်။ မင်းဦးက မြလေးရဂုံကို အကဲခတ်ကာ တစ်ချက်ကြည့်ပြီး မိုးမြင့်ဝင့်ထည်ကို ခေါင်းညိတ်ပြ၏။ မင်းပြောသလို ရိုးသားဖြူစင်ပုံပဲဟု အသိအမှတ်ပြုလိုက်ပုံရသည်။

"ရွှေဖူးလေးရော ရဂုံ"

"တစ်ရပ်ကွက်လုံးက သူ့ကိုချစ်ကြတယ်လေ၊ ကျောင်းကပြန်တာနဲ့ ဟိုအိမ် ဒီအိမ်က အလည်ခေါ်သွားတော့တာပဲ၊ ခဏနေရင်တော့ ပြန်လာတော့မှာပါ"

"သူ့ကိုကျောင်းပိတ်တဲ့တစ်နေ့ ကစားကွင်းခေါ်သွားရမယ်၊ သူလည်း သူများကလေးတွေလို သွားချင်ရှာမှာပေါ့"

"အေး . . ဟုတ်ပါ့၊ အဲဒါကိုတော့ ခဏခဏသွားချင်လွန်းလို့ ပူဆာရှာတယ်၊ သူ့အန်တီလေးကလည်း မအားဘူးလေ၊ မိုးလင်းကမိုးချုပ်၊ အချည်နေစောင်းမှ ရေချိုးရတယ်ဆိုပေမယ့် ပြီးရင် မနက်ဟင်းချည်ချက်ဖို့ ပဲပြုတ်၊ ငါးပြုတ်၊ ကြက်သွန်နွှာလုပ်ရဦးမှာ၊ အမြှတ်အစွန်းလေးတော့ စုမိဆောင်းမိကျန်တာပေါ့လေ၊ ပန်းရောင်းတုန်းကတော့ ဂျာဂျာလည်ပဲ၊ ကလေးကျောင်းဖိုး မုန့်ဖိုး အိမ်စရိတ်မနည်းကာမိအောင် နေရ တာ"

"မမခိုင်ကလည်း ညည်းသည်တွေ စိတ်ညစ်အောင် ဘာတွေပြောနေတာလဲ၊ တော်ကြာ လည်နင်ပြီး လက်ဖက်သုပ်တောင် မစားဘဲ နေဦးမယ်"

မြလေးရဂုံပြောလိုက်မှ မမေခိုင် အသံတိတ်သွားသည်။ အားနာမှုအရ ရဂုံဟန့်တားနေတာကို သိလိုက်တာမို့

"ပြောပါစေ ရဂုံရယ် . . ၊ အဲဒါမှ ရဂုံတို့ရဲ့ပင်ပန်းမှုတွေကို

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သိရမှာပေါ့"

"ရဂုံတို့ အပူတွေကို မျှဝေမပေးချင်ပါဘူး ကိုထည်၊ သူ့အကျိုးပေးနဲ့ သူပဲဆိုပေမယ့် ကိုထည်တို့က ပြည့်စုံတဲ့သူတွေဆိုတော့ ရဂုံတို့နဲ့ ပတ်သက်မှုကို ပတ်ဝန်းကျင်က ဝေဖန်သမုတ်မှာ မခံနိုင်ဘူး၊ ချို့တဲ့သူရဲ့မာနလို့လည်း ထင်ချင်ထင်နိုင်ပါတယ်၊ ကယ်တင်မယ့်သူမရှိလည်း တူမလေးအတွက် ရဂုံ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ပြီး ကာကွယ်ပေးနိုင်တယ်"

ရဂုံ့စကားများကိုနားထောင်ပြီး မင်းဦးက သူ့ကိုမျက်ခုံးပင့်ပြ၏။ ဒီကောင်ရဂုံ့ကို ယုံကြည်လာဖို့ပဲ အရေးကြီးသည်။ ထိုအချိန်မှာ ခြံဝင်းထဲကို ရွှေဖူးမွန်ပြေးဝင်လာပြီး

"ဟယ်. . ဦးဦးတို့ အလည်ရောက်နေတာလား၊ အဲဒီလိုမှန်း သိရင် ရွှေဖူးအိမ်လည်မသွားပါဘူး"

"သြော်. . ရွှေဖူးလေးက အန်တီလေးကို အလုပ်ကူမလုပ်၊ စာလည်းမကျက်ဘဲ အိမ်သွားလည်နေတာလား"

"ရွှေဖူးက မသွားချင်ပါဘူး၊ အန်တီလေးက ကျောင်းပြန်ခဏတော့ အိမ်လည်ခေါ်တဲ့အိမ်တွေမှာ သွားကစားချင်ကစားချည်ပါဆိုလို့ သွားတာပါ၊ ပြန်လာရင် ရေချိုးထမင်းစားပြီးတာနဲ့ ရွှေဖူးက စာကျက်၊ အန်တီလေးက အလုပ်လုပ်၊ မိုးချုပ်လို့ ရွှေဖူးအိပ်ရင်တောင် အန်တီလေး မအိပ်ရသေးဘူး"

"ရွှေဖူးအန်တီလေးကို ရွှေဖူး ချစ်လား"

"ချစ်တာပေါ့. . အရမ်းချစ်"

"ဖေဖေနဲ့ မေမေကိုရော သတိမရဘူးလား"

မင်းဦးက ဝင်မေးလိုက်ခြင်းဖြစ်၏။ ကလေးစိတ်ထိခိုက်သွားမှာစိုး၍ မမေးစေချင်သော်လည်း မင်းဦးမှာ သိချင်တာတွေများနေမှာမို့



လွှတ်ပေးထားလိုက်ရသည်။ ရွှေဖူးလေးက မျက်နှာလေးညှိုးငယ်လျက်

"မေမေ့ကို ရွှေဖူးမှမမြင်လိုက်ရတာ၊ သတိရချင်ပေမယ့် ဘယ်လိုသတိရရမှန်း မသိတော့ပါဘူး၊ ဖေဖေကလည်း ရွှေဖူးငယ်ငယ်လေးက ဆုံးတာလေ၊ ရွှေဖူး မမှတ်မိတော့ဘူး၊ အခု ရွှေဖူးရဲ့ဖေဖေနဲ့ မေမေက အန်တီလေးပဲ၊ အန်တီလေးကိုပဲ ချစ်တယ်"

"အမယ်လေး. . သူ့အန်တီလေးကိုပဲချစ်တယ်လို့ပြောနော်၊ ကျုပ်ကိုရော မချစ်ဘူးလား ပြောပါဦး"

"ချစ်ပါတယ် အန်တီခိုင်ရဲ့၊ အန်တီခိုင်ကလည်း ရွှေဖူးကို ရေချိုး ပေးတယ်၊ သနပ်ခါးလိမ်းပေးတယ်၊ ကျောင်းလိုက်ပို့တယ်"

"အဲဒီလိုတွေလုပ်ပေးလို့ ချစ်တာပေါ့လေ"

"မဟုတ်ပါဘူး အန်တီခိုင်ရဲ့"

"ဒါဆို ညည်းအန်တီလေးနဲ့ ကျုပ်နဲ့ ဘယ်သူ့ကိုပိုချစ်လဲ ပြောပါဦး"

"ဟိုလေ. . အန်တီခိုင့်ထက် အန်တီလေးကို နည်းနည်းလေး ပိုချစ်မယ်နော်၊ ရလား အန်တီခိုင်၊ နည်းနည်းလေးပါ၊ ပိစိကွေးသေးသေးလေး"

"ဟင်း. . ဟင်း၊ လူလည်မလေး"

ရွှေဖူးလေးက စကားတတ်ကာ ချစ်စရာကောင်းလှသည်။ မြလေးရဂုံက တူမဖြစ်သူကို ချစ်မြတ်နိုးကာ ပြုံးပြုံးလေးသာကြည့်နေ၏။

"ရွှေဖူး"

"ရှင် ဦးဦး"

"ဒီအပတ်ကျောင်းပိတ်ရက်ကျရင် ကစားကွင်းလိုက်ပို့မယ်၊ သွားမလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . တကယ်လား၊ တကယ်လိုက်ပို့မှာလား ဦးဦး"

"တကယ်ပြောတာပေါ့၊ တကယ်လိုက်ပို့မှာ၊ ရွှေဖူးလေးက သွားချင်လား"

"သွားချင်တယ်၊ အန်တီလေးက မအားလို့ မပူဆာရဲတာ"

"အခုလည်း အန်တီလေး အားမှာမဟုတ်ဘူး၊ ရွှေဖူးသွားချင်ရင် ဦးဦးနဲ့ပဲသွား"

"ဟင်. . . အန်တီလေးကလည်း အဲဒီလိုတော့ မသွားချင်ပါဘူး၊ အန်တီလေး လိုက်ခဲ့ပါ"

"ဈေးရောင်းပျက်မှာပေါ့၊ ရွှေဖူးရဲ့ ရွှေဖူးသွားချင်တယ်ဆို သွားပါ၊ အန်တီလေးက အလုပ်မှမအားတာ"

"တစ်ရက်လောက်တော့ ဖျက်လိုက်ပါ ရဂုံရယ်၊ ကျွန်တော်လည်း ရဂုံ့ကို ပြောစရာတွေရှိနေလို့ပါ"

"ဟုတ်သားပဲ ရဂုံ၊ အလုပ်တွေချည်း နေ့တိုင်းဖိလုပ်နေတာ၊ စိတ်လွတ်လပ်မှု ပျော်ရွှင်မှုလေးလည်း ရှိဦးမှပေါ့၊ ရွှေဖူးလေးလည်း သနားဖို့ကောင်းပါတယ်၊ သူ့မိဘတွေသာရှိရင် ကစားကွင်းလိုက်ပို့ ရုပ်ရှင်ရုံ လိုက်ပို့မှာပဲ"

"အင်း. . . ဟုတ်ပါတယ်၊ မိဘတွေသာရှိသေးရင် တူမလေးအတွက် ဘယ်လိုမဆို အချိန်တော့ပေးကြမှာ"

ဒီလိုဆိုတော့လည်း ရွှေဖူးလေးအတွက် မြလေးရဂုံ စိတ်မကောင်းဖြစ်သွားပုံရသည်။ သူက ဒါကိုသက်သေထူသည့်အနေဖြင့် မင်းဦးကို မျက်ခုံးပင့်ပြလိုက်၏။ မင်းဦးက ခေါင်းညိတ်ကာ အသိအမှတ်ပြုသည်။

"ကဲ. . . ကျွန်တော်တို့ ပြန်လိုက်ဦးမယ် ရဂုံ၊ မနက်မှတွေ့မယ်နော်၊ ရွှေဖူးလေး . . . ဦးဦး ကစားကွင်းလိုက်ပို့မယ် ဟုတ်ပြီလား"



"ဟုတ်ကဲ့ ဦးဦး၊ တာ့တာ"

ရွှေဖူးလေးက ကစားကွင်းလိုက်ပို့မည်ဆို၍ လောကွတ်တွေပိုကာ မိုးမြင့်ဝင့်ထည်တို့ကို ခြံဝအထိလိုက်ပို့နေသည်။ မမေ့ခိုင်က မြလေးရဂုံကို လက်ကုတ်၍

"နင်တို့အခြေအနေက ဘယ်လိုလဲရဂုံ၊ မနက်ပိုင်း တကူးတက မုန့်လာစားရုံတင်မဟုတ်ဘူး၊ ညနေပိုင်းမှာတောင် အိမ်လည်လာနေပြီဆိုတော့ ရိုးသားတဲ့ဆက်ဆံရေးတော့ မဟုတ်တော့ဘူး"

"သူ ရဂုံ့ကိုချစ်ခွင့်ပန်ထားတယ် မမခိုင်"

"ဟယ်. . . ရဂုံ ပြန်အဖြေပေးလိုက်ပြီလား"

"တိကျတဲ့အဖြေတော့ မပေးရသေးပါဘူး၊ ငြင်းဖို့ကျတော့လည်း . . ."

"ဘာလို့ငြင်းရမှာလဲ၊ ဒီလိုလူမျိုးက ချစ်ခွင့်အပန်ခံရတယ်ဆိုတာ အရမ်းကိုကံကောင်းလို့ပဲ၊ နင့်ဘဝတစ်ခုလုံး ပြောင်းလဲသွားမှာ ရဂုံ၊ နင်စိတ်ကူးမလွဲနဲ့"

"အခြေအနေချင်းမတူဘဲနဲ့ လွယ်ပါ့မလား၊ ကိုယ့်ဘဝပြောင်းလဲချင်ရုံနဲ့ အရဲမစွန့်ရဲတာတော့ အမှန်ပဲ မမခိုင်၊ တူမလေးက ရှိသေးတယ်၊ တူမလေးပါ မျက်နှာငယ်ရမယ့်အဖြစ်မျိုးတော့"

"ဒါတွေပါ စဉ်းစားပြီးလို့ သူဖွင့်ပြောတာဖြစ်ပါလိမ့်မယ်၊ အဲဒီကောင်လေးက သဘောကောင်းမယ့်ပုံပါ၊ အဲဒီကောင်လေးနဲ့ဆို ရဂုံတို့ တူအရီးနှစ်ယောက်ဘဝ အဆင်ပြေလိမ့်မယ်လို့ မမခိုင် ယုံကြည်တယ်၊ စွန့်စားကြည့်ပါ ရဂုံ၊ ရဂုံ့ ရုပ်ရည်လေးနဲ့ ဒီလိုဘဝမျိုးမှာနေရတာ မတန်ပါဘူး"

"ပြောတော့မယ် မမခိုင်"

"ကျုပ်က အဟုတ်ပြောတာ၊ ရဂုံက သူဌေးကတော်ရှင်"

www.burmeseclassic.com

www.burmeseclassic.com



မမခိုင်စကားကြောင့် သူမ ရယ်မိသေးသည်။ မမခိုင်က သူမ အတွက်တော့ အစ်မရင်းတစ်ယောက်လိုပါပဲ။

"ရဂုံ"

"ဟုတ်ကဲ့ မမခိုင်"

"ရယ်မနေနဲ့ မမခိုင် တကယ်စေတနာနဲ့ ပြောနေတာ၊ သူ့လို လူမျိုးနဲ့သာ အိမ်ထောင်ပြုလိုက်ရင် ရဂုံ့ဘဝလေး တကယ်ကိုစိုပြည် လှပသွားမှာ"

"မမခိုင်က ရဂုံနဲ့ မိုးမြင့်ဝင့်ထည် လက်ထပ်ဖြစ်မယ်လို့ ထင်နေသလား"

"ဟင်. . ဘာဖြစ်လို့လဲ၊ ရဂုံ သူ့ကိုမချစ်လို့လား"

"ချစ်တိုင်းရော ညားကြလို့လား၊ လူ့ဘဝရဲ့ကံဇာတာတွေက ဆန်းကြယ်ပါတယ် မမခိုင်၊ ကိုယ်ဖြစ်ချင်တိုင်း ဖြစ်လာတတ်တာမျိုး မဟုတ်ပါဘူး"

"ရဂုံ ဘာတွေပြောနေတာလဲ၊ ရဂုံနဲ့ မိုးမြင့်ဝင့်ထည်က မဖြစ်နိုင်ဘူးလို့ဆိုလိုတာလား၊ ဘာကြောင့်လဲ၊ သူ့ဘက်က ကမ်းလှမ်းတာလေ"

"ဘာကြောင့်ဆိုတာ တစ်နေ့ကျရင်တော့ မမခိုင်ကိုပြောပြဖြစ်မှာပါ၊ မမခိုင်က အစ်မရင်းတစ်ယောက်လိုဖြစ်နေလို့လေ"

"ဘာတွေလဲ ရဂုံရယ်"

မမခိုင် အနည်းငယ်စိတ်ရှုပ်ထွေးသွားပုံရသည်။ ထိုအချိန်မှာ ရွှေဖူးလေးက အိမ်ထဲပြေးဝင်လာကာ၊ မြလေးရဂုံ ပေါင်ပေါ်မှာတက်ထိုင်လျက်

"အန်တီလေး"

"ရှင်"



"ဦးဦးက သချာမှာသွားတယ်၊ ကစားကွင်းကို လိုက်ပို့မှာတဲ့ အန်တီလေးကိုလည်း ပါအောင်ခေါ်တဲ့"

"အန်တီလေးက မလိုက်ဘူးဆိုရင်"

"ရွှေဖူးလည်း ဘယ်သွားရတော့မလဲ၊ ရွှေဖူးက အန်တီလေး မပါဘဲ မလိုက်သွားပါဘူး"

"အဟင်း . . . လေသံပျော့နဲ့ အပါခေါ်နေပြီ လူလည်မလေး"

မျက်နှာငယ်လေးဖြစ်သွားသော တူမလေးကို သူမထွေးဖက်လိုက်ရင်း ပါးလေးကို ချစ်စနိုးနှင့် နမ်းမွှေးလိုက်သည်။ ဒီလိုစကားပြောလည်ဝယ်လွန်းသော ရွှေဖူးလေးကို သူမ သင်ပေးစရာတွေ အများကြီး ရှိပါသေးသည်။

ဘဝက အနာတရကင်းစွာ အကောင်းအတိုင်းမဟုတ်။ ဒဏ်ရာတွေ ဗရပွ နာကျင်စရာတွေနှင့်ပါ။

လက်တုံ့ပြန်ဖို့ အငြိုးတွေနှင့် ရပ်တည်နိုင်အောင် ကြိုးစားလာခဲ့ရတာ။

အချိန်တွေက တဖြည်းဖြည်းနီးကပ်လာပြီ။ ရင်ဘတ်ထဲက နှလုံးခုန်သံတွေ အရင်တည်ငြိမ်အောင် ကြိုးစားရဦးမှာပါလား။

ရင်ခုန်သံတွေကိုသာ အရှုံးပေးလိုက်လျှင် သူမတုံ့ပြန်ခွင့်ရမှာ မဟုတ်တော့။ ဒါဆို သူမ ဘယ်တာဝန်ကျေပါတော့မလဲ။

သိပ်မကြာတော့သော အချိန်လောက်ဆိုရင်တော့ . . . ။

✤✤✤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"မင်းယုံသွားပြီလား မင်းဦး၊ ရဂုံတို့ ဘယ်လောက်ရိုးသားဖြူစင်ကြတယ်ဆိုတာ"

"မြင်လိုက်ရတော့လည်း စိတ်မကောင်းစရာပါပဲ၊ အရမ်းချို့တဲ့ကြတယ်ထင်တယ်၊ မိဘမောင်ဘွားမရှိတော့ မိန်းမသားတစ်ယောက်တည်း ရုန်းကန်ရတာလွယ်မှာမဟုတ်ဘူး"

"အဲဒါကြောင့်မို့ သူ့ဘဝလေးကို ကယ်တင်စောင့်ရှောက်ခွင့်ရချင်တာပေါ့ကွာ၊ လက်ထပ်ပြီးရင် သူ့အတွက် ဘာပင်ပန်းစရာမှ မရှိတော့ဘူး"

"အဲဒီ ရွှေဖူးဆိုတဲ့အပိုဆုကိုရော မင်းအဖေက လက်ခံမှာတဲ့လား"

"အဲဒါကိုပါ ငါပြောပြထားပြီးသားပါ၊ ထပ်ပြီးတော့လည်း ပြောပြထားတယ်၊ တူမလေးတစ်ယောက်နဲ့ ဘယ်လိုရုန်းကန်နေရတယ်ဆိုတာ မင်းပြောသလိုပဲ ရွှေပင်နားရင် ရွှေကျေးဖြစ်သွားမှာပဲ၊ သားသဘောကျရင် အိမ်ခေါ်လာကြည့်ပါတဲ့လေ၊ ထမင်းဖိတ်ကျွေးရင်းနဲ့ စကားပြောကြည့်ရအောင်တဲ့၊ ရဂုံ့ဘက်မှာ မိဘအသိုက်အဝန်းမရှိတဲ့အတွက် ရဂုံနဲ့ပဲ စကားပြောလိုက်ရင် အဆင်ပြေသွားမှာလို့ ပြောတာပဲ"





"ဒါဆို မင်းနဲ့ရဂုံအတွက်က အဆင်ပြေနေပြီပဲ"

မိုးမြင့်ဝင့်ထည်အပြုံးများလွှင့်လျက် ခေါင်းညိတ်ပြသည်။ မင်းဦးလည်း အရင်လို မိုးမြင့်ဝင့်ထည်အတွက် သိပ်ပြီးစိုးရိမ်မနေတော့ပါ·

ဒီလောက်တက်ကြွနေမှတော့ မိုးမြင့်ဝင့်ထည်ကို အားပေးဖို့ပဲ စဉ်းစားလိုက်တော့သည်။ မြလေးရဂုံဘဝလေးကလည်း မြင်တွေ့လိုက်ချိန်မှာ ရိုးသားဖြူစင်သည်ဆိုတာ ယုံမှားသံသယဖြစ်စရာမှမလိုတော့ဘဲ မိုးမြင့်ဝင့်ထည်က မင်းဦးပခုံးကိုပုတ်လိုက်ကာ

"သူ့ဘက်က မြူဆွယ်ဖြားယောင်းခြင်းမရှိ၊ ပကတိဖြူစင်ရိုးသားနေတဲ့အတွက်၊ ပြီးတော့ လောဘနည်းတဲ့အတွက်၊ ငါ့ရွေးချယ်မှုကို ငါ ဘယ်တော့မှ နောင်တရမှာမဟုတ်ဘူး၊ အဲဒါသေချာတယ်၊ ကလေးလေးကလည်း ဘယ်လောက်တောင် သနားစရာကောင်းလိုက်သလဲ၊ ရဂုံ့ကိုပဲ အဖေလို အမေလို ချစ်နေရတာတဲ့၊ စကားလည်းတတ်တယ်၊ ချစ်စရာလည်း ကောင်းတယ်"

"အေး ဟုတ်တယ်၊ မင်းအဖေတွေ့ရင်လည်း ကလေးကို တော်တော်ချစ်သွားလောက်ပါတယ်၊ ရဂုံ့ကိုလည်း မင်းပြောသလို လက်ခံလိမ့်မယ်လို့ထင်တယ်၊ ဘာလို့လဲဆိုတော့ ရဂုံရဲ့အရောင်အဆင်းက အပြုံးထည်ပဲကွ၊ မင်းကိုချစ်ရမှာတောင် မဝံ့မရဲနဲ့ဖြစ်နေတယ်၊ လောဘနဲ့ချဉ်းကပ်တာ မဟုတ်ဘူးဆိုတာတော့ ငါယုံသွားပါပြီ"

"ဒါပဲကွာ. . .၊ ရဂုံ့ကို ငါချစ်ရတဲ့အကြောင်းရင်းက ဒါပဲ၊ ဒီလောကမှာ အရိုးခံဖြူစင်တဲ့ မိန်းကလေးတစ်ယောက်ကို ဘယ်မှာသွားရှာမလဲ၊ မာယာများတဲ့လောကကြီးထဲမှာ မာယာများတဲ့ မိန်းကလေးတွေ လက်ညှိုးထိုးမလွဲရှိနေတာ မင်းလည်းအသိပဲ၊ အရှိန်အဝါ ဂုဏ်ဒြပ်ပစ္စည်းဥစ္စာကို မက်တဲ့သူ၊ ဒါကိုပိုင်ဖို့ လူကိုလောဘတက်တဲ့သူ၊ အဲဒီလိုလူမျိုးတွေပဲ ငါ့အနားမှာရော ဖေဖေ့အနားမှာရောဝိုင်းနေတာ၊ ရဂုံ့လို



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးနဲ့တွေ့တာ ငါကံကောင်းတာပါ''

''မင်းလိုကောင်ကတော့ ရှားပါတယ်ကွာ''

မြလေးရဂုံနှင့်ပတ်သက်ပြီး ကြံဖန်ဂုဏ်ယူနေသော မိုးမြင့်ဝင့်ထည်ကို မင်းဦး အမြင်ကက်လာသည်။ ရဂုံ့အကြောင်းပြောရမည်ဆိုလျှင် အမြဲကိုပြုံးပျော်နေသည့်ကောင်။

''မင်းရဂုံ့ကို ဘယ်အချိန်အိမ်ခေါ်သွားပြီး လက်ထပ်ဖို့ကိစ္စတိုင်ပင်ကြမှာလဲ''

''ရွှေဖူးလေးကို ကစားကွင်းလိုက်ပို့တဲ့နေ့ကျရင် ရဂုံ့ကို ဖေဖေ့ကိုလိုက်တွေ့ပါလို့ ပြောမယ်''

''သူ့ဆီကရော အဖြေရပြီလား''

''အဲဒီနေ့မှ သေသေချာချာတောင်းရမှာ''

''ဘာ''

''တစ်ယောက်နဲ့တစ်ယောက် နားလည်ပြီးသားပါ၊ လက်ခံမှုရှိလို့ ငါတို့ ဒီအခြေအနေထိ ဖြစ်လာတာပဲ၊ ရဂုံလက်မခံရင် ငါရှေ့ဆက်တိုးလို့မရဘူးလေ၊ ဒါပေမဲ့ ငါသူ့ဆီက ချစ်တယ်ဆိုတဲ့ စကားကြားချင်သေးတယ်''

''မင်္ဂလာဦးညမှပဲ နားထောင်ပါတော့လား''

မင်းဦး ရွဲ့ပြောတာကို သူရယ်လိုက်မိသည်။ သေချာနေပြီးသားမို့ သူအထွန့်တက်ပြီး မမေးတော့တာပါ။

''သား''

''ဩော် . . ဖေဖေ''

သူ့ရုံးခန်းထဲဝင်လာသော ဖေဖေ့ကို ကပျာကယာနေရာပေးလိုက်ရသည်။ မင်းဦးက အလိုက်သိစွာ ဖေဖေ့အတွက် ကော်ဖီဖျော်ပေးခဲ့ပြီးမှ အပြင်ထွက်သွား၏။





''ဖေဖေ ဘာကိစ္စရှိလို့လဲ၊ သားက ဒီနေ့ရုံးမတက်ဘူးထင်တာ''

''ဟုတ်တယ်၊ ရုံးမတက်ဘူး။ သားရှိနေတာပဲ ဘာတက်စရာလိုတော့လို့လဲ၊ ဟိုဘက်ကကိစ္စ ညှိသည်နဲ့လာတွေ့ရင်း လမ်းကြုံလို့ သားနဲ့တွေ့ရအောင်ဝင်လာတာ''

''ဟုတ်ကဲ့ . . . ဖေဖေတို့လုပ်ငန်းကိစ္စတွေရော အဆင်ပြေလား ဖေဖေ''

''ဘာမပြေစရာရှိလဲကွာ၊ ကျွမ်းကျင်တဲ့ပညာရှင်တွေချည်း တွဲလုပ်ကြမှာပဲ၊ သားရောကုမ္ပဏီကိစ္စတွေနိုင်နင်းရဲ့လား''

''ဟုတ်ကဲ့ အဆင်ပြေပါတယ်ဖေဖေ''

''သား မိန်းကလေးရဲ့ကိစ္စရော''

''သူ့ကိုအိမ်ခေါ်လာဖို့ စီစဉ်ထားပါတယ်ဖေဖေ၊ လက်ထပ်ဖို့ကိစ္စက သူနဲ့ပဲစီစဉ်ရမှာလေ၊ သူ့ဘက်မှာ ကန့်ကွက်မယ့် စီမံမယ့်သူမှမရှိတာ၊ လောဘလည်းနည်းတဲ့အတွက် သားတို့သဘောပဲရှိမှာပါ''

''အေး . . အဲဒီလိုဆိုပြီး ဖေဖေကတော့ ဖြစ်သလိုမလုပ်လိုက်ချင်ဘူး။ ဖေဖေ့မှာ ဒီသားတစ်ယောက်တည်းရှိတာ၊ ခမ်းခမ်းနားနားလုပ်ပေးချင်တယ်၊ ဟိုဘက်ကမိန်းကလေးက ချို့တဲ့လို့ အကျဉ်းချုံးလိုက်တာမျိုးလည်း မဖြစ်ချင်ဘူး၊ သူ့ဘဝတောက်ပြောင်ဖို့ ဖေဖေတို့က အရောင်တင်ပေးရမှာပေါ့''

''ဟိုလေ ဖေဖေ၊ မေမေ့ဘက်က အဘိုးအဘွားနဲ့ ဦးလေးအဒေါ်တွေကို ပြောလိုက်ရတော့မလား။ ရဂုံ့ဘက်ကချို့တဲ့တာကို အပြစ်ပြောကြမလား မသိဘူးနော်''

ဦးဂုဏ်ဝင့်ထည် လေးလံစွာခေါင်းညိတ်ဖြစ်သွား၏။ ဒါပေမဲ့ သားပခုံးလေးကိုဖက်ကာ ပြုံးပြလိုက်ပြီး

''အဲဒီကိစ္စအပြစ်ပြောကြမှာတော့သေချာတယ်၊ ဂုဏ်ဒြပ်တူချင်းလက်မထပ်ဘဲ ဘယ်လိုမိန်းကလေးနဲ့လက်ထပ်လိုက်တာလဲဆိုပြီးတော့ပေါ့၊ ဒါပေမဲ့ သားမိန်းကလေးက ရိုးသားဖြူစင်တယ်ဆိုရင် သိပ်ပြီးအတိုက်အခံလုပ်မနေဘဲ လက်ခံပေးကြမှာပါ၊ သူတို့ကလည်း ရိုးသားတာကိုယ်ကျင့်တရားကောင်းတာကို မက်ကြတာပဲလေ၊ ဒါပေမဲ့ ဘာမှမစီစဉ်



www.burmeseclassic.com

www.burmeseclassic.com



ရသေးဘဲ အသိမပေးပါနဲ့ဦး၊ သားမိန်းကလေးနဲ့ ဖေဖေတွေ့ကြည့်ဦးမယ်"

"ဟုတ်ကဲ့ပါ ဖေဖေ၊ ဧ ဒြီးရင် မြန်မြန်လက်ထပ်ဖို့တော့ စီစဉ်ပေးပါ၊ သူပင်ပန်းနေတာကို သားမကြည့်ရက်လို့ပါ"

"သား အဲဒီမိန်းကလေးကို အရမ်းကိုချစ်တာပဲလား"

"ဟုတ်ကဲ့ . . ချစ်ပါတယ်ဖေဖေ၊ လူတစ်ယောက်က လူတစ်ယောက်ရဲ့ ရင်ထဲကိုရောက်ဖို့ဆိုတာ သူ့ဆီမှာဆွဲဆောင်မှုအစွမ်းတစ်ခုခု ရှိမှဖြစ်မှာမဟုတ်လား၊ တခြားသူတွေဆီမှာတော့ မသိပေမယ့် ရဂုံ့ဆီမှာတော့ ရိုးသားခြင်းတွေရှိတယ်၊ ဖြောင့်မတ်တည်ကြည်ခြင်းတွေရှိတယ်၊ လောဘတွေ၊ မက်မောခြင်းတွေ မတွေ့ရဘူး၊ အဲဒါတွေနဲ့ပဲ သားကိုဆွဲဆောင်ထားတာပါ"

"သားကတော့ သားမိန်းကလေးကို အမွှမ်းတင်လွန်းနေပြီကွာ၊ ဖေဖေတောင်မနာလိုဖြစ်လာပြီ၊ ရဂုံ့ကို ဖေဖေထက်တောင်ပိုချစ်သွားမယ်ထင်တယ်"

"အချစ်ချင်းမှမတူတာ ဖေဖေကလည်း . . ."

ဖေဖေ့ရင်ခွင်မှာ တိုးဝှေ့ကာ သူချွဲနွဲ့လိုက်သည်။ ဖေဖေက သူ့ခေါင်းကိုပွတ်သပ်လျက်

"ဖေဖေကတော့ သားအိမ်ထောင်ပြုမှာကို ဝမ်းသားပါတယ်၊ အသက်အရွယ်ရလာတော့ အိမ်မှာ သားသမီးချွေးမ မြေးမြစ်တွေနဲ့ စိုစို ပြည်ပြည် သိုင်းသိုင်းဝိုင်းဝိုင်းနေချင်လာတယ်"

"ဖေဖေလည်း နောက်အိမ်ထောင်ပြုဖို့ အရွယ်ရှိပါသေးတယ်"

"တော်ပါပြီ သားရယ်၊ ဖေဖေ့အတွက်က မလိုတော့ပါဘူး၊ သားအမေဆုံးတာ ဆယ်နှစ်ကျော်လာတာတောင် ဒီအတိုင်းနေလာခဲ့တာပဲ၊ သားဂုဏ်ယူရတဲ့အဖေတစ်ယောက်အဖြစ်နဲ့ပဲ နေသွားပါတော့မယ်"

"ကျေးဇူးပါ ဖေဖေ . . ကျေးဇူးပါ"





ဖေဖေ့ကို ကလေးတစ်ယောက်လိုပင် ဖက်တွယ်မိပြန်သည်။ သူ့ကိုမေတ္တာတွေပေးနိုင်လွန်းသော ဖေဖေ့ကို သူအရမ်းကိုချစ်ပါသည်။ လောကမှာကိုးကွယ်ရာ ဘုရားသခင်ပြီးလျှင် ဖေဖေကသူ့အတွက် ဒုတိယ ကိုးကွယ်အတုယူ ကြည်ညိုစရာဘုရားသခင်ပါပဲ။

သူ့အတွက် မေတ္တာတွေပေးနိုင်လွန်းသူမို့ သူလည်းပြန်ပြီး ပေးဆပ်ခွင့်ရချင်ပါသည်။

ရဂုံနှင့်လက်ထပ်ပြီးလျှင် ဖေဖေလိုချင်ကောင့်တနေသော မြေးကလေးတွေ များများမွေးခိုင်းရမည်။ မြေးလေးတွေနှင့် ဖေဖေ ဘယ်လောက်များ ပျော်ရွှင်နေမလဲ။

အတွေးနှင့် မျက်လုံးထဲမှာမြင်ယောင်ကြည့်ရင်း သူလည်း ပျော်ရွှင်လာမိသည်။ အဲဒီအပျော်တွေ ဖေဖေ့ကိုအမြန်ဆုံးပေးတော့မှာပါ ဖေဖေ . . .။

✤✤✤



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ကလေးကစားကွင်းထဲမှာ ရွှေဖူးလေး ပျော်ရွှင်စွာ ဆော့ကစားနေသည်။ တခြားကလေးတွေလည်း အများကြီး ပြေးလွှားကာ ဆော့ကစားနေကြတာမို့ ရွှေဖူးလေးအတိုင်းထက်အလွန်ပျော်နေ၏။ ရွှေဖူးလေး ကစားတာကို ပီတိတွေဖြင့်ပြုံးကာကြည့်နေသော မြလေးရဂုံရဲ့ လက်ကလေးကို သူခပ်ဖွဖွလေးဆုပ်ကိုင်လိုက်သည်။

"ရဂုံ"

"ဟင်. . . ရှင်"

မြလေးရဂုံ လန့်သွားပြီး လက်ကလေးကိုတွန့်ခနဲရုန်းပေမယ့် သူလွှတ်မပေးဘဲ ထားလိုက်သည်။ ရဂုံက သူ့ကိုမျက်လုံးပြူးလေးနှင့် မော့ကြည့်နေ၏။

"ကျွန်တော်ရဂုံ့ကို အရမ်းချစ်တယ် ရဂုံ၊ ကျွန်တော့်ကိုအဖြေပြန်ပေးပါဦး. . . ချစ်တယ်လို့"

"အဲဒီလက်ကိုလွှတ်"

"ဘာလို့လွှတ်ရမှာလဲ"

"ရွှေဖူးလေး မြင်သွားမယ်"

"အဖြေပေးရင် လွှတ်မယ်"





"ရှင်ကလေးကလားမလုပ်နဲ့နော်၊ အသက်တွေကဖြင့် ငယ်တော့တာမဟုတ်တော့ဘဲနဲ့ မရင့်ကျက်သေးဘူး"

"အချစ်နဲ့ပတ်သက်ရင် နုပျိုသွားတတ်ကြတာချည်းပဲလေ၊ ကဲပါ ဖြေပါကွာ"

"ဟင့်အင်း . . . မဖြေချင်ဘူး၊ ရှင်ကအဖြေရတဲ့နေ့ကျရင် ရှင့်အဖေဆီခေါ်သွားမယ်ဆိုတော့ ရှင့်အဖေနဲ့တွေ့ရမှာကြောက်လို့"

"ဘာကြောက်စရာရှိလို့လဲ ရဂုံ၊ ဖေဖေ့ကို ကျွန်တော်အားလုံးပြောပြထားပြီးသားပါ၊ ရဂုံ့ကို တန်ဖိုးထားလို့ ဖေဖေ့ကိုအရင်ပြောကြည့်ပြီး ဖေဖေလက်ခံလို့ ရဂုံ့ကို ကျွန်တော်ရင်ဖွင့်တာပါ၊ ဘာကိုမှမစိုးရိမ်ပါနဲ့၊ ကျွန်တော့်ကို ရဲရဲတင်းတင်း ပွင့်ပွင့်လင်းလင်းပဲချစ်လိုက်ပါ"

"အံမယ် ရှင်နာနေပါဦးမယ်"

လတ်ဆတ်သော အပျိုရိုင်းလေးရဲ့ မျက်စောင်းမျိုးလေးဖြင့် မှန္တဲ့သလိုဖြစ်သွားတော့ မိုးမြင့်ဝင့်ထည်ပိုပြီး မချင့်မရဲဖြစ်သွားကာ သူမလက်ကလေးကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်သည်။

"ရှင်ဘယ်လိုဖြစ်နေတာလဲ ကိုထည်"

"ချစ်လို့ပါ ရဂုံ၊ ကျွန်တော့်ကိုအဖြေပေးပါ"

"ရှင့်ကိုမယုံဘူး ကိုထည်"

"ဗျာ"

"ရဂုံ့ကို မမြင်ရခင်မှာ ရှင့်အဖေက လက်ခံနေတယ်ဆိုပေမယ့် တွေ့ပြီးသွားရင် စိတ်တိုင်းမကျစရာတွေရှိချင်ရှိလာနိုင်တယ်၊ ကန့်ကွက်တားဆီးတာမဖြစ်နိုင်ဘူးလို့လည်း မပြောနိုင်ဘူး၊ အဲဒီလိုတွေဖြစ်လာခဲ့ရင် အဖေ့ကို အရမ်းယုံကြည်လေးစားကြည်ညိုတဲ့ရှင်က ရှင့်အဖေစကားကို တစ်သဝေမတိမ်းလိုက်နာ နားထောင်မယ်ဆိုရင် ရဂုံပဲအသည်းကွဲကျန်ခဲ့မှာ ကိုထည်၊ အဲဒါကြောင့် ရှင့်ကိုမချစ်ရဲဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အား . . . ရဂုံရယ်၊ ဘာလို့အဲလိုဖြစ်ရမှာလဲဗျာ . . .၊ ရဂုံက ကျွန်တော့်ရဲ့အချစ်ဦးပါ၊ တကယ်လို့ ဖေဖေဘက်က အဲဒီလိုတွေဖြစ်လာမယ်ဆိုရင်လည်း ကျွန်တော်လက်မခံပါဘူး။ ရဂုံ့ကို ကျွန်တော်လက်ထပ်ဖြစ်အောင် လက်ထပ်မယ်"

"ရှင့်အဖေကို အတိုက်အခံလုပ်ရဲလို့လား"

"ဘာမလုပ်ရဲစရာရှိမှာလဲ၊ ဖြစ်လာခဲ့ရင်ပြောတာပါ၊ ဒါပေမဲ့ ဖေဖေက ကျွန်တော့်ကိုစိတ်ဆင်းရဲအောင် ဘယ်တော့မှလုပ်မယ့်အဖေမျိုး မဟုတ်ပါဘူး၊ လောကမှာရှိတဲ့မိဘတွေထက် အဆပေါင်းများစွာသာတဲ့ မေတ္တာတွေပေးနိုင်တဲ့သူပါ၊ ကိုယ်ကျင့်တရားကောင်းတဲ့အတွက် ဂုဏ်သိက္ခာကို အစွန်းအထင်းမရှိအောင်နေနိုင်တဲ့သူပါ၊ ရဂုံ့အပေါ်လည်း အဲဒီလိုပဲရှိပါလိမ့်မယ်၊ ကျွန်တော့်ကိုပေးတဲ့မေတ္တာမျိုး ရဂုံ့ကိုလည်းပေးမှာပါ"

"ရှင်ယုံကြည်ချက်ရှိတယ်ပေါ့"

သူ သွက်လက်ပေါ့ပါးစွာ ခေါင်းညိတ်ပြလိုက်မိသော်လည်း၊ ရဂုံ ဘာကြောင့်ဒီလိုမေးခွန်းတွေ မေးနေရတာလဲဟု စိတ်တွေလေးလံနေမိသည်။ မပြည့်စုံမှုတွေကြောင့် သိမ်ငယ်နေတာကြောင့်များလား။

ရဂုံက မျက်လွှာလေးချလျက် . . .

"ဒါဆိုရင် ရှင့်အိမ်ကို ရဂုံလိုက်ခဲ့ပါ့မယ်"

"ဟင် . . . တ . . . တကယ်နော် ရဂုံ၊ ဒါဆိုကျွန်တော့်ကိုအဖြေပေးတာပေါ့"

"ရှင်ယူဆချင်သလို ယူဆလိုက်တော့"

"ဟား . . . ရဂုံရယ်၊ ကျွန်တော်ပျော်လိုက်တာဗျာ"

ရဂုံ့ကိုယ်လေးကို သူထွေးဖက်ပစ်လိုက်သည်။ ရဂုံက သူ့ရင်ဘတ်ကိုတွန်းကာ လွန့်လွန့်လေးရုန်းလျက်

"ရှင်ဘယ်လိုဖြစ်နေတာလဲ၊ ရွှေဖူးလေးမြင်ရင် အရှိအသေတန်





ဦးမယ်"

"ရွှေဖူးက တခြားကလေးတွေနဲ့ ကစားပြီးပျော်နေတာ . . .၊ ကျွန်တော်တို့ကိုတောင် ဂရုမစိုက်တော့ဘူးတွေ့လား"

"ကဲ . . . ဖယ်ပါ၊ ရှင်အဲဒီလိုအတင့်ရဲရင် မုန်းမိမှာနော်"

"မုန်းတော့မမုန်းပါနဲ့ ရဂုံရယ်၊ ဖယ်ဆို ဖယ်ပါ့မယ်၊ ဒါနဲ့အိမ်ကိုလိုက်ရမှာနော်ရဂုံ၊ ဖေဖေနဲ့တွေ့ရအောင်"

"ရှင့်အိမ်ကိုလိုက်ရင် ရွှေဖူးကိုပါခေါ်ခဲ့မှာနော်"

"ဟုတ်ပါပြီဗျာ ခေါ်ခဲ့ပါ၊ ရဂုံ့မှာတူမလေးတစ်ယောက်ရှိတယ်လို့ ကျွန်တော်ပြောထားပါတယ်၊ ဒါပဲနော် ရဂုံ . . . ဖေဖေနဲ့တွေ့ပြီးတာနဲ့ ကျွန်တော်တို့ အမြန်ဆုံးလက်ထပ်ကြမယ်"

"ရှင့်အဖေပဲ သဘောတူပါစေဦး"

"ဘာတွေစိုးရိမ်ကြောင့်ကြနေတာလဲ ရဂုံရယ် . . .၊ ဖေဖေ့ကို ကျွန်တော်အကုန်ပြောပြထားပါတယ်ဆိုဗျာ၊ ကျွန်တော်က ပင်ပန်းဆင်းရဲနေတာကို မကြည့်ရက်လို့ အမြန်ဆုံးလက်ထပ်ချင်တာပါ"

"ဘဝအကျိုးပေးမို့ ရဂုံ တစ်ခါမှပင်ပန်းဆင်းရဲတယ်လို့ မညည်းညူဖူးဘူး။ မွေးကတည်းက မပြည့်စုံဖူးတာ၊ ကံအကြောင်းတရားလို့ ပဲပြောရမယ်၊ ဒါကြောင့်လည်း မိဘတွေသက်ဆိုးမရှည်ကြတာ၊ ရောဂါဖြစ်လို့လည်း ဆေးကုစရာမရှိဘူးလေ၊ အစားအာဟာရလည်း ပြည့်ဝမှုမရှိဘူးဆိုတော့ ဘယ်လိုလုပ် သက်ဆိုးရှည်ပါတော့မလဲ"

"ဒါတောင် ရဂုံလောကကြီးကို စိတ်ပျက်စိတ်ကုန်ပြီး ငွေရလွယ်တဲ့လမ်းနဲ့ ကိုယ်ကျင့်တရား အပျက်မခံခဲ့ဘူးနော်"

မိုးမြင့်ဝင့်ထည်စကားအတွက် မြလေးရဂုံ တစ်ဖက်ကိုလှည့်၍ နှုတ်ခမ်းကိုမဲ့ကာ အံကြိတ်ပစ်လိုက်မိသည်။ ရင်ထဲက ဒဏ်ရာတွေကို ဆွပေးလိုက်သလို တဖျဉ်းဖျဉ်းဖြစ်လာလျက် ရင်တစ်ခုလုံးနာကျင်သွားရှ



www.burmeseclassic.com

www.burmeseclassic.com



နေသည်။

ဒါပေမဲ့ မိုးမြင့်ဝင့်ထည်ရှေ့မှာတော့ ဒဏ်ရာတွေကို သိုသိပ်ခြင်း အဖြစ်နဲ့ အံကြိတ်မှိတ်သည်းခံရဦးမှာပါပဲ။

ဒါကြောင့် ဟန်ဆောင်အပြုံးနှင့်ပင်။

"ကိုယ်ကျင့်တရားအပျက်ခံပြီး ရှာလို့ရတဲ့ငွေက သန့်ရှင်းပါ့မလား ကိုထည်ရယ်၊ မပြည့်စုံပေမယ့် ရဂုံလည်း ကိုထည့်အဖေလို ဂုဏ်သိက္ခာကိုတော့ ကိုးကွယ်တတ်တဲ့သူပါ။ . . ဟင်း . . . . ဟင်း"

ရဂုံဘာကြောင့်ရယ်လိုက်မှန်းမသိပေမယ့် သူကတော့ ရဂုံ့ကို ပိုလေးစားသွားမိလေသည်။ ရဂုံ့ပခုံးလေးကို လက်နှစ်ဖက်နှင့် ဖျစ်ညှစ်လိုက်ပြီး

"ရဂုံ့ကို ကျွန်တော်တစ်သက်လုံးတန်ဖိုးထားသွားမှာပါ ရဂုံ"

"ကတိပေးတာလား"

"အင်း . . သစ္စာနဲ့ တိုင်တည်ပါတယ်"

"ယုံလိုက်တော့မယ်"

"ယုံလိုက်ပါ"

"ဟိုမှာ ရွှေဖူးလေးထွက်လာပြီ"

တစ်ယောက်နှင့်တစ်ယောက် ကြည်နူးစွာကြည့်ပြီးပြောနေဆဲမှာ ရွှေဖူးလေးကအနားကိုရောက်လာသည်။ သူရွှေဖူးလေးကို ပွေ့ချီလိုက်ပြီး

"ဘယ်သွားချင်သေးလဲ ရွှေဖူး"

"ရွှေဖူး ဗိုက်ဆာတယ်"

"ဟာ . . ဟုတ်ပြီဗျာ၊ အဲဒါဆို စားသောက်ဆိုင်အရင်သွားပြီး ရွှေဖူး ကစားချင်တာဆက်ကစားနော်၊ ပြီးရင် သွားချင်တဲ့နေရာတွေလည်း လိုက်ပို့ဦးမယ်"

"ဟေး . . . ဒါမှရွှေဖူးဦးဦးကွ"





ရွှေဖူးလေးက မိုးမြင့်ဝင့်ထည်ရဲ့ အလိုလိုက်အကြိုက်ဆောင်မှုများကြောင့် ပျော်ရွှင်နေသည်။ စားသောက်ဆိုင်မှာလည်း စားချင်တာကျွေး၏။ တခြားလည်စရာပတ်စရာများကိုလည်း လိုက်ပို့သည်။ ညနေစောင်းမှ ဘုရားကိုဝင်ကာ ဘုရားဖူးဖြစ်ကြသည်။

"ဘာဆုတွေတောင်းလဲ ရဂုံ"

"ရဂုံ ဆုမတောင်းဘူး . . မပြည့်တတ်လို့လေ၊ ဖြစ်လာသမျှကံကြမ္မာကို ရင်ဆိုင်မယ်လို့ပဲ ဆုံးဖြတ်ထားတယ်၊ ဒီထက်ဆိုးစရာ ကံအကြောင်းတရားလည်းမရှိတော့ဘူး မဟုတ်လား"

"ဟုတ်ပါတယ်၊ ရှေ့လျှောက် ရဂုံ ကံမဆိုးနိုင်တော့ပါဘူး။ ကျွန်တော်ကရဂုံတို့ တူအရီးနှစ်ယောက်ကို စောင့်ရှောက်မှာမို့လို့လေ၊ ရဂုံတို့က ကျွန်တော့်ဘဝဖြစ်သွားပါပြီ၊ ကျွန်တော်တစ်သက်လုံး တာဝန်ယူမှာပါ"

"အဲဒီစကားမျိုး အမြဲတမ်းကြားချင်ပါတယ် ကိုထည်"

"အမြဲတမ်း တစ်သက်လုံးကြားနေရမှာပါ ရဂုံ၊ တကယ်ကတိပေးပါတယ်"

ကတိတွေ အထပ်ထပ်ပေးနေပေမယ့် သူမပြုံးပျော်ကြည်နူးမသွားမိပေ။ ဖြစ်မလာနိုင်ဘူးဆိုတာ ကြိုသိနေလို့ပါ၊ ဒါတွေဟာ ဘာကြောင့်လဲဆိုတာ ရှင်သိဖို့တော့ လိုပါသေးတယ် မိုးမြင့်ဝင့်ထည်။ ဒီပန္နက္ခတွေကြားထဲမှာ ရှင့်ကိုချစ်မိသွားခဲ့တဲ့ ရဂုံ့ရဲ့နှလုံးသားလေးက ထပ်ဆင့်ဒဏ်သင့်နေရပါပြီ။

မချစ်မိအောင်ကြိုးစားရင်းက ရှင့်အချစ်တွေကို မလွန်ဆန်နိုင်ခဲ့တာပါ။ ဒီတော့လည်း ခံစားရုံပဲရှိတော့တာပေါ့လေ . . ။

ရှင့်အဖေနဲ့တွေ့ရင်တော့ . . . ။

✤✤✤



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"ဒေါ်ကြီးသောင်း၊ ကျွန်တော်ဧည့်သည်တွေခေါ်လာပြီ၊ ဖေဖေ ရော"

"အပေါ်ထပ်အခန်းထဲမှာ ရေချိုးနေတယ်ထင်တယ်၊ ခဏနေ ဆင်းလာတော့မှာပါ"

"ဟုတ်ကဲ့ . . . ဧည့်သည်တွေအတွက် အအေးလေးလုပ်ပေးပါ ဦးနော်၊ ထမင်းစားဖို့ကစောနေသေးတယ်ထင်တယ်၊ မိသန်းချက်နေတယ် မဟုတ်လား"

"အင်း . . . ဒေါ်သောင်း အားလုံးစီမံပေးပြီးပါပြီ၊ အအေးပို့နိုင်း လိုက်မယ်နော်"

"ဟုတ်ကဲ့ . . ဪ . . ဒေါ်ကြီးသောင်း . . . သူက ကျွန်တော် လက်ထပ်မယ့် မြလေးရဂုံပါ၊ သူက ရွှေဖူးမွန်တဲ့၊ ရဂုံရဲ့တူမလေးပါ"

ဒေါ်ကြီးသောင်းကို လက်ထပ်မည့်သူလို့ မိတ်ဆက်ပေးတော့ မျက်နှာတစ်ခုလုံး ပွထူသွားမိသည်။ လူကြီးကိုမျက်နှာပူစရာပဲ မဟုတ် ပါလား။ ဒေါ်ကြီးသောင်းကတော့ ဖော်ရွေသောအပြုံးမျက်နှာနှင့် . . .

"တူအရီးနှစ်ယောက်လုံး ချစ်စရာလေးတွေပဲကွယ်၊ အပြစ်ကင်း စင်လိုက်တာကွယ်၊ လူလေးအဖေမြင်ရင်လည်း ချစ်မှာပဲ"





"ကျွန်တော်အရွေးတော်တယ် မဟုတ်လား ဒေါ်ကြီးသောင်း"

"တော်ပါ့ . . တော်ပါ့၊ ဒီအကြောင်းပဲ သားအဖနှစ်ယောက် တကြိတ်ကြိတ်ပြောနေကြတာ၊ လူလေးမြန်မြန်လက်ထပ်တော့လည်း အိမ်ကစိုပြည်သွားတာပေါ့ကွယ်၊ ကဲ . . နေကြဦးနော်၊ ဒေါ်ကြီးသောင်း မီးဖိုခန်းဘက်သွားလိုက်ဦးမယ်"

"ဟုတ်ကဲ့"

မိုးမြင့်ဝင့်ထည်အဖေကတော့ ဒေါ်ကြီးသောင်းလို ဝမ်းသာအားရ ကြိုဆိုမှာမဟုတ်ပေ။ ဧည့်ခန်းကြီးက တခမ်းတနားပါ။ ဒီလောက်တောင် ချမ်းသာကြွယ်ဝပါလျက် ဘာကြောင့်များ . . .။

"ရဂုံ . . . သက်သောင့်သက်သာနေပါ၊ ဘယ်လိုဖြစ်လို့ ခေါင်း ကြီးငုံ့ပြီး အသက်ရှုကျပ်သလိုဖြစ်နေတာလဲ"

"ဪ . . ရှင်တို့ ဒီလောက်ထိချမ်းသာမှန်းမှမသိတာ၊ ထင် ထားတာထက်တောင် ချမ်းသာတာပဲ၊ သိမ်ငယ်မိလို့ပါ"

"ဘာလို့ သိမ်ငယ်ရမှာလဲ ရဂုံရယ်၊ ကျွန်တော်နဲ့လက်ထပ်ပြီး ရင် ရဂုံက ဒီအိမ်ရဲ့အိမ်ထောင်ရှင်မဖြစ်ရမှာပါ၊ ရဂုံလည်း ပိုင်ဆိုင်ရမှာ ပဲလေ"

အိမ်ကြီးရှင်ဖြစ်လို့ရော မရဘူးလားလို့ မိုးမြင့်ဝင့်ထည်ကို မေး ကြည့်လိုက်ချင်သည်။ ဒါပေမဲ့ မမေးရက်ပါ။

"သားတို့ရောက်နေကြပြီလား"

"ဟုတ်ကဲ့ ဖေဖေ"

ကျောပေးလျက်အနေအထားနှင့် ထိုင်နေမိတာမို့ အပေါ်ထပ် လှေကားကဆင်းလာသော ဦးဂုဏ်ဝင့်ထည်အသံကိုသာ အရင်ကြားရ သည်။ မျက်နှာချင်းဆိုင်ရတော့မှာမို့ မြလေးရဂုံ ခြေဖျားလက်ဖျားတွေ အေးစက်တောင့်တင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့်ဝင့်ထည်က သူမလက်ကလေးကို အားပေးသလို ဆုပ်ညှစ်ကိုင်ထား၏။

"ဖေဖေ... သားရဲ့ချစ်သူ မြလေးရတုံပါ၊ ဒါက ရတုံ့တူမလေး ရွှေဖူးမွန်"

"ဟင်"

ဦးဂုဏ်ဝင့်ထည် မျက်လုံးတွေ ပျာဝေသွားသလိုဖြစ်သွားတာကြောင့် မျက်မှန်ကိုပင့်တင်ပြီး မြလေးရတုံကို ထပ်မံကြည့်မိသည်။

"ရတုံ ... ဒါကျွန်တော့်ဖေဖေပါ၊ ဦးဂုဏ်ဝင့်ထည်"

"ဟုတ်... ဟုတ်ကဲ့"

"ဖေဖေ... ဖေဖေ"

"ဟင်... ဟင် သား"

"ဘာဖြစ်လို့လဲ ဖေဖေ"

"ဟင် ... ရေ... ရေချိုးပြီးစဆိုတော့ ခေါင်းကမိုက်ခနဲဖြစ်သွားလို့ပါ"

"ဟာ... ဖေဖေ နေမကောင်းဘူးလား"

"အင်း ... သိပ်... သိပ်နေမကောင်းချင်သလိုပဲ၊ ခေါင်းကို ရေလောင်းချိုးလိုက်တာ မူးနောက်နောက်ဖြစ်နေတယ်"

"ဟာ... ဖေဖေရာ တစ်ခါမှအဲလိုမဖြစ်ဖူးဘဲနဲ့၊ သားဆရာဝန်ခေါ်လိုက်ရမလား ဖေဖေ"

"မ... မလိုပါဘူး သားရယ်၊ ခဏနေကောင်းသွားပါလိမ့်မယ်"

ဦးဂုဏ်ဝင့်ထည်မျက်လုံးကို စုံမှိတ်ထားသည်။ အတန်ကြာသည်အထိ မျက်လုံးမဖွင့်၊ မြလေးရတုံရဲ့ မဲ့ပြုံးကိုမြင်သွားလို့ပဲ မဟုတ်ပါလား။

"အန်ကယ် နေမကောင်းရင် အခန်းထဲမှာသွားလှဲနေပါလား၊ ရတုံတို့ကို အားမနာပါနဲ့"





"ဟုတ်သားပဲ ဖေဖေ၊ ခဏလောက်လှဲနေလိုက်ရင် ကောင်းသွားမှာပါ လှဲနေမလား"

"ရ... ရပါတယ်သား၊ ဧည့် ... ဧည့်သည်တွေကို"

"ရတုံတို့ကို အားမနာပါနဲ့၊ ရတုံ ပြုစုပေးလို့လည်းရပါတယ်"

"ဟာ... ရတယ် နေပါစေ၊ ဘာမှမဖြစ်ဘူး၊ ပြုစုစရာမလိုဘူး"

ဦးဂုဏ်ဝင့်ထည် ပျာပျာသလဲ လက်တကာကာဖြစ်သွား၏၊ မိုးမြင့်ဝင့်ထည် မမြင်အောင် သူမနှုတ်ခမ်းမဲ့ကာ မထိမဲ့မြင်ပြုံးပြလိုက်ပြန်တော့ မျက်လုံးကိုစုံမှိတ်ထားပြန်၏။

ဘာတွေ တွေးနေတာလဲ။ ဘာတွေ မြင်ယောင်နေတာလဲလို့ မေးပစ်လိုက်ချင်သည်။ မိုးမြင့်ဝင့်ထည်ကတော့ သူ့အဖေ တကယ်နေမကောင်းဘူးထင်၍ ပျာပျာသလဲပါ။ ဖအေဖြစ်သူဘက်က ခုံမှာပြောင်းထိုင်ပြီး၊ နဖူးလေးစမ်း၊ လက်ကလေးဆုပ်ကိုင်ဖြင့် ...။

"ရေချိုးမှားသွားတာထင်တယ်၊ သားချစ်သူကိုခေါ်လာမယ်ဆိုတော့ စိတ်လည်းလှုပ်ရှားသွားမှာပေါ့၊ အဲဒါကြောင့် သားကပြောတာကျန်းမာရေးဂရုစိုက်ပါလို့၊ ဖေဖေက ဒေါင်ဒေါင်မြည်ပဲဆို၊ ရိုက်သတ်လို့တောင် မသေဘူးဆိုပြီးတော့"

"ဖေဖေ ဘာမှမဖြစ်ပါဘူးသားရယ်၊ နေကောင်းပါတယ်၊ ခေါင်းမူးပြီး မိုက်ခနဲဖြစ်သွားတာ အခိုက်အတန့်ပါ"

"ဒါဆိုလည်း ရတုံတို့ကိုနှုတ်ဆက်ဦးလေ ဖေဖေ၊ ရတုံက သားတို့အရှိန်အဝါကိုမြင်ပြီး သိမ်ငယ်နေတာ၊ ဖေဖေက သဘောတူတဲ့အကြောင်းပြောပြီး အားပေးလိုက်ပါဦး"

"သား... ဟိုလေ... အဲ... အဲဒါ"

"ကိုထည်ရယ်... နေမကောင်းတဲ့သူကို ဖွတ်မပြောပါနဲ့၊ ပြီးမှအေးအေးဆေးဆေးပြောပါစေ၊ ကိုထည့်အဖေက သဘောတူမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ ပြောထားပြီးသားဆိုတော့ ရင်ဂုံနေတတ်ပါတယ်''

''အအေးသုံးဆောင်ကြပါဦး၊ နောက်မှာ ခဏနေထမင်းပွဲပြင်လို့ရပါပြီ၊ စားတော့မယ်ဆိုရင် အဆင်သင့်လုပ်ထားလိုက်ပါ့မယ်''

''အေးအေး . . ပြီးရင်ပြောလိုက်မယ်''

မိသိန်း အအေးခွက်ချပြီး ပြန်ထွက်သွားသည်။ မိုးမြင့်ဝင့်ထည်က မြလေးရှေ့ ်င် ရွှေဖူးလေးရှေ့ အအေးခွက်လေးတွေတိုးပေးပြီး . . .

''ရှ သုံးဆောင်ပါဦး။ ရွှေဖူးလေးကို ကျွန်တော်တိုက်လိုက်မယ်''

''ရပါတယ် . . ရဂုံ တိုက်လိုက်မယ်၊ လမ်းမှာအိမ်ရောက်ရင်ကိုထည် ရေချိုးမယ်လို့ပြောလာတယ် မဟုတ်လား . . .၊ သွားချိုးချင်ချိုးလေ''

''ထမင်းစားပြီးမှပဲ ချိုးမယ်လေ၊ အခု ရဂုံတို့အားမငယ်အောင်ကျွန်တော်ညှော်ခံဦးမယ်''

''ညှော်သည်လိုသတ်မှတ်ပြီး ညှော်ခံမယ်ပြောတာပေါ့''

''ဟာ . . မဟုတ်ပါဘူး။ ကျွန်တော့်ရဲ့ဇနီးလောင်းလေး အားငယ်နေမှာစိုးလို့ပါ၊ ဖေဖေ စကားလေးဘာလေးပြောပါဦး၊ ရဂုံနေတတ်မှာမဟုတ်တော့ဘူး''

''အင်း . . . အင်း သား''

ဦးဂုဏ်ဝင့်ထည် ဘာပြောရမှန်းမသိဘဲ ဆိုဖာခုံကိုကျောမှီလျက်အနေအထားနှင့် တောင့်တောင့်ကြီးဖြစ်နေခဲ့သည်။

သားက ဘယ်လိုအတန်းအစားက မိန်းကလေးကို မြတ်နိုးကြင်နာမှုတွေနှင့် တန်ဖိုးထားနေခဲ့တာလဲ။

မဖြစ် . . . ဘယ်လိုမှမဖြစ်။ မြလေးရဂုံနှင့် လုံးဝကိုမဖြစ်နိုင်။

မြလေးရဂုံ ဘယ်လိုအတန်းအစားကဆိုတာ ကိုယ်သိနေတာ





ကြောင့်ပါ။

ဘာကြောင့်သိနေခဲ့ရတာလဲဆိုတာတော့ . . . . ။

✤✤✤



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ဦးဂုဏ်ဝင့်ထည်ရဲ့ တိတ်ဆိတ်ခြင်းကြောင့် ထမင်းဝိုင်းက အေးစက်ခြောက်ကပ်နေခဲ့သည်။ မိုးမြင့်ဝင့်ထည်ကတော့ ရဂုံတို့အားမငယ်အောင် ဟင်းတွေခပ်ထည့်ပေး ဂရုစိုက်ကျွေးဖြင့် ပျာယာခတ်နေခဲ့သည်။

"စားနော် ရဂုံ၊ ဘာမှအားမနာနဲ့ နောက်လည်း ရဂုံက ဒီအိမ်ကြီးပေါ်ရောက်လာမှာပဲ၊ ကိုယ့်အိမ်လိုသာ သဘောထားပြီးစား၊ ရွှေဖူးလေးရော စားနော်၊ ဦးဦးခွံ့ကျွေးရမလား"

"ရပါတယ် ဦးဦး၊ ရွှေဖူးစားတတ်ပါတယ်၊ ဟင်းတွေက အရမ်းစားလို့ကောင်းတာပဲ၊ ဒီလိုဟင်းတွေ ရွှေဖူးတစ်ခါမှမစားဖူးဘူး"

"ဟုတ်လား၊ ရွှေဖူးက ကြိုက်တယ်ပေါ့"

"ဟုတ်ကဲ့ . . . အရမ်းကြိုက်တယ်"

"ရွှေဖူးက အရမ်းအကောင်းကြိုက်တယ်လေ၊ သူ့ဒွေးဇာတာပါတယ်ထင်တယ်၊ တကယ်ဆို လူချမ်းသာအသိုက်အဝန်းထဲရောက်သင့်တာ၊ ရဂုံတို့လို ဆင်းရဲတဲ့လူရဲ့လက်ထဲရောက်လာတော့ ကလေးဘဝက သနားစရာကောင်းတာပေါ့"

မြလေးရဂုံပြောတော့ ဦးဂုဏ်ဝင့်ထည် မျက်ခုံးတစ်ချက်ပင့်ကြည့်၏။ မိုးမြင့်ဝင့်ထည်က ရွှေဖူးပန်းကန်ထဲ ဟင်းတွေခပ်ထည့်ပေးပြီး





"ကဲပါ၊ အခုချိန်ကတည်းက လူချမ်းသာအသိုက်အဝန်းထဲရောက်ပြီလို့သာ အောက်မေ့လိုက်၊ စားနော် ရွှေဖူးလေး"

"အန်ကယ်က အစားနည်းလိုက်တာ၊ ရဂုံဟင်းထည့်ပေးပါရစေ၊ ခုနက ဦးချတဲ့ဟင်းနဲ့ပဲစားနေတယ်၊ ဟင်းခွက်တွေ မနှိုက်ဘူး၊ သုံးဆောင်ပါ အန်ကယ်"

"နေ နေ ရတယ်"

မြလေးရဂုံလောကွတ်လုပ်တာကို ဦးဂုဏ်ဝင့်ထည်လက်ခံချင်ပုံမရပေ။ အကျောက်အကန် ပန်းကန်ကိုနောက်ဆုတ်လျက် ထမင်းစားခြင်းကို ရပ်တန့်လိုက်သည်။

အရမ်းကိုကြွေမြွှေပျက်နေတာက သိသာလွန်းနေသည်မို့ မြလေးရဂုံ နှုတ်ခမ်းမဲ့ကာ ပြုံးလိုက်မိ၏။ ကြောက်လန့်ခြင်းများနှင့် ချွေးပြန်နေသည် မဟုတ်လား။ မိုးမြင့်ဝင့်ထည်က သူမကိုအားနာသွားလျက်

"ဖေဖေက သိပ်နေမကောင်းလို့ဖြစ်မယ် ရဂုံရဲ့၊ အရင်က ဒီလောက်လည်း အစားမနည်းဖူးဘူး၊ ဒီလိုလည်း မဖြစ်ဖူးဘူး"

"သြော် . . ရဂုံတို့ရောက်တဲ့နေ့မှ အဲဒီလိုဖြစ်တာ၊ ရဂုံအားနာလိုက်တာ"

"အာ . . ရဂုံက ဘာအားနာစရာရှိလို့လဲ၊ ကျွန်တော်တို့ကပဲအားနာရမှာပါ၊ ရဂုံတို့ကို ဝတ္တရားမကျေမှာ စိုးရိမ်နေတာ"

"ရဂုံတို့က ကိစ္စမရှိပါဘူး၊ ဒီလိုဧည့်ခံကျွေးမွေး ဂရုစိုက်နေတာကို ကျေးဇူးတင်ပါတယ်"

ဦးဂုဏ်ဝင့်ထည်ကိုကြည့်ကာ ပြောလိုက်ပြီး မြလေးရဂုံပြုံးလိုက်မိပြန်သည်။ တကယ်ကို ဦးဂုဏ်ဝင့်ထည်သွေးပျက်နေပြီ မဟုတ်ပါလား။ ဒီထက် သွေးပျက်စရာကိစ္စတွေရှိသေးသည်ဆိုတာ ဦးဂုဏ်ဝင့်ထည် သိသေးပုံမပေါ်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ့ . . ဒေါ်ကြီးသောင်းရေ၊ ညနေခန်းမှာ သစ်သီးပွဲလေးပြင်ပေးပါဦးနော်၊ ထမင်းစားပြီးရင် စားမှုအောင်"

"အဆင်သင့်ပဲလူလေး"

ဦးဂုဏ်ဝင့်ထည်က အရင်ဆုံးထမင်းဝိုင်းက ထထွက်သွား၏။ ပြီးမှ သူမတို့လိုက်လာခဲ့ကြသည်။

"ရဂုံ . . . ထမင်းစားပြီး အချိုပွဲပေါ့၊ သုံးဆောင်ရင်းနဲ့ ဖေဖေနဲ့စကားပြောနေလို့ဖြစ်တယ်မဟုတ်လား။ ကျွန်တော် ရေချိုးလိုက်ချင်လို့ပါ"

"ဖြစ်ပါတယ် သွားချိုးပါ၊ ပြီးရင် ရဂုံတို့ကိုလိုက်ပို့ရဦးမှာ"

"ဖေဖေ့ . . ရဂုံ့ကိုပြောစရာရှိတာပြောပါ၊ သားကတော့အမြန်ဆုံး လက်ထပ်ချင်တာနော်၊ ဖေဖေ စဉ်းစားထားတာတွေ ရဂုံ့ကိုပြောလိုက်ရင် ရဂုံ ဝမ်းသာမှာပါနော် ဖေဖေ"

"ဪ့ . . အင်း့ . . အင်း သား"

မိုးမြင့်ဝင့်ထည် အပေါ်ထပ်တက်သွားတာကို မြလေးရဂုံချစ်မြတ်နိုးနေသည့် မျက်လုံးများဖြင့် တမင်လိုက်ကြည့်နေလိုက်သည်။

"ရွှေဖူး ခြံထဲကြည့်ချင်တယ် အန်တီလေး"

"ဟင်း့ . . ကြည့်ချင်လို့လား၊ ဦးဦးပြန်ဆင်းလာမှ လိုက်ပြနိုင်းနော်"

"ဒေါ်သောင်း ကလေးကိုလိုက်ပြလိုက်ပါ"

သစ်သီးပွဲလာချပေးသော ဒေါ်သောင်းကို ဦးဂုဏ်ဝင့်ထည်နိုင်းလိုက်၏။ နှစ်ယောက်တည်းကျန်သည့်အချိန်မှာ ဦးဂုဏ်ဝင့်ထည်မျက်နှာက ပို၍ပြင်းထန်မာကျောနေသည်။

မြလေးရဂုံ မထိတရီပြုံးနေလိုက်၏။

"မြလေးရဂုံ့ . . မင်းဘာသဘောလဲ၊ ဘာလို့ဒီလိုတွေလုပ်နေ



တာလဲ၊ မင်းဘယ်လိုမိန်းကလေးလဲဆိုတာ ငါသိတယ်၊ ငါ့သားနဲ့ . . ."

"တမင်ပတ်သက်အောင်လုပ်လိုက်တာ"

"ဘာ"

"ရှင့်ကိုယ်ရှင်သိပ်ပြီး ကိုယ်ကျင့်တရားတွေကောင်းနေတဲ့ ဂုဏ်သိက္ခာကြီးမားသူကြီးပေါ့၊ ရှင်ဘယ်လိုလူလဲဆိုတာလည်း ကျွန်မ သိတယ်"

"မင်း့ . . မင်း ဘာရည်ရွယ်ချက်နဲ့ ငါ့သားကိုပတ်သက်တာလဲ၊ မင်းနဲ့ငါတို့ ပတ်သက်စရာ ဆက်ဆံစရာအကြောင်းမရှိဘူး၊ မင်းနဲ့ငါက ငွေပေးလိုက်ရင်ပြီးသွားတဲ့ကိစ္စ"

"ဟုတ်တယ် ငွေပေးရင်ပြီးတယ်၊ အဲဒီငွေမရလို့ ဒီလိုကိစ္စတွေဖြစ်လာတာ"

"ဘာ့ . . ဘာပြောတယ်"

"ရှင့်လိုလူကြီးလူကောင်း လူချမ်းသာတစ်ယောက်မှာ ဒီလိုအကျင့်ဆိုးမျိုး အကျင့်ယုတ်မျိုးရှိနေတာ အံ့သြစရာပဲ၊ အဲလိုစည်းစိမ်ချမ်းသာတွေ ပိုင်ဆိုင်တဲ့သူက ဒီလောက်ငွေနဲ့ အရှက်မရှိတဲ့လုပ်ရပ်၊ အောက်တန်းကျတဲ့လုပ်ရပ်တွေ လုပ်ရတယ်လို့ ဟွန်း့ . . အံ့သြဖို့ ကောင်းလိုက်တာ"

"မြလေးရဂုံ . . . မင်း . . . မင်းဘာတွေပြောနေတာလဲ"

ဦးဂုဏ်ဝင့်ထည် ဆတ်ဆတ်တုန်လောက်အောင် ဒေါသတွေဖြစ်နေသည်။ ဒီကိစ္စက လွန်ခဲ့သည့်ရှစ်နှစ်ဝန်းကျင်ကတည်းက ပြီးခဲ့သည့်ကိစ္စပါ။

အခုမှ ဘယ်လိုဖြစ်ပြီးပေါ်လာတာလဲ။ တစ်ခါတည်းပါ။

တစ်ခါတည်းမှားယွင်းခဲ့တာ။ မိန်းကလေးကိစ္စဆိုလို့ ဒီတစ်ကြိမ် ဒီတစ်ခါတည်း မှားယွင်းခဲ့တာ။

www.burmeseclassic.com

www.burmeseclassic.com



ဇော်မြင့် . . . ဇော်မြင့်တို့ ဘာလုပ်လိုက်တာလဲ။

မျက်ဝန်းထဲမှာ ဇော်မြင့်မျက်နှာက ပေါ်လာသည်။

"မိန်းကလေးရှိတယ်၊ အပျိုစင်နုနုထွတ်ထွတ်လေး၊ သူ့အမေ ကျန်းမာရေးမကောင်းလို့ ငွေလိုနေတာတဲ့။ ကြေးများများပေးရင်ရတယ်။ တစ်ခါမှအတွေ့အကြုံမရှိတဲ့မိန်းကလေးမို့ ပိုပြီးအရသာရှိမှာပဲ။ ရောဂါလည်းမရှာဘူး။ ပြဿနာလည်းရှင်းတယ်၊ ပွဲစားကိုနှစ်ပုံးလောက်ပေးလိုက် ကောင်မလေးကိုတော့ တစ်ညသိန်းနှစ်ဆယ်ပေးရမယ်၊ မိန်းမနဲ့ကင်းကွာနေတာ နှစ်နှစ်လောက်ရှိပြီ၊ အလုပ်ထဲမှာချည်း စိတ်နှစ်မနေပါနဲ့၊ စိတ်အာသာဖြေလိုက်ရင် လူကလန်းဆန်းသွားလိမ့်မယ်"

ဇော်မြင့် အကြိမ်ကြိမ် အထပ်ထပ်ပြောလို့စိတ်ပါသွားတာ။ ဇော်မြင့်ဆိုတာက ကိုယ်မပြည့်စုံခင်အချိန်တွေက ကျောင်းနေဖက်သူငယ်ချင်း။ ကုမ္ပဏီတစ်ခုမှာ ကိုယ်ပဲအလုပ်သွင်းပေးခဲ့တာ။ စန်းပွင့်သူမို့ ရသမျှပိုက်ဆံက မိန်းမကိစ္စတွေနှင့်ပဲ ကုန်နေသည့်ကောင်။ အခုတော့ နိုင်ငံခြားမှာကြီးပွားနေသည်ဆိုသော သတင်းတော့ကြားသည်။

အဲဒီအချိန်က ငွေတွေကို ဇော်မြင့်လက်ထဲ ပုံအောပေးလိုက်တာပါပဲ။

"ဘာတွေများ တွေးနေတာလဲ ဦးဂုဏ်ဝင့်ထည်"

"ဟင်"

မြလေးရဂုံအသံကြားမှ သတိပြန်လည်လာသည်။ စက်ဆုတ်ရွံရှာစွာပင် ကြည့်ပစ်လိုက်၏။

"မြလေးရဂုံ . . မင်းလိုမိန်းကလေးမျိုး ကလိမ်ကကျစ်ပြောတာကို ငါကယုံမယ်ထင်နေလား။ မင်းရဲ့အခကြေးငွေ ငါပေးလိုက်တယ်၊ ငါ အဲလိုကောင်မဟုတ်ဘူး"

"ရှင်ပေးခဲ့ရင် အဲဒီငွေ ကျွန်မလက်ထဲရောက်လာမှာပေါ့။ အခု





တော့ မလည်မဝယ် အတွေ့အကြုံမရှိ ရိုးအတဲ့မိန်းကလေးရဲ့ဘဝကို ရှင်တို့လူချမ်းသာ လူလည်ကြီးတွေပေါင်းပြီး ဖျက်ဆီးလိုက်တာ၊ ကျွန်မဘဝကို အညွန့်ချိုးရုံမကဘဲ ကျွန်မအမေကိုပါ သတ်ခဲ့တာ"

"ဘာ"

"ကျွန်မ အဲဒီအလုပ်ကို လုပ်ချင်လို့လုပ်ခဲ့တာမဟုတ်ဘူး။ ကျွန်မအမေ သေလုမြောပါးရောဂါဝေဒနာရနေလို့ ဆေးကုပေးချင်တာနဲ့ ကျွန်မဘဝနဲ့လဲခဲ့တာ၊ ဒါပေမဲ့ ရှင်တို့ငွေမပေးတဲ့အတွက် ကျွန်မအမေအသက်ကို မကယ်တင်လိုက်နိုင်ဘူး။ ကျွန်မဘဝလည်းပျက်ပြီး ကျွန်မအမေအသက်လည်း ဆုံးရှုံးလိုက်ရတယ်၊ လူယုတ်မာ ဦးဂုဏ်ဝင့်ထည်ရဲ့"

နာကြည်းစွာ လက်ညှိုးငေါက်ငေါက်ထိုးကာ ကြည့်ပြီးပြောတော့ ဦးဂုဏ်ဝင့်ထည် ကြက်သီးဖြန်းဖြန်းပင် ထသွားမိသည်။ ဒီအငြိုးတွေဖြင့် ကိုယ့်ကိုလက်စားချေဖို့ သားနှင့်ပတ်သက်အောင် ကြိုးစားကာ အိမ်ကို ရောက်လာခဲ့တာပါလား။

ဒီမိန်းကလေး အသိစိတ်ထဲမှာတော့ ကိုယ်ကလူယုတ်မာ အောက်တန်းကျတဲ့လူတစ်ယောက်ဖြစ်လို့နေသည်။

"မင်းငွေဘယ်လောက်လိုချင်လဲ၊ မင်းလိုချင်တဲ့အတိုင်းအတာကိုပြော၊ ပြီးရင် ငါ့မျက်စိရှေ့က၊ သားဘဝထဲက အပြီးအပိုင်ထွက်သွား"

"ဒါဆိုရင် ကျွန်မအမေအသက်နဲ့ ကျွန်မရဲ့အပျိုစင်ဘဝ ပြန်ရမလား"

"မြလေးရဂုံ"

"ကျွန်မလိုချင်တာ အဲဒါ၊ အဲဒါပြန်မရဘဲ ငွေတွေယူပြီး လွယ်လွယ်လေးပြန်ထွက်မသွားနိုင်ဘူး ဦးဂုဏ်ဝင့်ထည်"

"ဟား . . မင်းဘာဖြစ်ချင်တာလဲ၊ ဘာလုပ်ချင်တာလဲ"

"မိုးမြင့်ဝင့်ထည်ကို လက်ထပ်ပြီး ဒီအိမ်ကြီးပေါ်မှာ [illegible]နေ



www.burmeseclassic.com

www.burmeseclassic.com



မယ်လေ၊ ဒါမှ ကျွန်မရသင့်ရထိုက်တဲ့ တန်ရာတန်ကြေးလို့အောက်မေ့နိုင်မယ်''

''မဖြစ်ဘူး မဖြစ်နိုင်ဘူး၊ ငါငွေကြေးနဲ့ပတ်သက်ခဲ့တဲ့ မင်းလို မိန်းကလေးနဲ့ ငါ့သားနဲ့ လုံးဝမဖြစ်နိုင်ဘူး''

''ဒါဆိုရင် ရှင့်သားကို အဲဒီလိုဝန်ခံရဲသလား''

''ဟင်''

''အဖေနဲ့ အဲဒီလိုပုံစံမျိုးပတ်သက်ခဲ့တဲ့ မိန်းကလေးမို့ သားနဲ့ သဘောမတူနိုင်ပါဘူးလို့လေ''

''မြ . . မြလေးရဂုံ . . မင်း''

ကိုယ့်ဘဝ ကိုယ့်အရှက် ကိုယ့်ဂုဏ်သိက္ခာတွေကို ချနင်းနိုင်းနေတာပါလား။ သားက အထင်သေးသည့် အကြည်ညိုပျက်စေမည့် အဖေမျိုးဖြစ်အောင် ဝန်ခံခိုင်းနေတာပါလား။

တော်တော်အကြံပက်စက်ယုတ်ညံ့သည့် မိန်းကလေးပင်။ ထိုအချိန်မှာ ဧည့်ခန်းထဲ သားဝင်လာတော့ ဣန္ဒြေမပျက်အောင်မနည်းပင် စိတ်ကို ထိန်းချုပ်လိုက်ရသည်။ မြလေးရဂုံလည်း ထိုနည်းတူစွာပင် သားကို ဣန္ဒြေမပျက်ပြုံးပြလေသည်။

''ဖေဖေနဲ့ ရဂုံ စကားတွေကောင်းနေကြတယ်ထင်တယ်''

''အင်း . . . ဟုတ်တယ် ကိုထည်ရဲ့၊ အန်ကယ်က ကိုထည်နဲ့ လက်ထပ်ပေးဖို့အကြောင်းပြောနေတာ''

''ဟုတ်လား ဖေဖေ''

''အေြာ် . . အင်း သား''

''ဖေဖေက မျက်နှာတည်တည်ကြီးဖြစ်နေတော့ စိတ်ပူနေတာ၊ ရဂုံလည်း အားငယ်သွားမှာစိုးလို့လေ၊ ရဂုံက ဖေဖေ့ကိုမမြင်ရသေးဘဲနဲ့ တောင် တွေးပြီးကြောက်နေတာ၊ အိမ်ကို ဖေဖေနဲ့လိုက်တွေ့ရမယ်ဆိုရင် အဖြေမပေးဘူးဆိုလို့ မနည်းကိုဖျောင်းဖျဖြေသိမ့်ပြီး အဖြေရအောင် တောင်းထားရတာ ဖေဖေ''



''အင်း . . သူတို့ကို သားလိုက်ပို့ရမှာဆို ပို့လိုက်တော့လေ၊ အပြန်နောက်ကျနေမယ်၊ မြန်မြန်ပြန်လာခဲ့ သား''

''ဟုတ်ကဲ့ . . အေြာ် ရွှေဖူးလေးရော''

''ခြံထဲလိုက်ကြည့်ချင်တယ်ဆိုလို့ ဒေါ်ကြီးသောင်းလိုက်ပို့တယ်၊ ထွက်ရင်းနဲ့မှ ခေါ်လိုက်ရအောင်လေ''

ပြောပြီး မြလေးရဂုံ ထရပ်လိုက်သည်။ ပြီးမှခေါင်းလေးညွတ်ကာ ပြုံးပြီး

''ခွင့်ပြုပါဦး အန်ကယ်၊ နောက်ဖုန့်လည်းလာခဲ့ပါဦးမယ်၊ ရွှေဖူးလေးက ဒီအိမ်မှာပျော်နေပြီထင်တယ်၊ သူက အရမ်းကိုလူချမ်းသာ သားသမီးဖြစ်ချင်တာလေ၊ အရမ်းဘဝင်မြင့်ချင်တဲ့ကလေး''

''ဟုတ်လား ရဂုံ၊ ဒါဆို ကျွန်တော်တို့အိမ်ကို ခဏခဏခေါ်လာပါ၊ ကျွန်တော်မရှိလည်း အိမ်ကိုဝင်ထွက်လို့ရတယ်နော်၊ ရွှေဖူးလေး လာချင်တယ်ဆို လိုက်ပို့လိုက်ပါ၊ ရဂုံဈေးရောင်းပျက်ရင် ကျွန်တော် ပြန်ပို့ပေးပါ့မယ်''

''အဟင်း . . . အဲဒါဆိုရင်တော့ လာရတော့မှာပဲ၊ လက်ထပ်ပြီးလည်း လာနေရမှာဆိုတော့လေ''

ဒီနေ့ မြလေးရဂုံ စကားတွေသွက်နေတာမို့ မိုးမြင့်ဝင့်ထည် သဘောတွေကျနေမိသည်။ အရင်ကဆို စကားနည်းပြီး အေးဆေးလွန်းသူပါ။ ဒါကြောင့်မို့ ဖေဖေနှင့်တောင် အဆင်ပြေပါ့မလား၊ အားငယ် သိမ်ငယ်နေမလားလို့ ထင်နေတာ။

တော်ပါသေးရဲ့။ သိမ်ငယ်မှုတွေမရှိဘဲ ဖေဖေ့အပေါ်လည်း ရဲရဲတင်းတင်းဆက်ဆံရဲလို့။ မဟုတ်ရင် ရဂုံ့ကိုအားနာနေရမှာ။

www.burmeseclassic.com

www.burmeseclassic.com



"ဦးဦး"

"ဟော့ . . ရွှေဖူးလေး ပျော်နေလား"

"ပျော်တယ်၊ ခြံကြီးကအကျယ်ကြီးပဲ၊ ဟိုနေ့က ကစားကွင်းလောက်ရှိတယ်နော်၊ ရွှေဖူးလာလည်လို့ရလားဟင်"

"ရတာပေါ့ ရွှေဖူးရဲ့၊ လာလည်ရုံတင်မဟုတ်ဘူး၊ နောက်ဆိုရင် ရွှေဖူးကိုရော ရွှေဖူးအန်တီလေးကိုရော ဦးဦးက ဒီအိမ်ကြီးမှာခေါ်ထားမှာ"

"ဟေး . . . ပျော်လိုက်တာ"

အပျော်လွန်နေသော ရွှေဖူးလေးကို မိုးမြင့်ဝင့်ထည် ပွေ့ချီလိုက်သည်။ ရင်ခွင်ရဲ့ ပခုံးလေးကိုလည်း မြတ်နိုးစွာ ပွေ့ဖက်ထား၏။

ထိုမြင်ကွင်းကို ဦးဂုဏ်ဝင့်ထည် မနှစ်မြို့စွာ . . . ။

✤✤✤

BURMESE CLASSIC

# အခန်း (၂၀)

"အန်တီလေး"

"ရှင်"

"အိမ်ရှေ့မှာ ကားလာရပ်တယ်"

"ဟင် . . ဦးဦးကားလား၊ ခုနကမှပြန်သွားတာလေ"

"မဟုတ်ဘူး၊ ဦးဦးတို့ခြံထဲမှာမြင်ခဲ့တဲ့ကား"

"ဟင်"

အိမ်ထဲမှာ အဝတ်တွေခေါက်နေဆဲ ရွှေဖူးလေးလာပြောသည့်စကားကြောင့် အံ့သြသွားရသည်။ မိုးမြင့်ဝင့်ထည်က သူမတို့ကိုလိုက်ပို့ပြီး ခုနလေးကမှ ပြန်သွားတာပါ။

ဦးဂုဏ်ဝင့်ထည် အခုလိုမြန်မြန်ဆန်ဆန် လိုက်လာလိမ့်မည်ဟု မထင်ပါ။

"ရွှေဖူးလေး . . . အန်တီခိုင်တို့အိမ်အလည်သွားလိုက်နော်၊ အန်တီလေး ဧည့်သည်နဲ့စကားပြောလိုက်ဦးမယ်"

"ဟုတ်ကဲ့ အန်တီလေး၊ ပြီးမှ အန်တီခိုင့်ကို လိုက်ပို့ခိုင်းမယ်နော်"

"အင်း . . . အင်း ရွှေဖူးလေး၊ နောက်ဘက်ကသွားနော်"

www.burmeseclassic.com

www.burmeseclassic.com



မမေခိုင်တို့အိမ်နှင့် နောက်ဘက်မှာ တံခါးဖောက်ထားတာမို့ ရွှေဖူးလေးကို နောက်ဖေးအထိလိုက်ပို့လိုက်သည်။

"အဟမ်း ဟမ်း"

ဦးဂုဏ်ဝင့်ထည်က အိမ်ပေါက်ဝရောက်မှ ချောင်းဟန့်သံပေး၏။ ဝမ်းသာအားရခရီးဦးကြိုပြုသင့်သည့် လူတစ်ယောက်မဟုတ်ပါ။

"ဘာကိစ္စလဲ ဦးဂုဏ်ဝင့်ထည်"

"ကိစ္စရှိလို့ လာတာပေါ့ မြလေးရဂုံ၊ ငါ့သားနဲ့မပတ်သက်ဖို့ အဆက်အသွယ်ဖြတ်ဖို့ လာပြောတာ"

အိမ်ပေါ်တက်ထိုင်ကာပြောတော့ သူမနှုတ်ခမ်းကိုမဲ့ပစ်လိုက်သည်။

"ကျွန်မဘက်ကလည်း အပြတ်ပြောပြီးသားထင်ပါတယ်၊ ရှင်နားမလည်လို့ ချက်ချင်းကြီးလိုက်လာပြီး မေးတာလား"

"မင်းလိုအတန်းအစားက မိန်းကလေးကို ငါလုံးဝသဘောမတူနိုင်ဘူး၊ ငါ့သားနဲ့လုံးဝလက်ထပ်မပေးနိုင်ဘူး မြလေးရဂုံ၊ ငါ့သားကို ငါ့ရဲ့ဒီကိစ္စ အမှားဝန်ခံသင့်ရင် ဝန်ခံလိုက်မယ်"

"ဒါဆို ရွှေဖူးလေးက ရှင့်သမီးဆိုတာပါထည့်ပြီး ဝန်ခံလိုက်ပါ"

"ဘာ. . ဘာပြောတယ်"

"ကျွန်မဘဝအတွက် ရပ်တည်ရခက်မှာစိုးလို့ တူမလို့ပတ်ဝန်းကျင်မှာ အသိပေးထားရပေမယ့် ရွှေဖူးလေးက ရှင့်ကြောင့်ရလာတဲ့ ကျွန်မရဲ့သမီးပဲ"

"မြလေးရဂုံ၊ မင်း . . . မင်း အဲဒါကို"

"အဲဒီအချိန်က ကျွန်မအသက်အရွယ်ငယ်သေးတယ်လေ၊ အတွေ့အကြုံလည်းမရှိလို့ ဘာလုပ်ရမယ်ဆိုတာလည်း မသိခဲ့ဘူး။ အမေသေပြီးမှ ကျွန်မမှာ ကိုယ်ဝန်ရှိလာမှန်းသိရတယ်၊ အမေမရှိတော့ တိုင်ပင်



စရာလူလည်း မရှိတော့ဘူး၊ အဲဒါနဲ့ အဲဒီကိုယ်ဝန်ကိုလွယ်လိုက်ရတာ"

"ဟား . . . မြလေးရဂုံရယ်၊ မင်း . . . မင်းကွာ၊ ဒါဆိုရွှေဖူးလေးက ငါ့သမီးပေါ့၊ မင်းတခြားယောကျ်ားတွေနဲ့ . . ."

"ရှင်လည်း အဲဒီတစ်ကြိမ်တစ်ခါပဲ မှားခဲ့တယ်လို့ပြောတယ်နော်၊ ကျွန်မလည်း အဲဒီတစ်ကြိမ်တစ်ခါပဲ မှားခဲ့တာပါ၊ ဒါတောင် အမေ့ကျန်းမာရေးကြောင့် အမေ့ကျန်းမာရေးအတွက် ဆေးဖိုးဝါးခအရေးကြီးနေလို့ ကျွန်မဘဝအမည်းစက်စွန်းထင်းသွားခဲ့တာ၊ ဒါကိုတောင် လူယုတ်မာတွေက ငွေမပေးဘဲ အလကားစော်ကားတာခံလိုက်ရတယ်"

"အဲဒီကိစ္စ ငါရှင်းပြမယ် ရဂုံ၊ မင်းနဲ့ဆက်သွယ်ပေးတဲ့ ဇော်မြင့်ဆိုတဲ့ကောင်ကို ငါငွေအပြည့်အဝပေးလိုက်တယ်၊ ငါ့ရဲ့အဲဒီတစ်ခါအမှားကိုတောင် ငါရှက်လွန်းလို့ သူ့ကိုငွေပေးထားခဲ့ပြီး ငါတန်းခနဲပြန်လာခဲ့တာ၊ မင်းဘယ်ကမှန်း၊ နာမည်ဘယ်လိုခေါ်မှန်းတောင် မမေးခဲ့ဘူး၊ နောက်တစ်ခါဆိုတာမျိုးအဖြစ်မခံနိုင်တော့လို့ပဲ"

"ဒါကတော့ ရှင့်စကားလေ၊ ကျွန်မကတော့ ငွေမရလို့ အမေ့ရဲ့အသက်ကိုမကယ်တင်လိုက်နိုင်တာတော့ အမှန်ပဲ၊ အဲဒါကြောင့် . . ."

"အဲဒါကြောင့် ငါ့ကိုလက်စားချေဖို့ အငြိုးတွေနဲ့ ငါ့သားကိုချည်းကပ်ခဲ့တာပေါ့၊ မင်းအကောင်သေးသလောက် အဆိပ်ပြင်းလှချည်လား မြလေးရဂုံ၊ အခု ငါ့ကလေးကိုမွေးထားပြီး ငါ့သားနဲ့လက်ထပ်ဖို့ ကြိုးစားတယ်၊ မင်းဘယ်လိုအကြံဆိုးနဲ့ ဆွေမျိုးစပ်မလို့လဲ၊ ဟင်. . ပြောစမ်းပါဦး"

"ဟင်း . . . ဟင်း၊ အဲဒီအိမ်ထဲရောက်ရင် ရွှေဖူးက ရှင့်ကိုအဖေခေါ်လိမ့်မယ်"

"ဘာ"

"ရှင့်သားကိုတော့ ဦးဦးလို့ပဲခေါ်ခေါ်၊ ဘယ်လိုခေါ်ခေါ်၊ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



အားလုံးသင်ထားပေးပြီးသားပါ၊ ကလေးက အရမ်းလည်တယ်၊ စကား တတ်တယ်၊ တစ်ခါသင်ပေးရင် တစ်သက်လုံးမှတ်တယ်၊ နောက်မှ သေသေချာချာပြောပြရဦးမယ်၊ ရှင်ကသူ့အဖေဆိုတာကို ...''

''ဟား ... မြလေးရဂုံရယ်၊ မင်း ... မင်းကွာ''

ဦးဂုဏ်ဝင့်ထည် ငိုချတော့မလို အသံအက်အက်ကြီးနှင့် တစ်ကိုယ်လုံး တုန်ယင်လို့နေသည်။ ကြိတ်မနိုင်ခဲမရ၊ ယူကျုံးမရ၊ ဘယ်လို ဝေဒနာမျိုးမှန်းမသိဘဲ ခံရခက်လျက်ရှိ၏။ အံကြိတ်ထားမိသော ကိုယ့်ကို မြလေးရဂုံက မဲ့ပြုံးများနှင့်တုံ့ပြန်လျက် ...

''ရှင့်ကြောင့် ကျွန်မအမေသေခဲ့ရတယ်၊ ကျွန်မ ဘဝပျက်ခဲ့ရတယ်၊ အဲဒီအတွက် လက်စားချေနိုင်ဖို့ အချိန်တွေကိုဒုက္ခခံပြီး စောင့်နေခဲ့တာ''

''အဲဒါ ငါပေးခဲ့တဲ့ဒုက္ခတွေမဟုတ်ဘူး၊ မင်းရှာခဲ့တဲ့ဒုက္ခတွေ ကိုယ့်ဘဝကိုယ်တန်ဖိုးမထားဘဲ ရောင်းစားခဲ့တာမင်းလေ၊ ကိုယ်ကျင့်တရားပျက်ပြားသိက္ခာမဲ့တဲ့လုပ်ရပ်လုပ်ခဲ့တာ မင်းပဲ၊ ငါကငွေကြေးနဲ့ အာသာဖြေခဲ့တာ မှန်တယ်၊ ဒါပေမဲ့ ဒါဟာယောကျ်ားတိုင်းနီးပါး ဒီမျိုး လုပ်တတ်ကြတာပဲ''

''ဒါဆို ဂုဏ်သိက္ခာကြီးမားသူကြီးလို့ နာမည်ကောင်းယူမနေနဲ့လေ၊ ရှင့်သားက ရှင့်ကိုအရမ်းကို အထင်ကြီးကြည်ညိုလေးစားနေတာ၊ သူ့အဖေက ဒီလိုလူမျိုးပါဆိုရင်''

''တော်... တော်တော့ မြလေးရဂုံ၊ ငါအခုမင်းနဲ့စကားနိုင်လုဖို့လာတာမဟုတ်ဘူး၊ မင်းငွေဘယ်လောက်ရရင် ကျေနပ်မလဲ လာညှိနှိုင်းတာ''

''ဟင့်အင်း ... ကျွန်မတို့သားအမိအတွက် ငွေကြေးပြည့်စုံလည်း ဘဝအတွက်က လုံခြုံမှာမဟုတ်ဘူး၊ အဲဒီအတွက် ကျွန်မတို့



သားအမိကိုစောင့်ရှောက်မယ့် ယောကျ်ားသားတစ်ယောက်လိုတယ်''

''ငါ့သားနဲ့တော့ လုံးဝမဖြစ်ဘူးနော်၊ လုံးဝမဖြစ်ဘူး၊ မင်းနဲ့ မတန်ဘူး၊ မင်းလိုမိန်းမနဲ့မတန်ဘူး''

''ဒါဆိုရင်တော့ ရှင့်သားကိုရအောင်ပြောပေတော့၊ ရှင့်သားက ကျွန်မကို အရမ်းကိုလက်ထပ်ချင်နေတာ''

''မရဘူး... မဖြစ်ဘူး၊ မင်းငွေဘယ်လောက်လိုချင်လဲ၊ ငါပေးမယ်၊ ထွက်သွားပါ၊ ဒီမြို့ ဒီရွာကထွက်သွားပါ၊ မင်းလိုချင်သလောက် ငွေပေးပါ့မယ်၊ ငါတောင်းပန်ပါတယ် မြလေးရဂုံ၊ တောင်းပန်ပါတယ်''

ဦးဂုဏ်ဝင့်ထည် သွေးရူးသွေးတန်း သွေးပျက်စွာ အော်ဟစ်နေသည်။ မြလေးရဂုံကတော့ မဲ့ပြုံးများနှင့် မထီတရီပါ။

''ရှင်ပြန်ပါတော့ ဦးဂုဏ်ဝင့်ထည်၊ လောကကြီးက ကျွန်မ မဖြစ်ချင်တာတွေ ဖြစ်လာပြီးပြီဆိုတော့ ရှင်ဖြစ်ချင်တာတွေ ဖြစ်လာမှာ မဟုတ်ပါဘူး၊ ကျွန်မနဲ့ ကျွန်မသမီးအတွက် မိုးမြင့်ဝင့်ထည်လိုယောကျ်ားမျိုးလိုကိုလိုအပ်ပါတယ်''

''မင်း ... မင်း အရမ်းကိုအောက်တန်းကျတဲ့မိန်းမ၊ ဖအေနဲ့ကြေးစားလိုနေခဲ့ပြီး သားကိုလက်ထပ်ချင်တယ်၊ ဖအေနဲ့မွေးတဲ့သမီးကို သားကို ပထွေးတော်ခိုင်းမယ်၊ မင်းအရမ်းယုတ်ညံ့တယ်၊ အောက်တန်းကျတယ်''

''ရှင်တို့သင်ပေးခဲ့တာတွေပါ၊ အရင်က မြလေးရဂုံဆိုတာ ဘာမှမသိ နားမလည် ရိုးသားအေးဆေးပြီး ဖြူစင်တဲ့မိန်းကလေးတစ်ယောက် အခုတော့ အဆိပ်တွေနဲ့ ...၊ ဟင်း ဟင်း ... အဆိပ်ပြင်းတဲ့ မြလေးရဂုံ''

''တောက်''

ကျယ်လောင်သော တောက်ခေါက်သံဖြင့် ဦးဂုဏ်ဝင့်ထည်

www.burmeseclassic.com

www.burmeseclassic.com



ထပြန်သွားသည်။ မြလေးရှက်ရုံ တဟားဟား အော်ရယ်ပစ်လိုက်၏။

လောကကြီးကိုရော လူယုတ်မာတွေကိုရော အရှုံးမပေးချင်တော့။ ဘဝတွေဆုံးရှုံးခဲ့ရတာ မနည်းဘူးမဟုတ်ပါလား။ ဒီလိုလက်စားချေခွင့်ရဖို့ ဒုက္ခတွေခံပြီး စောင့်လာခဲ့ရတာ။

လွယ်လွယ်နှင့် အလျှော့ပေးလို့ ဖြစ်ပါ့မလား။

ဒါအစပဲရှိသေးတယ် ဦးဂုဏ်ဝင့်ထည် . . . ။

✤✤✤

## အခန်း (၂၁)

"ဘာ . . ဘာပြောလိုက်တာလဲ ဖေဖေ"

"သား့မြလေးရုံကို လက်ထပ်လို့မဖြစ်ဘူး၊ လက်မထပ်ရဘူးသား"

"ဟာ"

ဖေဖေ ဒီလိုပြောလိမ့်မည်မထင်မိ။ အံ့ဩတာထက် လွန်ကဲကာ မယုံနိုင်အောင်ဖြစ်နေမိသည်။ ဖေဖေပြောလိုက်တာမှ ဟုတ်ရဲ့လားလို့ ပြန်မော့ကြည့်ရ၏။

"ဘာလို့မဖြစ်တာလဲ၊ ဘာလို့လက်မထပ်ရမှာလဲ ဖေဖေ"

"ဟို . . အဲဒါက သား ဒီလို"

ပြောထွက်ဖို့ အားယူနေသော်လည်း ဘယ်လိုမှပြောမထွက်။ သားအထင်သေးပြီး ကြည်ညိုလေးမှုပျက်သွားမှာ စိုးရိမ်နေမိသည်။ သားအမေဘက်က အသိုက်အဝန်းတွေ သိသွားရင်ရော။

"မ . . မဖြစ်ပါဘူး သားရယ်၊ ရုံ့မှာ တူမလေးတစ်ယောက်က တာဝန်အပိုပါလာသေးတယ်၊ မြလေးရုံအကြောင်း သားဘယ်လောက်သိသလဲ၊ အဲဒီတူမဆိုတာက တခြားယောကျ်ားနဲ့မွေးထားတဲ့ကလေးလည်း ဖြစ်နိုင်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းဦး သတိပေးလို့ သားစုံစမ်းကြည့်ပြီးပါပြီ။ ရဂုံတို့က အရမ်း ရိုးသားအေးဆေးကြပါတယ်၊ ကိုယ်ကျင့်တရားမပျက်ပြားဘဲ ဘဝကို ရိုးရိုးသားသားဖြတ်သန်းနေတာပါ၊ မိဘမဲ့ဆွေမျိုးမဲ့တူမလေးကို အပင်ပန်းခံ ရုန်းကန်ပြီး စောင့်ရှောက်နေတာပါ"

သားကို အဲဒါလိမ်ညာနေတာလို့ အမှန်အတိုင်းသာ ပြောပြလိုက်ချင်သည်။ ဒါပေမဲ့ ဘယ်လိုမှကိုမဖြစ်နိုင်ပါ။ တစ်သက်လုံး ထိန်းသိမ်းလာခဲ့သော ဂုဏ်သိက္ခာတွေ၊ ဘာမဟုတ်သည့်ကိစ္စနှင့် မြောင်းထဲ ရောက်သွားတော့မည်။

"ဖေဖေ အစကပြောတော့ သားသဘောကျရင်ပြီးရောဆို၊ ရဂုံ့မှာ တူမလေးတစ်ယောက်ရှိတယ်ဆိုတာလည်း သားကြိုပြောထားတာပဲ၊ သားသူတို့အကြောင်းကို သိသင့်သလောက်သိပြီးပါပြီ၊ ရဂုံ့ကို သားချစ်တဲ့အတွက် နောက်ထပ်ဘာအကြောင်းမှလည်း မသိချင်တော့ဘူး ဖေဖေ၊ သားရဂုံ့ကို လက်ထပ်မယ်"

"သား ... ဖေဖေ သဘောမတူဘူး။ ရဂုံ့ကို သားလက်မထပ်ရဘူး"

"ဘာဖြစ်လို့လဲ၊ ဘာအကြောင်းပြချက်ရှိလို့လဲ၊ ချက်ချင်းကြီး ဘာလို့သဘောမတူဖြစ်သွားရတာလဲ"

"အခုမှ တွေ့ဖူးတာ၊ သဘောမကျစရာရှိလို့ပေါ့ သား၊ အခု ဖေဖေ ပြောတာကိုပဲနားထောင်ပါ၊ ဒီလိုမိန်းကလေးနဲ့ သားအမေဘက်က အဘိုးအဘွားတွေကလည်း လက်ခံပေးမှာမဟုတ်ဘူး"

"အဘိုးအဘွားတို့ကို သားနားလည်အောင် ပြောပြပါ့မယ်၊ ဖေဖေသဘောမတူဘူးဆိုတာပဲ သဘာဝမကျတာ၊ ရဂုံ့ကို ဘာမကြိုက်တာလဲ၊ အိမ်ကိုတစ်ခေါက်ရောက်ဖူးရုံ၊ တစ်ခါတွေ့ဖူးရုံလေးနဲ့ ဖေဖေ အဲဒီလို မပြောသင့်ပါဘူး"



"ကျွတ် .. သားရယ်"

ဖွတ်တရွတ် အကျောက်အကန်ဖြစ်နေသော သားကို ဘယ်လိုရှင်းပြရမှန်း မသိတော့ပေ။ မြလေးရဂုံဆိုသော မိန်းကလေးကရော လွယ်လွယ်နောက်ဆုတ်မှာတဲ့လား။

သားကလည်း အမှန်တရားကို မသိရလျှင် နောက်ဆုတ်မည့်ပုံမပေါ်။ အမှန်တရားကိုလည်း အသိပေးလို့မဖြစ်နှင့် ဘာကယ်ကို ကိုယ့်မှာ ဆုပ်လည်းဆူး စားလည်းရူးပါ။

"သားရယ် စဉ်းစားပါဦး။ သားတို့တွေ့ကြတာ မကြာသေးဘူး မဟုတ်လား။ လူတစ်ယောက်အကြောင်းကို ဂဃနဏမသိဘဲ တစ်ဘဝ တစ်သက်လုံးအတူနေဖို့အတွက် လက်ထပ်လို့ဖြစ်မလား သား"

"အိမ်ထောင်တစ်ခုကို အချစ်နဲ့ပဲတည်ဆောက်ကြတာပါ ဖေဖေ၊ အပြစ်အနာအဆာတွေရှိရင်တောင် ခွင့်လွှတ်နားလည်ပြီး လက်တွဲသွားကြတာပါ၊ ရဂုံ အရင်က ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့ သားခွင့်လွှတ်နိုင်တယ်၊ နားလည်ပေးနိုင်တယ်၊ အခု သူတို့ဘဝလေးကို စောင့်ရှောက်ခွင့်ရရင် သား ကျေနပ်ပြီ"

"သား"

"ဖေဖေ တစ်ခါလေးတွေ့ဖူးရုံနဲ့ ရဂုံ့အပေါ် အဲဒီလိုမဆုံးဖြတ်လိုက်ပါနဲ့၊ ရဂုံတို့က ရိုးသားပါတယ်၊ ဖြူစင်ပါတယ်၊ လောဘတွေ နည်းပါတယ်၊ တစ်သက်စာအတွက် ရည်ရွယ်ပြီးမှ သားချစ်ခွင့်တောင်းခဲ့တာပါ၊ သူ့ကိုစောင့်ရှောက်ပါ့မယ်၊ တာဝန်ယူပါ့မယ်လို့ သားကတိတွေပေးထားပါတယ်၊ ဖေဖေရဂုံ့ကို စောင့်ကြည့်ပြီးမှ အကဲခတ်ပေးပါ၊ ရဂုံ့ကို အခုချက်ချင်း လက်မထပ်နဲ့ဆို မထပ်ပါဘူး၊ ဒါပေမဲ့ ရဂုံ့ကိုလက်ခံနိုင်အောင် ကြိုးစားပေးပါ ဖေဖေ"

"သား ... သား"

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေခေါ်တာကို နောက်လှည့်မကြည့်တော့ဘဲ ထွက်လာခဲ့သည်။ ဖေဖေ့ကို သူနားမလည်နိုင်တော့ပါ။

ဒီနေ့ ရဂုံတို့ရောက်လာကတည်းက မလိုလားမှုတွေနှင့် အမြင်မကြည်သလိုဖြစ်နေတာ သိသာလွန်းသည်။ စကားလည်း သိပ်မပြော။

ဝတ္တရားကျေ နှုတ်ဆက်ဖော်ရွေမှုတောင်မရှိတာမို့ ရဂုံ့ကို အားနာ မိတာ အမှန်ပါ။

ဖေဖေ ထူးတော့ထူးဆန်းနေတာ အမှန်ပင်။ အခုလည်း ရဂုံတို့ကို အိမ်ပြန်လိုက်ပို့ပြီး သူပြန်ရောက်သည့်အချိန်မှာ ဖေဖေ မရှိပါ။

ဒေါ်ကြီးသောင်းက မင်းတို့ထွက်သွားပြီး နောက်ကမင်းအဖေလည်း ကားနဲ့ အပြင်ထွက်သွားတာပဲဟု ပြောသည်။

အခုပြန်ရောက်တော့ သားနဲ့စကားပြောစရာရှိလို့ဆိုပြီး စာဖတ်ခန်းထဲကိုခေါ်၏။ ပြောစရာကလည်း ရဂုံနှင့် သဘောမတူနိုင်ဘူးတဲ့။ အကြောင်းပြချက် ရေရေရာရာလည်းမဟုတ်ဘဲ ဖေဖေ ပြောင်းလဲသွားတာ အံ့သြလို့နေပါသည်။

"လူလေး"

"ဗြော်. . . ဒေါ်ကြီးသောင်း"

"လူလေးတို့သားအဖ ညစာမစားကြသေးဘူးလား"

"ဟုတ်ကဲ့ . . . ကျွန်တော်တော့ စားချင်စိတ်မရှိတော့ပါဘူး ဒေါ်ကြီးသောင်းရယ်"

"ဘာဖြစ်လို့လဲ လူလေး။ မျက်နှာလည်း မကောင်းဘူး။ လူလေး အဖေနဲ့စကားပြောရင်း ဘာဖြစ်လာတာလဲ"

"ဖေဖေက ရဂုံနဲ့ သဘောမတူဘူး၊ လက်မထပ်ရဘူးတဲ့ ဒေါ်ကြီးသောင်းရယ်"

"ဟင်. . . ဘယ်လိုဖြစ်တာလဲ လူလေးရယ်၊ ရဂုံတို့တူအနီး



နှစ်ယောက်လုံး ချစ်စရာ သနားစရာလေးတွေပါ၊ ရွှေဖူးလေးကို ခြံထဲလိုက်ပို့တော့ ဒီအိမ်ကြီးမှာနေရတော့မှာဆိုပြီး ပျော်နေရှာတာ"

"ကျွန်တော် ရဂုံ့ကို လက်ထပ်ဖြစ်အောင် လက်ထပ်မှာပါ ဒေါ်ကြီးသောင်း။ ဖေဖေ့ကို အတိုက်အခံလုပ်ချင်လို့ မဟုတ်ပါဘူး၊ ဖေဖေ သဘောမတူဘူးဆိုတာ အဓိပ္ပာယ်မှမရှိတာ၊ ပြီးတော့ ရဂုံ့ကိုချစ်တယ်၊ ယောကျ်ားကတိတည်မှုလည်းဖြစ်မယ်၊ ကျွန်တော် ရဂုံ့ကိုကတိတွေပေးထားတယ်၊ ဖေဖေ သဘောမတူတောင် လက်ထပ်ပါ့မယ်ဆိုပြီးတော့"

"ဟင်. . . လူလေးအဖေ သဘောမတူမှာ ကြိုသိနေလို့လား"

"ကျွန်တော်ကတော့ ဘယ်သိပါ့မလဲ၊ ကျွန်တော်ပြောပြတော့ ဖေဖေက လက်ခံတယ်လေ၊ အေးအေးဆေးဆေးပဲ၊ ရိုးသားဖို့ ကိုယ်ကျင့်တရားကောင်းဖို့ပဲလိုတယ်၊ ဆင်းရဲတာလည်း အပြစ်မပြော၊ တူမတစ်ယောက်ပါလာမယ်ဆိုတာလည်း အပြစ်မပြောဘဲ လက်ထပ်ဖို့ကိစ္စ တိုင်ပင်ကြည့်ရအောင် အိမ်ခေါ်လာပါဆိုလို့ ခေါ်လာတာ"

"ဒါဆို ရဂုံကသဘောမတူလောက်ဘူးလို့ ကြိုသိပြီး လူလေးဆီက ကတိတောင်းတာပေါ့"

မိုးမြင့်ဝင့်ထည် ခေါင်းညိတ်ရင်းဖြင့် သက်ပြင်းရှည်ကြီးချကာ

"ဟုတ်တယ် ဒေါ်ကြီးသောင်းရယ်၊ ရဂုံက သူ့ရဲ့မပြည့်စုံမှုတွေ၊ ချို့တဲ့မှုတွေအတွက် သဘောမတူလောက်ဘူးလို့ သိမ်ငယ်နေခဲ့တာပါ၊ ကျွန်တော်က ဖေဖေ့ကိုယုံကြည်ပြီး အားပေးနေခဲ့တာ"

"အေးကွယ်၊ သူဌေးမင်း ဘာလို့များ စိတ်ပြောင်းသွားပါလိမ့်၊ ရဂုံတို့ရောက်လာကတည်းက မလိုလားတာတော့ ပေါ်လွင်နေတယ်၊ စကားတောင် ကောင်းကောင်းမှမပြောတာ၊ ရဂုံအားတော့ငယ်သွားမှာပဲ"

"အားငယ်လို့ပဲ အိမ်ပြန်လိုက်ပို့တဲ့လမ်းတစ်လျှောက်လုံး ရဂုံစကားနည်းသွားတာပေါ့၊ ကျွန်တော်က ဟိုဟိုဒီဒီဝင်ရအောင် စားသောက်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထိုင်ရအောင်ဆိုတာလည်း မဟုတ်ဘူး၊ ဒီနေ့တော့ အိမ်ပဲပြန်လိုက်ပါဆိုလို့ ကျွန်တော်ပြန်လာခဲ့ရတာ”

“ဖျောင်းဖျလိုက်ပါ၊ နှစ်သိမ့်လိုက်ပါ လူလေးရယ်၊ လူလေးအဖေက လူလေးကိုချစ်တာဆိုတော့ နောက်ကျနားလည်ပြီး သဘောတူလာမှာပါ”

“ကျွန်တော်တော့ စဉ်းစားတယ်၊ ရဂုံ့ကို ဒီအိမ်မှာအဝင်အထွက်လုပ်နိုင်းဖို့လေ၊ ရဂုံက အိမ်မှုကိစ္စလည်း နိုင်နင်းတယ်၊ စကားလည်းပြောတတ်ပါတယ်၊ ဖေဖေက တစ်ခါတည်းတွေ့ပြီး ဆုံးဖြတ်လိုက်တာဆိုတော့ ခဏခဏတွေ့ပြီး အနေရင်းနှီးသွားရင် စိတ်ပြောင်းလာမလားလို့ပါ၊ ဖေဖေ့ကို ဖွတ်တရွတ်အတိုက်အခံလုပ်တာထက်စာရင် ဒီနည်းလမ်းက အဆင်ပြေမလားလို့ပါ”

“လူလေးအတွေးကောင်းပါတယ်၊ ရွှေဖူးလေးကလည်း ချစ်စရာလေးဆိုတော့ ကလေးချစ်တတ်တဲ့ လူလေးအဖေက ရွှေဖူးလေးကို သံယောဇဉ်ဖြစ်လာလောက်ပါတယ်”

“အင်း ... အဲဒီလိုနဲ့ ရဂုံ့ကို ဖေဖေနားလည် လက်ခံပေးလိုက်ရင် သိပ်ကောင်းမှာပဲ ဒေါ်ကြီးသောင်းရယ်”

မိုးမြင့်ဝင့်ထည် သက်ပြင်းတွေသာချနေမိသည်။ ဖေဖေနှင့် ဒီလိုအခြေအတင်မျိုးတစ်ခါမှ မဖြစ်ဖူးတာကြောင့် စိတ်မကောင်းလည်း ဖြစ်မိသည်။ ရဂုံ့အတွက်လည်း စိတ်မကောင်းဖြစ်မိ၏။

မပြည့်စုံမှုတွေကြောင့် သိမ်ငယ်နေသူမဟုတ်ပါလား။

ဖေဖေသာ နားလည်ပေးလိုက်လျှင် ဒီကိစ္စက အေးဆေးဖြစ်သွားမှာ ဖြစ်ပါလျက်နှင့် ...။

✤✤✤

[redacted]

## အခန်း (၂၂)

“ကားနဲ့ညှိသည်လာတယ်ဆိုတာ ဘယ်သူလဲရဂုံ”

“မိုးမြင့်ဝင့်ထည်အဖေ၊ ဦးဂုဏ်ဝင့်ထည်”

“ဘာလာလုပ်တာလဲ”

“သူ့သားနဲ့ သဘောမတူဘူးလို့ လာပြောတာ”

“ဟင် ... အစက လက်ခံတယ်ဆို၊ သဘောတူလို့ပဲ အိမ်ကိုခေါ်တွေ့တာ မဟုတ်ဘူးလား”

မချိပြုံးများဖြင့် မြလေးရဂုံ နှုတ်ခမ်းကိုမဲ့ပစ်လိုက်၏။ အိပ်ပျော်နေသော ရွှေဖူးခေါင်းလေးကိုပွတ်သပ်ရင်းဖြင့် . . .

“ရဂုံ့လို မိန်းကလေးကို သဘောတူနိုင်ပါ့မလား ... မမခိုင်ရယ်၊ သူတို့က အသိုက်အဝန်းကြီးလေ၊ တန်ဖိုးရှိတဲ့သားနဲ့ အညတရမိန်းကလေးကို လက်ထပ်ပေးချင်ပါ့မလား”

“ဒါနဲ့များ ဘာလို့ခေါ်တွေ့နေသေးလဲ”

“သား ကျေနပ်အောင်ခေါ်တွေ့ကြည့်တာနေမှာပေါ့”

“မိုးမြင့်ဝင့်ထည်ပြောတော့ သူ့အဖေကို အကုန်ပြောပြပြီးလို့ လက်ခံပေးတာဆို”

“သားရှေ့တစ်မျိုး ကွယ်ရာတစ်မျိုးလုပ်ကြည့်ဖို့နေမှာပေါ့ ရဂုံ့

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ ငွေကြေးနဲ့ဖြတ်တောက်နိုင်ပြီး သားကိုတော့ အချိုသတ်စည်းရုံး သိမ်းသွင်းလိမ့်မယ်၊ ရုပ်ရှင်တွေထဲက အတိုင်းပါပဲ''

''ရဂုံပြောနေတာ ပေါ့ပျက်ပျက်နဲ့ မဟုတ်သေးပါဘူး''

မမခိုင် နားလည်ရခက်နေသည်ထင်ပါသည်။ သူမနှုတ်ခမ်းမှာ နာလိုခံခက်သည့် မဲ့ပြုံးများနှင့် မဟုတ်လား။

''ရဂုံ''

''ရှင်''

''မိုးမြင့်ဝင့်ထည်က ဘာပြောလဲ''

''သူ့သဘောပဲလေ''

''သူ့သဘောဆိုတာက ဘာပြောတာလဲ၊ သူနဲ့ခွဲရရင် ခံနိုင်ရည် ရှိမှာလား''

''ကြိုတင်တွေးထားပြီးသားကိစ္စတွေပဲ၊ ခံနိုင်ရည်မရှိစရာ အကြောင်းမရှိပါဘူး''

''မိုးမြင့်ဝင့်ထည်ကို တကယ်ချစ်တာမှ ဟုတ်ရဲ့လား ရဂုံ''

''ဟင် . . . ဘာဖြစ်လို့လဲ''

''သူ့အပေါ် အလေးအနက်မရှိသလိုဖြစ်နေသလားလို့ပါ။ မမခိုင်က ဦးဂုဏ်ဝင့်ထည် သူ့သားနဲ့သဘောမတူတဲ့အကြောင်းလာပြောရင် ရဂုံမျက်ရည်နဲ့ မျက်ခွက် ခံစားနေရလောက်မယ်ထင်တာ''

''အဟင်း . . . ဒါကြောင့်တော့ ဘာလို့မျက်ရည်ကျရမှာလဲ မမခိုင်၊ ဒီလိုကိစ္စတွေ ဖြစ်ချင်ဖြစ်လာနိုင်တာ ကြိုတွေးပြီးသားပါ။ အဓိက က မိုးမြင့်ဝင့်ထည်ပဲလေ၊ သူမပြတ်နိုင်ရင် သူ့အဖေနဲ့ အတိုက်အခံလုပ်လိမ့်မယ်၊ ဒါမှမဆင်မပြေနိုင်ရင် ကွဲကြရုံပေါ့''

''ရဂုံ''

''ရဂုံ အရမ်းချစ်တဲ့ သွေးသားရင်းတွေနဲ့တောင် သေကွဲကွဲကြရ



သေးတာပဲ၊ ရဂုံ့ကိုယ်မှာ ဒဏ်ရာတွေနဲ့ပါ၊ အနာမကျက်သေးဘူး အခုထိ သေမလောက်ခံစားနေရတုန်းပဲရှိသေးတယ်၊ ဝေဒနာတွေ မပျောက်ကင်း သရွေ့တော့''

ရဂုံ ဘာကိုပြောချင်နေတာလဲ ဝေခွဲရခက်လှပေသည်။ ဖြစ်နေ တာတခြား၊ ခံစားနေတာတခြားလို့ပဲ နားလည်နေမိ၏။

''အခု ဘာဆက်လုပ်မှာလဲ ရဂုံ''

''ကိုထည် ကစေချင်တဲ့အတိုင်း ရဂုံဆက်ကမှာပါ၊ သူနောက် ဆုတ်သွားမယ်ဆိုရင် လမ်းခွဲရုံပေါ့၊ ဒါမှမဟုတ်လို့ သူ့အဖေနဲ့ဆက်ပြီး အဆင်ပြေဖို့ ကြိုးစားစေချင်တယ်ဆိုရင်လည်း သူ့ဆန္ဒအတိုင်းပါပဲ၊ ရဂုံ လည်း ဒီလောက်နဲ့တော့ မပြီးဆုံးစေချင်ဘူး''

''အေးပါ ရဂုံရယ်၊ နှင့်ဘဝလေးကို အဆင်ပြေစေချင်ပါတယ်၊ နှင်တို့ဘဝလေး ချမ်းချမ်းသာသာ ပြည့်ပြည့်စုံစုံနေရရင်ကောင်းမှာပဲလို့ မမခိုင်တွေးနေတာ၊ အိမ်လိုက်သွားရတော့ အဆင်ပြေပြီပဲဆိုပြီး စိတ် ချမ်းသာနေတာလေ၊ ရွှေဖူးလေးကဆို အဲဒီအိမ်က ဘယ်လောက်ချမ်းသာ တယ်၊ ဘယ်လိုစားခဲ့ရတယ်ဆိုတာတွေပြောပြီး ပျော်နေလိုက်တာ၊ အဲဒီ အိမ်မှာ သွားနေရတော့မှာဆိုပြီးတော့လည်း မမခိုင်ကိုကြွားနေသေး တယ်''

''နေရမှာပါ၊ သူ အဲဒီအိမ်မှာနေရမှာပါ''

အံကြိတ်ကာ ပြောလိုက်မိရင်း ရွှေဖူးခေါင်းလေးကိုပွတ်သပ်ပေး နေမိသည်။ ဒီလောက်နဲ့ပြီးမသွားသေးဘူး ဦးဂုဏ်ဝင့်ထည်။

ရှင့်အရှုက်တွေ ဖြန်းဖြန်းကွဲအောင်လုပ်ဦးမှာ။ ရှင့်ဂုဏ်သိက္ခာ တွေ မြောင်းထဲထိရောက်အောင်လုပ်ရမှ ကျေနပ်နိုင်မှာပါ။

မြလေးရဂုံဆိုတာ ထပ်ခါထပ်ခါ အရှုံးပေးဖို့လူဖြစ်လာခဲ့တာ မဟုတ်ဘူး။ အနိုင်ဆိုတဲ့တစ်လုံးကို ကျွန်မပြန်ခံစားကြည့်ချင်သေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့်ဝင့်ထည်။ ရှင့်ကိုတော့ ရဂုံသနားမိပါတယ်။ ရှင်က ရှင့်အဖေအတွက် ဓားစာခံဖြစ်သွားလို့လေ။

ရဂုံ့ရဲ့နှလုံးသားကို အနာကျင်ခံပြီးတော့ပဲ . . .။

✤✤✤

## အခန်း (၂၃)

"ဘယ်လိုဖြစ်သွားတာလဲ မိုးမြင့်၊ မင်းအဖေက အစကတော့ သဘောတူတယ်၊ လက်ခံတယ်၊ နားလည်ပေးတယ်ဆို"

"မသိတော့ပါဘူးကွာ၊ ဖေဖေ့ကို ဘယ်လိုနားလည်ရမှန်းကို မသိတော့ဘူး။ လက်မခံရသေးဘူးဆိုရင်တောင် ဖေဖေ အဲဒီလောက်ပြင်းပြင်းထန်ထန် ကန့်ကွက်လိမ့်မယ်လို့မထင်ဘူး။ ဖေဖေက ငါ့ကိုချစ်တဲ့သူပါ၊ ဘယ်လိုဖြစ်ပြီး ငါစိတ်ဆင်းရဲမယ့်ကိစ္စကို အပြင်းအထန်ကန့်ကွက်လိုက်တာလည်း မသိဘူး"

"စဉ်းစားစရာဆိုတာထက် ရဂုံ့ကို ဘာသဘောမကျတာလဲ အတိအကျသိရရင်တော့ ကောင်းတာပေါ့၊ ဆင်းရဲတာကတော့ ခြွင်းချက်ပဲ၊ ဒါက အရေးမကြီးဘူးလို့ မင်းအဖေပြောခဲ့တယ်ဆို"

ခေါင်းညိတ်ပြရမှာတောင် အင်အားမဲ့လို့နေသည်။ ဘာကြောင့်ဆိုတာ အဖြေရှာလို့မရပါ။ ရဂုံ့ရဲ့ကာရိုက်တာကို မကြိုက်ရအောင်လည်း သူ့အကုန်ပြောပြထားခဲ့တာပဲ။

ဒါတွေအားလုံးလက်ခံပြီး လူကိုတွေ့မှ ဒီလိုဖြစ်သွားသည်ဆိုတော့ အံ့သြစရာမကောင်းပေဘူးလား။

"အခု မင်းဘာဆက်လုပ်မှာလဲ မိုးမြင့်"

www.burmeseclassic.com

www.burmeseclassic.com



"ရဂုံနဲ့ ဖေဖေ အဆင်ပြေအောင်ကြိုးစားရမှာပေါ့ကွာ၊ ဖေဖေက ဒီလိုဆိုပြီး ရဂုံ့ကိုတော့ လက်လွှတ်အဆုံးရှုံးမခံနိုင်ဘူး၊ အဆင်ပြေအောင် ညှိနှိုင်းကြည့်မယ်၊ ရင်းနှီးမှုရှိအောင် ကြိုးစားကြည့်မယ်၊ ရွှေဖူးလေးနဲ့ ရင်းနှီးအောင် နွေးထွေးမှုရအောင် အနီးကပ်နေနိုင်းမယ်"

"လွယ်မယ်လို့ထင်လား"

"ငါကတစ်ဦးတည်းသောသားပဲ၊ ငါ့ကိုအမွေပြတ်စွန့်ပစ်လောက်တဲ့အထိတော့ ဖေဖေလုပ်လိမ့်မယ် မထင်ပါဘူး၊ ရဂုံ့ကို ငါတကယ်ချစ်တယ် မင်းဦး၊ သနားချစ်နဲ့ သံယောဇဉ်တွေပိုရတယ်၊ ရွှေဖူးလေးကိုလည်း ဘယ်လိုဖြစ်မှန်းမသိဘူး၊ ငါတကယ် သံယောဇဉ်ဖြစ်မိတယ်၊ ငါအရမ်းကို သူတို့ဘဝလေးကို ကယ်တင်ပေးချင်တာပါ"

"မင်းအဖေ သဘောမတူဘူးဆိုတဲ့အကြောင်း ရဂုံသိနေပြီလား"

"သိတော့မသိသေးဘူး၊ ဖေဖေက ငါ့ကိုပြောတာပဲရှိသေးတယ်၊ ရဂုံ့ကိုတော့ အမှန်အတိုင်းပြောရမှာ ခက်ခဲတယ်ကွာ၊ ရဂုံအားငယ်သွားမှာ စိုးရိမ်တယ်၊ အခက်အခဲရှိတာလောက်ပြောပြပြီး အားပေးရမှာပဲ၊ ရဂုံက နဂိုကတည်းက သိမ်ငယ်ချင်နေတာ၊ ဖေဖေ သဘောတူလက်ခံတယ်ဆိုတာကို မယုံကြည်ဘူး၊ သူ့လိုမပြည့်စုံတဲ့သူ၊ တူမတစ်ယောက်အပိုပါလာတဲ့သူကို လက်ခံပေးမယ်ဆိုတာ မဖြစ်နိုင်ဘူး အံ့ဩတယ်တဲ့"

"အေးကွာ၊ ငါလည်း မင်းအဖေလက်ခံမယ်ဆိုတာကို မယုံနိုင်ဘူး၊ ဘယ်လိုပဲဖြစ်ဖြစ် ရဂုံထက်သာတဲ့မိန်းကလေးနဲ့ပဲ ဖြစ်စေချင်မှာပေါ့၊ ငါတော့ မင်းအဖေကိုအပြစ်မမြင်ပါဘူး၊ ဘယ်မိဘမဆို သားသမီးကို ဆင်စီးပြီး မြင်းရံတာပဲ မြင်ချင်မှာပေါ့၊ မပြည့်စုံတဲ့ မိန်းကလေးဖြစ်နေတာက "

အပြစ်တွေပြောရာကျမှာစိုး၍ မင်းဦးစကားမဆက်ဘဲ ရပ်တန့်ပစ်လိုက်သည်။ မိုးမြင့်ကို အရမ်းကြီးလည်း မပြောချင်ပါ။



မြလေးရဂုံကို တကယ်ကို နှစ်နှစ်ကာကာ မြတ်မြတ်နိုးနိုးချစ်နေခဲ့သူ မဟုတ်လား။ မိုးမြင့်ဝင့်ထည်က ထိုင်ခုံက ထရပ်ပြီး

"ငါအပြင်သွားဦးမယ်ကွာ၊ ကုမ္ပဏီကိစ္စတွေ မင်းကြည့်လုပ်ထားလိုက်"

"မင်းက ဘယ်သွားမှာလဲ"

"ရဂုံတို့ဆီ"

"အလုပ်ချိန်ကြီးမှာ"

"ငါအလုပ်ထဲမှာစိတ်မပါဘဲ၊ ဘာအလုပ်မှ လုပ်လို့ရမှာမဟုတ်ဘူး"

"မင်းတော့ရူးပြီ မိုးမြင့်၊ ရဂုံနဲ့ ခွဲရမယ်ဆိုရင် သေများသွားမလားမသိဘူး"

"သေချာတာပေါ့၊ ငါရဂုံနဲ့ ခွဲရရင် တကယ်သေမှာ ငါမချစ်ဖူးဘူးလေကွာ၊ ရဂုံက ငါ့အချစ်ဦးပဲ၊ ဖေဖေနဲ့သာ ပဋိပက္ခမဖြစ်ဘူးဆိုရင် ငါချက်ချင်းကို ရဂုံ့ကိုလက်ထပ်မိမှာ အခုလည်း ငါလက်လျှော့ဖို့ မစဉ်းစားပါဘူး၊ ဖေဖေနဲ့ အဆင်ပြေအောင်ပဲ ကြိုးစားမှာ"

"လုပ်တော့ကွာ၊ မင်းကြိုက်သလိုသာဆုံးဖြတ်၊ ငါကတော့ မင်းစိတ်ဆင်းရဲတာ မမြင်ရရင်တော်ပြီ"

"အေးပါကွာ၊ မင်းစေတနာကို ငါနားလည်ပါတယ်၊ ငါလစ်ပြီမင်းဦး"

သူရုံးခန်းထဲက ထွက်လာခဲ့သည်။ အချိန်ရှိသရွေ့ ရဂုံ့ဆီကိုပဲ စိတ်ရောက်နေတာမို့ပါ။

ရဂုံတို့အိမ်ကိုရောက်တော့ ရဂုံနှင့် မမေခိုင် နေ့လယ်စာစားချိန်နှင့်တိုးနေသည်။

"ဟင် ... ကိုထည်၊ ဘယ်လိုဖြစ်တာလဲ၊ နေ့လယ်ဘာကြီး

www.burmeseclassic.com

www.burmeseclassic.com



ဘာ ကိစ္စအရေးကြီးလို့လဲ''

''ဘာမှမဟုတ်ပါဘူး ရဂုံ၊ ရဂုံနဲ့တွေ့ချင်လို့ ကုမ္ပဏီကနေ ထွက်လာတာပါ''

''ကိုထည်တို့က အဖြစ်သည်းလွန်းနေပြီဟော့၊ ကြုံတုန်းလေး ထမင်းဝင်စားပါလား၊ အိမ်ရှင်က မခေါ်ပေမယ့် ကျုပ်ကခေါ်ပါတယ်''

''မမခိုင်ကလည်း ထမင်းအပိုမရှိတဲ့နဲ့ လောကွတ်လုပ်နေပြန်ပြီ''

''အိုအေ ... နင်စားနေတဲ့အထဲက ကျွေးလိုက်ပေါ့''

''စားနေတဲ့ဟာကြီးကို ရှုံ့မှာပေါ့ မမခိုင်ရဲ့''

''မရှုံ့ပါဘူး ရဂုံရယ်၊ ကျွန်တော်စားမယ်''

ထမင်းဝိုင်းမှာ ဝင်ထိုင်လိုက်ပြီး ရဂုံ့လက်ထဲက ပန်းကန်ကိုဆွဲယူလိုက်သည်။ ရဂုံက ပန်းကန်ကိုပြန်ဆွဲလုလျက်

''မလုပ်ပါနဲ့ မစားပါနဲ့၊ ကိုထည် စားချင်တယ်ဆို ရဂုံ ထမင်းသွားဝယ်ပေးပါ့မယ်၊ ဒါက ရဂုံစားလက်စကြီး ရှုံ့စရာကောင်းပါတယ်''

''နောက်လည်း တစ်အိမ်တည်းနေပြီး တစ်အိုးတည်း တစ်ပန်းကန်ထည်း စားရမှာပဲ၊ ရဂုံစားတာ ကျွန်တော်ကဘာလို့ ရှုံ့ရမှာလဲ ရဂုံရယ်၊ ရဂုံ ကျွန်တော့်ကိုခွံ့ကျွေးလေ''

''အာ ... ကိုထည်ကလည်း''

မမေခိုင် ရှေ့မှာပါးစပ်ဟပေးနေတာမို့ သူမအရှည်သည်းသွားရသည်။ မျက်ခုံးထူထူ၊ နှာတံစင်းစင်း၊ မေးရိုးထင်းထင်း၊ ပိရိသေသပ်ထောင့်ချိုးညီနေသော ယောကျ်ားပီသသည့် မိုးမြင့်ဝင့်ထည်ကို သူမဘယ်လိုအင်အားတွေနှင့် အသည်းခွဲထားရစ်ခဲ့ရမလဲ။

သူ့အဖေနှင့်ကိစ္စတွေသာသိလျှင် သူမကို သူမုန်းသွားမှာပါ။ နာကြည်းစက်ဆုတ်ရှုံ့ရှာသွားမှာပါ။

''ခွံ့လေ ရဂုံ''



''ဟင်''

''ဒီမှာ ပါးစပ်ဟထားရတာ ညောင်းလှပြီ''

''ဟင်းလည်းမကောင်းဘဲနဲ့ ကိုထည်ရယ်''

''ကဲပါ''

သူမဆင်ခြေတက်ကြည့်သော်လည်းမရ၊ ထမင်းလုတ်ကိုင်ထားသော သူမလက်ကလေးကို ဆွဲယူ၍ စားလိုက်သည်။ ဟင်းက ငါးပိရည်အတို့နှင့် လက်ဖက်သုပ်ပါ။

မနေနိုင်၍ ရွှေဖူးအတွက် သီးသန့်လုပ်ထားသော ကြက်သားကြော်လေးကိုယူကာ ကိုထည့်ကိုခွံ့ကျွေးရသည်။ ဒီအချိန်မှာ ရင်တွေတဒုန်းဒုန်းခုန်နေ၏။ တကယ့်ချစ်သူဘဝ တကယ့်ကြင်စဦးဘဝလေးဆို ဘယ်လောက်များကောင်းမည်လဲ။

မမေခိုင်က မျက်စောင်းတွေထွေ့လျက်

''အမယ်လေးတော် ကျုပ်ကိုအစ်မရင်းလို ချစ်လှချစ်လှနဲ့ ကြက်သားကြော်ဝှက်ထားတာ သိတောင်မသိရပါလား၊ အခု ကိုထည့်ကိုကျမှ ထုတ်ကျွေးတော့တယ်၊ ဘယ်လောက်များချစ်လိုက်သလဲဆိုတာ''

''မဟုတ်ပါဘူး မမခိုင်ရယ်၊ ရွှေဖူး ငရုပ်သီးမစားနိုင်လို့ သပ်သက်ကြော်ပေးထားတာ မမခိုင်သိရဲ့သားနဲ့''

''အလကားစတာပါအေ၊ ဒါပေမဲ့ ကျုပ်က အပျိုကြီး၊ တော်တို့ အဲဒီလို ကြင်နာနေတာ မကြည့်ရဲဘူး၊ ကျုပ်သွားတော့မယ်၊ တော်ကြာ အခုချိန်မှ ယောကျ်ားယူချင်စိတ်ပေါက်သွားလို့ မဖြစ်သေးဘူး''

''အဟင်း ဟင်း၊ မမခိုင်ကတော့''

ဦးဂုဏ်ဝင့်ထည် အိမ်လာသွားတာ ကိုထည့်ကိုမပြောဖို့ သတိပေးထားတာကြောင့် ပြောမိမှာစိုးပြီး မမခိုင် ရှောင်ထွက်သွားတာသိလိုက်ရသည်။ ဒီလောက်ထိ ပေါက်ကွဲဖို့အချိန်မတန်သေးဘူး မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



"ရဂုံ"

"ရှင်"

"ကျွန်တော်တို့ လက်ထပ်ကြမယ်နော်"

"ကိုထည့်အဖေပဲ သဘောတူပါစေဦး"

"ထမင်းစားလာတဲ့နေ့က ဖေဖေစကားနည်းလို့ စိတ်မကောင်းဖြစ်နေတာလား၊ အခုမှတွေ့ဖူး မြင်ဖူးတာဆိုတော့ စိမ်းနေသေးလို့ပါ၊ ရွှေဖူးလေးကိုခေါ်ပြီး အိမ်ကိုခဏခဏလာလည်ပါ၊ ဖေဖေက ကလေးချစ်တတ်တယ်၊ ကျွန်တော်အိမ်ထောင်ကျရင်တောင် ကလေးတန်းယူရမယ်၊ မြေးချီချင်တယ်လို့ ပြောနေတာ"

"ရွှေဖူးလေးကို ရှင့်အဖေချစ်ပါ့မလား"

"ချစ်မှာပါ၊ ရွှေဖူးလေးက ချစ်စရာကောင်းတာပဲ"

"ရွှေဖူးလေးကလည်း မိဘမဲ့လေ၊ မိဘမေတ္တာငတ်နေတာဆိုတော့ ရှင့်အဖေကို အနေနီးရင် သံယောဇဉ်တွယ်သွားမှာပါ၊ ဒါပေမဲ့ အဲဒီအိမ်ကို အဝင်အထွက်လုပ်နေရင် ကိုထည့်အဖေကြိုက်မှာမဟုတ်ဘူးထင်တယ်"

"ကျွန်တော်ပြောထားပါ့မယ်၊ ကျွန်တော်ရဂုံနဲ့ မခွဲချင်ဘူး၊ အဲဒီအတွက် ဖေဖေနဲ့အဆင်ပြေအောင်နေနိုင်ဖို့လိုနေတယ် ရဂုံ"

"ရှင့်အဖေက သဘောတူမတဲ့လား"

မိုးမြင့်ဝင့်ထည် ခပ်လေးလေးခေါင်းယမ်းလျက် ရဂုံ့ပခုံးလေးကို လှမ်းကိုင်လိုက်သည်။

"အဲဒီလိုလည်း မဟုတ်ပါဘူး၊ ရင်းနှီးမှုလိုသေးတဲ့သဘောပါ၊ ဖေဖေနဲ့က အနေစိမ်းနေသေးတယ်လေ၊ ဖြစ်နိုင်ရင် ရဂုံဈေးမရောင်းတော့ဘဲ အိမ်မှာအဝင်အထွက်လုပ်ရင်း ဖေဖေသဘောကျလာအောင်နေပေးပါလား"



"ရွှေဖူးလေးလည်း စာမေးပွဲဖြေပြီး ကျောင်းပိတ်တော့မှာဆိုတော့ အဆင်ပြေပါတယ်၊ ဒါပေမဲ့ သဘောတူလာအောင် ဖွတ်အတင်းဖျစ်ညှစ်ကြိုးစားနေရတာမျိုးတော့ ရဂုံ မလုပ်ချင်ဘူး၊ ရဂုံ့ဘက်က လိုချင်မက်မောရာကျနေမလားလို့ပါ"

"ကျွန်တော် တန်ဖိုးထားတဲ့မိန်းကလေးကို ဖေဖေလည်း တန်ဖိုးထားပေးလာရမှာပေါ့ ရဂုံ၊ ရဂုံနဲ့လက်ထပ်မှာလို့ ဖေဖေ့ကို အတိအကျဖွင့်ပြောဆွေးနွေးပြီးသားပါ"

"နောက်ဆုံးအခြေအနေရောက်ရင်ရော"

"ကျွန်တော် ရဂုံ့ကိုလက်ထပ်မှာပါ၊ နောက်ဆုံးအခြေအနေရောက်လို့မှ ဖေဖေ သဘောမတူသေးဘူးဆိုရင်၊ ရဂုံနဲ့နှစ်ဦးသဘောတူ တရားရုံးမှာ လက်မှတ်ထိုးလက်ထပ်ပြီး ကွန်ဒိုတစ်ခန်းလောက်ငှားနေကြမယ်၊ ရဂုံ ကျွန်တော့်ကိုယုံပါနော်"

"ကိုထည်ရယ်"

ဒီလောက်အထိ စွန့်စွန့်စားစား ချစ်နေသော ကိုထည့်ကို သူမ ဘယ်လိုမှကို မစွန့်လွှတ်ချင်တော့ပေ။ တစ်သက်လုံးစောင့်ရင်တောင် ဒီလိုအချစ်မျိုးနှင့် ဒီလိုယောကျ်ားမျိုးကို တွေ့နိုင်ပါတော့မလား။

ဦးဂုဏ်ဝင့်ထည်နှင့် ဘယ်လိုပဋိပက္ခမျိုးမှမရှိခဲ့လျှင် ဘယ်လောက်များ ကောင်းမည်လဲ။

ဘာလို့များ ဒီလိုကိစ္စတွေနဲ့မှ ဆုံစည်းခဲ့ရတာလဲ ကိုထည်ရယ်။ ရှင့်ကို ရဂုံအရမ်းချစ်တယ်။ အရမ်းကိုမြတ်နိုးမိတယ်။

ဒါပေမဲ့ တစ်နေ့နေ့ ဒီကိစ္စတွေသိသွားရင် ကိုထည် ရဂုံ့ကိုအရမ်းမုန်းတီးနာကြည်းသွားမှာပါ။ ရဂုံ ခံနိုင်ရည်ရှိပါ့မလား။

ဟင့်အင်း ... ရဂုံအသည်းကွဲရလိမ့်မယ် ကိုထည် ...။

✤✤✤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"ဖေဖေ"

"ဟင်. . . ရွှေဖူး"

ညှော်ခန်းထဲပြေးဝင်လာပြီး ဖေဖေလို့ခေါ်လိုက်တာကြောင့် ဦးဂုဏ်ဝင့်ထည် လန့်ဖျပ်တုန်တက်သွားရသည်။ ညှော်ခန်းထဲမှာ ဒေါ်သောင်းတို့ရှိနေလျှင် မခက်ပေဘူးလား။

မဲ့ပြုံးများနှင့် ရွှေဖူးနောက်ကပါလာသော မြလေးရင်ကို ဦးဂုဏ်ဝင့်ထည်မျက်မှောင်ကြုတ် အံကြိတ်ကာ ကြည့်ပစ်လိုက်ပြီး

"မင်း . . . မင်း ဒါဘာလုပ်တာလဲ မြလေးရင်၊ ဒီကလေးကို မင်းဘာတွေ သင်ပေးလိုက်တာလဲ"

"သူ့အဖေမို့ အဖေလို့ခေါ်တာ ရှင်က ဘာတွေသွေးပျက်ထိတ်လန့်နေတာလဲ"

"တောက် . . . မင်းဘယ်ယောက်ျားနဲ့ ဘယ်လိုနေပြီးရလာမှန်းမသိတဲ့ ကလေးကို ငါ့ကလေးလာလုပ်မနေနဲ့"

"ဒါဆို ဒီအန်အေစစ်ကြည့်လိုက်လေ"

"ဘာ"

"ရှင့်သွေးသားဟုတ်မဟုတ် အဖြေပေါ်မှာပဲ၊ ဘာလဲ. တကယ်



ဖြစ်မှာ ကြောက်နေတာလား။ ကျွန်မလည်း ရှင့်လိုအောက်တန်းကျတဲ့ လူ့ရဲ့သွေးသားကို မမွေးချင်ခဲ့ပါဘူး။ ဒါပေမဲ့ အဲဒီအချိန်က အတွေ့အကြုံ မရှိ၊ ငယ်ရွယ်သေးတဲ့အတွက် ကိုယ်ဝန်ရှိလို့ ရှိမှန်းမသိ၊ ဖျက်ချလို့ ဖျက်ချရမှန်းမသိနဲ့၊ အရှက်ကွဲခံပြီး ဒုက္ခတွေခံပြီး မွေးခဲ့ရတယ်၊ ဂုဏ်သိက္ခာကြီးမားလွန်းတဲ့သူကြီးရဲ့ကလေးကိုလေ ဟင်း . . . ဟင်း"

"မင်း . . . မင်း ဒီကိုဘာလာလုပ်တာလဲ၊ သားကို သဘောမတူဘူးလို့ ငါပြောထားတယ်၊ မင်းကိုလည်းမပတ်သက်ဖို့ သတိပေးထားတယ်၊ မင်း ဒီအိမ်ထဲက အခုထွက်သွား၊ ထွက်သွားစမ်း မြလေးရင်"

"ဘယ်လိုလုပ်မလဲ၊ ရှင့်သားက သူ့အဖေနဲ့ ရင်းနှီးအောင် ခဏခဏလာပေးပါ၊ ရွှေဖူးလေးကိုလည်း အနေနီးရင် ဖေဖေသံယောဇဉ် ဖြစ်သွားမှာပါတဲ့၊ ကိုထည်ပြောတာမှန်သားပဲ၊ ရှင်နဲ့ ရွှေဖူးသားအဖ သံယောဇဉ်တွေဖြစ်ဖို့လိုတယ်"

ဦးဂုဏ်ဝင့်ထည်ခေါင်းကို သွက်သွက်ခါအောင် ယမ်းပစ်လိုက်သည်။ တစ်ယောက်ယောက်ကြားသွားမလား၊ လူကရှုးချင်လောက်အောင်ကို တုန်လှုပ်ချောက်ချားနေမိ၏။

"ငါမယုံဘူး၊ ငါ့ကလေးဖြစ်နိုင်လိမ့်မယ်လို့ ငါမယုံဘူး၊ ဖြစ်ခဲ့ရင်လည်း ငါလက်မခံနိုင်ဘူး၊ ငါမင်းကို ကြေးစားအနေနဲ့ပဲ ဆက်ဆံခဲ့တာ၊ ဒီကလေးက မင်းဘာသာမွေးထားတဲ့ကလေး၊ ငါနဲ့ဘာမှမဆိုင်ဘူး"

"ရှင်တာဝန်မယူရင် ကိုထည့်ကိုတာဝန်ယူခိုင်းရမှာပဲ"

"ဘာ . . . ဘာပြောတယ်"

"ကိုထည်ကပြောတယ်၊ သူ့အဖေသဘောမတူရင် တရားရုံးသက် လက်မှတ်ထိုးပြီး ကွန်ဒိုတစ်ခုမှာ အတူနေကြမယ်တဲ့၊ ရှင့်သားက ရှင့်သမီးရဲ့ပထွေးဖြစ်သွားတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"မိုက်ရိုင်းတယ်၊ မင်းအောက်ကျန်းကျလွန်းတယ်၊ ယုတ်ညံ့လွန်းတယ်၊ မင်းကြေးစားမိန်းမပီသလွန်းတယ်. . . တောက်"

ဦးဂုဏ်ဝင့်ထည်အရမ်းကို သွေးပျက်တုန်လှုပ်ကာ ဒေါသဖြစ်နေသည်။ ရွှေဖူးလေးက ဆိုဖာခုံမှာဝင်ထိုင်ပြီး ဘာမှမသိရှာပါ။ မြလေးရဂုံက အေးဆေးစွာပင် ရွှေဖူးအနားမှာ ဝင်ထိုင်ပြီး

"ရွှေဖူး . . . ဖေဖေလို့အရမ်းခေါ်ချင်တာဆို ခေါ်လိုက်ပါဦး"

"ဖေဖေ"

"တောက်"

"ဟင်း . . . ဟင်း . . . သမီးက အဖေလို့ခေါ်တာ ဒေါသထွက်နေရတယ်လို့ အသက်တိုသွားပါဦးမယ် ဦးဂုဏ်ဝင့်ထည်ရယ်"

"မင်းဘာဖြစ်ချင်တာလဲ၊ ငါဘာလုပ်ပေးရမလဲ မြလေးရဂုံ၊ ငါဘာလုပ်ပေးမှ မင်းကျေနပ်မှာလဲ"

"ရှင် ကျွန်မကို တရားဝင်လက်ထပ်ပါ"

"ဘာ"

"ရှင်လက်မထပ်နိုင်ရင် ရှင့်သားနဲ့လက်ထပ်မှာကို မကန့်ကွက်နဲ့"

"ဟား . . . မင်းအရမ်းကိုကြေးစားမိန်းမပီပီသသ အောက်တန်းကျလွန်းပါလား မြလေးရဂုံ၊ မင်းတောင်းဆိုတာတွေ တစ်ခုမှမဖြစ်နိုင်ဘူး။ ငါလည်း မင်းကိုလက်မထပ်နိုင်ဘူး၊ ငါ့သားလည်း မင်းလိုမိန်းမကို လက်မထပ်ရဘူး"

"ဒါဆို ရှင့်သားကိုဝန်ခံပါ၊ ကျွန်မကိုဘယ်လိုလုပ်ခဲ့တယ်၊ ရွှေဖူးလေးကို ဘယ်လိုရလာတယ်ဆိုတာ၊ ပြီးတော့ ရှင်တို့ရဲ့ယုတ်မာမှုကြောင့် ကျွန်မအမေသေခဲ့ရတယ်ဆိုတာ"

"ကျွတ်"



မြလေးရဂုံ နာကြည်းမှုတွေနှင့် ကိုယ့်ရဲ့ဂုဏ်သိက္ခာတွေ မကျအောင်အကျပ်ကိုင်နေခြင်းပဲ။ ကိုယ့်ရဲ့တစ်ခါအမှားက ဒီလောက်တောင် အပြစ်တွေ ကြီးမားသွားခဲ့သလား။

ယုတ်မာတာက ဇော်မြင့်။ ကိုယ်ပေးခဲ့သည့်ငွေတွေကို မြလေးရဂုံကိုမပေးဘဲ ဗုန်းပစ်လိုက်တာ။ ဒီငွေတွေနှင့် သူ့ရဲ့တခြား မိန်းမကိစ္စတွေ ဖြေရှင်းလိုက်တာနေမှာပေါ့။

"မင်းကိုငွေတွေမပေးဘဲ အလွဲသုံးစားလုပ်တဲ့ကောင်ရဲ့သတင်းကို ငါစုံစမ်းနေတယ်၊ သူ့လိပ်စာ သူ့ဖုန်းနံပါတ်သိရတာနဲ့ ငါမယုတ်မာခဲ့ဘူး။ အောက်တန်းမကျခဲ့ဘူးဆိုတာ မင်းကိုဖြေရှင်းခိုင်းပေးမယ် မြလေးရဂုံ၊ ငါ့ကိုတော့ ဂုဏ်သိက္ခာတွေကျအောင်မလုပ်ပါနဲ့၊ သားကအဖေကို အထင်သေးတဲ့ဘဝမျိုး မရောက်ပါရစေနဲ့၊ သားက ငါ့ကိုအရမ်းကို ကြည်ညိုလေးစားနေတာပါ၊ သားကို ဒီကိစ္စလေးနဲ့ စိတ်ဒဏ်ရာတွေ မပေးပါရစေနဲ့ မြလေးရဂုံရယ်၊ ငါမင်းကိုတောင်းပန်ပါတယ်"

"ကျေအေးလိုက်ရင် မြလေးရဂုံ အရှုံးတွေထပ်သွားမှာပေါ့ ဦးဂုဏ်ဝင့်ထည်ရယ်၊ ကျွန်မအတွက် အမေလည်းသေခဲ့ရတယ်၊ အဖေလည်း အမေသေသွားတဲ့အတွက် ကျွန်မရဲ့အရှက်တွေအတွက် အဲဒီစိတ်တွေနဲ့ပဲ သေသွားရတာ၊ လောကကြီးမှာ တွယ်တာစရာမရှိ တစ်ယောက်တည်း ကျန်ခဲ့ရတယ်၊ ကျွန်မဘယ်သူ့အတွက်မှ တွေးမပေးနိုင်ဘူး"

"ဖေဖေနဲ့ အန်တီလေး ရန်မဖြစ်ကြပါနဲ့၊ ရွှေဖူး စိတ်ညစ်တယ်"

"ဟား"

ဦးဂုဏ်ဝင့်ထည် ဟားခနဲအော်လျက် ဆိုဖာခုံမှာ နောက်လှန်မှီချလိုက်မိသည်။ ဒီပြဿနာတွေက ဘယ်လိုလုပ်မှ ပြီးဆုံးတော့မှာလဲ၊ လှုရိပ်မြင်လိုက်တာကြောင့် ကြွေမြေမပျက်ငြိမ်နေလိုက်ရပေမယ့် ရင်ထဲမှာတော့ ဗလောင်ဆူကာ အဆမတန်လှုပ်ခတ်နေသည်။ မြလေးရဂုံအငြိုး

www.burmeseclassic.com

www.burmeseclassic.com



တကြီး လက်စားချေနေတာ၊ တစ်နေ့နေ့ သားသိသွားလျှင် ဘယ်လိုတွေ ဖြစ်ကုန်မှာလဲ။

မြလေးရဂုံရဲ့ ယုတ်ညံ့မှုတွေဖော်ထုတ်ပြီး သားနှင့်လမ်းခွဲနိုင်းလျှင်ဖြစ်ပါလျက်၊ ကိုယ့်ရဲ့ဂုဏ်သိက္ခာတွေပါချနင်းလိုက်သလို ဖြစ်မှာကြောင့် အနေအထားက ဘေးကျပ်နံကျပ်ပါ။

သားရယ်၊ ဖေဖေ ဂုဏ်သိက္ခာရှိတဲ့လူတစ်ယောက်ပဲဖြစ်ချင်တယ်။

ဇော်မြင့်နဲ့ အဆက်အသွယ်ရပြီးမှ ဖေဖေ ဖြေရှင်းပြပါတော့မယ်။ မြလေးရဂုံနဲ့တော့ ဘယ်တော့မှ လက်ထပ်လို့မဖြစ်ပါဘူး သား။

တစ်ခါတည်း အမှားပါ သားရယ် . . . ။

✤✤✤



## အခန်း (၂၅)

"ကိုထည်"

"ရဂုံ"

အိမ်မှာ ရဂုံတို့ရောက်နေသည်ဆို၍ ကုမ္ပဏီကနေ စောပြန်လာခဲ့တာပါ။

ဖေဖေနှင့် အဆင်ပြေမပြေဆိုတာလည်း သိချင်နေသည်။

ရဂုံအိမ်ပေါက်ဝမှာ ဆီးကြိုနေတော့ ရင်မှာကြည်နူးပီတိဖြစ်သွားမိ၏။ သူမ ပခုံးလေးကို ထွေးပွေ့လိုက်ပြီး . . .

"ဖေဖေနဲ့ရော အဆင်ပြေလား ရဂုံ"

"ဒီလိုပါပဲ၊ ရဂုံတို့ကို လိုလားပုံမရဘူး၊ စကားပြောချင်သလို မပြောချင်သလိုနဲ့ ခပ်တည်တည်ကြီးပဲ"

"သည်းခံပေးပါ ရဂုံရယ်၊ နောက်တော့အဆင်ပြေသွားပါလိမ့်မယ်"

"ကိုထည့်ကိုချစ်တော့လည်း သည်းခံရမှာပေါ့လေ၊ ဒါပေမဲ့ မျက်နှာပြောင်တိုက်ပြီး လာနေရသလိုဖြစ်တော့ နည်းနည်းတော့သိမ်ငယ်မိတယ်"

"အခုံးစွန်အထိ ခဏလေးသည်းခံပေးပါ ရဂုံ၊ ဖေဖေ့ကိုအရှုံး



www.burmeseclassic.com

www.burmeseclassic.com



ကြီး အတိုက်အခံလုပ်ပြီး ထွက်မသွားချင်လို့ပါ၊ အဆင်ပြေပြေ ပြီးမသွားဘူးဆိုရင် ကျွန်တော်တို့နှစ်ဦးသဘောတူ လက်ထပ်ကြတာပေါ့''

''ကိုထည့်အဖေကို ထားရက်နိုင်အောင် ရဂုံ့ကိုချစ်တာပေါ့နော်''

''အင်း ... ရဂုံ့ကိုချစ်တယ်''

''ရဂုံလည်း ကိုထည့်ကိုချစ်တယ်၊ တကယ်ချစ်တယ်''

ရင်ထဲက အမှန်အတိုင်းသစ္စာဆိုကာ ဖွင့်ဟလိုက်သည်။ အငြိုးအတေးတွေအတွက် အသုံးချနေရတာပဲ ရင်ထဲမကောင်းလှ။

ကိုထည်က သူ့မပခုံးလေးကိုဖက်ကာ အိမ်ထဲခေါ်လာခဲ့ရင်း

''ညစာစားပြီးမှ ကျွန်တော်ပြန်လိုက်ပို့မယ်နော် ရဂုံ''

''အင်း ... ကိုထည်ရေချိုးဦးမှာမဟုတ်လား။ ချိုးလိုက်လေ၊ မီးဖိုခန်းထဲမှာ ဒေါ်ကြီးသောင်းကို ရဂုံ ကူလုပ်ပေးလိုက်ဦးမယ်၊ မိသန်းက ဈေးဝယ်ဖို့ အပြင်ခဏထွက်သွားလို့''

''အိုကေ ... ကျွန်တော်ရေချိုးလိုက်မယ်နော်၊ ကျွန်တော့်အခန်းကို ရဂုံလိုက်မကြည့်ချင်ဘူးလား''

''မကြည့်တော့ပါဘူး၊ ထမင်းစားခန်းထဲကပဲ စောင့်မယ်''

''လာပါ ခဏလေး''

မိုးမြင့်ဝင့်ထည်က ဖွတ်လက်ဆွဲကာခေါ်သည်။ ထိုအချိန်မှာ ညေ့ခန်းမှာထိုင်နေသော ဦးဂုဏ်ဝင့်ထည် မြင်တွေ့သွားကာ

''သား ... ပြန်လာတာစောသားပဲ''

''ဟုတ်ကဲ့ ... ရဂုံတို့ရောက်နေတယ်ဆိုလို့ပါ ဖေဖေ''

''အလုပ်ချိန်က အလုပ်ချိန်ပေါ့သား။ သူတို့လည်း သူတို့အလုပ်နဲ့သူတို့ အားလပ်တာမဟုတ်ဘဲနဲ့ ဘာလို့အလည်ခေါ်မှာလဲ၊ နောက်ဆို အဲဒီကိစ္စမျိုးဆင်ခြင်သား''

''ဖေဖေ့ကို ရဂုံတို့နဲ့ ရင်းနှီးစေချင်လို့ပါ''

[redacted]



''သားကို ဖေဖေ ဘာပြော''

''သားဆန္ဒကို ဖေဖေသိနေတာပဲ၊ အတတ်နိုင်ဆုံး အားလုံးအဆင်ပြေပြေနေနိုင်ရင်ကောင်းမှာပဲ၊ သားအတွက် ကြိုးစားပေးပါ ဖေဖေ၊ သားရေချိုးလိုက်ပါဦးမယ်၊ ရဂုံနောက်မှ ကျွန်တော့်အခန်းကိုလိုက်ကြည့်တော့''

မိုးမြင့်ဝင့်ထည် အပေါ်ထပ်တက်သွားသည်။ မြလေးရဂုံကို ဦးဂုဏ်ဝင့်ထည် မျက်မှောင်ကြုတ်နှင့်ကြည့်နေပြီး

''ငါ့ဘက်က အပြစ်မရှိကြောင်း သက်သေပြနိုင်ရင် သားကိုခါကိုယ်တိုင်ဝန်ခံမယ် မြလေးရဂုံ၊ ယောက်ျားတိုင်းနီးပါး မှားတတ်တဲ့အမှားကို သားနားလည်မှာပါ၊ အဲဒီအချိန်ကျရင် မင်းရဲ့ယုတ်ညံ့မှုတွေကိုသိပြီး သားက မင်းကိုအမုန်းကြီးမုန်းသွားလိမ့်မယ်''

''ရှေ့ဖူးကိစ္စ ဘယ်လိုလုပ်မလဲ''

''ဘာ ... ဘာလုပ်ရမှာလဲ''

''ဒီအတိုင်း ရှင့်သားအမုန်းကိုခံပြီး အလျှော့ပေးလိုက်မှာတော့မဟုတ်ဘူးနော်၊ ကြေးစားမိန်းမနဲ့ပျော်ပါးပြီး ရလာတဲ့ကလေးကို တာဝန်မဲ့စွန့်ပစ်ထားတယ်ဆိုပြီး ကျွန်မက တိုင်းသိပြည်သိကြေညာမှာ၊ ရှင့်သားတစ်ယောက်တည်းကို ဝန်ခံပေးရုံနဲ့ပြီးလိုက်မှာ မဟုတ်ဘူး''

''တောက်''

''ဟင်း ... ဟင်း။ အဲဒါကြောင့်ပြောပါတယ်၊ ရှင့်သားနဲ့သဘောတူလိုက်ပါလို့''

မထီမဲ့မြင်မဲ့ပြုံးများနှင့် ပြောခဲ့ပြီး ထမင်းစားခန်းဘက် ဝင်လာခဲ့သည်။ သူမ အခန်းထဲရောက်မှ ဒေါ်ကြီးသောင်းကနောက်ကနေ ဝင်လာသည်။ ခုနက ဘယ်နေရာမှာရှိနေခဲ့တာလဲ။

ဦးဂုဏ်ဝင့်ထည်နှင့်ပြောနေတာတွေ ကြားများသွားပြီလား။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ကြီးသောင်း၊ ရဂုံ ဘာကူလုပ်ပေးရဦးမလဲ"

"ရ . . ရပါတယ်၊ ဘာမှလုပ်စရာမလိုတော့ပါဘူး၊ ပြီးနေပါပြီ"

ဒေါ်ကြီးသောင်း အသံတစ်မျိုးဖြစ်နေသည်။ တစ်ခုခုကြားသွားတာတော့ သေချာ၏။ တစ်သက်လုံး ဖုံးကွယ်ထားဖို့မှမရည်ရွယ်တာ။

သူမ မသိချင်ယောင်ဘဲဆောင်နေလိုက်သည်။

"ကိုထည်က ရေချိုးပြီးတာနဲ့ ထမင်းစားဖို့ ဆင်းလာမယ်ထင်တယ်၊ ရဂုံ ထမင်းပွဲကူပြင်ပေးရမလား ဒေါ်ကြီးသောင်း"

"နေ . . နေပါကွယ်၊ ဘာမှမလုပ်ပါနဲ့၊ မိသန်းပြန်လာတာနဲ့ ထမင်းပွဲပြင်လိုက်ရင် ခဏလေးပါ"

"ရွှေဖူးရော ဒေါ်ကြီးသောင်း၊ ဘယ်မှာမြင်မိလဲ"

"ခုနက ဒေါ်ကြီးသောင်းနဲ့ခြံထဲမှာ၊ ခဏနေမှဝင်လာမယ်တဲ့"

"ဟုတ်လား၊ ရွှေဖူးကတော့ ဒီအိမ်မှာ တကယ်ကိုပျော်နေတာ"

ဒေါ်ကြီးသောင်း ဘာမှမပြော။ မျက်နှာကပျက်ယွင်းပြီး သူမကိုပဲ အကဲခတ်ကြည့်နေသည်။

ခဏအကြာမှာတော့ အားလုံးထမင်းစားဖို့ လူစုံသွား၏။ ဖွန်းခက်ရင်းကိုင်တတ်နေပြီဖြစ်သော ရွှေဖူးက . .

"ဖေဖေ့ထဲကို ရွှေဖူး ဦးချပေးမယ်နော်"

"ဟင်"

သားရှေ့မှာ ခေါ်လိုက်တာမို့ ဦးဂုဏ်ဝင့်ထည် တုန်တက်လန့်ဖျပ်သွားသည်။ သားက အထူးအဆန်းဖြစ်လျက် ရွှေဖူးခေါင်းလေးကိုပုတ်ပြီး

"ရွှေဖူးက ဖေဖေ့ကို ဖေဖေလို့ခေါ်လိုက်တာလား"

"ဟုတ်တယ် . . ကိုထည်၊ ရွှေဖူးက မိဘမဲ့လေးလေ၊ သူများကလေးတွေ အဖေ အမေခေါ်ရင် အရမ်းခေါ်ချင်တာ၊ အခုလည်းကိုထည်က အန်ကယ့်ကို ဖေဖေလို့ခေါ်နေတော့ သူခေါ်ချင်နေတာနေ



မှာပေါ့"

"ဪ . . ကောင်းတာပေါ့၊ မေမေရှိလို့ ကလေးတွေထပ်မွေးဦးမယ်ဆိုရင် အငယ်ဆုံးကလေးက ရွှေဖူးအရွယ်လောက်ရှိမှာပဲ၊ ရွှေဖူးက ဦးဦးညီမလေးပေါ့"

"ကိုထည်က ရွှေဖူး အဲဒီလိုခေါ်တာကြိုက်ရဲ့လား မသိဘူး"

"ဘာမကြိုက်စရာလဲ ရဂုံရယ်၊ ကလေးပဲ မိဘမေတ္တာငတ်လို့ခေါ်တာခေါ်ပါစေ၊ သနားစရာတောင်ကောင်းသေးတယ်"

သားကခွင့်ပြုမှ ဦးဂုဏ်ဝင့်ထည် ပိုပြီး အသက်ရှုကျပ်လို့နေသည်။ မိန်းမလည်မ မြလေးရဂုံ။

ကလေးကို သူပဲသင်ပေးထားတာနေမှာ။ ကလေးဆိုတာ ဘာနားလည်မှာမို့လဲ။ ဒီလူကို ဒီလိုခေါ် ဒီလိုပြောဆိုလျှင် ပြောရုံခေါ်ရုံပေါ့။ ဒီမိန်းကလေးရဲ့သွေးတိုးစမ်းမှုများက ရဲတင်းပြင်းထန်လှသည်။ သားကဒါတွေ ဘာမှမသိဘဲ ဒီမိန်းကလေးကို တန်ဖိုးထားချစ်မြတ်နိုးနေတာသနားစရာပင်။

ရိုးရိုးသားသားမိန်းကလေးဆိုလျှင် သားနှင့်လက်ထပ်ပေးမိမှာပါ။ အခုတော့ အောက်တန်းကျသည့် ကြေးစားမိန်းမ။

အဖေကိုရ အဖေကိုယူ၊ သားကိုရ သားကိုယူမည့် ယုတ်ညံ့သည့်မိန်းမ။

"အန်ကယ် . . . ထမင်းစားနည်းသလိုပဲ၊ နောက်နေ့ကျရင် ရဂုံချက်ကျွေးပါ့မယ်၊ ကိုထည်ကတော့ ရဂုံဘာချက်ချက် လက်ရာကောင်းတယ်လို့ ချီးမွမ်းနေတာ"

"ရတယ်၊ ဘာမှလုပ်မပေးနဲ့၊ အိမ်မှာဒေါ်သောင်းတို့ရှိတယ်၊ မင်းလည်း အိမ်ကိုအကြောင်းမရှိအကြောင်းရှာပြီး မလာခဲ့နဲ့ မြလေးရဂုံ"

"ဖေဖေ . . . ဘယ်လိုပြောလိုက်တာလဲ၊ ရဂုံ့ကို သားလာခိုင်း

www.burmeseclassic.com

www.burmeseclassic.com



ထားတာ၊ ဖေဖေနဲ့ အဆင်ပြေစေချင်လို့ပါ၊ ရင်းနှီးအောင်နေစေချင်လို့ပါ”

“သား . . . ဒီကိစ္စ သားနဲ့ဖေဖေ နောက်မှဆွေးနွေးမယ်၊ အခု လောလောဆယ်၊ ဒီမိန်းကလေးနဲ့ ကင်းကင်းရှင်းရှင်းနေပေးပါ”

“ဖေဖေ”

“လက်ထပ်တယ်ဆိုတာ လွယ်တဲ့ကိစ္စလား . . .၊ တစ်ယောက်အကြောင်းတစ်ယောက် သေချာသိမှဖြစ်မှာ”

“ရဂုံ့အကြောင်း သားဘာမှထပ်သိစရာမလိုဘူး ဖေဖေ၊ သား ရဂုံ့ကို လက်ထပ်မှာ၊ ဖေဖေ လက်မခံလည်း လက်ထပ်မှာ၊ ဖေဖေ အဲလိုပဲသိထားပါ၊ ရဂုံ လာ. . . ကျွန်တော် ပြန်လိုက်ပို့မယ်၊ လမ်းက စားသောက်ဆိုင်မှာပဲ ရဂုံတို့စားချင်တာ ကျွန်တော်ဝယ်ကျွေးမယ်၊ အားနာပါတယ် ရဂုံ”

ရဂုံ့လက်ကိုဆွဲသည်။ ရွှေဖူးလက်ကိုဆွဲသည်။ ပြီးတော့ ထမင်းစားခန်းထဲက ထွက်လာခဲ့၏။

ဖေဖေ့အပေါ် ပထမဆုံးအကြိမ်အဖြစ် စိတ်နာမိသလိုဖြစ်သွား၏။ ဖေဖေဘာကြောင့် ဒီလိုတွေဖြစ်နေတာလဲ နားမလည်နိုင်။ သူ လက်ထပ်မည်လို့ပြောထားသည့် ရဂုံ့အပေါ် ဒီလိုမဆက်ဆံသင့်ဘူး မဟုတ်ပါလား။ တကယ်ဆို မလိုက်လျောနိုင်သေးတောင် အဆင်ပြေပြေလေးတော့ ဆက်ဆံပေးသင့်သည်။

အခုတော့ ခါးခါးသီးသီး။

ဖေဖေ့ကို မမုန်းချင်ဘူး ဖေဖေ။

✤✤✤



# အခန်း (၂၆)

“သူဌေးမင်း”

မိုးမြင့်ဝင့်ထည်တို့ ထွက်သွားပြီးကတည်းက ဦးဂုဏ်ဝင့်ထည် ထမင်းဝိုင်းမှာ ငူငိုင်စွာကျန်ရစ်ခဲ့သည်။ မတုန်မလှုပ်ဆိုပေမယ့် အသက်ရှူသံတွေ ပြင်းနေခဲ့၏။

မျက်ဝန်းအိမ်မှာ မျက်ရည်တွေနှင့်မို့ ဒေါ်သောင်း စိတ်မကောင်းပေ။ တစ်ခွန်းခေါ်ကြည့်ရုံနှင့်မရတော့ အနီးဆုံးထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။

“သူဌေးမင်း . . . စိတ်မကောင်းဖြစ်နေလား”

“ဟင် . . . ဒေါ်သောင်း”

“လူလေး ဒီလိုမလုပ်သင့်ဘူး ဒီမိန်းကလေးအကြောင်း သေချာမသိဘဲ ဖအေကိုအထင်လွဲတာ မကောင်းဘူးပေါ့။

“ဟင် . . . ဒေါ် . . . ဒေါ်သောင်းက ဘာတွေသိလို့လဲ”

ဦးဂုဏ်ဝင့်ထည် အထိတ်တလန့်မေးတော့ ဒေါ်သောင်း သက်ပြင်းတွေရှိုက်လျက်

“သူဌေးမင်းနဲ့ ရဂုံပြောနေတဲ့စကားတွေ ကျွန်မ ကြားလိုက်ပါတယ်၊ ဘယ်လိုဖြစ်တာလဲ၊ ဘယ်လိုတွေပတ်သက်ခဲ့လို့ ဒီလောက်တောင်



www.burmeseclassic.com

www.burmeseclassic.com



ရဂုံ အငြိုးတွေကြီးသွားရတာလဲ သူဌေးမင်းရယ်''

''ဒေါ်သောင်းရယ်၊ ကျွန်တော်ပြောရမှာ ရှက်လည်းရှက်ပါတယ်ဗျာ၊ ဒါပေမဲ့ ကျွန်တော့်မှာ တခြားရင်ဖွင့်စရာလည်းမရှိလို့ ပြောပြချင်ပါတယ်၊ တကယ်တော့ တစ်ကြိမ်တစ်ခါအမှားပါ၊ တစ်ခါတည်းပါဗျာ၊ ဒါကလည်း သူငယ်ချင်းဇော်မြင့်က အဆွယ်ကောင်းလို့ စိတ်ပြေလက်ပျောက်သဘောမျိုးပါပဲ''

''ဖြစ်တတ်ပါတယ်၊ ဒေါ်သောင်း နားလည်ပါတယ်သူဌေးမင်း၊ မိန်းမနဲ့ ကင်းကွာနေတော့လည်း ဒီလိုအမှားမျိုးဘယ်ကင်းနိုင်မှာလဲ၊ ဒေါ်သောင်းနားလည်ပါတယ်''

''အဲဒီမိန်းကလေးက မြလေးရဂုံဖြစ်နေခဲ့တယ်၊ မြလေးရဂုံက ကြေးစား၊ အခကြေးငွေနဲ့ ကိုယ်ခန္ဓာရောင်းစားတဲ့မိန်းကလေး''

''အို ... လူလေးတော့ ဒုက္ခပါပဲ၊ တမင်သက်သက်လူလေးကို ဒုက္ခပေးဖို့ပေါ့''

''ကျွန်တော့်ကို အငြိုးနဲ့လက်စားချေချင်တာလေ၊ ကျွန်တော်ပေးတဲ့ငွေတွေ သူမရလိုက်ဘူး၊ ဇော်မြင့်က သစ္စာမဲ့ အလွဲသုံးစားလုပ်သွားတာ''

''ဩော် ... ဒါကြောင့်လား''

ဒေါ်သောင်း အရမ်းကိုအံ့ဩသွားရသည်။ မြလေးရဂုံက ဒီလိုလုပ်စားသည့် မိန်းကလေးလို့ လုံးဝမထင်ရပါ။

ယဉ်ကျေးသိမ်မွေ့ ရိုးသား ဖြူစင်ပုံလေးနှင့် ချစ်စရာကောင်းသူပင်။

''ရွှေ .. ရွှေဖူးလေးက အဖေခေါ်တဲ့ကိစ္စကရော''

''ကျွန်တော်နဲ့ ဖြစ်ပျက်လိုက်တဲ့ကိစ္စမှာ ကလေးရသွားတယ်တဲ့၊ ငယ်ရွယ်ပြီး အတွေ့အကြုံမရှိလို့ ဘာလုပ်ရမှန်းမသိလိုက်ဘူးတဲ့



လေ၊ အဲဒီအချိန်မှာ သူ့အမေကရောဂါသည်းနေတယ်၊ သူ့အမေအတွက် ငွေရှာဖို့ အဲဒီတစ်ကြိမ်ပဲ သူလုပ်ခဲ့တာလို့ပြောတယ်၊ ကျွန်တော်ပေးတဲ့ငွေတွေ သူမရတော့ သူ့အမေသေတယ်၊ သူ့အမေစိတ်နဲ့ပဲ သူ့အဖေလည်း အရက်တွေသောက်ပြီး သေသွားတယ်၊ သူက ကိုယ်ဝန်ကိုဖျက်ချရမှန်းမသိဘဲ အရှက်ရပြီးကျန်ခဲ့တယ်''

''အမယ်လေး ... သူအငြိုးထားမယ်ဆိုလည်း ထားချင်စရာပဲပေါ့၊ သူလည်း ဒုက္ခရောက်ခဲ့ရှာတာပဲ၊ ဒါပေမဲ့ ဒီလိုသားအဖချင်းတော့ မဖြစ်သင့်ပါဘူး၊ ငရဲကြီးမှာမကြောက်ဘူးလား၊ လူလေးသိရင်ရော သူ့ခွင့်လွှတ်ပါ့မလား''

''ကျွန်တော်လည်း မဖြစ်သင့်လို့တားနေတာ၊ သားကိုဒါတွေပြောပြလို့ရော သင့်တော်မလား ဒေါ်သောင်း၊ သားရှက်လို့သေသွားနိုင်တယ်၊ သူအထင်ကြီး ကြည်ညိုလေးစားတဲ့ အဖေက ဒါမျိုးတွေလုပ်ခဲ့တယ်၊ သူရိုးသားဖြူစင် ကိုယ်ကျင့်တရားကောင်းပါတယ်ဆိုပြီး ချစ်သူအဖြစ်ရွေးချယ်ခဲ့တဲ့ မိန်းကလေးက ကိုယ်ခန္ဓာရင်းစားတဲ့ အကျင့်ပျက်မိန်းကလေးဖြစ်နေတယ်၊ သားဘယ်လောက်တောင် ခံစားသွားရမလဲ ဒေါ်သောင်းရယ်၊ သားရဲ့နာကျင်မှုတွေ၊ သားရဲ့ပေါက်ကွဲမှုတွေ ကျွန်တော်တွေးတောင် မတွေးရဲဘူး''

ဦးဂုဏ်ဝင့်ထည် ရင်လှိုက်သံကြီးနှင့်ပြောပြီး မျက်ရည်တွေကျနေသည်။ ဒေါ်သောင်းရင်ထဲလည်း ဆို့နင့်ကာ တင်းကျပ်နေသည်၊ တကယ်ကို မတွေးဝံ့စရာကိစ္စပဲ မဟုတ်ပါလား။ ဝဋ်လိုက်မှာမကြောက် ငရဲမကြောက်ဘဲ လုပ်ရဲလုပ်ဝံ့သည့် မြလေးရဂုံရဲ့သတ္တိကတော့ ချီးကျူးစရာကောင်းလှပေ၏။

''လူလေးကို ဖျောင်းဖျနားချပြီး နားလည်အောင်ပြောကြည့်ရင်ရော သူဌေးမင်း၊ နာကျင်နိုင်ပေမယ့် မဖြစ်သင့်တာ မဖြစ်တော့ဘူးပေါ့''

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် စဉ်းစားပါတယ်၊ သားကိုဝန်ခံမယ်ဆိုပြီး၊ တစ်ခါအမှားကို သားနားမလည်ဘဲ မုန်းချင်လည်းမုန်းပါစေလို့ပေါ့၊ ဒါပေမဲ့ မြလေးရဂုံက တိုင်းသိပြည်သိ အပုပ်ချမယ်၊ သိက္ခာချမယ်လို့ ခြိမ်းခြောက်တယ်၊ ကလေးကိစ္စထိပါ အကျယ်တဝင့်ဖြစ်ရင် သားရော ကျွန်တော်ရော ရှက်လို့ သေရလိမ့်မယ်"

"ဒါဆို ဘယ်လိုလုပ်မှာလဲ သူဌေးမင်းရယ်၊ လူလေးနဲ့လက်ထပ်လိုက်ရင်တော့ မကြားဝံ့ မနာသာတွေဖြစ်တော့မှာပဲ"

"ကျွန်တော်လည်း ခေါင်းတွေပူထူနေပြီ ဒေါ်သောင်းရယ်၊ အစားမတော်တစ်လုတ် အသွားမတော်တစ်လှမ်းဆိုတာ တကယ်အမှန်ပဲ၊ အဲဒီတစ်ကြိမ်တစ်ခါအမှားက ဘာမှကိုပြင်ဆင်လို့မရတော့ဘူး၊ မြလေးရဂုံကိုသွားပြီး ကျွန်တော်ညှိနှိုင်းပါတယ်၊ တောင်းပန်ပါတယ်၊ သူလည်း အဖေရော အမေရောသေထားတာဆိုတော့ အငြိုးမပြေနိုင်ဘူးထင်တယ်၊ ကျွန်တော့်ကို စိန်ခေါ်မှုတွေနဲ့ပဲ တိုက်ခိုက်နေတယ်၊ ကျွန်တော် ဘယ်လိုလုပ်ရမလဲ ဒေါ်သောင်း"

ဒေါ်သောင်းကို ကူပြီးစဉ်းစားပေးဖို့ အကူအညီတောင်းခြင်းဖြစ်လေသည်။ ဒေါ်သောင်းလည်း ထိတ်လန့်ပြီး ဘယ်လိုစဉ်းစားပေးရမှန်းမသိပါ။

ဘယ်လိုတွေးကြည့်ကြည့် အဆင်မပြေနိုင်ဘူးမဟုတ်လား။

"လူလေးကို ဒေါ်သောင်း ဖျောင်းဖျကြည့်ပါဦးမယ်၊ အခါအခွင့်သင့်တဲ့အချိန်လေးပေါ့၊ သူဌေးမင်းက ဒီကြားထဲ အတင်းအကျပ်မလုပ်ပါနဲ့ဦး၊ ဟိုက ဉာဏ်သုံးပြီးသိမ်းသွင်းနေရင် ဟိုဘက်ကိုပါသွားမှာပဲ၊ လူလေးကို ဒီကိစ္စတွေ သူကိုယ်တိုင်မပြောမှာကတော့ သေချာပါတယ်၊ သိစေချင်ပေမယ့် သူအရင်မပြောလောက်ဘူးလို့ပြောတာ၊ အဲဒါကို အခွင့်ကောင်းယူပြီး ဒေါ်သောင်းတို့က ဖျောင်းဖျကြည့်ရမယ်၊ လူလေးက သူဌေးမင်းကိုချစ်ပါတယ်၊ နားလည်အောင်ပြောရင် နားလည်မှာပါ"



"အင်း ... ဒေါ်သောင်းပြောတာ ကျွန်တော်နားလည်သဘောပေါက်ပါတယ်၊ ကျွန်တော် အတင်းအကျပ်လုပ်ရင်၊ သားကဖွတ်တရွတ်ဆုံးဖြတ်တော့မှာ၊ မြလေးရဂုံကပြောတယ်၊ သားက သူ့ကိုနှစ်ဦးသဘောတူ လက်ထပ်ပြီး ကွန်ဒိုတစ်ခုမှာ အတူနေဖို့တောင် ပြောတယ်တဲ့၊ ကျွန်တော်တို့သားကို ဖြေရှင်းဖို့အချိန်မရှိပါတော့မလား"

"အခုတောင် စိတ်ဆိုးသွားတယ်ထင်တယ်၊ ရဂုံတို့ကိုခေါ်ပြီး ထွက်သွားလိုက်တာ၊ သူဌေးမင်းကိုတောင် ဂရုမစိုက်ဘူး၊ ဟိုကတော်တော် ပိုင်ပိုင်နိုင်နိုင်စည်းရုံး သိမ်းသွင်းထားပြီးတာတော့ သေချာတယ်"

"အဲဒါကတော့ သားအရမ်းတန်ဖိုးထားပြီး ချစ်နေတာကိုကြည့်ရင် သိနိုင်တာပဲလေ၊ အဲဒါကြောင့်ပဲ ဒီကိစ္စတွေသိရင် သားပိုပြီး ခံစားရမှာ၊ ကျွ ... ကျွန်တော်သေသွားရင် ကောင်းမလား ဒေါ်သောင်းရယ်"

"အို ... သူဌေးမင်းရယ်၊ မပြောကောင်း မဆိုကောင်း"

စိတ်ဓာတ်မာကျောသော ယောကျ်ားရင့်မာကြီး မျက်ရည်ကျတော့ ဒေါ်သောင်းစိတ်မကောင်းပေ။ အေးချမ်းသော သားအဖနှစ်ယောက်ရဲ့ဘဝက ရဂုံ့ကြောင့် ပူလောင်နေရပြီမဟုတ်ပါလား။

ဒီကိစ္စတွေ လူလေးနားလည်နိုင်မှ ဖြစ်မှာပါ။ မဟုတ်လျှင်တော့ အရာအားလုံး မိုးမီးလောင်ရုံပဲရှိတော့တာ ...။

✤✤✤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

ဖြေသာအောင်နေကြည့်ပေမယ့် စိတ်တို့က ဂနာမငြိမ်။ ရဂုံ့ကို အားနာပြီး ဘာလုပ်ရမှန်းမသိအောင်ကိုဖြစ်နေတာပါ။

အိမ်အထိလိုက်ပို့ပြီးမှ ရွှေဖူးလေးကို မမေခိုင်နှင့်ထားခဲ့ပြီး ရဂုံ့ကိုခေါ်ထွက်လာခဲ့တာ။ ကားပေါ်မှာလည်း ပြောစရာစကားလုံးတို့ ပျောက်ဆုံးသလို နှုတ်ဆိတ်နေခဲ့ပြီး ကန်ပေါင်ရောက်သည့်တိုင်အောင် ဘာမှ မပြောဖြစ်သေးပေ။

"ကိုထည်"

"ဗျာ"

"ဘာဖြစ်နေတာလဲ၊ ဘာလို့စကားမပြောဘဲ ၊ အဲဒီလိုဖြစ်နေတာလဲ"

"ကျွ...ကျွန်တော် ရဂုံ့ကိုအားနာလို့ပါ၊ ဖေဖေက သဘောတူပါတယ်၊ လက်ခံပါတယ်လို့ ကတိတွေပေးပြီး အိမ်ခေါ်လာပြီးမှ ဖေဖေ အဲဒီလိုဆက်ဆံလိုက်တော့"

"ဒါဘာဆန်းလို့လဲ ကိုထည်ရယ်၊ ရဂုံ့လို မိန်းကလေးကို ဘယ်လို မိဘက အလွယ်တကူလက်ခံချင်မှာလဲ"

"မဟုတ်သေးဘူး၊ ဖေဖေက အဲဒီလိုလူမျိုးမဟုတ်ဘူး ရဂုံ၊



တကယ်ကို စိတ်ရင်းသဘောကောင်းပြီး စိတ်ဓာတ်ပြည့်ဝတဲ့သူပါ၊ ရဂုံ့အကြောင်းလည်း ကျွန်တော်အားလုံးဖွင့်ပြောထားတယ်၊ ဖေဖေ လက်ခံလို့ ကျွန်တော်အိမ်ခေါ်တာပါ တကယ်ပါရဂုံ"

ဗျာယာခတ်လောက်အောင် စိတ်ထိခိုက်နေသော ကိုထည့်ကို သူမ နှစ်သိမ့်အားပေးချင်လှပါသည်။ အပြစ်တွေလုပ်မိသူက သူမပါ။

ကိုထည် ဒီထက်ခံစားရမှာကိုမြင်ရလျှင် သူမ သေရတော့မည် ထင်သည်။

ကိုထည့်ကို သူမအဲလောက်ကို ချစ်မိနေပြီဖြစ်၏။

"ရဂုံတို့ လမ်းခွဲကြမလား ကိုထည်"

"ရ...ရဂုံ ဘာပြောတာလဲ၊ ကျွန်တော်တို့ ဘာလို့လမ်းခွဲရမှာလဲ။ လမ်းဆုံးမှာ ခွဲခွာမယ်ဆိုပြီး ကျွန်တော်ချစ်ခဲ့တာမှမဟုတ်တာ၊ ရဂုံ့ကို ကျွန်တော်လက်ထပ်မှာပါ။ ဘယ်နည်းနဲ့မဆို လက်ထပ်မှာ၊ ရဂုံက ကျွန်တော့်ကိုယုံကြည်ပေးဖို့ အရေးကြီးတယ်"

"ကိုထည့်ကို ယုံကြည်ပေမယ့် ကံကြမ္မာကိုတော့ ယုံလို့မဖြစ်ဘူး မဟုတ်လား"

"ကံကြမ္မာကို ဘာမယုံစရာရှိလဲ၊ ရဂုံ့ကို ကျွန်တော်ချစ်တယ်၊ ရဂုံကလည်း ကျွန်တော့်ကိုချစ်တယ်၊ ဖေဖေ သဘောမတူလည်း ကျွန်တော် လက်ထပ်မှာပဲ"

"ကိုထည် အဲဒီလိုဖွတ်လုပ်လည်း ကိုထည့်အဖေက လက်ခံမှာမဟုတ်ဘူး။ အဆုံးစွန်ထိ လက်မထပ်နိုင်အောင်၊ ဒါမှမဟုတ် လက်ထပ်ပြီးတောင် ရအောင်ခွဲမှာ"

"ဘာလို့ အဲဒီလိုပြောနိုင်တာလဲ ရဂုံ၊ ဖေဖေ အဲဒီလိုလုပ်လိမ့်မယ်လို့ ရဂုံ ဘာလို့အတိအကျသိနေတာလဲ"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့်ဝင့်ထည် မေးခွန်းမှာ သမင်တက်မိသွားခဲ့သည်။ စကားတွေ ကျွံသလိုဖြစ်သွားတာကြောင့်ပါ။ ဒါပေမဲ့ သူမမျက်နှာကို ခပ်တင်းတင်းလေးပဲလုပ်ထားကာ

"ကိုထည်မရှိတဲ့အချိန်မှာ ရဂုံ့ကို သေချာပြောထားလို့ပါ၊ ငါ့သားနဲ့ လုံးဝမပတ်သက်အောင်နေပါ၊ မင်းနဲ့ လုံးဝသဘောမတူနိုင်ဘူး၊ လက်ထပ်မပေးနိုင်ဘူး၊ သူရအောင်ခွဲမှာတဲ့"

"ဘာ. . . ဖေဖေက အဲဒီလိုပြောခဲ့တာလား၊ ရဂုံရယ် ကျွန်တော် ဘယ်လိုအားပေးရမလဲဗျာ၊ ရဂုံ့ကို ဖေဖေ အဲဒီလိုမျိုး ပြင်းပြင်းထန်ထန်တွေ ပြောလိမ့်မယ်လို့ မထင်ခဲ့ဘူး၊ ဖေဖေ့ကိုနားလည်အောင် ကြိုးစားပေးချင်စိတ်တောင် မရှိတော့ဘူး၊ ကျွန်တော်တို့ လက်ထပ်ကြတော့မလား ရဂုံ"

"ဟင်. . . ဟို အလောသုံးဆယ် မဆုံးဖြတ်ပါနဲ့ဦး၊ မိဘကို ကလန်ကဆန်လုပ်တာ အဆင်မပြေပါဘူး၊ ကိုထည့်မှာ ဒီအဖေတစ်ယောက်တည်းရှိတာမဟုတ်လား၊ သူ့စကားကို နားမထောင်လို့ တစ်သက်လုံး ပြတ်သွားမယ်ဆိုရင် ဘယ်လိုလုပ်မလဲ"

"ရဂုံက ကျွန်တော်အမွေပြတ်ခံရမှာ စိုးရိမ်လို့လား၊ အမွေပြတ်ခံရလည်း ရဂုံ့ကို လူတန်းစေ့နေနိုင်အောင် တင့်တောင့်တင့်တယ်နေနိုင်အောင် ကျွန်တော်လုပ်ကိုင်ကျွေးနိုင်တယ်၊ ရဂုံက ကျွန်တော့်အချစ်တွေကို ခံစားရင်းနဲ့ သက်သောင့်သက်သာလေးပဲနေပါ"

"ကိုထည်ရယ်"

ဒီချည်နှောင်မှုတွေကြားမှာ သူမဘယ်လိုလုပ် လွတ်မြောက်အောင်ရုန်းထွက်နိုင်မှာလဲ။ ဒါပေမဲ့လည်း နှင်ထုတ်ခံရတဲ့တစ်နေ့ နားလည်ပေးရင်း ကျန်နေခဲ့မှာပါ။ ရှင်မုန်းအောင်လုပ်ရင်း ရှင်မုန်းမှာကို ကြိုသိနေခဲ့လို့ပါ ကိုထည်။ နာကျင်မှုများနှင့် ငြိမ်သက်နေသော သူမ



ခေါင်းလေးကို ကိုထည်က နူးညံ့ကြင်နာစွာ ဖက်ပွေ့လာပြီး . . .

"ကျွန်တော်ကတော့ ဆုံးဖြတ်လိုက်ပြီ ရဂုံ၊ ကျွန်တော် ရဂုံနဲ့ လက်ထပ်မယ်၊ အခုကတည်းက တိုက်ခန်းကိုစွစုံစမ်းပြီး ကောင်းတဲ့နေရာလေးကို ဝယ်မယ်၊ ဖေဖေ့ဆီက မတောင်းဘူး၊ ကျွန်တော်စုထားတဲ့ ပိုက်ဆံနဲ့ဝယ်မှာ၊ ခန်းဝင်ပစ္စည်းတွေကို ရဂုံနဲ့အတူတူဝယ်မယ်လေ၊ ရဂုံ စိတ်တိုင်းကျတာကို ရဂုံ့စိတ်ကြိုက်သာဝယ်၊ ရဂုံကြိုက်ရင် ကျွန်တော်ကြိုက်တာပဲ၊ ရုံးတက် လက်မှတ်ထိုးပြီး မင်္ဂလာဆွမ်းကျွေး လက်ထပ်လိုက်ရတယ်ဆိုရုံနဲ့မို့ အားတော့မငယ်လိုက်ပါနဲ့၊ ဖေဖေနဲ့ မေမေ့ဘက်က အမျိုးတွေကို နည်းနည်းအတိုက်အခံလုပ်ရမှာမို့ပါ၊ ရဂုံ ကျွန်တော့်ကို နားလည်တယ်မဟုတ်လား"

"နား . . . နားလည်ပါတယ်၊ ဒါပေမဲ့ ကိုထည့်ကို သားမိုက်တစ်ယောက်တော့ မဖြစ်စေချင်ဘူး၊ မိဘဆိုတာ အစားထိုးလို့မရဘူး မဟုတ်လား"

"ကျွန်တော့်အတွက်တော့ အချစ်ကလည်း အစားထိုးလို့မရပါဘူး ရဂုံ၊ ရဂုံက ကျွန်တော့်ရဲ့အချစ်ဦးပါ၊ ကျွန်တော့်ကိုချစ်တတ်အောင် သင်ပေးခဲ့တဲ့သူပါ၊ ဖေဖေ့ကိုလည်း ကျွန်တော်ချစ်ပါတယ်၊ အရမ်းကြည်ညို လေးစားဖို့ကောင်းလို့ ဂုဏ်ယူနေခဲ့တဲ့ကောင်ပါ၊ ဖေဖေ ကျွန်တော့်ကို နားလည်မယ်ထင်တာ၊ ဒီလိုမျိုး ရဂုံ့အပေါ် ခါးခါးသီးသီး ဆက်ဆံတာ ကျွန်တော် အရမ်းအံ့သြမိတယ်"

ဒီလို ဒီအကြောင်းတွေရှိလို့ပါဆိုတာ သူမရှင်းပြချင်လှသည်။ ဒီလိုသာ သိသွားလျှင် သူမအပေါ် ဘယ်လောက်များတောင် စိတ်နာသွားမလဲ။ သူ့ကိုမချစ်ဘဲ အသုံးချချင်လို့ဆိုတာ သူတကယ်ကို နာကြည်းသွားမှာပါပဲ။

"ကိုထည်ရယ်၊ တကယ်လို့ဝေးကြရမယ်ဆိုရင် ရဂုံ ကိုထည့်ကို

www.burmeseclassic.com

www.burmeseclassic.com



တကယ်ချစ်ခဲ့တယ်ဆိုတာ ယုံကြည်ပေးပါနော်''

သူမ မနေနိုင်စွာ ပြောမိတော့ ကိုထည်က သူမနဖူးလေးကို ရှိုက်ခနဲနမ်းမွှေးပြီး

''ယုံတာပေါ့ ရဂုံရယ်၊ ရဂုံ ကျွန်တော့်ကို တကယ်ချစ်တယ်ဆိုတာ၊ ကျွန်တော် တကယ်ယုံကြည်ပါတယ်၊ ဒါကြောင့်လည်း ဖေဖေ့ကို လွန်ဆန်ပြီး ရဂုံ့ကိုလက်ထပ်ဖို့ ကျွန်တော်ဆုံးဖြတ်တာပေါ့၊ ဒီလိုမှမဟုတ်ရင် ကျွန်တော် ကြည်ညိုလေးစားချစ်ခင်တွယ်တာရတဲ့ ဖေဖေ့ကို လွန်ဆန်ရက်ပါ့မလား၊ ကျွန်တော်တို့ သားအဖက သူများမိသားစုတွေထက် နွေးထွေးပြီး ချစ်ခင်ကြပါတယ်''

ထိုစကားကြားတော့ သူမရင်ထဲမကောင်းလှပေ။ သူမသာ ဦးဂုဏ်ဝင့်ထည်ကို လက်စားချေဖို့ မကြိုးစားခဲ့လျှင် သူတို့သားအဖတွေ စိတ်ဝမ်းလည်းကွဲမှာမဟုတ်၊ မေတ္တာလည်း ပျက်ကြမှာမဟုတ်ဘူး မဟုတ်လား။ အခုမှတော့ နောက်ကြောင်းပြန်လှည့်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်တော့ပေ။

ရှေ့ဆက်ဖို့ကျတော့ရော...။

''ရဂုံတို့ ကန်ပေါင်မှာ လမ်းလျှောက်ကြမလား ကိုထည်၊ လက်ချင်းတွဲပြီးတော့လေ''

''အင်း ... လျှောက်မယ်လေ၊ ကောင်းတာပေါ့''

ကိုထည်က အရင်ထရပ်ပြီး သူမလက်လေးကို တင်းတင်းဆုပ်ကိုင်ထား၏။ ကိုထည့်ကိုယ်ကိုမှီပြီး သူမ လျှောက်သည်။

''ကိုထည်.. ဟိုးလမ်းအဆုံးထိလျှောက်ကြမယ်နော်''

''လျှောက်လေ၊ အဝေးကြီးဆိုတော့ ရဂုံညောင်းမှာစိုးလို့''

''ရဂုံက အလှသမားမှမဟုတ်တာ၊ ဘဝသမားပဲ၊ ဒီလောက်တော့လျှောက်နိုင်ပါတယ်၊ ကိုထည်နဲ့ဆို ဒီထက်ပိုပြီးတော့တောင်





လျှောက်နိုင်လိမ့်မယ် ထင်တယ်''

''ဒါဆိုလျှောက်ပါ၊ ကျွန်တော့်ကိုတွဲပြီး လျှောက်၊ ရဂုံတယ်တော့ မပင်ပန်းစေရဘူး၊ မမောစေရဘူး''

''တစ်သက်လုံးမှီတွယ်လို့ရရင်ကောင်းမှာပဲ မောင်ရယ်''

''မောင် ... မောင်လို့ခေါ်လိုက်တာလား ရဂုံ''

''အဲဒီလိုခေါ်နေချင်ခဲ့တာပါ''

''ရင်တွေခုန်လိုက်တာ ရဂုံရယ်၊ ကိုထည်လို့ ရဂုံစခေါ်တုန်းကလည်း ကျွန်တော်ရူးသွပ်ခဲ့ရတာပါပဲ၊ အခု မောင်လို့ခေါ်လိုက်တာလည်း ကျွန်တော့်ရင်တွေ အရမ်းခုန်နေတယ်၊ နားထောင်ကြည့်ပါလား ရဂုံ''

သူမ နားလေးကို သူ့ရင်ဘတ်မှာကပ်ကာ နားထောင်ခိုင်းသည်။ သူမရင်ခုန်သံတွေက တဒုန်းဒုန်းမြည်ကာ ပိုပြီးကျယ်လောင်နေပါလိမ့်မည်။ ဒါပေမဲ့ သူ့ကိုနားမထောင်ခိုင်းရဲပါ။

အရှက်သည်းစွာ သူမ မျက်နှာလွှဲလိုက်ပြီး

''ရင်ခုန်သံတွေ တစ်သက်လုံး ပူနွေးနေရင်ကောင်းမှာပဲ မောင်ရယ်၊ တစ်သက်လုံးနားထောင်ခွင့်ရမှာပဲ''

''ဘာလို့ဝေးရမယ့် အတိတ်နိမိတ်တွေပဲ ပြောနေတာလဲ ရဂုံရယ်၊ ကျွန်တော် ရဂုံ့ကိုလက်ထပ်မှာပါ၊ အခုကစပြီး ကျွန်တော်ပြင်ဆင်တော့မှာ၊ ရဂုံ့ကို ခါးခါးသီးသီးဆက်ဆံတဲ့ ဖေဖေ့ဆီက ကျွန်တော်အချိန်ဆွဲပြီး ဘာမှထပ်မမျှော်လင့်ချင်တော့ဘူး၊ ရဂုံ့ကို မခွဲရဖို့ပဲ ကျွန်တော့်အတွက် အရေးကြီးတယ်၊ နော်... ရဂုံ ကျွန်တော်တို့ လက်ထပ်ကြမယ်''

နီးဖို့ကြိုးစားလေ ပို၍ဝေးတော့မှာကို သူမသိလို့ပါ။ ကြိုသာသိခဲ့လျှင် နီးဖို့ သူကြိုးစားမှာမဟုတ်ပေ။

ဒီအခြေအနေလေးက လွမ်းဖို့ကောင်းလိုက်တာ မောင်ရယ်။

''မောင် ... တော်ပြီ၊ မလျှောက်တော့ဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... အဆုံးထိလျှောက်မယ်ဆို ရဂုံရဲ့"

"ဟင့်အင်း ... မလျှောက်တော့ဘူး၊ အဆုံးကိုမြင်နေရပြီပဲ၊ ဘယ်လောက်ဝေးမယ် ဘယ်လောက်ကြာမယ်ဆိုတာ မြင်နေသိနေရပြီလေ၊ နောက်ပြန်ဆုတ်ရအောင် မောင်"

သူမက အဓိပ္ပာယ်တွေနှင့်ပြောလိုက်ခြင်းဖြစ်ပေမယ့် မိုးမြင့်ဝင့်ထည်ကတော့ သူမကိုအလိုလိုက်လိုသည့်ဆန္ဒများနှင့်သာ

"သဘောပဲလေ၊ ရဂုံ ပြန်ဆုတ်ချင်တယ်ဆိုလည်း ဆုတ်ပါ၊ ဟိုခုံလေးမှာတော့ ခဏပြန်ထိုင်ရအောင်နော်၊ ကျွန်တော် ရဂုံနဲ့ မခွဲချင်သေးဘူး၊ ရင်ခုန်သံတွေက မငြိမ်သေးလို့လေ"

"ရဂုံလည်း မောင်နဲ့မခွဲချင်သေးပါဘူး၊ ဒီအတိုင်းလေး မောင့်ပခုံးမှာမှီပြီး မောင့်ရင်ခွင်မှာမှီတွယ်ပြီး အကြာကြီးနေချင်သေးတယ်၊ နေလို့ရသရွေ့ အချိန်ထိပေါ့"

"အဟင်း ... နေပါဗျာ၊ ကျွန်တော့်အချစ်ဆုံး ရဂုံလေးနေချင်သလောက်နေပါ၊ ကျွန်တော်က တစ်သက်လုံးထွေးပွေ့ထားချင်တာပါ"

မဖြစ်နိုင်ပါဘူး မောင်ရယ်လို့ ရင်ထဲကနေပဲ တီးတိုးပြောနေမိသည်။ ဘယ်လောက်မှကြာကြာ အတူနေခွင့်ရမှာမဟုတ်တော့ပါဘူး မောင်ရယ် ...။

မောင်ရယ် ခဏပါပဲ။ ရဂုံတို့ ခဏလေးပါပဲ ...။

✤✤✤

[redacted]

## အခန်း (၂၈)

"မင်းတို့ကိစ္စက အပျက်ပျက်နဲ့ နှာခေါင်းသွေးထွက်နေပြီပဲ၊ မင်းအဖေ အဲဒီလောက်အထိဖြစ်သွားရတဲ့အကြောင်းရင်းက ဘာများဖြစ်နိုင်မလဲ၊ မင်းမစဉ်းစားမိဘူးလား မိုးမြင့်"

"မစဉ်းစားချင်တော့ဘူး၊ အကြောင်းမှမရှိဘဲ ရဂုံ မပြည့်စုံဘူးချိတဲ့တယ်၊ တူမလေးတစ်ယောက်နဲ့ ရှုန်းကန်နေရတယ်ဆိုတာ ပြောပြထားပြီးသား၊ ဒီဘဝကိုမြင်ရုံနဲ့ ရိုးသားကြိုးစားတယ်ဆိုတာလည်း သိနေပြီးသား၊ ဒါကို ဖေဖေဖြစ်နေတာက ..."

"တခြားအကြောင်းရော ရှိမနေနိုင်ဘူးလား"

"ဘာအကြောင်းလဲ"

"မသိဘူးလေ၊ ဘာများရှိမလဲလို့၊ အခုက လက်ခံမလိုလုပ်ပြီးမှ ခါးခါးသီးသီးဖြစ်နေတာမျိုး မဟုတ်လား"

မိုးမြင့်ဝင့်ထည် ခေါင်းကိုစုံယမ်းရင်း။ မသက်မသာ သက်ပြင်းများနှင့် ဆိုဖာခုံကို ကျောကပ်သွား၏။ ဖြစ်ချင်တာတွေများလို့ စိတ်တိုင်းမကျရတာမဟုတ်။

ဖြစ်သင့်ပါလျက် အတားအဆီးက စိတ်ပျက်စရာကောင်းနေတာ။ ဘယ်အရာတွေ ဖေဖေ့အတွက် ခါးသီးဖွယ်ကောင်းနေတာလဲ။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ရဂုံ့ကို လက်ခံမပေးနိုင်ရသည့်အကြောင်းရင်းက ဘာလဲ။

"မိုးမြင့်"

"ဘာတွေခေါင်းယမ်းပြီး အုံးစားနေတာလဲ၊ တစ်ခါတလေ စိတ်တွေလွှတ်ပစ်လိုက်ပါလား၊ ဘီယာဆိုင်ထိုင်တာမျိုးဖြစ်ဖြစ်၊ စိတ်ရှင်းသွားအောင်"

"ဒီလိုမျိုးနဲ့ စိတ်ဖြေဖျောက်တာတော့ ငါမလုပ်ချင်ဘူး၊ မရင့်ကျက်တဲ့အရွယ်မှ မဟုတ်တော့တာ၊ ကိုယ့်ဆန္ဒ ကိုယ့်သဘောနဲ့ အိမ်ထောင်ပြုရင်တောင်ရနေပြီ"

"ဘာ . . . မင်းအဲဒီလိုလုပ်တော့မလို့လား"

"ငါတိုက်ခန်းကိစ္စစုံစမ်းနေတယ်၊ ငါစုထားတဲ့ငွေပဲသုံးမှာဆိုတော့ ကွန်ဒိုနီးနီးကောင်းတဲ့တိုက်ခန်းကောင်းကောင်းရမလားလို့"

"ဟာ. . . မင်းအဖေ သဘောမတူတဲ့ကိစ္စကို မင်းဖွတ်လုပ်တော့မလို့လား"

"ရဂုံ့ကို ပြောထားတယ်၊ ရုံးတက် လက်မှတ်ထိုးပြီး အတူနေကြမယ်လို့၊ ဖေဖေ့ဆီက ပြေလည်မှုကိုစောင့်ရင်း ငါတို့ပိုဝေးသွားမှာစိုးလို့ ငါဒီလိုဆုံးဖြတ်လိုက်ရတာ၊ ရဂုံ့ရဲ့သိမ်ငယ်မှုတွေအတွက် ငါဒီလိုအားပေးမှဖြစ်မှာလေ"

"မင်းလည်း အဲဒီလိုသားမျိုးဖြစ်လိမ့်မယ်လို့ မထင်ရဘူး"

"ဘာဖြစ်လို့လဲ"

"ကြည်ညိုလေးစားရတဲ့အဖေကို ဂုဏ်ယူရင်းနဲ့ လိမ္မာတဲ့သားတစ်ယောက်အဖြစ်ပဲနေလာခဲ့တဲ့ကောင်မို့လေ၊ အချစ်နဲ့တွေ့မှ အဖေ့ကိုအတိုက်အခံလုပ်ဖို့ ဝန်မလေးတာ အံ့ဩဖို့ကောင်းနေတာ"

မိုးမြင့်ဝင့်ထည် ခပ်ယဲ့ယဲ့ပြုံးဖြစ်သွားကာ

"ဖေဖေ အဲဒီလိုမလုပ်ဘူးဆိုရင် ငါလည်း သားလိမ္မာတစ်ယောက်အဖြစ်ပဲ ရှိနေမှာပါ၊ အခုလည်း ငါ့ကိုယ်ငါ သားမိုက်တစ်ယောက်ဖြစ်ပြီလို့ မခံယူဘူး၊ ငါ့ချစ်သူအတွက် ညှိနှိုင်းဆွေးနွေးဖို့ အဆင်မပြေဖြစ်နေတာ၊ ဖေဖေ လက်ခံပေးလိုက်ရင် ဘာပြဿနာမှရှိမှာ မဟုတ်ဘူး၊ ငါဖေဖေ့ကို တကယ်ကို နားမလည်နိုင်တော့တာပါ"

"အေးကွာ၊ မင်းတို့ကိစ္စလွယ်ပြီထင်နေတာ၊ ရဂုံ့ကို အိမ်ခေါ်မတွေ့ခင်က အစစအဆင်ပြေနေပြီးမှ၊ မင်းအဖေစိတ်ပြောင်းသွားရတာ အကြောင်းတော့ရှိလို့ဖြစ်လိမ့်မယ်၊ မင်းကလည်း နောက်မဆုတ်တော့ဘူးဆိုတော့ အန်ကယ်လည်း စိတ်ထိခိုက်မှာအမှန်ပဲ၊ ငါ့အနေနဲ့ပြောရရင် အန်ကယ့်ကို ထပ်ဆွေးနွေးကြည့်စေချင်တယ်၊ မရုတ်မလွှန်ပေါ့၊ မင်းလည်း သားဆိုးမဖြစ်အောင်"

သူ့ဒါကိုတော့ ဆက်မငြင်းချင်တော့၊ ဖေဖေ့ကိုလည်း ပြတ်ပြတ်သားသားကြီးတော့ မလုပ်ချင်။ ချစ်ခင်နွေးထွေးစွာ ဂုဏ်ယူလေးစားခဲ့ရသော အဖေမို့ပါ။

"ငါ အဲဒီလိုလုပ်ကြည့်မယ်၊ အဆင်မပြေခဲ့ရင်တော့ ငါဆုံးဖြတ်ထားတဲ့အတိုင်း ရဂုံနဲ့လက်ထပ်မှာပဲ၊ အဆင်ပြေခဲ့ရင်တော့ ပိုကောင်းတာပေါ့ကွာ၊ ရဂုံ့ကို တင့်တောင့်တင့်တယ် မင်္ဂလာပွဲကျင်းပပြီး လက်ထပ်နိုင်တယ်၊ ဖေဖေ အရင်ကပြောခဲ့သလို ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနားလေးဖြစ်သွားမှာ၊ ငါရဂုံ့ကို အဲဒီလိုပုံစံမျိုးနဲ့ လက်ထပ်ချင်တာပါကွာ၊ တန်ဖိုးရှိရှိလေးပေါ့၊ အခုတော့ . . ."

"မင်းရဂုံ့ကို တော်တော်လေးကိုချစ်တာပဲနော်၊ မင်းလိုအချစ်မျိုးကတော့ ရှားပါတယ်ကွာ၊ ငါတကယ်အံ့ဩပါတယ်၊ ကိုယ်နဲ့အသိုက်အဝန်းရော အဆင့်အတန်းရော သဟဇာတမဖြစ်တဲ့မိန်းကလေးအပေါ် တန်ဖိုးထားနိုင်လွန်းလို့ ပြောတာပါ"

"သူချစ်စရာကောင်းလို့ ငါချစ်တာပါ၊ သူရိုးသားဖြူစင်လို့ ငါ







www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးထားမိတာပါ။ ငါ့အတွက် ဘယ်လိုမှတန်ဖိုးမဖြတ်နိုင်ဘူး၊ ငါမျက်စိထဲမှာ ရဂုံက အလှပဆုံးရှုန်းကန်နေတဲ့ မိန်းကလေးလို့မြင်တယ်၊ သူ့ဘဝလေးကို ပြောင်းလဲပေးလိုက်ရင်ဆိုတဲ့ စိတ်ကူးတွေနဲ့ ငါပျော်နေတာ ကြည်နူးနေတာ''

''ချစ်တတ်လိုက်တာ၊ ငါသာ မင်းချစ်တဲ့မိန်းကလေးဖြစ်လိုက်ချင်တော့တယ်''

''ခွေးကောင် ပေါက်ကရပြောနေတယ်''

မင်းဦးစကားကြောင့် ရယ်ရသေးသည်။ မင်းဦးပခုံးကို ဖတ်ခနဲပုတ်လိုက်ပြီး

''ငါပြန်တော့မယ်ကွာ''

''ဟာ . . . စောပါသေးတယ်ကွာ''

''ရဂုံတို့အိမ်ဝင်ဦးမှာ၊ အဲဒီမှာ ထမင်းစားပြီး မိုးချုပ်မှအိမ်ပြန်မှာ''

''မင်းအဖေကိုအရွဲ့တိုက်နေတာလား''

''မရည်ရွယ်ပါဘူး ရဂုံတို့နဲ့နေရတာ စိတ်ချမ်းသာလို့ပါ၊ တခြားနေရာမှာတွေ့ဖို့ကလည်း အဆင်မပြေဘူးလေ၊ အိမ်မှာလည်း ဖေဖေကမှ လက်မခံတာ၊ အဲဒါကြောင့် မနက်ဆို အိမ်ကစောထွက်တယ်၊ ညဆို မိုးချုပ်မှပြန်တယ်''

''အန်ကယ် စိတ်မကောင်းဖြစ်နေတော့မှာပဲ၊ လက်ထပ်ဖို့ကိစ္စ ပြင်ဆင်နေတယ်ဆိုတာသိရင် ပိုတောင်ဆိုးဦးမယ်''

''ငါအဲဒီလို မဖြစ်ချင်ပါဘူး''

သူဒါပဲပြောနိုင်သည်။ ဖေဖေနှင့် တကယ်ကိုဒီလိုမဖြစ်ချင်ပါ။ ခုလိုကိစ္စမျိုးကြောင့် ဖေဖေနှင့်အနေစိမ်းသွားရတာ လုံးဝစိတ်မကောင်းပေ။ ဒါပေမဲ့ သူချစ်ရသော ရဂုံအပေါ် ဒီလိုခါးသီးစွာ မဆက်ဆံသင့်ဘူး



မဟုတ်လား။

ရဂုံ့ကို သူ့လိုပင် တန်ဖိုးထားစေချင်တာပါ။

ရဂုံ့ကို ဖေဖေ ဘာတွေများ မကျေမနပ်ဖြစ်နေတာလဲ . . .။

✤✤✤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"ဘာတွေ မကျေမနပ်ဖြစ်လို့ ဒီရက်ထဲအိမ်ပြန်နောက်ကျနေတာလဲ လူလေး"

"ဩော်. . . ဒေါ်ကြီးသောင်း"

ဒေါ်ကြီးသောင်းက အခန်းတံခါးခေါက်ကာ အသံပေးရင်း ဝင်လာ၏။ သူက ကုတ်အင်္ကျီကိုချွတ်မှာ ချွတ်လိုက်ရင်း ဒေါ်ကြီးသောင်းကို နောက်လှည့်ကြည့်ပြီးမှ အခန်းထဲက ကျွန်းဆက်တီမှာဝင်ထိုင်လိုက်သည်။

ဒေါ်ကြီးသောင်းက ရှေ့ကခုံမှာဝင်ထိုင်ပြီး

"လူလေးအဖေနဲ့ မျက်နှာချင်းမဆိုင်ချင်လို့ အိမ်မှာထမင်း မစားတော့တာလား လူလေး၊ မနက်စာဝိုင်းမှာလည်း မတွေ့၊ ညဘက်လည်း မတွေ့ရလို့ လူလေးအဖေကတော့ တော်တော်လေးကို စိတ်မကောင်းဖြစ်နေတယ်၊ အရမ်းချွေးထွေးခဲ့တဲ့ သားအဖနှစ်ယောက်က သူ့စိမ်းဖက်တော့မယ်ဆိုမှ ဒီလိုဖြစ်တာမကောင်းပါဘူး လူလေးရယ်"

"ဖေဖေ ရဂုံ့ကိုလက်ခံလိုက်ရင် ဒီလိုတွေမဖြစ်ပါဘူး ဒေါ်ကြီးသောင်းရယ်၊ ကျွန်တော်ဖေဖေနဲ့ ဒီလိုနေချင်လို့နေနေရတာမှ မဟုတ်တာ၊ ရဂုံ့ကိုလက်ခံမပေးနိုင်တဲ့အတွက် ကျွန်တော်လည်း တော်တော်စိတ်မကောင်းဖြစ်နေရပါတယ်"



"လူလေးအဖေရဲ့စကားကို နားထောင်လို့မဖြစ်ဘူးလား လူလေးရယ်"

"တခြားကိစ္စဆို ဖေဖေ့စကားကို ကျွန်တော်အမြဲတမ်း နားထောင်ခဲ့ပါတယ်၊ လေးစားခဲ့တယ်၊ ဂုဏ်ယူခဲ့တယ်၊ တန်ဖိုးထားခဲ့တယ်၊ ရဂုံကတော့ ကျွန်တော့်ဘဝအတွက် ရွေးချယ်ထားတဲ့ မိန်းကလေးပါ၊ ရဂုံကို ဘာလက်ခံမပေးနိုင်စရာအကြောင်းရှိလို့လဲ ဒေါ်ကြီးသောင်း"

"ဒါကတော့ . . . ဟို"

"မပြည့်စုံတာ ချို့တဲ့တာအပြစ်လား၊ တူမလေးတစ်ယောက်ကို ရှန်းကန် ကျွေးမွေးစောင့်ရှောက်နေတာအပြစ်လား၊ ဒါတွေက သူ့ရဲ့ဖိုးသားဖြူစင်မှုတွေပါ၊ ရဂုံ့ကို ကျွန်တော်တန်ဖိုးထားခဲ့တာ အဲဒါတွေကြောင့်ပါ၊ ဖေဖေက ဒါကို"

ဒေါ်ကြီးသောင်း လက်ကာလိုက်၍ မိုးမြင့်ဝင့်ထည် စကားအဆုံးမသတ်လိုက်ရ။ ဒေါ်ကြီးသောင်းက သက်ပြင်းချသံတွေ လုံးထွေးလျက်။

"လူလေးရယ်. . . လူလေးအဖေမှာလည်း အကြောင်းရှိမှာပေါ့၊ လူလေးက သားလိမ္မာတစ်ယောက်အနေနဲ့ အဖေ့ဆန္ဒအတိုင်း ရဂုံ့ကို လက်လွှတ်လိုက်လို့ မဖြစ်ဘူးလား"

"မဖြစ်ဘူး ဒေါ်ကြီးသောင်း၊ ရဂုံ့ကို လက်ထပ်မယ်လို့ ကတိပေးပြီးပြီ၊ ဖေဖေ သဘောမတူရင် တရားရုံးမှာ လက်မှတ်ထိုး လက်ထပ်ပြီး အိမ်ခွဲနေမယ်"

"ဟင်. . . ဒီ ဒီကိစ္စတွေကို မြလေးရဂုံက သဘောတူသလား"

"သူလည်း ကျွန်တော့်ကိုချစ်တာပဲ၊ သဘောတူတာပေါ့၊ ပကာသနတွေ ဂုဏ်ဒြပ်တွေထက် ကျွန်တော့်ကိုချစ်လို့ ဘယ်လိုဘဝမျိုးပဲ နေရနေရဆိုပြီး လက်ခံတာ"

"ဘုရား . . . ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သောင်း အသံတိတ်ကြိတ်ကာ ဘုရားတမိသည်။ ဒီကောင်မလေးရဲ့ တုံ့ပြန်လက်စားချေမှုတွေက တော်တော်လေးကို ကြောက်စရာကောင်းပါလား။ ဖအေနှင့် ကလေးတစ်ယောက်တောင်ရခဲ့ပြီးမှ သားကို ပြန်ယူဦးမတဲ့။ ဖအေကိုလည်း သူ့ကိုလက်ထပ်နိုင်မလားမေးပြီး သားကိုလည်း လက်မလွှတ်ချင်။

ဘဝအကျိုးပေးကြောင့် ကြေးစားပြည့်တန်ဆာဖြစ်ခဲ့သည်ဆိုလျှင်တောင် ဒီလောက်ထိ အောက်တန်းကျ မယုတ်ညံ့သင့်။ ညီမကို ပထွေးတော်ခိုင်းမည်။ စိတ်ဓာတ်ကတော့ အရမ်းကိုယုတ်ညံ့လွန်းကာ ကြောက်စရာကောင်းလှပေသည်။

"မဖြစ်ပါဘူး လူလေးရယ်၊ မိန်းကလေးတစ်ယောက်ကြောင့် သားအဖချင်း စိတ်ဝမ်းကွဲတာမျိုး မဖြစ်သင့်ပါဘူး၊ လူလေးအဖေက လူကြီးလေ၊ မသင့်တော်လို့ မဖြစ်သင့်လို့ ရဂုံနဲ့ကိစ္စကို တားမြစ်နေတာပါ၊ လူလေးအဖေစကားကို နားထောင်လိုက်ပါလား လူလေးရယ်"

"ကျွန်တော် ရဂုံ့ကိုမစွန့်လွှတ်နိုင်လို့ပါ၊ ဖေဖေ့ကိုလည်း စွန့်လွှတ်နိုင်လို့မဟုတ်ပါဘူး၊ ဖေဖေလည်း ကျွန်တော်ဒီလိုလုပ်တာကို ကြာရှည်စိတ်ဆိုးမှာတော့ မဟုတ်ပါဘူး၊ ဖေဖေ့မှာတစ်ဦးတည်းသောသား ကျွန်တော်ပဲရှိတာမဟုတ်လား၊ တစ်သက်လုံး စိတ်နာပြီးပြတ်သွားမှာမဟုတ်လို့ စိတ်မပူပါနဲ့ ဒေါ်ကြီးသောင်း၊ ကျွန်တော်တို့လက်ထပ်ပြီး မြေးတွေ သားတွေရရင် ဖေဖေစိတ်ပြေသွားပါလိမ့်မယ်"

"လူလေးရယ် . . . မ . . . မဖြစ်ပါဘူး ရဂုံ့ကိုလက်မထပ်ပါနဲ့၊ ရဂုံ့ကို လက်ထပ်လိုက်ရင် လူလေးအဖေ သေလိမ့်မယ်ထင်တယ်၊ အခုတောင် စိတ်ထိခိုက်ပြီး ကျန်းမာရေးမကောင်းဖြစ်ချင်နေတာပါ"

"ဟင် . . . ဖေဖေ နေမကောင်းဘူးလား၊ ဆရာဝန် မခေါ်ဘူးလား ဒေါ်ကြီးသောင်း"



"ဒေါ်ကြီးသောင်း ဆရာဝန်ခေါ်ပေးမယ်ဆိုတာတော့ လက်မခံဘူး၊ သူက ကျန်းမာရေးဒေါင်ဒေါင်မြည်လို့ ဆေးတစ်ခါမှ မထိုးဖူးတဲ့လူလေး၊ အခုလူလေးစိတ်ကြောင့်သာ ဒီလိုဖြစ်နေတာ"

"အိပ်ရာထဲလဲနေတာလား"

"လဲနေတာတော့ မဟုတ်သေးပါဘူး၊ လဲချင်သလိုဖြစ်နေတာပါ၊ လူလေးက ဥပေက္ခာပြုထားတော့ စိတ်ထိခိုက်နေတာပေါ့၊ သတင်းလေးမေးပါဦး၊ ပြုစုပါဦးလူလေးရယ်၊ စိမ်းစိမ်းကားကားကြီးမနေပါနဲ့ သူ့မွေးမင်းကိုမြင်ရတာ ဒေါ်ကြီးသောင်း စိတ်မကောင်းလို့ပါ"

ဖေဖေဒီလိုဖြစ်နေသည်ဆိုတော့ သူလည်း စိတ်မကောင်းဖြစ်ရပါသည်။ ဖေဖေက ကျန်းမာရေးလိုက်စားကာ စိတ်မာပြီး ပြတ်သားသူမဟုတ်ပါလား။ ဒီကိစ္စနှင့် ဒီလိုဖြစ်နေသည်ဆိုတာတော့ မဟုတ်သေးပေ။

"ဖေဖေ အခန်းထဲမှာလား ဒေါ်ကြီးသောင်း"

"အင်း . . . ဟုတ်တယ်၊ လူလေးမရှိတော့ ညနေစာထမင်းလည်း သိပ်မစားဘူး"

"ကျွန်တော် ဖေဖေ့ကို သွားကြည့်လိုက်ပါဦးမယ်"

ဖေဖေ့ကို စိတ်ကောက်ချင်သော်လည်း ချစ်ခင်တွယ်တာလေးစားခဲ့ရသည့်အဖေမို့ စိတ်ကမနေနိုင်။ ဖေဖေ့အခန်းတံခါးကိုခေါက်၍ ဝင်လာခဲ့သည်။

ဖေဖေက မွေ့ယာပေါ်မှာလှဲအိပ်နေခြင်းမရှိပေမယ့် အခန်းထဲက ဆိုဖာခုံရှည်ပေါ်မှာတော့ အားအင်မဲ့သလို မှိုင်ထိုင်နေသည်။

"ဖေဖေ"

"ဪ . . . သား"

"ဖေဖေ မျက်နှာချောင်ကျသွားတယ်၊ နေမကောင်းဘူးလား ဖေဖေ"

www.burmeseclassic.com

www.burmeseclassic.com



"သား အဲဒီလိုမေးဖော်ရလို့ ဖေဖေ ဘာမှမဖြစ်တော့ပါဘူး သား၊ သား ဒီရက်ထဲအိမ်ပြန်နောက်ကျတယ်နော်၊ ဖေဖေနဲ့တောင် ထမင်းလက်ဆုံမစားဖြစ်ဘူး၊ မနက်ဆိုလည်း အစောကြီးထွက်သွားတယ်"

"ဟုတ်ကဲ့ . . အဲဒါက . . ဟို"

"ရုံနဲ့လက်ထပ်ဖို့ကိစ္စ စီစဉ်မှာဆို ဖေဖေလုံးဝလက်ခံမှာ မဟုတ်ဘူး သား၊ အဲဒီကိစ္စဆို နောက်ဆုတ်လိုက်ပါ"

"ရုံနဲ့ပတ်သက်ပြီး ဖေဖေ့မှာ ဒီဆန္ဒပဲရှိနေတယ်ဆိုရင် သားလည်း နောက်ဆုတ်မှာမဟုတ်ပါဘူး ဖေဖေ"

"သား"

"သား . . . သားမိုက်တစ်ယောက်မဖြစ်ချင်ပါဘူး၊ သားလက်ထပ်မယ့်ကိစ္စညှိနှိုင်းမရတာဘဲ စိတ်မကောင်းဘူး"

"ဖေဖေ့ကို စွန့်လွှတ်နိုင်သလား သား"

"ရုံ့ကို လက်မခံရင် ဖေဖေလည်း သားကိုစွန့်လွှတ်တာနဲ့ အတူတူပါပဲ"

သားကပိုပြီး စကားကြွယ်သည်။ ဘယ်ဟာကိုအရင်စပြောရမလဲ။ ဒီအဖေမှာ အရှက်တရားတွေနှင့် ဆုံးဖြတ်ရခက်နေတာပါ။

အမှန်တရားတွေသိသွားလျှင် သားရောဘယ်လိုယူကျုံးမရ အရှက်တရားတွေဖြင့် ခံစားနာကျင်သွားနိုင်သလဲ။

"သား"

"ပြောပါ ဖေဖေ"

"လူတိုင်းအပြစ်မကင်းနိုင်ဘူးဆိုတာ သားလက်ခံလား"

"လက်ခံပါတယ်၊ ပုထုဇဉ်တွေပဲ ဘယ်လိုလုပ်ခြောက်ပြစ်ကင်းသဲလဲစင်၊ အပြစ်ကင်းတဲ့သူရှိပါ့မလဲ၊ လူ့အသိစိတ်ဓာတ်နဲ့ အသေးအကြီးပဲ ကွာချင်ကွာကြလိမ့်မယ်"



"ဟုတ်တယ် . . ဖေဖေလည်း တကယ်လို့နေခဲ့တဲ့ သက်တမ်းတစ်လျှောက်မှာ အပြစ်တစ်ခုလုပ်ခဲ့ဖူးတယ်ဆိုရင် သားခွင့်လွှတ်နားလည်ပေးမှာလား"

"ဘာအပြစ်များလုပ်ခဲ့လို့ ဒီလိုတွေပြောနေရတာလဲ ဖေဖေ"

"ဒီလိုပါပဲ၊ အဲဒီအပြစ်က နားလည်ပေးလို့မရတဲ့အပြစ်မျိုးလည်း ဖြစ်ချင်ဖြစ်လိမ့်မယ်၊ ခွင့်လွှတ်လို့မရတဲ့ အမှားမျိုး . . . ပြီးတော့"

"ဖေဖေရယ်၊ ဖေဖေ ဘယ်လိုအမှားမျိုးလုပ်လုပ်ပါ၊ သားဖြစ်တဲ့သူက ခွင့်မလွှတ်လို့ရပါ့မလား၊ နားလည်မပေးလို့ဖြစ်ပါ့မလား၊ ဒါနဲ့ဘယ်လိုအပြစ် ဘယ်လိုအမှားမျိုးလဲ ဖေဖေ၊ ဘာကြောင့် သားကိုဒီလိုပြောရတာလဲ"

"ဟို . . . ဒီလိုပါသား"

ပြောချင်ပေမယ့် ပြောလို့ကမထွက်၊ ဒီအပြစ်ကိုဝန်ခံရမှာ သားအပြစ်ယူမှာထက် ရှက်စိတ်ကပိုနေတာပါ။

သားလည်း အဆမတန်နာကျင်ခံစားသွားရနိုင်သည်မဟုတ်လား။

"ပြောလေ ဖေဖေ"

"ဖေဖေ ကြေးစားမိန်းကလေးတစ်ယောက်နဲ့ပတ်သက်ခဲ့ဖူးတယ်"

"ဗျာ"

"တစ်ခါတည်းပါ သားရယ်၊ ဇော်မြင့်ဆိုတဲ့ သူငယ်ချင်းအဆွယ်ကောင်းလို့ပါ၊ သားအမေဆုံးလို့ ဖေဖေလည်း စိတ်လေနေတဲ့အချိန်မို့ပါသား၊ ဖေဖေတစ်သက် အဲဒီအမှားအတွက် နောင်တရလို့ မဆုံးပါဘူး"

"ဩော် . . ဖေဖေရယ် သားကဘာများလဲလို့၊ ဒီအမှားလေးကိုဗျာ၊ ဖေဖေက ဝါသနာနဲ့အပျော်ရှာနေတာမှမဟုတ်တာ၊ တစ်ခါတစ်ရံ

www.burmeseclassic.com



စိတ်အာသာဖြေလိုက်တာမဟုတ်လား၊ ဒါလေးကို"

"ဒါလေးတင်ဆိုရင်တော့ ဖေဖေပြောပြမနေတော့ဘူးပေါ့ သားရယ်၊ အဲဒီမိန်းကလေးက ဖေဖေနဲ့ကလေးရခဲ့ပါတယ်ဆိုပြီး ခြိမ်းခြောက်နေတယ်"

"ဗျာ. . . ဒါကဘယ်လိုဖြစ်၊ အာ. . . မဖြစ်နိုင်တာ၊ ဖေဖေ အခကြေးငွေနဲ့နေလိုက်တာမဟုတ်လား၊ ဒီလိုကိစ္စ ဘာဖြစ်စရာအကြောင်းရှိလဲ"

"ဟုတ်တယ် ဖြစ်စရာအကြောင်းမရှိဘူး။ သူကငွေလိုလို့ လက်ခံတာ၊ ဖေဖေက ငွေပေးပြီးဆက်ဆံတာ၊ ဒါပေမဲ့"

အမှန်အတိုင်းပြောပြလို့တော့ မဖြစ်သေးဘူးထင်သည်။ ထိုမိန်းကလေးက မြလေးရဂုံဆိုတာ ပြောပြဖို့အထိ သတ္တိမရှိသေး။

"ဒါပေမဲ့ ဘာဖြစ်လဲဖေဖေ၊ အဲဒီမိန်းကလေးက ဖေဖေ့ဂုဏ်သိက္ခာကျအောင်လုပ်မယ်လို့ ခြိမ်းခြောက်ပြီး ငွေညှစ်နေတာလား။ သူတို့လိုလိုင်းမျိုးတွေကို အသရေဖျက်မှုနဲ့ တရားတောင်စွဲလို့ရတယ်၊ ဒါမျိုးလုပ်စားတဲ့မိန်းကလေးတွေ ကလေးယူလို့မှမရဘဲ"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ကောင်မလေးက အဲဒီအချိန်မှာ လိုင်းသက်သက်မဟုတ်သေးဘူး။ ငွေလိုလို့ဆိုပြီး ဖေဖေနဲ့အရင်ဆုံး သူငယ်ချင်းက မိတ်ဆက်ပေးခဲ့တာ"

"ဪ"

"သူ့အနေနဲ့ ငယ်သေးလို့ ဒါတွေနားမလည်သေးဘူးတဲ့လေ၊ ကလေးရှိလို့ ရှိမှန်းမသိခဲ့ဘူးပေါ့၊ အဲဒီလိုပြောတာပဲ"

"ဒါဆို တခြားယောကျ်ားတွေနဲ့ နောက်ထပ်မဆက်ဆံတော့ဘူးလား"

"ပြောကာပဲ . . . အဲဒီတစ်ခါပဲ သူ့အမေအတွက် ငွေလိုလို့



လုပ်တာတဲ့"

"ဖြစ်နိုင်ပါ့မလား ဖေဖေ၊ ဒီလိုမျိုး ကိုယ်ခန္ဓာရင်း ငွေရှာတတ်တဲ့မိန်းကလေးတစ်ယောက်က ယောကျ်ားတစ်ယောက်တည်းနဲ့ဆက်ဆံမတဲ့လား။ သူ့အတွက်ပဲဖြစ်ဖြစ်၊ သူ့မိသားစုအတွက်ပဲဖြစ်ဖြစ်၊ ငွေမြိုးမြိုးမြက်မြက်ရဖို့အတွက် ဒီအလုပ်နဲ့ယောကျ်ားတကာဆီက ငွေရှာမှာပဲ"

"အမှန်ပဲသား၊ ဖေဖေလည်း ဒီလိုပဲတွေးမိပါတယ်၊ ဒီကလေးလည်း ဖေဖေ့ကလေးမဖြစ်နိုင်ဘူး"

"ဘယ်ဖြစ်နိုင်ပါ့မလဲ၊ အဲဒါဖေဖေ့ကို သက်သက်မဲ့ဂုဏ်သိက္ခာကျအောင် ခြိမ်းခြောက်တာ၊ သူအတင့်ရဲလာရင် ယောကျ်ားတကာနဲ့ရလာတဲ့ကလေးကို ဒီအန်အေစစ်ကြည့်လိုက် ဖေဖေ၊ မဟုတ်ရင် သူ့ကိုတရားပြန်စွဲပြီး ထောင်ချပစ်လိုက်၊ သားမှာ သူငယ်ချင်းရှေ့နေတွေရှိတယ်၊ အဲဒီလိုလုပ်မလား ဖေဖေ"

ဦးဂုဏ်ဝင့်ထည် လေးကန်စွာ ခေါင်းယမ်းလိုက်ကာ

"တရားတပေါင်တွေနဲ့ဖြေရှင်းရင် အကျယ်တဝင့်ဖြစ်ပြီး အရှက်ရမှာပေါ့ သားရယ်"

"အဲဒီလိုမလုပ်ရင် ဖေဖေက ဘယ်လိုလုပ်မှာလဲ၊ သူခြိမ်းခြောက်ပြီး ငွေတောင်းတာကို ငွေပေးပြီးဖြေရှင်းလိုက်မှာလား"

"အဲဒီလိုနည်းနဲ့ ဖြေရှင်းလို့ရမယ်ဆိုရင် ဖေဖေ အဲဒီလိုဖြေရှင်းလိုက်တာ ကြာပြီပေါ့သားရယ်"

"ဟင် . . . ဒါဆို သူက ဘာတွေတောင်းဆိုနေလို့လဲ"

သားကိုအသုံးချပြီး ဖေဖေ့ကိုလက်စားချေချင်နေတာဟု ပြောပစ်လိုက်ချင်သည်။ အခုတော့ ပြင်းပြသော အသက်ရှူသံတွေဖြင့်သာ

"အဲဒီအချိန်က ဖေဖေ နောက်ထပ်မှားခဲ့တာတစ်ခုရှိတယ် သား၊ အဲဒါကတော့ သူငယ်ချင်းတိုက်တဲ့ ဆေးနဲ့အရက်သောက်သုံးပြီး အမူး

www.burmeseclassic.com

www.burmeseclassic.com



ပြေသွားတဲ့အချိန်မှာ အဲဒီမိန်းကလေး ဲ ာက်ဆံမိတာကို ဖေဖေ အရမ်းရှက်သွားခဲ့တယ်၊ အဲဒီအမှားမျိုးကျူးလွန်မိရပ့်မလားလို့ ကိုယ့်ကိုယ်ကိုယ်လည်း နောင်တရမိတယ်၊ အဲဒါကြောင့် အဲဒီမိန်းကလေးမျက်နှာကို လှည့်မကြည့်တော့ဘဲ အဲဒီကောင်မလေးကိုပေးရမယ့်ပိုက်ဆံကို သူငယ်ချင်းကို ပေးခိုင်းပြီး ဖေဖေတစ်ခါတည်းထွက်လာခဲ့တယ်၊ ဒါကပဲ အခုအချိန်မှာ အခုပြဿနာမျိုးဖြစ်ရတာပဲ''

''ဟင်. . . ဘာကြောင့်လဲ ဖေဖေ''

''သူငယ်ချင်းက ဖေဖေပေးခဲ့တဲ့ပိုက်ဆံကို အဲဒီကောင်မလေးကို မပေးဘဲ ငွေတွေကိုဗုန်းပစ်လိုက်တယ်''

''ဟာ''

''ကောင်မလေးက အဲဒါကိုအငြိုးထားသွားတာ၊ ဒီငွေနဲ့ သူ့အမေကိုဆေးကုဖို့လုပ်ပေးထားတာတဲ့၊ ငွေမရတော့ ဆေးမကုလိုက်ရဘူး ဆေးမကုရတော့ သူ့အမေသေသွားတယ်၊ သူ့အဖေလည်း အဲဒီစိတ်နဲ့ပဲ သေတာတဲ့၊ ဒါကြောင့်မို့ ဖေဖေ့အပေါ်အငြိုးတွေ ထပ်သွားတာ''

''ဩော်. . . အဲဒီလိုဆိုတော့လည်း သူ့ဘဝက သနားစရာပါပဲ၊ ဒါနဲ့သူက ဘာဖြစ်ချင်တာလဲ၊ ဖေဖေ ညှိနှိုင်းပြီးပြီလား၊ ကလေးကိစ္စကရော''

''ကလေးကိုမယုံရင် ဒီအန်အေစစ်ကြည့်တဲ့''

''ဟင်. . . ဒါဆို ဖေဖေသွေးသားဆိုတာ သေချာနေလို့များလား''

''မသိတော့ပါဘူး သားရယ်၊ ဖေဖေလည်း ဘာလုပ်ရမှန်းကို မသိတော့ပါဘူး''

''အဲဒီ မိန်းကလေးက ဘယ်သူလဲဖေဖေ''

''ဟင်''

[redacted]



''သားသွားပြီး ညှိနှိုင်းကြည့်ပါ့မယ်၊ ဒီလိုမိန်းကလေးအတွက် ငွေကလွဲပြီး ဘာလိုဦးမှာလဲ၊ ပြီးတော့ ဒီဘက်ကလည်း ငွေကလွဲပြီး ဘာပေးနိုင်မှာလဲ၊ ကလေးကိစ္စကိုလည်း သားကိုယ်တိုင်သေချာအောင် ဒီအန်အေစစ်ကြည့်မယ်၊ ဟုတ်တယ်ဆိုရင် ပတ်ဝန်းကျင်အလယ်မှာ အရှက်မရအောင် ဆွေမျိုးသားချင်းထဲက ကလေးတစ်ယောက်ကို မွေးစားတဲ့ပုံစံမျိုး မွေးထားလိုက်ပေါ့၊ ဟိုမိန်းမကိုတော့ နှစ်ကိုယ်တူချစ်ရည်လူးမှားယွင်းတာမဟုတ်တဲ့အတွက် ဘာတာဝန်မှ ယူစရာမလိုဘူး၊ ငွေပဲ ပေးလိုက်ဖေဖေ၊ မကျေနပ်လည်း မတတ်နိုင်ဘူး၊ သားပြောတာ ဘယ်လိုလဲ ဖေဖေ''

သားပြောတာ တရားနည်းလမ်းကျပေမယ့် မြလေးရဂုံက ဒီလိုနည်းနှင့် ဖြေရှင်းလို့မရတာကခက်သည်။ ကိုယ့်ဂုဏ်သိက္ခာတွေကိုချပြီး သားကိုလက်ထပ်ရမှ ကျေနပ်မည့်မိန်းကလေး။

''ဖေဖေ''

''ဟင် သား''

''သားပြောတာ ဘယ်လိုလဲလို့''

''ဩော်. . . အင်း သား၊ သားပြောတာကောင်းပါတယ်၊ ဖေဖေ ညှိနှိုင်းကြည့်လိုက်ပါဦးမယ်သား၊ ဖေဖေ့အနေနဲ့က ဖေဖေအဲဒီလိုကိစ္စတွေရှိခဲ့တယ်ဆိုတာ သားနားလည်ပေးနိုင် မပေးနိုင်ဘဲ အရေးကြီးတာပါ၊ ဖေဖေ့ကို ဂုဏ်သိက္ခာရှိတဲ့အဖေအဖြစ် သားကကြည်ညိုလေးစား''

''အခုလည်း လေးစားကြည်ညိုနေတုန်းပါပဲ ဖေဖေ၊ ဒီအမှားမျိုးက တချို့ယောကျ်ားတွေ ကင်းဖို့ခဲယဉ်းတယ်၊ အမြဲတမ်းအပျော်ရှာနေတာမှမဟုတ်တာ ဖေဖေ၊ သားနားလည်ပေးလို့ရပါတယ်''

''အေးပါ သားရယ်၊ ကျေးဇူးပါ၊ ကျေးဇူးတင်ပါတယ် သားရယ်''

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စတစ်ခုဝန်ခံလိုက်ရသည့်အတွက် စိတ်ထဲမှာ အနည်းငယ်တော့ ပေါ့ပါးသွားခဲ့သည်။ ဒါပေမဲ့ အဲဒီမိန်းကလေးက မြလေးရဂုံဖြစ်ခဲ့သည်ဆိုတာတော့ ဝေ့လည်ကြောင်ပတ်ဖြင့် မဖြေဖြစ်သေး။

သားစိတ်ထိခိုက်လွန်သွားမှာစိုး၍ ပြောမထွက်နိုင်ဖြစ်နေသေးတာပါ။

သားရယ်၊ သားလေးခံစားနာကျင်ရမှာ ဖေဖေမကြည့်ရက်ဘူး။

ဖေဖေ့သိက္ခာတွေနဲ့ရင်းလို့ သားဝေဒနာတွေ သက်သာမယ်ဆိုရင် ဖေဖေရင်းလိုက်ချင်ပါတယ် သားရယ်။

ဒါဖေဖေ့ရဲ့ မေတ္တာတရားပါသား ...။

♣♣♣



## အခန်း (၂၉)

"ဖေဖေ့မှာ အဲဒီလိုကိစ္စတွေရှိခဲ့တယ်တဲ့ ရဂုံရယ်"

"ဟင်"

"လိုင်းလုပ်စားတဲ့ မိန်းကလေးနဲ့ပေါ့၊ မေမေသေပြီးတော့ သူငယ်ချင်းက မြှောက်ပင့်ပေးခဲ့တာ၊ ကောင်းတဲ့သူငယ်ချင်းဆို ဒီလိုလုပ်ပါ့မလား၊ မကောင်းလို့သာ မကောင်းတဲ့အလုပ်ကို မြှောက်ပင့်ပေးခဲ့တာပေါ့၊ ဖေဖေလည်း အဲဒီတစ်ခါတည်းပါပဲ၊ အဲဒီတစ်ခါကလည်း တစ်ခါဆို ဆိုသလောက် နောက်တရစရာဖြစ်နေရတယ်၊ တကယ်မကောင်းတဲ့ မိန်းကလေး"

မိုးမြင့်ဝင့်ထည်က သူ့အဖေအတွက် တကယ်ကိုစိတ်မကောင်းဖြစ်နေသည်ပဲ။ ဦးဂုဏ်ဝင့်ထည် ဝန်ခံလိုက်ပြီပေါ့။

သူမပါလို့တော့ ပြောသေးသည့်ပုံမပေါ်။ ပြောလိုက်လျှင် သူမဆီကို ဒီလိုမျိုး မိုးမြင့်ဝင့်ထည်ရောက်လာပါတော့မလား။

"အဲဒီမိန်းကလေးက မကောင်းဘူးလို့ မောင့်အဖေကပြောတာလား"

"ဖေဖေကတော့ အဲဒီလိုပြောတာတော့မဟုတ်ဘူး၊ ဒါပေမဲ့ ရဂုံပဲ တွေးကြည့်လေ၊ အဲဒီမိန်းမက ဖေဖေ့ကိုခြိမ်းခြောက်တယ်တဲ့၊ သူ့



www.burmeseclassic.com

www.burmeseclassic.com



မှာ ဖေဖေနဲ့ရတဲ့ကလေးရှိတယ်ဆိုပြီး ငွေနဲ့ညှိနှိုင်းတာလည်း အဆင်မပြေဘူး၊ ကလေးကိုအကြောင်းပြုပြီး ဒီထက်မက အခွင့်အရေးလိုချင်နေပုံရတယ်၊ သူ့လိုပြည့်တန်ဆာမိန်းကလေးက ဘာကိုလိုချင်တိုင်းရမှာလဲ၊ အခကြေးငွေယူပြီး ကိုယ်ခန္ဓာရင်းစားတဲ့မိန်းကလေးက ကလေးနဲ့အကြောင်းပြုပြီး အခွင့်အရေးလိုချင်လို့မရဘူးလေ၊ အဲဒါကြောင့် ကျွန်တော်က အဲဒီမိန်းကလေးကို အသရေဖျက်မှုနဲ့ တရားစွဲပြီး ထောင်ချလိုက်လို့ ပြောလိုက်တယ်''

''ဘာ. . . ဘာပြောတယ် မောင်''

''ကျွန်တော်လည်း အဲဒီမိန်းကလေးကို မစာနာလို့မဟုတ်ပါဘူး၊ ဒါပေမဲ့ ကိုယ့်အဆင့်အတန်းနဲ့ တန်ရာတန်ရာမှန်းသင့်တာပေါ့၊ ငွေနဲ့ညှိနှိုင်းလို့လည်း မရဘူးဆိုတော့ သူကဘာကိုမျှော်လင့်တာလဲ၊ ဖေဖေ့ကိုလား၊ စည်းစိမ်ဥစ္စာအကုန်လုံးလိုချင်တာလား၊ ဖေဖေ့သွေးသားကို မွေးထားတယ်ဆိုတာရော ယုံရမှာလား၊ အဲဒီလို ကိုယ်ခန္ဓာရင်းစားတဲ့ မိန်းကလေးက ယောကျ်ားတကာနဲ့ ဆက်ဆံမှာပဲလေ၊ ဒါကိုဖေဖေ့ကို တာဝန်ပုံချတယ်ဆိုတာ အမိဖမ်းချင်တာ အချဉ်ဖမ်းချင်တာနဲ့အတူတူပဲ မဟုတ်လား''

''အဲဒီမိန်းကလေးဘက်က ခံစားမှုကို မောင်တွေးကြည့်ဖူးလား''

''ဟင်. . . ဘာကိုပြောတာလဲ''

''သူဘာကြောင့် ဒီလိုလုပ်ရတယ်ဆိုတာ အကြောင်းရှိမှာပဲလေ၊ ဘယ်သူကတော့ အကြောင်းမဲ့သက်သက် ဒီလိုတွေလုပ်နေမှာလဲ''

သူမဘက်က မခံချင်စိတ်နှင့်ပြောလိုက်သည့်စကားအတွက် မိုးမြင့်ဝင့်ထည် အံ့အားသင့်သွားပုံတော့ရသည်။ ဒါပေမဲ့ မိန်းမသားချင်း ကိုယ်ချင်းစာပေးသည့် အထင်နှင့်ပင်။



''ဪ. . . ရဂုံက အဲဒီမိန်းကလေးဘက်က စာနာပေးတာလား ဖေဖေလည်းပြောပါတယ်၊ အဲဒီမိန်းကလေးက သူ့အမေကျန်းမာရေးအတွက် ငွေရှာတာတဲ့၊ ဖေဖေ့သူငယ်ချင်းက ငွေမပေးတော့ ဆေးမကုဘဲ သူ့အမေသေသွားတယ်၊ သူ့အဖေလည်း အဲဒီစိတ်နဲ့ပဲသေရတယ်၊ အဲဒါကြောင့် ဖေဖေ့ကိုလက်စားချေချင်တာတဲ့၊ ဒါပေမဲ့ အဲဒီလိုမိန်းကလေးအတွက် ငွေကလွဲပြီး ဘာတောင်းဆိုလို့ရမှာလဲ၊ သူလုပ်စားတဲ့အလုပ်နဲ့ အများကြီးမျှော်မှန်းလို့တော့မရဘူးလေ ရဂုံရဲ့၊ ကျွန်တော်ပြောတာ ဟုတ်တယ်မဟုတ်လား''

''တစ်ဖက်ကအတွေးက အဲဒီလိုဖြစ်ချင်ဖြစ်နိုင်ပေမယ့်၊ တစ်ဖက်ကလည်း သူ့မှာနာကြည်းချက်ဆိုတာမျိုးရှိနိုင်တယ်၊ ဥပမာ အဲဒီမိန်းကလေး ဒါမျိုးကိုအမြဲတမ်းလိုင်းဝင်ပြီး လုပ်စားနေတာမျိုးမဟုတ်ဘဲ မိဘရဲ့ကျန်းမာရေးအတွက် တစ်ကြိမ်တစ်ခါသာ ကိုယ်ခန္ဓာကိုရင်းလိုက်တယ်၊ မိခင်ရဲ့နောက်ဆုံးအချိန်မှ အပျိုစင်ဘဝတစ်ခုကို ရောင်းစားလိုက်တာ၊ ဒါပေမဲ့ သူငွေမရလိုက်တဲ့အတွက် သူ့အမေအသက်ကို မကယ်တင်နိုင်ဘူး၊ သူ့ရဲ့အပျိုစင်ဘဝပဲဆုံးရှုံးသွားမယ်၊ ဒါဆိုရင် သူ့မှာ နာကြည်းစရာတွေမရှိနိုင်ဘူးလား''

''မှန်တယ်၊ ဒါပေမဲ့ ဒီငွေက ဖေဖေမပေးတာမဟုတ်ဘူး၊ ကြားထဲက ဆက်သွယ်ပေးတဲ့သူငယ်ချင်းက ငွေတွေယူသွားတာ၊ ဖေဖေ့မှာ အပြစ်မရှိတဲ့အတွက် ဖေဖေ့ကိုလက်စားချေတာတော့ မမှန်ဘူးမဟုတ်လား''

သူ့အဖေဘက်က အကျောက်အကန်ဖြေရှင်းမှုအတွက် မဲ့ပြုံးများဖြင့် မြလေးရဂုံ ရင်ဘတ်တွေတောင်နာအောင့်လာသည်။ လက်သည်းဆိတ်တော့ လက်ထိပ်နာ၊ ကိုယ့်အသွေးအသားအတွက်တော့ အပြစ်လွတ်အောင် ကာကွယ်ပေးချင်ကြတာပါလား။

www.burmeseclassic.com

www.burmeseclassic.com



သူမဘက်ကတော့ ဘယ်သူမှကာကွယ်ပေးမည့်သူတွေ မရှိကြတော့ပါ။

"မောင့်အဖေမှာ အပြစ်မရှိဘူးဆိုတာ အဲဒီအချိန်ကတည်းက အဲဒီမိန်းကလေးကို ရှင်းပြခဲ့ရင်တော့ ဒီလိုကိစ္စတွေ ရှိချင်မှရှိလာမှာပေါ့ မောင်၊ အခုက သူ့အပေါ်ကျူးလွန်တဲ့သူကိုပဲ သူအပြစ်တင်မှာ လက်စားချေမှာပေါ့၊ ဒါကိုမောင်ကရော အဲဒီမိန်းကလေးမှာပဲ အပြစ်ရှိတယ်လို့ ထင်နေတာလား"

"ရဂုံ"

"လူအချင်းချင်းရန်ဖြစ်တယ်၊ တိုက်ခိုက်တယ်ဆိုတာအကြောင်း မရှိဘဲတော့ မဖြစ်ကြပါဘူးမောင်၊ အကြောင်းမဲ့သက်သက်တိုက်ခိုက်ရန်ရှာနေရအောင် အရူးတွေမှမဟုတ်တာ၊ အတုံ့အလှည့်ဆိုတာတော့ မောင်ကိုယ်ချင်းစာစိတ်နဲ့ နားလည်ပေးသင့်တယ်၊ တစ်ချိန်တုန်းက အဲဒီမိန်းကလေးမှာ ဆုံးရှုံးမှုတွေများခဲ့သလို၊ ဒီအချိန်မှာ မောင်တို့ဘက်မှာ ဆုံးရှုံးမှုဆိုတာရှိမှ တရားမျှတမှာပေါ့၊ မဟုတ်ဘူးလား မောင်"

"ကဲပါကွာ၊ အဲဒီမိန်းကလေးဘက်က ရဂုံမိန်းမသားချင်း ကိုယ်ချင်းစာစိတ်နဲ့ပြောပေးနေတယ်ဆိုတာ မောင်နားလည်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ ဆွေးနွေးရမှာ ဒီကိစ္စမဟုတ်ဘူး၊ ကျွန်တော်တို့လက်ထပ်ရအောင်ရဂုံ"

သူမလက်ကလေးကိုဆုပ်ကိုင်ပြီး ပြောလာသော မောင့်မျက်နှာကို သူမနာကျင်လှသောအပြုံးနှင့် မော့ကြည့်လိုက်သည်။ သူမအပေါ် အပြစ်မလုပ်ဘူးဆိုပေမယ့် သူ့အဖေအပြစ်တွေ ကာကွယ်ပေးချင်သော မောင့်စိတ်တွေကို သူမ မကြိုက်ပေ။

"ဘယ်နေ့လက်ထပ်မှာလဲ မောင်"

"ကျွန်တော်တို့နေဖို့တိုက်ခန်းအတွက် စရန်ပေးပြီးသွားပြီ၊



နောက်သုံးရက်ဆိုရင် ငွေအပြီးချေမယ်၊ အဆင်သင့်နေဖို့ ပစ္စည်းအစုံအလင်ပါပြီးသားဆိုပေမယ့် မင်္ဂလာအိပ်ရာအခမ်းအနားတော့ ပြင်ဆင်ရဦးမယ်၊ ကျွန်တော် ငွေချေပြီးတာနဲ့ ရဂုံနဲ့ကျွန်တော် ခန်းဝင်ပစ္စည်းတွေဝယ်ထည့်ပြီး ပြင်ဆင်ကြမယ်၊ ပြီးရင် ကျွန်တော်တို့ ရုံးတက်လက်မှတ်ထိုးပြီး အတူနေကြမယ်လေ၊ ပြီးမှအိမ်မှာပဲ အိမ်တက်နဲ့ မင်္ဂလာဆွမ်းကျွေးကြတာပေါ့"

"အဲဒီကိစ္စ မောင့်အဖေကို အသိပေးလိုက်ပါ၊ နေ့ရက်အတိအကျ"

"ဟင်း... ဖေဖေ့ကို အသိပေးရင် ဖေဖေဘယ်လက်ခံမှာလဲ၊ ခိုးရာက်လုပ်တာမဟုတ်ပေမယ့် သိသာသိစေ မမြင်စေနဲ့တဲ့၊ ရက်အတိအကျပြောလိုက်ရင် ပြဿနာရှိလာနိုင်လို့"

"သူဖျက်ချင်လည်း ဖျက်ပါစေ၊ သူ့မှာလည်း မရမကဖျက်ချင်ရတဲ့ အကြောင်းရင်းတော့ရှိမှာပဲ၊ အဲဒီအကြောင်းရင်းကို မောင် သိမှဖြစ်မှာလေ၊ ဟုတ်တယ်မဟုတ်လား"

ဦးဂုဏ်ဝင့်ထည်ရဲ့ စိန်ခေါ်မှုအတွက် သူမတန်ပြန်စိန်ခေါ်လိုက်သည်။ ဖြစ်ပြီးမှ ပျက်လျှင် မောင်ပိုပြီးနာကျင်ရမှာ။ မဖြစ်ခင်က ပျက်လျှင်တော့ မောင့်အတွက် ဆင်ခြင်ချိန်ရသေးသည်မဟုတ်လား။

မောင့်ကို ဦးဂုဏ်ဝင့်ထည်မသိဘဲ။ မသိနိုးနား လက်မထပ်ချင်ပါ။

"ကဲ... ရဂုံ့သဘောပဲ ရဂုံရယ်၊ မောင်ကတော့ လက်ထပ်ပြီးမှပဲ အသိပေးချင်တာပါ၊ ဒါမှခွင့်မလွှတ်ချင်လို့လည်း မရတော့ဘူး မဟုတ်လား၊ ဖေဖေ ကျွန်တော့်ကိုအကြာကြီး စိတ်မဆိုးနိုင်ပါဘူး၊ ပြီးရင် ရဂုံတို့ သူ့အရိုးကိုရော ကျွန်တော့်ကိုရော အိမ်ပေါ်တက်လာတော့လို့ခေါ်မှာ ကျိန်းသေပဲ၊ အခုကြို ပြောလိုက်ရင်တော့ သူ့စကားနားမထောင်ရလားဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းရှော့ခ်ရနိုင်တယ်၊ ဒါပေမဲ့ ရဂုံသိစေချင်တယ်ဆိုရင် ဒီလိုလုပ်မယ်ဆိုတာ အသိပေးလိုက်ပါ့မယ်၊ တစ်ခုတော့ရှိတယ် ရဂုံ၊ ဖေဖေအပြင်းအထန်ကန့်ကွက်နေလည်း ကျွန်တော်ကတော့ ဆုံးဖြတ်ထားတဲ့အတိုင်း ရဂုံ့ကိုလက်ထပ်မှာပဲနော်''

''မောင် အဲဒီစကားဘယ်အချိန်ထိပြောမလဲ၊ စောင့်ကြည့်ဦးမယ်''

''ဘာဖြစ်လို့လဲ ရဂုံ''

''ဩော်... မောင်က ဖအေချစ်သားလေ၊ အဖေကိုအရမ်းကြည်ညိုလေးစားဂုဏ်ယူတဲ့သူမဟုတ်လား၊ ရဂုံ့ကို လက်မထပ်ဖို့ ကန့်ကွက်နေတာ၊ မောင်နာခံချင် နာခံသွားနိုင်တယ် မဟုတ်လား''

''အာ... အဲဒီကိစ္စကတော့ ရှိလာမှာမဟုတ်ပါဘူး၊ ရဂုံနဲ့လက်ထပ်ဖို့ကတော့ သိကြားမင်းဆင်းဖျက်တောင် မပျက်ဘူးစိတ်ချ၊ ကျွန်တော်ရဂုံ့ကို အရမ်းချစ်တာ ရဂုံမယုံဘူးလား''

''အခုချိန်ထိတော့ ယုံပါတယ်၊ နောင်တစ်ချိန်တော့...''

''ဟင့်အင်း ... တစ်သက်လုံးယုံပါ ရဂုံ၊ ရဂုံ့ကို ကျွန်တော်အသက်ထက်ပိုပြီး ချစ်ပါတယ်၊ ဒါကြောင့် ကျွန်တော်လေးစားရတဲ့ ဖေဖေရဲ့ဆန္ဒကိုဆန့်ကျင်ဖို့ကြိုးစားနေတာပါ၊ ရဂုံရော ကျွန်တော့်ကိုတစ်သက်လုံးချစ်နိုင်တယ် မဟုတ်လားဟင်''

ရင်ခွင်မှာ ဆွဲဖက်ပွေ့ပြီးမေးလာသော မောင့်မေးဖျားလေးကို သူမ အမြတ်တနိုးအနမ်းခြွေ၍ ခေါင်းညိတ်ပြလိုက်သည်။

''မောင့်ကို ရဂုံအသည်းနှင့်အောင်ချစ်ရပါတယ်မောင်၊ ဒီဘဝအတွက်တင်မဟုတ်ဘူး နောင်ဘဝတွေအထိပါ ချစ်ချင်ပါတယ်၊ အရင်က ဆုမတောင်းတတ်ခဲ့ပေမယ့် အခု ရဂုံဆုတောင်းတတ်နေပြီ၊ မောင့်ရဲ့အချစ်တွေကို တစ်သက်လုံးရရပါစေလို့ပေါ့၊ ဘဝအတွက် ရှန်းကန်နေရ



တော့ ရဂုံအချစ်နဲ့ကင်းဝေးခဲ့တယ်၊ မောင့်ရဲ့အချစ်တွေကြောင့်သာ ရဂုံ့ဘဝအဓိပ္ပာယ်ရှိပြီး ရှင်သန်လာရတာပါ၊ ကံကြမ္မာကြောင့် ဝေးရမယ်ဆိုရင် ရဂုံသေမလားမသိဘူး မောင်ရယ်''

''ရဂုံရယ် ဘာလို့အဲဒီလိုစကားပြောရတာလဲ၊ ရဂုံနဲ့ ကျွန်တော်ဘယ်လိုမှမဝေးနိုင်ပါဘူး၊ ဖေဖေ့ကြောင့်ပဲဖြစ်ဖြစ်၊ ဘယ်သူ့ကြောင့်ပဲဖြစ်ဖြစ် မဝေးနိုင်ဘူး၊ ဘယ်တော့မှမဝေးဘူးလို့ ယုံကြည်ထားပါနော်၊ ကျွန်တော်ရဂုံ့ကို ပေါ့ပေါ့တန်တန်ချစ်ခဲ့တာမဟုတ်ပါဘူး၊ လေးလေးနက်နက် တန်ဖိုးထားပြီးချစ်တာပါ၊ ဘယ်တော့မှမခွဲဘူးဆိုတဲ့ သစ္စာတရားတွေနဲ့ပါ ရဂုံရယ်နော်''

ပြောရင်း သူမရဲ့မျက်နှာလေးတစ်ဝိုက် မိုးမြင့်ဝင့်ထည် အနမ်းမိုးရွာချလာခဲ့သည်။ သူမ မရှုန်းဖယ်မိ။ မလွှန့်လူးမိ။

မေ့မူးစွာ အနမ်းတွေကို ရင်ခုန်စွာခံယူရင်း နောင်ဘဝတွေအထိလွမ်းနေဦးမည်ဟု ရင်ထဲက ညည်းညူတမ်းတနေမိသည်။

ဒီအချစ်တွေကို တစ်သက်လုံး ပိုင်ဆိုင်သွားချင်ပါတယ် မောင်ရယ်။

ဒါပေမဲ့လည်း ဒီဘဝမှာတစ်ခဏပဲ ပိုင်ဆိုင်ခွင့်ရတော့မယ် ထင်ပါရဲ့။

✤✤✤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"ဟင်. . . နင်တို့လက်ထပ်ကြတော့မယ် ဟုတ်လား ရဂုံ"

"ဟုတ်တယ် မမခိုင်၊ မောင်စီစဉ်တာပါ၊ သူ့အဖေသဘောမတူတာကို သူကဖွတ်ကိုလက်ထပ်ချင်နေတယ်၊ ရဂုံလည်း မငြင်းချင်တော့ဘူး"

"သူ နင့်ကိုအရမ်းချစ်တာ နင်ကံကောင်းပါတယ် ရဂုံ၊ တော်တန်ရုံအချစ်နဲ့ ဒီလိုဆုံးဖြတ်ပါ့မလား။ မမခိုင်တော့ နင့်အတွက် တကယ်ဝမ်းသာတယ်ရဂုံ၊ သူ့အဖေသဘောမတူလို့ အမွေမပေးလည်း နင့်ကို မိုးမြင့်ဝင့်ထည် တင့်တောင့်တင့်တယ်ထားနိုင်ပါတယ်၊ ဒီဘဝထက်အများကြီးသာမှာပဲ မဟုတ်လား၊ ရွှေဖူးလေး အနာဂတ်လည်းလှပသွားပြီ၊ မမခိုင် တကယ်ကို နင်တို့အတွက် စိတ်ချသွားပါပြီဟယ်"

မမခိုင်ကတော့ သူမတို့အတွက် တကယ်ကိုဝမ်းသာနေရှာသည်။ သူမတို့အနာဂတ်က မသေချာမရေရာဆိုတာ မမခိုင်မသိ။

လက်ထပ်ဖို့ဆိုတာ စိတ်ကူးသက်သက်ပဲမို့ သူမဆီမှာအပျော်တွေ ရှိမနေပါ။ မမခိုင်က သူမမျက်နှာကို အကဲခတ်ပြီး

"နင် သူနဲ့လက်ထပ်ရမှာ မပျော်ဘူးလား ရဂုံ၊ နင့်မျက်နှာ ဘယ်လိုဖြစ်နေတာလဲ"



"ရဂုံတို့ တကယ်လက်ထပ်ဖြစ်ကြမယ်လို့ ထင်နေလား မမခိုင်"

"ဟဲ့ . . . နင်ပဲလက်ထပ်ကြတော့မှာဆို၊ သူစီစဉ်နေတာကို နင်လည်း မငြင်းဘူးဆိုပြီးတော့ အဲဒီစကားကဘာလဲ"

"သူနဲ့ဒီတစ်သက်တော့ ဖူးစာကံမပါလောက်ပါဘူး မမခိုင်ရယ်"

"သူ့အဖေသဘောမတူလို့လား။ နှစ်ယောက်လုံးက ကိုယ်ပိုင်ဆုံးဖြတ်ချက်ချလို့ရတဲ့အရွယ်ရောက်နေကြပြီပဲ၊ သူ့အဖေ ဘယ်ဥပဒေနဲ့ တားဆီးလို့ရမှာလဲ၊ အဓိကက နင့်အပေါ် ကိုထည်စိတ်ပြောင်းမသွားဖို့ပဲလေ၊ သူနင့်ကို တကယ်ချစ်ပါတယ်၊ ချစ်လို့ပဲ သူ့အဖေကိုဆန့်ကျင်ပြီး နင့်ကိုလက်ထပ်ဖို့ ဆုံးဖြတ်ထားတာပေါ့၊ နင်ကသာ အေးစက်စက်နဲ့ သူ့ကိုတကယ်မှချစ်ရဲ့လားဟယ်၊ ရဂုံ မမခိုင်ကိုအမှန်အတိုင်းပြောစမ်းပါ"

"အမှန်အတိုင်း . . . အမှန်အတိုင်းလား မမခိုင်"

"အေး . . . နင့်မှာတစ်ခုခုလျှို့ဝှက်ထားတဲ့အကြောင်းရှိနေတယ် မဟုတ်လားရဂုံ၊ နင် ကိုထည်ကိုချစ်တော့ ချစ်မှာပါ၊ ဒါပေမဲ့ အကြောင်းတစ်ခုခုရှိလို့ သွေးအေးနေသလားလို့၊ မမခိုင်ကို အစ်မတစ်ယောက်လို့ သဘောထားရင် ပွင့်ပွင့်လင်းလင်းပြောပြပါလားကွယ်"

"ရဂုံ အခုနေနေတဲ့ဘဝက အမှန်မဟုတ်ဘူး"

"ဟင်. . . ဘယ်လိုရဂုံ"

"မမခိုင် သိထားတဲ့ ရဂုံ့ဘဝက အမှန်မဟုတ်သလို၊ သူ့အဖေ သိနေတဲ့ ရဂုံ့ဘဝကလည်း အမှန်မဟုတ်ပါဘူး"

"ရဂုံ . . . မမခိုင်တော့ နားမလည်တော့ဘူးကွယ်၊ ရဂုံ ဘာတွေ ပြောနေတာလဲ၊ ရဂုံပြောနေတဲ့အကြောင်းက"

မြလေးရဂုံ ကြက်သွန်ဖြူဗန်းကို တခြားဘက်ရွှေ့လိုက်သည်။ မမခိုင်နှင့် မိုးမြင့်ဝင့်ထည် သိထားသည်က သူမကို စံပယ်ပန်းသည်၊ မုန့်ဟင်းခါးသည် ရိုးသားဖြူစင်သော မိန်းကလေးတစ်ယောက်အဖြစ်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါလား။

သူမရဲ့ အတိတ်တစ်ခုလုံးကို နေရာဟောင်းမှာ မြှုပ်နှံထားခဲ့သည်ဆိုတာ ဘယ်သူမှမသိကြ။ ပြန်တွေးမိတိုင်း တဆစ်ဆစ်နာကျင်ရသည့်အတိတ်ကို သူမဘယ်သောအခါမှမမေ့နိုင်ပါ။

"ရဂုံ"

"ရှင် မမနိုင်"

"ရဂုံပြောနေတာ ဘာအကြောင်းလဲလို့ သူ့အဖေသိနေတယ်ဆိုတာကရော"

"တစ်နေ့နေ့တော့ မမနိုင်လည်း သိလာရမှာပါ၊ မမနိုင်ကို ရဂုံ့အကြောင်းပြောပြဖို့ ရည်ရွယ်ထားပါတယ်၊ အခုတော့ ရဂုံ ပြောမပြချင်သေးဘူး မမနိုင်ရယ်၊ ရဂုံရင်တွေ အရမ်းနာနေတယ်"

"ဘာတွေများလဲ ရဂုံရယ်၊ လက်ထပ်တော့မယ်ဆိုတော့ မိဘတွေကို သတိရလို့လား၊ ရဂုံ့ဘဝကောင်းစားမှာကို မိဘတွေကို မြင်စေသိစေချင်တဲ့ဆန္ဒတွေရှိနေတာ မဟုတ်လား ရဂုံ"

"ဟင်း . . . ဟင်း ရဂုံ စိတ်အဲဒီလောက်နုနယ်ဖို့ အချိန်မရှိပါဘူး မမနိုင်၊ ရဂုံလုပ်ရပ်တွေ မှန်လား မှားလားဆိုတာပဲတွေးနေတာပါ၊ ရဂုံ အနိုင်ရနေတာမဟုတ်ဘူး၊ ရှုံးနေတယ်ဆိုတာ ရဂုံ့ကိုယ်ရဂုံသိနေတယ်"

"ရဂုံ ဘာတွေရှုံးနေတာလဲ၊ ဘယ်သူ့ကိုအနိုင်လိုချင်စိတ်နဲ့ တိုက်ခိုက်နေခဲ့တာမို့ ရှုံးနေပြီလို့ပြောရတာလဲ"

"မောင့်အဖေ"

"ဟင် . . . ဘာ ကိုထည့်အဖေကိုတိုက်ခိုက်နေတာ"

"ဟုတ်တယ် . . မောင့်အဖေကို တိုက်ခိုက်ရလို့ အနိုင်ရတော့မယ်ထင်တာ၊ ဒါပေမဲ့ မောင့်ကိုချစ်တဲ့စိတ်ကြောင့် ရဂုံရှုံးနေပြီ မမနိုင်"



"ဖြစ်ရလေ"

ရဂုံ့အတိတ်မှာ ဘာတွေရှိခဲ့တာလဲ။ မမနိုင် နားပင်မလည်နိုင်တော့ပါ။ မိုးမြင့်ဝင့်ထည်အဖေကို တိုက်ခိုက်နေခဲ့သည်ဆိုတာတော့ အံ့သြမိသည်။

အဖေကိုတိုက်ခိုက်မှာဆို ဘာလို့သားကိုချစ်နေသေးလဲ။

"ရဂုံ ဘာကြောင့်ဒီလိုလုပ်နေတယ်ဆိုတာ မမနိုင်နားမလည်ဘူး မဟုတ်လား။ ဒါပေမဲ့ ရဂုံနားလည်အောင်ရှင်းပြမှာပါ၊ တစ်နေ့နေ့ပေါ့၊ အခုတော့ အမှန်တရားတွေကို မသိချင်ပါနဲ့ဦး"

"အဲဒါတွေကြောင့် နင်တို့လက်ထပ်ဖြစ်မှာမဟုတ်ဘူးလို့ စိုးရိမ်နေတာလား၊ ကိုထည်က နင့်ကိုအရမ်းချစ်တဲ့သူပါ၊ သူ့အဖေကြောင့်ဆိုပြီး နင့်ကိုစွန့်လွှတ်မယ့်သူတော့ မဟုတ်လောက်ဘူး"

"ရဂုံလုပ်နေတာ ခွင့်လွှတ်နားလည်ပေးလို့ရတဲ့ အမှားမျိုးမှ မဟုတ်တာ မမနိုင်ရယ်၊ သူ ရဂုံ့ကို တစ်သက်လုံး မုန်းတီးနာကြည်းသွားမှာပါ၊ နောင်ဘဝထိ မတွေ့ချင် မမြင်ချင်လောက်အောင် မုန်းသွားမှာပါ မမနိုင်"

"ရဂုံရယ် ဘာအကြောင်းတွေမို့လဲကွယ်"

ရဂုံမပြောပါ။ မျက်ရည်စက်တွေကို မဖယ်သုတ်နိုင်ဘဲ တစ်ချက်ရှိုက်ငင်လိုက်သည်။

မျက်ရည်စက်တွေက မောင့်အတွက်အချစ်သက်သေတွေဆိုလျှင် တစ်သက်လုံး မခန်းခြောက်တော့ဘူးဆိုလျှင်လည်း ရဂုံကျေနပ်ပါသည်။ ဖြေသိမ့်မှုတွေမရလည်း အလွမ်းတွေနှင့် ကျန်ရစ်ရဲပါသည်။

ဒါပေမဲ့ အချစ်တွေဘယ်တော့မှ အဆုံးသတ်မှာမဟုတ်ဘူး မောင်။ မောင့်ကို ရဂုံ့အသက်နဲ့ထပ်တူချစ်နေမှာမို့ပါ . . .။

✤✤✤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"သားတို့လက်ထပ်တော့မယ် ဖေဖေ၊ မနက်ဖြန် ရုံးမှာလက်မှတ်ထိုးမှာပါ၊ ကျွန်တော်တို့နေဖို့ တိုက်ခန်းလည်း အဆင်သင့်ဖြစ်ပြီ"

"ဘာ ဘာပြောတယ်သား၊ အဲဒီလိုတောင် စီစဉ်ပြီးသွားပြီလား"

"ဟုတ်ကဲ့ ဖေဖေ၊ ဖေဖေ့ကို တိုင်ပင်ညှိနှိုင်းတာ အဆင်မပြေလို့ အားလုံးစီစဉ်ပြီးမှ အသိပေးတာပါ"

"မဖြစ်ဘူး ... မဖြစ်ဘူး လုံးဝမဖြစ်ဘူး၊ မြလေးရဂုံနဲ့သား လက်ထပ်လို့ လုံးဝမဖြစ်ဘူး"

"ဖေဖေ"

အသံကုန်အော်ရင်း ဦးဂုဏ်ဝင့်ထည် မူးမေ့လဲလုမတတ်ပင်ဖြစ်ရသည်။ သားကို ဒီလိုဖွတ်တရွတ်အမြန်လုပ်လိမ့်မည်ဟု မထင်မိ။ ဖအေဖြစ်သူက ဒီလောက်ကန့်ကွက်နေတာမို့ ဆန္ဒရှိလျှင်တောင် အချိန်တော့ ဆွဲဦးမှာပဲလို့ အောက်မေ့တာ။

"သား ... သား မင်းမြလေးရဂုံကိုလက်မထပ်ရဘူး လက်ထပ်လို့မဖြစ်ဘူးသား"

"ဘာလို့လဲ ဖေဖေ...၊ ဖေဖေ ခါးခါးသီးသီး တားမြစ်ရတဲ့ အကြောင်းရင်းက ဘာမို့လို့လဲ၊ ရဂုံနဲ့ သားက ဘာလို့လက်ထပ်လို့



မဖြစ်တာလဲ"

"ဖေဖေ ပြောပြတဲ့မိန်းကလေးက သူဖြစ်နေလို့ပဲ"

"ဗျာ"

"ဟုတ်တယ်သား၊ မြလေးရဂုံက ပြည့်တန်ဆာမိန်းကလေး၊ ကိုယ်ခန္ဓာရောင်းစားတဲ့ အကျင့်ပျက်မိန်းကလေး၊ ဂုဏ်သိက္ခာအဆင့်အတန်းလုံးဝမရှိတဲ့ မိန်းကလေး"

"မ... မဟုတ်ဘူး ... မဟုတ်ဘူး၊ ဖေဖေ လျှောက်မပြောနဲ့၊ ရဂုံက အဲဒီလိုမိန်းကလေးမျိုးမဟုတ်ဘူး၊ ဖေဖေသဘောမတူတာနဲ့ လျှောက်မပြောပါနဲ့ ဖေဖေ"

"ဖေဖေသဘောမတူရတဲ့အကြောင်းရင်းက အဲဒါကြောင့်မို့ပေါ့သားရယ်၊ မြလေးရဂုံ မိန်းမကောင်းမဟုတ်ခဲ့လို့ပေါ့၊ ပြီးတော့ ဖေဖေနဲ့ပတ်သက်ခဲ့တယ်၊ ကလေးရခဲ့တယ်"

"ဖေဖေ"

သူအော်ပေမယ့် ဖေဖေဂရုမစိုက်။ သူ့ရဲ့အထိတ်တလန့်သွေးပျက်စွာ ဟန့်တားမှုဟာ အမှန်တရားအောက်မှာ ပျောက်ကွယ်သွားမှာမျိုးလား။

လက်မခံနိုင်စွာ တဆတ်ဆတ်တုန်လှုပ်နေသော သူ့ရဲ့ပခုံးကို ဖေဖေက ဆုပ်ညှစ်၍

"သူ့ကိုသားခေါ်လာတဲ့နေ့ကတည်းက ဖေဖေနဲ့ အဲဒီလိုပုံစံမျိုးပတ်သက်ခဲ့တဲ့မိန်းကလေးဆိုတာ ဖေဖေတန်းခနဲ သိလိုက်ရတယ်"

"မဟုတ်ပါဘူး မဟုတ်ပါဘူး ဖေဖေ၊ ရဂုံက အရမ်းကိုရိုးသားဖြူစင်တဲ့မိန်းကလေးပါ၊ အဲဒီလို ငွေလွယ်လွယ်ရအောင်လုပ်စားတတ်တဲ့ မိန်းကလေးက စံပယ်ပန်းရောင်းပါ့မလား၊ မုန့်ဟင်းခါးရောင်းပါ့မလား၊ ဘဝကို ပင်ပင်ပန်းပန်းရုန်းကန်နေပါ့မလား ဖေဖေ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါလိမ်နေတာ၊ သားကိုလိမ်ညာနေတာ၊ ရိုးသားချင်ဟန် ဖြူစင်ချင်ဟန်ဆောင်ပြီး သားကိုပတ်ယက်အောင် ကြိုးစားခဲ့တာ၊ ဖေဖေ့ ကိုလက်စားချေဖို့ သားကိုအဲဒီလိုနည်းနဲ့ ချဉ်းကပ်ခဲ့တာသား"

"မ ... မပြောပါနဲ့ ရဂုံကို အဲဒီလိုတွေမပြောပါနဲ့၊ မဟုတ်ပါဘူး၊ မဖြစ်နိုင်ပါဘူး၊ သူက အဲဒီလိုလိမ်ညာလှည့်ဖြားတတ်တဲ့ မိန်းကလေး မဟုတ်ပါဘူး၊ အရမ်းကိုရိုးသားဖြူစင်ပြီး ချစ်စရာကောင်းတာပါ"

"လူလေးအဖေပြောတာ အမှန်တွေပါလူလေး"

"ဟင် ... ဒေါ်ကြီးသောင်း"

"ရဂုံက လူလေးအဖေကိုပြောတဲ့စကားတွေ ဒေါ်ကြီးသောင်း အားလုံးကြားခဲ့တယ်၊ ရွှေဖူးလေးက လူလေးအဖေနဲ့ရတဲ့သမီးဆိုပြီး ခြိမ်းခြောက်တာလည်း ဒေါ်ကြီးသောင်းသိတယ်၊ တကယ်တော့ ရဂုံက လူလေးထင်သလို ရိုးသားဖြူစင်တဲ့မိန်းကလေးတကယ်မဟုတ်ခဲ့ပါဘူး၊ လူလေးအဖေကို ဂုဏ်သိက္ခာကျအောင် အရှက်ရအောင် လက်စားချေချင် လို့ လူလေးကိုအသုံးချခဲ့တာပါ"

"ဟား ... ဘာတွေလဲ၊ ဘာတွေလဲဗျာ၊ ဘာလို့ဖေဖေနဲ့ ရဂုံ့ ကြားမှာ ဒီလိုကိစ္စတွေရှိရတာလဲ၊ ရဂုံက ... ရဂုံက ဘာလို့ အား ... အား"

မိုးမြင့်ဝင့်ထည် နာကျင်အက်ကွဲစွာ အသံကုန်ဟစ်သည်။ မျက်ရည်တွေ အဆီးအတားမဲ့စွာ ပိုးပိုးပေါက်ပေါက်ကျလာ၏။ မခံနိုင်လွန်းစွာ ရင်ဘတ်ကို တဒုန်းဒုန်းထုနေသည်။

"သား ... သား အဲဒီလိုမလုပ်ပါနဲ့ကွာ၊ သားရင်ဘတ်တွေ နာကုန်ပါ့မယ် သားရယ်"

"ဒီရင်ထဲက ပိုနာတယ်ဖေဖေ၊ ရင်ထဲမှာမခံနိုင်လောက်အောင် ကို နာတယ်၊ ဖေဖေ တခြားမိန်းကလေးနဲ့ဖြစ်ခဲ့ပါတော့လားဗျာ၊ သား အကြည်ညိုလည်း မပျက်ပါဘူး၊ လေးစားမှုလည်း မပျက်ပါဘူး၊ အခု



တော့ ဘာလို့ ရဂုံဖြစ်ရတာလဲ၊ ရဂုံ ဖြစ်နေရတာလဲ"

"ဒါသူ့ရဲ့တမင်ဖန်တီးမှုတွေပါ သားရယ်၊ သားကိုအသုံးချပြီး ချစ်ဟန်ဆောင်ခဲ့တာပါ၊ သားကို သူတကယ်ချစ်ခဲ့တာမဟုတ်ဘူး၊ ရွှေဖူး က ဖေဖေ့သမီးဆိုရင် သားနဲ့လက်ထပ်ပြီးတာနဲ့ ဘယ်လိုတော်စပ်သွား မလဲ၊ ညီမကို ပတွေးတော်ခိုင်းမှာ"

"ရွှေဖူးလေးက သူ့တူမ မဟုတ်ဘူး၊ သူမွေးထားတဲ့သမီး၊ သူ့ပါးစပ်က အဲဒီလိုတွေထွက်တဲ့အသံကြားတော့ ဒေါ်ကြီးသောင်း ရင် တွေတုန်ပြီး ဘုရားတောင်တမိတယ်၊ မလုပ်သင့် မလုပ်အပ်၊ မကြံစည် အပ်တာကွယ်၊ လူလေးရှေ့မှာ ရွှေဖူးလေးက ဖေဖေလို့ခေါ်တာတောင် ကြားသေးတယ် မဟုတ်လား၊ အဲဒါ သူသင်ပေးထားတာနေမှာပေါ့"

"အား ... ရဂုံ ... ရဂုံရာ"

သူဒီလိုဖြစ်လိမ့်မည်ဟု မထင်ရက် မထင်မိပါ။ သူ့အပေါ် ဒီလို လုပ်ရက်လိမ့်မည်ဟု မထင်ခဲ့ပါ။

"ရဂုံ တကယ်ပဲလားဖေဖေ၊ ဖေဖေနဲ့ အဲဒီလိုဖြစ်ခဲ့တာ တကယ် ရဂုံလား"

"သား မယုံနိုင်အောင်ဖြစ်နေလိမ့်မယ်ဆိုတာ ဖေဖေနားလည် ပါတယ် သားရယ်၊ ဒါကြောင့် ဖေဖေပြောမထွက်ခဲ့တာပါ၊ သားမခံစား ရအောင်လို့ ဖေဖေ ငွေနဲ့ညှိနှိုင်းကြည့်ပါသေးတယ်၊ စည်းစိမ်အကုန်လို ချင်တယ်ဆိုရင်တောင် ပေးမလို့ပါ၊ ဒါပေမဲ့ သူ့မှာယုတ်ညံ့တဲ့စိတ် အောက် တန်းကျတဲ့စိတ်ပဲရှိတယ်သား၊ သားလေးစားကြည်ညိုတဲ့ ဖေဖေ့ကို ပတ်ဝန်းကျင်မှာ မျက်နှာမပြရဲအောင်၊ သားကိုကြည့်ပြီး တစ်သက်လုံး အရှက်ရအောင်ပဲ ရည်ရွယ်တာ၊ သားကို လက်မထပ်စေချင်ရင် ဖေဖေက သူ့ကိုလက်ထပ်ရမယ်တဲ့"

"ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်ထိအောက်တန်းကျလိမ့်မယ်လို့ သားမတွေးမိဘူး မဟုတ်လား၊ ဒီလိုမိန်းကလေးမျိုးက ဘယ်လိုလုပ်အဆင့်အတန်းရှိပါ့မလဲသား၊ ပြီးတော့"

"တော်ပါတော့ ဖေဖေ၊ မပြောပါနဲ့တော့၊ သားရင်ဘတ်တွေ မခံနိုင်တော့ပါဘူး ... သား သူ့ကိုတကယ်ချစ်ခဲ့တာပါ၊ အကျင့်ပျက်မိန်းကလေးဖြစ်ခဲ့ရင်တောင် သားကိုတော့ ဒီလိုမလှည့်စားသင့်ပါဘူး၊ ချစ်ဟန်မဆောင်ခဲ့သင့်ပါဘူး၊ သားဘယ်လိုလုပ်ရမှာလဲ ဖေဖေ"

"ဘာလုပ်ရမှာလဲ၊ သားသူ့ကိုမေ့လိုက်ရမှာပေါ့၊ စွန့်လွှတ်လိုက်ရမှာပေါ့သား၊ ဒီလို မိန်းကလေးက သားအချစ်နဲ့မထိုက်တန်ပါဘူး၊ မုန်းပစ်ပါ နာကြည်းပစ်ပါ၊ အဆင့်အတန်းမရှိ အောက်တန်းကျတဲ့မိန်းကလေးအတွက် သားမခံစားပါနဲ့ မျက်ရည်မကျပါနဲ့၊ သူဒီလောက်နဲ့မကျေနပ်ဘဲ ဆက်လုပ်နေဦးမယ်ဆိုရင် သားပြောသလို သူ့ကိုအသရေဖျက်မှုနဲ့တရားစွဲပြီး ထောင်ချပစ်မှာပါ"

"ဗျာ"

ကိုယ့်ရှူးကိုယ်ပတ် ကိုယ့်စကားနှင့်ကိုယ်ဖြစ်သွားရတာ ရဂုံ မှန်းမသိခဲ့လို့ပါ။ ဖေဖေ့ကိုတောင် အကြံဉာဏ်တွေပေးခဲ့မိသေးတာ။

အဲဒီမိန်းကလေးက ရဂုံဖြစ်နေခဲ့တာတဲ့လား။

တကယ်ကို အံ့ဩထိတ်လန့်စရာပါ။ ရက်စက်လိုက်တာ၊ မင်း ရက်စက်လိုက်တာ ရဂုံရယ်၊ ငါ့ဘဝကို မင်းဖျက်ဆီးလိုက်တာပါ။ ငါ့အချစ်တွေကို မင်းအသေသတ်လိုက်တာပါ။

ငါက မင်းရဲ့အသုံးချခံလား။ မင်းလက်စားချေဖို့ ငါကဓားစာခံ ဖြစ်သွားခဲ့တာလား။ ငါ့နှလုံးသား ဒဏ်ရာဒဏ်ချက်တွေသင့်ခဲ့ပြီ ရဂုံ။

✤✤✤

[redacted]

# အခန်း (၃၂)

"ရဂုံ ... မြလေးရဂုံ"

ဒီနေ့ဆိုင်မထွက်ဘဲ အိမ်ထဲမှာဘုရားပန်းအိုးလဲ သန့်ရှင်းရေး လုပ်နေမှ အိမ်ရှေ့ကခေါ်သံကြားရသည်။ ဝင်းတံခါးက သော့ခတ်မထားတာမို့ ဒီအတိုင်း တွန်းဖွင့်ဝင်လာလို့ရပါလျက်နှင့် မောင့်အသံက ဘယ်လိုဖြစ်တာလဲ။

"လာလေမောင်၊ ရဂုံသန့်ရှင်းရေးလုပ်နေတာ၊ ရုံးဖွင့်ချိန်ကျမှ တရားရုံးသွားမှာဆို၊ မောင် ဘာလို့စောထွက်လာတာလဲ"

"ညကတည်းက မအိပ်ရသေးတာ"

ခပ်ဆတ်ဆတ်လေသံနှင့်ပြောရင်း အိမ်ပေါ်တက်လာသော မောင့်ကိုကြည့်ရတာတစ်မျိုးပင်။ မျက်နှာကြီးက နီမြန်းတင်းမာနေပြီး မျက်လုံးများက စိမ်းသက်အေးစက်နေသည်။

ဒီနေ့ မောင်နှင့်တရားရုံးမှာ လက်မှတ်ထိုးဖို့ချိန်းထားသည်။ မသွားခင် မောင့်အဖေကိုအသိပေးခိုင်းထားတာအကြောင်းရှိ၏။

ဒီနေရာမှာတင် အဆုံးသတ်ချင်လည်း သတ်သွားရအောင်လို့ပါ။

"မောင် ဘာဖြစ်လာတာလဲဟင်၊ ညကတည်းက မအိပ်ရသေး

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဘူးဆိုတာက''

''မင်း ဘယ်လိုမိန်းမမျိုးလဲ ရဂုံ၊ မင်းဘာကြောင့် ဒီလိုလုပ်ခဲ့တာလဲ''

''သြော်. . . မောင့်အဖေက ရဂုံပါဆိုတာပြောပြလိုက်ပြီလား၊ သားက အကြည်ညိုပျက်မှမကြောက်တော့ဘဲ သတ္တိရှိလာပြီပေါ့''

''မင်းငေါ့နေရမယ့်အချိန်မဟုတ်တော့ဘူး ရဂုံ၊ မင်းဘာလို့ ဒီလိုလုပ်ခဲ့တာလဲ၊ ဘာလို့ငါ့ကိုအသုံးချပြီး လက်စားချေရတာလဲ ပြောစမ်းပါ''

''မောင်''

''မခေါ်နဲ့၊ မခေါ်နဲ့တော့ မြလေးရဂုံ၊ ဖအေနဲ့ ဒီလိုတွေဖြစ်ခဲ့ပြီးမှ သားကိုလက်ထပ်ရဖို့အထိ ဒီလိုတွေလုပ်ခဲ့တယ်၊ မင်းအရမ်းကို အောက်တန်းကျတာပဲ၊ ယုတ်ညံ့တာပဲ၊ ကိုယ်ခန္ဓာရင်းစားတဲ့မိန်းကလေးတစ်ယောက်အနေနဲ့ ဖေဖေ့ဆီက ငွေကိုပဲလိုသလောက်တောင်းရောပေါ့၊ အခုတော့ ငါ့အချစ်တွေကိုအသုံးချပြီး မင်းဘာဖြစ်ချင်တာလဲ၊ ဘာဖြစ်ချင်တာလဲ ရဂုံ''

''အဲဒီငွေတွေရရင် ရဂုံ့အဖေနဲ့ အမေရဲ့အသက်ပြန်ရှင်လာမှာလား၊ ရှင်တို့နာကျင်တာကျတော့ နာရမှန်းသိပြီး၊ ရဂုံ့ရဲ့နာကျင်မှုကျတော့ ဘယ်သူက ကိုယ်ချင်းစာပေးလဲ၊ စာနာပေးလဲ''

''အခုလိုလုပ်လိုက်တော့ရော၊ မင်းအတွက် ဘာတွေအကျိုးအမြတ်ရသွားလို့လဲ၊ မင်းကိုချစ်ခဲ့တဲ့ ငါ့နှလုံးသားနာကျင်ရတာပဲ အဖတ်တင်တယ်''

''ရှင့်နှလုံးသားနာကျင်သွားတယ် ဟား ဟား''

သူမနာကျင်စွာပင် အော်ရယ်ပစ်လိုက်သည်။ သူမ နှလုံးသားကရော မနာကျင်တော့ဘူးတဲ့လား။ မောင့်ဆီက ရက်စက်သောစကားလုံး



တွေအတွက် သူမနှလုံးသား သွေးစိမ်းရှင်ရှင်ပန်းထွက်တာ မောင်မမြင်နိုင်။ မောင်က သူမကိုစိမ်းသက်စွာပင်ကြည့်ပြီး

''မင်းကိုဒီလိုမိန်းကလေးဖြစ်နေလိမ့်မယ်လို့ ငါလုံးဝမထင်ခဲ့ဘူး မြလေးရဂုံ၊ အရမ်းကိုရိုးသားဖြူစင်နူးညံ့တဲ့မိန်းကလေးလို့ ထင်ခဲ့တာ၊ အခုတော့ ငါ့အဖေကလေးကိုမွေးခဲ့တဲ့မိန်းမတဲ့လား၊ ငါ့အဖေကို အသွေးအသား ရောင်းစားခဲ့တဲ့ အကျင့်ပျက်မိန်းမတဲ့လား။ ဟား . . . ဒါနဲ့များ ငါ့ကိုလိမ်ညာလှည့်စားတယ်၊ ငါ့အချစ်တွေကိုလိမ်ညာယူပြီး စော်ကားတယ်၊ အသုံးချတယ်၊ သိက္ခာမရှိတဲ့မိန်းမ အကျင့်ပျက်မိန်းမ။

''ရှင်. . . ရှင်ပြောလို့အားရပြီလား၊ အားရရင်ပြန်ပါတော့၊ ပြန်ပါတော့ ကိုထည်၊ ရှင့်ကိုဖြေရှင်းစရာအကြောင်းလည်း မရှိတော့ပါဘူး၊ ကျွန်မလိုမိန်းကလေးက အမိအဖသေလို့ ခံစားရတာတောင် လက်တုံ့ပြန်ခွင့်မရှိတဲ့ဘဝမျိုးလား၊ သူများကို အပြစ်တင်ခွင့်မရှိတဲ့ဘဝမျိုးလား၊ ဟင်း ဟင်း . . . ဟုတ်တယ် သည်းခံခဲ့ရမှာ၊ ဘယ်လိုပဲဘဝပျက်ပျက် အစော်ကားခံရခံရ ငြိမ်နေခဲ့ရမှာ၊ ငွေကြေးချမ်းသာတဲ့သူတွေ ဘာပဲလုပ်လုပ် တင့်တယ်တယ်၊ ကျွန်မတို့လို လူတန်းစားကျတော့ နိမ့်ကျတယ်၊ အောက်တန်းကျတယ်ပေါ့၊ တုံ့ပြန်တာအပြစ်တဲ့လား''

မခံချင်စိတ်များဖြင့် မျက်ရည်ကျဖို့ သတိမရဘဲ မဲ့ပြုံးများနှင့် ရယ်နေခဲ့မိသည်။ ရင်ထဲမှာတော့ လှိုက်လှိုက်ဆူဝေလို့ပါ။

အချစ်တွေသိကုံးခဲ့သော နှုတ်ခမ်းများက ရက်စက်ခြင်းတွေပြောထွက်နေလို့ပင်။ သူရှေ့တိုးလာသည့်အချိန်မှာ သူမ ခြေတစ်လှမ်းနောက်ဆုတ်လိုက်သည်။

''ပြန်တော့၊ ရှင့်ကိုမမြင်ချင် မတွေ့ချင်တော့ဘူး၊ ရှင့်အဖေကို ပြောလိုက်ပါ ကျွန်မ အရှုံးပေးလိုက်ပြီ''

''ရွှေ. . . ရွှေဖူးလေးကိုရော''

www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့နဲ့မှမသက်ဆိုင်တော့ဘဲ၊ ဘာပတ်သက်စရာလိုလို့လဲ"

"မဟုတ်သေးဘူးလေ၊ မင်းအရမ်းဒုက္ခရောက်"

"ဒီအချိန်ထိတောင် ရပ်တည်လာခဲ့ပြီးမှ ကျွန်မဘာကိုမှ တွေး မကြောက်တော့ဘူး။ မဆိုင်သလိုဘဲနေလိုက်ပါ။ ဒီကိစ္စတွေမရှိခဲ့ဘူးလို့ပဲ အောက်မေ့လိုက်ရရင် အားလုံးပြီးဆုံးသွားမှာပါ"

အလွယ်တကူ အရှုံးပေးလိုက်တာ ဟုတ်မှဟုတ်ရဲ့လား။ ဒီလို အစောကြီးအရှုံးပေးဖို့ စဉ်းစားထားလျှင် ဘာကြောင့်များ တိုက်ပွဲဝင်နေခဲ့ သေးလဲ။ မချစ်ခဲ့မိလျှင် အကောင်းသားလို့ မစဉ်းစားချင်။

ချစ်ခဲ့မိတာတွေအတွက် အခုထိမှနောင်တမရမိသေးဘဲ။ ဒါပေမဲ့ ရင်ထဲမှာနာကျင်နေရသည်။

လိမ်ညာပြီး အချစ်ခံခဲ့ရ၊ အသုံးချခံခဲ့ရလို့ပါ။

သူကတော့ တကယ်ချစ်ခဲ့မိတာ။ ဒီမိန်းကလေး တကယ်ရိုး သားဖြူစင်တယ် ထင်ခဲ့မိလို့ပင်။

ရင်ကနာကြည်းမှုများဖြင့် အသည်းကဆတ်ဆတ်ခါသည်။ အိမ် ပေါ်ကအဆင်းမှာ ဈေးခြင်းနှင့်ဝင်လာသော မမေခိုင်ကိုတောင် လှည့် မကြည့်မိခဲ့။

"ကိုထည်"

ဒေါသတွေဖြင့် ပေါက်ကွဲထွက်သွားသော မိုးမြင့်ဝင့်ထည်က ခေါ်နေတာတောင် ဂရုစိုက်မသွား။ ကြားနေရတာတွေက ဘာတွေလဲ။

ဒီနေ့ ရုံးတက်လက်မှတ်ထိုးကြမည်ဆို၍ အမြန်ချက်ပြုတ်ကျွေး မွေးဖို့အတွက် ဈေးသွားဝယ်နေတာပါ။ ရွှေဖူးလေးကိုတောင် အိမ်မှာတီဗီ ကြည့်ရင်း အစောင့်ထားခဲ့သည်။

"ရ. . . ရဂုံ"

"မ. . . မမခိုင်"



"ဘာ. . . ဘာတွေလဲ၊ နင်တို့ဘာတွေဖြစ်ကြတာလဲ"

"ဘာ. . . ဘာမှမဟုတ်"

"နားစွန်နားဖျားဆိုပေမယ့် မမခိုင်ကြားသင့်သလောက် ကြား တယ်ရဂုံ၊ ကိုထည် ဒေါသဖြစ်နေတယ်ထင်လို့ မမခိုင်အိမ်ပေါ်မတက်ဘဲ နားထောင်နေတာ၊ ဘာ. . . ကိုထည့်အဖေနဲ့ရဂုံ ပတ်သက်ခဲ့တယ်ဟုတ် လား၊ အဲဒါကလည်း မကောင်းတဲ့ပုံစံနဲ့"

"မမခိုင်"

"ရွှေဖူးလေးက ကိုထည့်အဖေနဲ့ရခဲ့တာလား။ ဒါဆိုတူမ မဟုတ် ဘူး သမီးပေါ့၊ ဘာလို့သမီးကို တူမလို့ညာခဲ့တာလဲ၊ ဘာလို့ မမခိုင်ကိုပါ လှည့်စားရတာလဲ ညာရတာလဲ၊ ဒီလိုအလုပ်မျိုးလုပ်ခဲ့တယ်ဆိုတာ ကရော"

"မမခိုင်ရယ်. . . ရ. . . ရဂုံလေ"

ခုနကတင်းထားခဲ့သော မျက်ရည်တွေက အခုမှတာကျိုးသလို သွန်ကျလာသည်။ သူမက ထပ်ဆင့်ထပ်ဆင့်လိမ်ညာနေခဲ့သူ မဟုတ်ပါ လား။

မမခိုင်က စိတ်ဆိုးသလိုဖြစ်နေပေမယ့် နှစ်သိမ့်မှုနှင့်ပင် သူမ ပခုံးလေးကို ဆုပ်ညှစ်ပြီး

"ဒါတွေက ဘယ်လိုဖြစ်ရတာလဲ၊ မမခိုင်နားလည်အောင် ရှင်းပြ ပါရဂုံ၊ ဘာလို့ဒီလိုတွေလုပ်ခဲ့ရတာလဲ၊ ရွှေဖူးလေးက တကယ်ပဲ ကိုထည့် အဖေနဲ့ရခဲ့တဲ့ သမီးလား"

"မဟုတ်ပါဘူး"

"ဟင်. . . ဒါဆို ဘယ်သူနဲ့ရခဲ့တာလဲ"

"ဘယ်သူနဲ့မှရခဲ့တဲ့ကလေးမဟုတ်ပါဘူး"

"ဟယ်. . . ဒါဆိုအရင်ကပြောသလို တူမပဲလား"

www.burmeseclassic.com

www.burmeseclassic.com



"တူမလည်း မဟုတ်ပါဘူး၊ ဘာသွေးသားမှမတော်စပ်ပါဘူး၊ မိဘမဲ့ဂေဟာကနေ တစ်နှစ်ကျော်အရွယ်လေးကတည်းက မွေးစားထားခဲ့တာပါ၊ ရဂုံမှာ ဆွေမရှိ မျိုးမရှိ တစ်ကောက်ကြွက်ဘဝနဲ့မို့လေ၊ ရွှေဖူးလေးကို ရဂုံမွေးစားခဲ့တာပါ မမခိုင်"

"ဒါနဲ့များ . . . ဘာလို့ ကိုထည်တို့ကိုလှည့်စားရတာလဲ၊ ကိုထည့်အဖေနဲ့ရခဲ့တာမဟုတ်ဘဲ ဘာလို့လိမ်ညာရတာလဲ ရဂုံရယ်၊ ဟိုဟာလုပ်စားတယ်ဆိုတာရော တကယ်ဟုတ်ရဲ့လား၊ မမခိုင်နဲ့စတွေ့တဲ့အချိန်ကနေ အခုချိန်ထိတော့ ရဂုံ့ကို ရိုးသားတဲ့မိန်းကလေးလို့ပဲ မမခိုင်မြင်မိတယ်"

"မဟုတ်ပါဘူး၊ ရဂုံ အဲဒီလိုအလုပ်မျိုးတစ်ခါမှ မလုပ်ဖူးပါဘူး"

"ဟင်. . . ဒါဆို ကိုထည့်အဖေက"

"မောင့်အဖေနဲ့ အဲဒီလိုဖြစ်ခဲ့တာ ရဂုံ့ရဲ့အစ်မပါ"

"အစ်မ. . . ရဂုံ့အစ်မလား"

"ဟုတ်ပါတယ်၊ ရဂုံနဲ့ မိနစ်ပိုင်းလေးပဲ စောမွေးခဲ့တဲ့ အမြွှာအစ်မပါ၊ ရုပ်ချင်းခွဲမရအောင်တူတယ်၊ ဒါကြောင့် ရဂုံ့ကို မမရုံလို့ပဲ ဦးဂုဏ်ဝင့်ထည် ထင်နေတာ"

"သူ. . . သူကရော"

"သေသွားပါပြီ"

ပြောရင်းက မျက်ရည်တွေ အိခနဲလိမ့်ဆင်းလာ၏။ မနေ့တစ်နေ့ကလိုပဲထင်ရသည့် ရင်နာစရာအဖြစ်အပျက်တွေပဲ မဟုတ်ပါလား။

မမခိုင်က အရမ်းကိုစိတ်မကောင်းဖြစ်နေဟန်ဖြင့် သူမမျက်ရည်တွေကို သုတ်ပေးရင်း . . .

"သေသွားပြီဆိုတော့ ဘာကြောင့်များ သေသွားရတာလဲကွယ်၊ အသစ်ပြန်ဖြစ်နိုင်တဲ့ စိတ်မကောင်းစရာတွေဆိုပေမယ့် မမခိုင်သိချင်လို့ပါ"



"ရဂုံလည်း ပြောပြတော့မှာပါ မမခိုင်၊ ဒီလိုပါ. . . ရဂုံတို့မိသားစုက စီးပွားရေးအဆင်မပြေပါဘူး၊ အဖေက သူ့ဆိုက်ကားနင်းလို့ရတဲ့ ပိုက်ဆံနဲ့ ရဂုံတို့ အမြွှာသမီးနှစ်ယောက်ကို ပညာသင်ပေးရတယ်၊ အမေ့ကျန်းမာရေး အိမ်အသုံးစရိတ်အားလုံးပါပဲ၊ အဖေတစ်ယောက်ရှာတဲ့ငွေနဲ့ ဘယ်လိုလုပ်ရမှာလဲ"

"အေး . . . ဒါပေါ့ ဒါပေါ့"

"အဲဒီအချိန်မှာပဲ အမေကကျန်းမာရေးအရမ်းဆိုးဝါးလာတယ်၊ သွေးလုံးတည်တာ အချိန်မီခွဲစိတ်မကုသနိုင်ရင် သေတော့မယ့်အချိန်ပဲ၊ ခွဲစိတ်ကုသရင်လည်း အနည်းဆုံးဆယ့်လေးငါးသိန်းလောက်ကုန်မှာ မမခိုင်၊ ဒါပေမဲ့ အခြေအမြစ်မရှိတဲ့ ရဂုံတို့ကို ဘယ်သူကငွေဆယ့်လေးငါးသိန်း ယုံယုံကြည်ကြည်ချေးငှားမှာလဲ"

"ဒါပေါ့ မမခိုင်၊ လက်တွေ့ခံစားခဲ့ရတဲ့ အခက်အခဲတွေပါ"

"ဒီအခက်အခဲဟာ ချို့တဲ့သူတွေအတွက် အပြစ်အနာအဆာဖြစ်သွားခဲ့တယ် မမခိုင်၊ မမရုံက ဘယ်သူ့ကိုမှမတိုင်ပင်ဘဲ သူ့ကိုယ်ခန္ဓာကိုရင်းပြီး အမေ့ကိုဆေးကုပေးဖို့လုပ်ခဲ့တယ်၊ အချိန်မီသာမကုသနိုင်ရင် အမေသေတော့မှာမဟုတ်လား၊ ဒါ. . . ဒါပေမဲ့"

"ရဂုံ"

ဆို့နင့်စွာ မျက်ရည်ကကျလာပြန်၏။ ရင်နင့်ကြေကွဲစရာအဖြစ်အပျက်တွေပဲ မဟုတ်လား။

"ဒါပေမဲ့ မမခိုင်ရယ်၊ အပျိုစင်ဘဝလေးဆုံးရှုံးသွားပေမယ့် မမငွေတစ်ပြားမှရမလာခဲ့ပါဘူး"

"ဟင် . . . ဘယ်လိုဖြစ်ရတာလဲ"

"မမရဲ့အပျိုစင်ဘဝကို လိမ်ညာလှည့်ဖြား အလကားယူသွားတယ်ပဲ ပြောရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဦးဂုဏ်ဝင့်ထည်လား"

"မမက သူနဲ့အဲဒီလိုဖြစ်ခဲ့တဲ့ အဲဒီလူရဲ့နာမည်ကို မှတ်ထားခဲ့တယ်၊ အမေ့ရဲ့အသက်ကို ကယ်ချင်ဇောနဲ့ ဒီအလုပ်ကိုလုပ်ပြီး ငွေရှာခဲ့ပေမယ့်၊ ငွေမရဘဲ အရှက်ပဲရခဲ့တော့ မမက ယူကျုံးမရဖြစ်ပြီး သူ့ကိုယ်သူ သတ်သေသွားခဲ့တယ်"

"အမယ်လေး ... ဘုရား ဘုရား"

"မသေခင်မှာ ဦးဂုဏ်ဝင့်ထည်ဆီက ပိုက်ဆံရအောင်တောင်းပြီး အမေ့ကိုဆေးကုပေးလိုက်ပါလို့ ရဂုံ့ကိုမှာခဲ့တယ်၊ အဲဒီအချိန်မှာ ရောဂါစသိကတည်းက ဆေးမကုနိုင်လို့ ရောဂါရင့်လာတဲ့အမေက စိတ်ပါထိခိုက်ပြီး မမရက်လည်တဲ့နေ့မှာပဲ ဆုံးသွားခဲ့တယ်"

"ဖြစ်ရလေကွယ်.. ဖြစ်မှဖြစ်ရလေ"

"အဲဒီစိတ်တွေနဲ့ပဲ အဖေကလည်း နောက်တစ်နှစ်လောက်မှာ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနဲ့ ဆုံးသွားခဲ့ပါတယ် မမခိုင်၊ လောကအလယ်မှာ ရ.. ရဂုံတစ်ယောက်တည်း ကျန်ခဲ့တာပါမမခိုင်ရယ်"

"ရဂုံလေးရယ်"

မမေခိုင်ပါမနေနိုင်တော့ဘဲ မျက်ရည်ကျလာခဲ့သည်။ ဒီထက်ဆိုးတဲ့ဘဝတွေ ဘယ်မှာရှိဦးမှာလဲ။ ရဂုံ့ပခုံးလေးကို နှစ်သိမ့်မှုတွေဖြင့် ဖက်ထားလိုက်မိသည်။

ရဂုံက ရှိုက်ငင်နေလျက်က မျက်ရည်တွေကိုပွတ်သပ်သုတ်ပြီး

"အဲဒီလိုတွေဖြစ်အောင်လုပ်ခဲ့တဲ့သူကို ရဂုံလက်တုံ့ပြန်လို့မရဘူးလား။ သူတို့ရဲ့အောက်တန်းကျမှုကိုဖော်ထုတ်လို့ သိက္ခာချလို့မရဘူးလား။ သူတို့လုပ်လိုက်တဲ့လုပ်ရပ်က လူသုံးယောက်သေချိန်မတန်ဘဲ သေသွားခဲ့ရတယ်၊ ရဂုံတစ်ကောင်ကြွက်မဖြစ်သင့်ဘဲ ဖြစ်ခဲ့ရတယ်၊ အဲဒါကြောင့် ရွှေဖူးလေးကိုမွေးစားခဲ့တာ။ သူ့အတွက်ရုန်းကန်ကြိုးစားရင်း



ရှင်သန်သွားမှ ရဂုံ့ဘဝလည်း လူ့လောကမှာနေရတာ အဓိပ္ပာယ်ရှိတော့မှာမဟုတ်လား"

"အဲဒါကို အစ်ကိုကကျန်ခဲ့တဲ့တူမလေးလို့ပြောခဲ့တာ"

"ရဂုံတို့နေခဲ့တဲ့နေရာမှာ မျက်နှာမပြရဲအောင် အရှက်ရခဲ့ပါတယ်၊ မမက မကောင်းတဲ့အလုပ်ကိုလုပ်တယ်ဆိုပြီးတော့ ရပ်ကွက်အပြင်ကိုတောင် ခေါင်းပေါ်ထုတ်မတတ်ပါဘဲ၊ အဖေက အဲဒီရှက်စိတ်နဲ့သေရတာပါ၊ ရဂုံလည်းနေလို့မရတော့ဘူးလေ၊ မကောင်းတာလုပ်စားတဲ့သူရဲ့ညီမဆိုပြီး အထင်သေးကြတယ်၊ စော်ကားမော်ကားလုပ်ဖို့ ကြံစည်ကြတယ်၊ အဲဒီလိုလူတွေကြားထဲမှာ ရဂုံတစ်ယောက်တည်း ဘယ်လိုလုပ်နေလို့ရတော့မှာလဲ၊ အဲဒါနဲ့ မိဘမဲ့ကျောင်းမှာတစ်နှစ်ကျော်ကလေးလေးရောက်လာတာ ဘယ်သူမှမစောင့်ရှောက်နိုင်ဘူး။ ဘုန်းတော်ကြီးကျောင်းက လုပ်တာဆိုတော့ သုံးလေးနှစ်အရွယ်ပဲ လက်ခံနိုင်တာလေ၊ အဲဒါနဲ့ ရဂုံမွေးစားမယ်ဆိုတာကို ဘုန်းဘုန်းကြီးက လက်ခံပေးလိုက်တာပါ"

ရှင်းပြပြီး မောသွားသလိုဖြစ်နေသော ရဂုံ့ကို မမခိုင်ကရေတစ်ခွက်ခပ်တိုက်ပြီး မျက်ရည်တွေကိုသုတ်ပေး၏။

"မငိုပါနဲ့တော့ ရဂုံ၊ အဲဒါတွေပြီးဆုံးသွားပြီလို့ သဘောထားလိုက်ပါတော့၊ ကိုယ့်မှာ ငွေကြေးဂုဏ်နေဥစ္စာအင်အားတွေ မရှိတဲ့အတွက် ဘယ်သူ့နဲ့ပြိုင်ပြိုင်ရှုံးမှာပါပဲ၊ ပြည့်စုံတဲ့သူတွေအတွက်က အပြစ်တွေအများတွေကို ငွေနဲ့ဖုံးကွယ်လို့ရတယ်၊ သူတို့အတွက် အနိုင်တွေချည်းပဲ၊ အခုကိုထည်ရဲ့ အမုန်းတွေပဲ အဖတ်တင်သွားတယ်မဟုတ်လား ရဂုံ၊ ရဂုံ့ကို မကောင်းတာလုပ်စားတဲ့မိန်းကလေးလို့ မြင်သွားပြီး တော်တော်ကိုရွံသွားမှာ၊ ဘာလို့အမှန်တရားတွေ မပြောလိုက်တာလဲ ရဂုံ"

"သူ့အမှန်တရားတွေ သိတော့ရော ဘာလုပ်လို့ရမှာလဲ မမခိုင်၊ သူ့အဖေကိုထိလို့ အခုရဂုံ့ကိုပြောသွားတာတွေ မမခိုင်ကြားလိုက်တယ်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား၊ ဖြေရှင်းချက်ပေးပြီး ရဂုံဘယ်တော့မှ အသနားမခံဘူး''

''မာနတွေနဲ့ ပြောနေတယ်ဆိုတာ မမခိုင်သိပါတယ်၊ သူ့ကို ချစ်လို့ ရဂုံခံတော့ ခံစားနေရတယ်မဟုတ်လား''

ရဂုံ ပြန်မပြောနိုင်သေးဘဲ အင့်ခနဲတစ်ချက်ရှိုက်လျက် မမခိုင် ပခုံးပေါ် ခေါင်းလေးမှီတင်လိုက်သည်။ မမခိုင်က နဖူးလေးပေါ်ဝေ့ဝဲကျလာသော သူမဆံနွယ်လေးတွေကို သပ်တင်ပေးလျက်နှင့် ...

''ရဂုံ ဘယ်လောက်နာကျင်နေရမလဲဆိုတာ မမခိုင်စာနာမိပါတယ် ရဂုံရယ်၊ ဒါကြောင့် ကိုထည်နဲ့လက်ထပ်ဖြစ်မှာ မဟုတ်ဘူး၊ ပေါင်းရမှာမဟုတ်ဘူးလို့ ခဏခဏပြောနေခဲ့တာလား''

''ဒါတွေကို ကြိုသိနေခဲ့လို့ပေါ့ မမခိုင်ရယ်၊ ဘယ်လိုတွေပဲဖြစ်နေနေ အဖေကအဖေ သားကသားပဲမဟုတ်လား၊ သွေးနဲ့ရေက ခါးနဲ့ ဖြတ်လို့ မရဘူး၊ ဘယ်အရာနဲ့မှလည်း ဖြတ်လို့မရဘူးဆိုတာ ရဂုံသဘော ပေါက်သွားပါပြီ၊ ဒီအကြောင်းတွေသိရင် သူ့အဖေကိုရှုံ့မုန်းသွားမယ်၊ အထင်သေးရှုံ့ချလိမ့်မယ်လို့ထင်တာ၊ ရဂုံကိုယ်တိုင်ကလည်း ဦးဂုဏ်ဝင့်ထည် ဒီအပြစ်ကြီးကို ကျူးလွန်တယ်လို့ထင်ခဲ့တာ''

''ဟင် မဟုတ်ဘူးလား''

''မဟုတ်ဘူး၊ ဦးဂုဏ်ဝင့်ထည်က မမအတွက်ငွေတွေကို ပေးတယ်၊ ဆက်သွယ်ပေးတဲ့သူငယ်ချင်းက ငွေတွေကိုမပေးဘဲဖုန်းသွားတာ''

''ခြောက်''

''အဲဒီတော့ သူတို့ဘက်ကအပြစ်မရှိဘူးပေါ့လေ၊ ရဂုံ့ဘက်ကပဲ အငြိုးတွေကြီးပြီး တစ်ဖက်သတ်လက်စားချေဖို့ ကြိုးစားနေခဲ့တယ်လို့ ထင်မှာပေါ့၊ ရဂုံလည်း အဲဒီလိုသိပြီးကတည်းက ယှဉ်ပြိုင်တိုက်ခိုက်ဖို့ ကို စိတ်ဓာတ်တွေကျသွားခဲ့တာပါ၊ အပြစ်မရှိတဲ့သူကို ရန်လိုနေခဲ့သလို ဖြစ်နေခဲ့တာမဟုတ်လား၊ ဟိုလူသာ ငွေတွေယူမသွားဘဲ မမကိုငွေတွေ



ပေးလိုက်ရင် မမလည်း သူ့ကိုယ်သူသတ်သေဖြစ်မှာမဟုတ်ဘူး၊ သူ့ဘဝ ကိုရင်းပြီး အမေ့အသက်ကို ကယ်တင်နိုင်တယ်ဆိုပြီးတော့လေ၊ ဒီကိစ္စ အကျယ်တဝင့် လူသိမသွားရင် အဖေလည်း အရှက်ရပြီး စောစောသေမှာ မဟုတ်ဘူး၊ တရားခံက တခြားတစ်ယောက်ဖြစ်နေခဲ့တယ် မမခိုင်''

မမေခိုင် စိတ်မကောင်းဖြစ်ရုံကလွဲပြီး ဘာမှမတတ်နိုင်။ ရဂုံ့ ဘဝလေးကသာ သနားစရာကောင်းပြီးရင်းကောင်းနေရသည်။

ဟိုအရင်ကတည်းက ဒူးနဲ့မျက်ရည်သုတ်ရသည့်ဘဝက မကျွတ် လွတ်တော့ပါလား။ ကိုထည်နှင့်သာလက်ထပ်လျှင် ရဂုံ့ဘဝလေး ကံ ကောင်းပြီလို့ ထင်ထားတာ။

အခုတော့ လက်မှတ်ထိုး လက်ထပ်မည့်နေ့မှ ဒီလိုကိစ္စတွေဖြစ် ရသည်။

ကြိုတင်ရည်ရွယ်ထားတယ်ဆိုပေမယ့် အရှုံးတွေချည်းပါလား ရဂုံရယ်။

သနားစရာကောင်းလိုက်တာကွယ်။

✤✤✤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"ဟာ. . . မိုးမြင့် ဘယ်လိုဖြစ်တာလဲ၊ မင်း ဟာကွာ ဒီကောင်"

မသောက်တတ်သောအရက်တွေကို တစ်ခွက်ပြီး တစ်ခွက်သောက်နေတာမို့ မင်းဦး အံ့သြနေရသည်။ ဒီနေ့တစ်နေကုန် ကုမ္ပဏီကို မိုးမြင့်မလာပါ။

ဖုန်းဆက်တော့လည်း မကိုင်တာမို့ ဒီနေ့ရုံးတက်လက်မှတ်ထိုးသည့်ကိစ္စတွေနှင့် အလုပ်ရှုပ်နေတာကြောင့်လို့ ထင်ခဲ့သည်။ ရုံးဆင်းခါမှ တစ်ဝိုင်းကျွေးဖို့ပြောထား၍ စောင့်နေပြီးမှ ရုံးမဆင်းခင် မိုးမြင့်လှမ်းခေါ်တာမို့ စားသောက်ဆိုင်ကိုလာခဲ့ရသည်။

အခုတော့ . . .

"ဟိတ်ကောင် မိုးမြင့်၊ မင်းဘာဖြစ်လာတာလဲ၊ ငါ့ကိုလည်း ပြောပါဦး၊ မသောက်ဖူးတဲ့အရက်တွေ စွတ်သောက်နေရလား"

"မိုးမြင့်"

"မင်းတို့လက်မှတ်ထိုးပြီးသွားပြီလား၊ အဆင်ပြေလို့ အပျော်လွန်နေတာလား"

"ငါ့ရဲ့ဒီရုပ်က အဆင်ပြေတဲ့ရုပ်ပေါက်နေလို့လား"

"မင်းတို့လက်ထပ်တာကို မင်းအဖေကွိုင်နေလို့လား၊ ခဏပါ





ကွာ၊ ကြာရင်အဆင်ပြေသွားမှာပါ"

"ငါနဲ့ရဂုံ ဘယ်တော့မှလက်ထပ်ဖြစ်တော့မှာ မဟုတ်ဘူး"

"ဘာ. . . ဘာဖြစ်လို့လဲ၊ ဒီနေ့မင်းတို့"

"ရ . . . ရဂုံက"

"အေး . . . ဘာဖြစ်လို့လဲ"

မိုးမြင့်ဝင့်ထည် ပြောမထွက်နိုင်သေးဘဲ၊ အရက်တစ်ခွက်ကို ရှုံ့မဲ့စွာ မော့သောက်၏။ ပြီးမှ ဖန်ခွက်ကိုစားပွဲပေါ်ဆောင့်ခနဲချ၍ သူ့ရင်ဘတ်ကို တဖြန်းဖြန်းပုတ်သည်။

"ငါ့ရင်ထဲမှာနာတယ်၊ ရင်ထဲမှာ မခံစားနိုင်လောက်အောင်ကို နာနေတယ်ကွာ၊ ဒီလိုတွေဖြစ်လာလိမ့်မယ်လို့ မမျှော်လင့်ဘူး၊ ငါမျှော်လင့်မထားခဲ့မိဘူး၊ အရမ်းရိုးသားဖြူစင်တဲ့ မိန်းကလေးဆိုပြီး ငါအရမ်းတန်ဖိုးထားခဲ့တာ၊ မင်းရော ဖေဖေရော သတိပေးနေခဲ့တာတောင် ငါမယုံဘူး"

"ဘာ. . . ဘာဖြစ်လို့လဲ ရဂုံက"

"အကျင့်ပျက်မိန်းကလေး"

"ဘာ"

"တခြားသူနဲ့ဆိုရင်တောင် ဖြေသာဦးမလား မသိဘူး၊ အခုက ဖေ. . . ဖေဖေနဲ့ဖြစ်ခဲ့တာတဲ့၊ ဖေဖေ့ကိုမှ အသွေးအသားရောင်းစားခဲ့တဲ့ မိန်းကလေးဖြစ်နေတယ်"

"ဟာ. . . ဟာ အဲဒီလိုလား၊ ဒီကိစ္စကြီးကဘယ်လို"

မင်းဦးမေးဖို့တောင် မဝံ့မရဲဖြစ်သွားရသည်။ ဒီကိစ္စကြီးကြောင့် မိုးမြင့်ဒီလောက်ထိအောင် ခံစားနေရတာလား။

တကယ်ကို မယုံနိုင်စရာပါ။ မိုးမြင့်က ယောကျ်ားတန်မဲ့မျက်ရည်တွေ စီးကျလာလျက်. . .

"အဆိုးဆုံးက သူငါ့ကိုချစ်လို့မဟုတ်ခဲ့ဘူး မင်းဦးရော၊ ဖေဖေ့



www.burmeseclassic.com

www.burmeseclassic.com



ကို လက်စားချေတိုက်ခိုက်ချင်လို့ ငါ့ကိုအသုံးချခဲ့တာ၊ ရိုးသားဖြူစင်ချင် ဟန်ဆောင်ပြီး ချဉ်းကပ်ခဲ့တာ၊ ရိုးလွန်းပါတယ်၊ သူချဉ်းကပ်ပုံချဉ်းကပ် နည်းက ရိုးလွန်းပါတယ်ကွာ''

''ငါလည်းတွေ့ဖူးပါတယ်၊ ဒါပေမဲ့ မထင်ရဘူး၊ အစကသာ သံသယဝင်ခဲ့ပေမယ့် သူ့ကိုတွေ့လိုက်တဲ့အချိန်မှာ ငါတောင်သူ့ဘဝအခြေ အနေလေးကို သနားသွားခဲ့တာ၊ ဘယ်လိုဖြစ်တာလဲကွာ၊ ဘာကြောင့် ဒီလိုတွေ ...''

''သူကတော့ သူ့အမေကျန်းမာရေးအတွက် ငွေရှာခဲ့တာပါ၊ အဲဒါကို ဖေဖေကဆက်ဆံပြီးမှ ငွေမပေးလို့ သူ့အမေသေသွားခဲ့ရတယ်၊ သူ့အဖေလည်း အဲဒီစိတ်နဲ့သေတာပေါ့၊ ဒါကြောင့် သူကအပြုံးနဲ့ လက်တုံ့ ပြန်ဖို့ ကြိုးစားတာ''

''နေပါဦး၊ မင်းအဖေကဘာကြောင့် ပိုက်ဆံမပေးရတာလဲ၊ ဒီလို ကိစ္စမျိုးကို အလကားရမယ်လို့ ထင်နေတာလား''

''မဟုတ်ဘူး ဖေဖေကပေးတယ်၊ ဆက်သွယ်ပေးတဲ့သူငယ် ချင်းက ရဂုံ့ကိုမပေးဘဲ သုံးပစ်လိုက်တာ၊ ရဂုံကတော့ ဖေဖေ့ကိုပဲအပြစ် မြင်ခဲ့မှာပေါ့၊ အဲဒီအချိန်က မသိနားမလည်တဲ့အရွယ်ဆိုတော့ ကလေး တစ်ယောက်တောင် မွေးခဲ့သေးတယ်တဲ့''

''ဟာ ... မိုးမီးလောင်ပြီပဲ''

မင်းဦး အံ့ဩတကြီး မျက်လုံးတောင်ပြူးထွက်သွားသည်။ ကြက် သီးထစရာအဖြစ်အပျက်ကြီးပါ။ မိုးမြင့်က မျက်ရည်တွေမသုတ်ဘဲ အံ တစ်ချက်ကြိတ်လျက်

''ကြောက်စရာကောင်းတယ်၊ တွေးကြည့်ရင် အရမ်းကိုကြောက် စရာကောင်းတယ်၊ ငါရဂုံ့ကို လက်ထပ်မိလိုက်ရင် ဘယ်လိုတွေဖြစ်သွား မလဲ။ ငါ့ညီမက ငါ့ကိုပထွေးတော်ရမယ်၊ ငါက ဖေဖေနဲ့ပတ်သက်ခဲ့တဲ့



မိန်းကလေးကို မယားတော်ရမယ်၊ ပြီးတော့ အသွေးအသားကိုရောင်းစား တဲ့သူ့ရဲ့အကျင့်ပျက်စရိုက်၊ ဘယ်လောက်အကြံပက်စက်လိုက်သလဲ''

''မိုးမြင့်''

''ငါ ... ငါကွာ ဘာကြောင့် ဒီလိုမိန်းကလေးကို နည်းနည်း လေးမှ မပြစ်မမြင်ဘဲ ချစ်ခဲ့မိတာလဲ၊ အရမ်းကိုတန်ဖိုးထားခဲ့မိတာပါ၊ ဘာလို့လဲ၊ ငါ့ကိုဘာလို့အသုံးချရတာလဲ၊ ငါ့အချစ်တွေကို စော်ကားရ တာလဲ၊ ငါရင်နာတယ်၊ ဒီရင်ဘတ်ကြီးထဲကနာတယ်''

''မိုးမြင့်ရာ၊ မင်းကွ အရမ်းချစ်ခဲ့တဲ့ကောင်ဆိုတော့ အရမ်းခံစား နေရမယ်ဆိုတာ ငါစာနာမိပါတယ်၊ မေ့ပစ်လိုက်တော့ သူငယ်ချင်းရာ၊ သွေးပူတုန်းခံစားရပေမယ့် နာတာတွေနဲ့ဖြေလိုက်ပါ''

''သွေးပူတုန်း ခံစားနေရတာမဟုတ်ဘူး၊ သေရာပါမှာ၊ ငါသူ့ကို တကယ်ချစ်ခဲ့တာ၊ အခုနာစရာတွေနဲ့ဖြေနေတယ်၊ ဖြေလို့မရဘူး၊ သူ ငါ့ကိုချစ်ခဲ့တာ ဟန်ဆောင်တာနဲ့မတူဘူး အသုံးချနေတာလို့လည်း မထင် ရဘူး၊ ငါ့ကိုတကယ်ချစ်နေသလိုပါပဲ''

''မိုးမြင့်ရာ၊ စိတ်နာရုံတင်မဟုတ်ဘူး၊ မင်းမေ့ပစ်သင့်နေပါပြီ၊ မိန်းမတစ်ယောက်အနေနဲ့ ဒီထက်အပြစ်ကြီးတာရှိပါဦးမလား''

''ငါမေ့လို့မရဘူး၊ သူ့အပြုံးတွေ သူ့အပြုအမူတွေက သူလုပ် တဲ့အပြစ်တွေပေါ်မှာ လွှမ်းမိုးနေတယ်၊ တစ်ညလုံး တစ်နေ့လုံး ငါမေ့ပစ် ဖို့ ကြိုးစားရင်း နာကြည်းမုန်းတီးဖို့ ကြိုးစားရင်းနဲ့ ဘယ်လိုမှကိုမေ့လို့ မရဘူး၊ ငါသူ့ကိုသတိရတယ် လွမ်းတယ်''

''မိုးမြင့်''

ဘယ်လိုမှကို ဖျောင်းဖျလို့မရ၊ ရင်နာရင်းနှင့်ချစ်နေသေးတာ မိုးမြင့်လိုကောင် ခံစားရတာတောင်နည်းသေးသည်။

အစကတည်းက ဒီလောက်အလေးအနက်တန်ဖိုးထားပြီး ချစ်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့လျှင် ဒီလောက်ထိခံစားရမှာမဟုတ်ပေ။ အခုတော့ ဘယ်လိုမှရှေ့ဆက်တိုးလို့ မဖြစ်တော့သည့် အခြေအနေမှာ မေ့ပစ်လိုက်တာပဲ အကောင်းဆုံး မဟုတ်ပါလား။

အမူးလွန်နေသော မိုးမြင့်ကို ကားမောင်း၍လိုက်ပို့မှပဲ ဖြစ်တော့မည်။ ဖအေနှင့် ငြိစွန်းခဲ့သော မိန်းကလေးကိုမှ အလေးအနက် ချစ်ခဲ့မိသော မိုးမြင့်အဖြစ်က အရမ်းကိုသနားစရာကောင်းလှပါသည်။

မိုးမြင့်ရာ. . . နည်းနည်းလျှော့ချစ်ခဲ့ရောပေါ့ကွာ. . .။

✤✤✤



## အခန်း (၃၄)

"ဟင်. . . သား . . . သား ဘာဖြစ်လာတာလဲ"

မိုးမြင့်ဝင့်ထည်ကိုယ်ကြီးကို မင်းဦး မနိုင်မနင်းတွဲခေါ်လာတာမို့ ဦးဂုဏ်ဝင့်ထည် လန့်ဖျပ်ကာ မေးလိုက်သည်။ မင်းဦးက မိုးမြင့်ကိုယ်ကြီးကို ဆိုဖာခုံရှည်မှာမှီချလျက်

"မိုးမြင့် အရက်တွေ အရမ်းသောက်နေလို့ ကျွန်တော်ပြန်လိုက်ပို့တာပါ အန်ကယ်၊ တစ်ခါမှမသောက်ဖူးတော့ ဒီကောင်မဟန်နိုင်ဘူးဖြစ်နေတာ"

"အေး . . . ကျေး . . . ကျေးဇူးပါပဲကွာ"

"ကျွန်တော် အိပ်ခန်းထဲထိတွဲပို့ခဲ့ရမလား အန်ကယ်"

"ရပါတယ် မောင်မင်းဦး၊ ပြီးမှ အန်ကယ်တွဲပို့လိုက်ပါ့မယ်"

"ဟုတ်ကဲ့၊ ဒါဆို ကျွန်တော့်ကိုခွင့်ပြုပါဦး အန်ကယ်"

"အေးပါကွာ၊ ကျေးဇူးပါ"

သားကိုကြည့်၍ ဦးဂုဏ်ဝင့်ထည် စိတ်မကောင်း။ သားတစ်ခါမှ အခုလို အရက်သေစာမသောက်စားဖူးပေ၊ သားဘယ်လောက်တောင် ခံစားနေရပြီလဲ။ အတိုင်းအဆမရှိ နာကျင်နေမှာတော့ သေချာပါသည်။

"သူငွေးမင်း"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ဒေါ်သောင်း"

"လူလေးအဖြစ်က သနားစရာပဲ သူဌေးမင်းရယ်၊ ဘယ်လိုလုပ်ကြမလဲ၊ သူက ရဂုံ့ကိုအရမ်းကိုတန်ဖိုးထားပြီး ချစ်ခဲ့ရှာတာ"

"ဘာလုပ်လို့ရမှာလဲ ဒေါ်သောင်းရယ်၊ ဒီလိုမိန်းကလေးမျိုးအတွက် ခံစားနေစရာမလိုတော့ဘူးလေ၊ အကျင့်ပျက်သိက္ခာမဲ့ပြီး အသွေးအသားကိုရောင်းစားတဲ့ မိန်းကလေး၊ ကျွန်တော်လည်း အရမ်းကိုရှက်စရာကောင်းတဲ့ အလုပ်ကိုလုပ်ခဲ့မိတယ်၊ သားအတွက် ဂုဏ်ယူထိုက်၊ လေးစားထိုက်တဲ့အဖေ ဖြစ်ချင်ခဲ့တာပါ၊ ဒါပေမဲ့ ..."

စကားမဆက်နိုင်အောင် ဆို့နင့်လျက်ရှိသည်။ သားကိုကြည့်ပြီး မျက်ရည်ဝဲလောက်အောင် ရင်တွေနာနေမိသည်။

လူမှန်းသူမှန်းမသိအောင် သောက်လာတာ၊ ဘာတွေကို မေ့ထားချင်လို့လဲ။ မြလေးရဂုံကို မေ့ထားချင်လို့ဆိုလျှင်တော့ ကောင်းသည်။

"လူလေးကို အိပ်ခန်းထဲပို့မှထင်တယ် သူဌေးမင်း"

"ပို့ရမှာပေါ့ ဒေါ်သောင်း၊ ကျွန်တော်ပွေ့ချီလိုက်ပါ့မယ်"

"သူဌေးမင်း ဘယ်နိုင်မှာလဲ၊ ဒေါ်သောင်းလည်းတွဲပါ့မယ်"

နှစ်ယောက်သားတွဲပြီး မိုးမြင့်ဝင့်ထည်ကို မွေ့ရာပေါ်တင်ပေးရသည်။ မိုးမြင့်ဝင့်ထည်ကတော့ အမူးလွန်ကာ လောကကြီးကိုမေ့နေသည်။

ဒီလိုရုပ်ပျက်ဆင်းပျက် အခြေအနေမျိုးကိုမြင်ရတာ ရင်ထဲမှာ ဘယ်လိုမှမကောင်းနိုင်။

"လူလေး ဒီလိုကြီးရှေ့ဆက်မဖြစ်ဖို့ မျှော်လင့်ရတော့မှာပဲ သူဌေးမင်းရယ်၊ သူဌေးမင်းလည်း လူလေးကို ချော့မော့ပြီးတော့ ဖျောင်းဖျပါ၊ နှစ်သိမ့်အားပေးပါ"

"ကျွန်တော်က အပြစ်ရှိသူပဲ၊ သား ဒီလိုဖြစ်ရတာ ကျွန်တော့်ကြောင့်ပါ၊ အသွားမတော်တစ်လှမ်းတဲ့၊ သေရာပါ နောင်တရဖို့ဘွဖြစ်လာခဲ့တာပဲ"



"ဟို့ .. သူငယ်ချင်းဆိုတဲ့လူရော အဆက်အသွယ်ရပြီလား"

"ဖုန်းအဆက်အသွယ်ရပြီ၊ ဒီက အဖြစ်အပျက်တွေ ပြောပြလိုက်တယ်၊ မြလေးရဂုံဘက်ကို ရှင်းပြဖို့လိုအပ်တယ် မဟုတ်လား။ ဒါမှ ကျွန်တော်ဘက်ကို အပြစ်ကင်းကင်းမြင်နိုင်မှာ၊ ဒီမိန်းကလေးကိုလည်း တစ်သက်လုံး အငြိုးတွေနဲ့ နေမသွားစေချင်ပါဘူး။ သူ့ဘက်က ဒုက္ခကမသေးဘူးဆိုပေမယ့် အငြိုးတွေရှိနေရင် ပိုပြီးပူလောင်ရမှာ"

"ကိုယ့်အသွေးအသားထိလို့နာတယ်လို့သာ အော်နေရတာ၊ သူ့ဘက်ကလည်း နာမယ်ဆို နာလောက်တာပဲ၊ အဖေရော အမေရော သေခဲ့ရတာလေ၊ ဒီကိစ္စ တကယ်မဟုတ်ခဲ့ဘူးဆိုရင် ဒီလိုတွေလုပ်ဖို့အသိဆုံးဖြတ်ခဲ့ပါ့မလား"

"ဟုတ်ပါတယ် ဒေါ်သောင်းရယ်၊ ကျွန်တော်လည်း အဲဒီမိန်းကလေးကို သားသမီးချင်း ကိုယ်ချင်းစာမိပါတယ်၊ ဒါပေမဲ့ ကိုယ့်သွေးသားအရင်းထက်တော့ စာနာမပေးနိုင်ဘူး၊ ဒီလိုမိန်းကလေးနဲ့တော့ အသက်နဲ့ရင်းပြီး တားရမှာပဲ၊ သားလည်းမေ့နိုင်ပါစေလို့ ဆုတောင်းရတော့မှာပဲ ဒေါ်သောင်းရယ်၊ သားကိုမခံစားရစေချင်ပါဘူး"

ရင်ထဲကဆန္ဒတွေပါ။ သားအတွက်မေတ္တာတရားတွေပါ။

ဒီအဖေကတော့ ဒီအမှားအတွက် တစ်သက်လုံးအပြစ်ကြီး ကျူးလွန်မိသလို နောင်တရနေရတော့မှာပင်။ ခွင့်လွှတ်ပါသားရယ်.. ခွင့်လွှတ်ပါ...။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

"သား"

သားကခေါ်တာကို မထူးဘဲ ရှေ့ဆက်သွားဖို့ပြင်၏။ ခြေတစ်လှမ်း ရှေ့တိုးကာ သားလက်ကို မဝံ့မရဲလှမ်းဆွဲလိုက်ကာ

"သား ကုမ္ပဏီသွားတော့မလို့လား၊ မနက်စာ စားသွားဦးလေ"

"ဟုတ်တယ် လာစားပါလူလေး၊ လူလေး ကြိုက်တဲ့မုန့်ဟင်းခါး နဲ့အသုပ် ဒေါ်ကြီးသောင်း ဝယ်ထားတယ်"

"တော်ပါပြီ မစားတော့ဘူး၊ နောက်နေ့ အဲဒါတွေဝယ်မထား နဲ့"

"သား ... မစားရင်လည်း ခဏထိုင်ပါဦးလား"

"ဘာကိစ္စရှိလို့လဲ ဖေဖေ၊ သားအိမ်ကနေ စောထွက်ချင်လို့ ပါ"

"ဖေဖေနဲ့ မျက်နှာချင်းမဆိုင်ချင်လို့ မဟုတ်လား၊ သားအဲဒီလို လုပ်နေတာ ဖေဖေ ဝမ်းနည်းမိတယ်၊ စိတ်လည်းမကောင်းဘူး သား၊ သားဖေဖေ့ကို အပြစ်တင်ချင် အထင်သေးချင်နေတယ် မဟုတ်လား"

"ဒီအချိန်မှာ သားဘာကိုမှ မပြောချင်ဘူးဖေဖေ၊ သားဦးနှောက်တွေ ဆူပွက်နေတယ်၊ အသိစိတ်တွေ လွတ်နေတယ်"

"သား"





"ရူးသွားလိုက်ရမှာ၊ ဘာကိုမှမသိတော့ မမှတ်မိတော့တဲ့ လူလို ရူးသွပ်သွားလိုက်ရမှာ၊ သား ဘာကိုမှမသိချင် မကြားချင်တော့ဘူး၊ ဒါတွေဟာ ဟုတ်မှဟုတ်ရဲ့လားလို့ သံသယဝင်နေတုန်းပဲ၊ မယုံနိုင်ဘူးဖြစ်နေတယ်"

"ဟုတ်မှာပါ၊ သားအဲဒီလိုဖြစ်ချင်နေမှာ ဖေဖေနားလည်ပါတယ်၊ နားလည်နေပါတယ် သားရယ်"

စိတ်မကောင်းလွန်းစွာ မျက်ရည်ပင်ဝဲလာမိသည်။ သားဖြေသိမ့်နိုင်အောင် ဘာလုပ်ပေးရမည် မသိပေ။

သားပခုံးကိုဆုပ်ညှစ်ထားမိကာ

"ဖေဖေ တောင်းပန်ပါတယ် သားရယ်၊ ဒီအမှားမျိုးမကျူးလွန်သင့်မှန်း ဖေဖေသိပါတယ်၊ ဖေဖေလည်း"

"တခြားသူနဲ့ဖြစ်ခဲ့ရင်ကောင်းမှာပဲ ဖေဖေ၊ အခုက ရဂုံ၊ သား အရမ်းချစ်တဲ့ရဂုံနဲ့မှ"

"ဒါအမှတ်တမဲ့တိုက်ဆိုင်မှုမဟုတ်ဘူးသား၊ ဖေဖေတို့လုပ်ကြံခံရတာပါ၊ အနည်းဆုံး ဖေဖေ့တစ်ယောက်တည်းကို အငြိုးနဲ့ဒုက္ခပေးရင် တော်ပါသေးတယ်၊ သားကိုအသုံးချလိုက်တာက"

"သူခံစားခဲ့ရတာက အဲဒီလိုလုပ်ရမှ အငြိုးပြေမယ်ထင်လို့ နေမှာပေါ့ ဖေဖေ၊ သူတုံ့ပြန်တာ စိတ်ဆိုးစရာမဟုတ်ပါဘူး၊ သားအချစ်တွေအတွက် မခံစားနိုင်တာပါ၊ သူ့ကိုသားအရမ်းကိုချစ်ခဲ့မိတာပါ ဖေဖေ"

"သား ... မပြောသင့်တော့ဘူး၊ အဲဒီစကားမသုံးသင့်တော့ဘူး သား၊ ဒီမိန်းကလေးနဲ့ပတ်သက်ပြီး သားမေ့နိုင်အောင် ကြိုးစားလိုက်ပါ၊ ဘယ်လိုမှ သတိမရသင့်တဲ့ အတိတ်တစ်ခုလို့ပဲ သဘောထားလိုက်ပါ"

"လွယ်လွယ်မေ့ရအောင် လွယ်လွယ်ချစ်ခဲ့တာမဟုတ်ဘူး ... ဖေဖေ၊ သူ့ကိုအရမ်းကိုတန်ဖိုးထားပြီး ချစ်ခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"လူလေးအဖေရဲ့ရင်သွေးကို မွေးခဲ့တဲ့မိန်းကလေးဆိုတာ သတိရပါဦး လူလေးရယ်"

"ဟင်"

ဒေါ်ကြီးသောင်း ဝင်ပြောလိုက်မှ အံ့ကိုကြိတ်မိသွား၏။ ဖေဖေ့ရင်သွေးကိုမွေးခဲ့ပြီး ဘာကြောင့်သူ့ကိုချစ်ခဲ့သေးတာလဲ။

ဟင့်အင်း . . . သူ့ကိုချစ်ဟန်ဆောင်ခဲ့တာ။ တကယ်မချစ်ဘဲ သူမရဲ့အငြိုးတွေပြေဖို့ အသုံးချခဲ့တာ။

မင်းပျော်နေပြီလား မြလေးရဂုံ၊ ငါ့အသည်းကိုခွဲလိုက်ရလို့ မင်းကျေနပ်သွားပြီလား။

ပျော်နေ ကျေနပ်နေမယ့် မင်းရဲ့မျက်နှာလေး ဘယ်လိုများဖြစ်နေမလဲ။ အရင်လို ရိုးသားဖြူစင်တဲ့အရိပ်အရောင်တွေရှိနေဦးမှာလား။

ငါ့ခြေလှမ်းတွေက ဟိုအရင်လိုပဲ . . .။

✤✤✤

## အခန်း (၃၆)

"ရဂုံ . . . ရဂုံ ဘာဖြစ်တာလဲ"

အိမ်အတက်အဆင်းမှာ ခွေခေါက်လဲသွားသော ရဂုံ့ကို မမေနိုင် အလျှင်အမြန်ပင် ထိန်းပွေ့ထားလိုက်ရသည်။

"ရဂုံ . . . ဟဲ့ ရဂုံ ညီမလေး"

"အင်း . . . မ. . . မမနိုင်"

"ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့လဲဟင်"

"မျက်လုံးတွေပြာပြီး ခေါင်းမူးသွားတာ"

"ဒီရက်ထဲ ထမင်းမစား၊ အိပ်လည်းမအိပ်ဆိုတော့ အားနည်းသွားတာနေမှာပေါ့၊ မမနိုင် ဆရာဝန်သွားပင့်လိုက်ရမလား ရဂုံ"

"ရပါတယ် မမနိုင်၊ အိမ်ပေါ်တက်ပြီး ခဏလှဲနေလိုက်ရင် သက်သာသွားမှာပါ"

"ဒါဆိုလည်းလာ မမနိုင်တွဲပို့ပေးမယ်"

အိမ်ပေါ်ကိုတွဲပို့ပြီး ခေါင်းအုံးလေးယူပေးရသည်။

"ရရဲ့လား ရဂုံ၊ ဆရာဝန်ခေါ်လို့ ပိုက်ဆံကုန်မှာကြောက်ရင် ဆိုက်ကားငှားပြီး ဆေးခန်းသွားလိုက်မလား ရဂုံ"

"ရပါတယ်မမနိုင်၊ ရဂုံ သက်သာသွားမှာပါ၊ ဘာမှမဖြစ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်အဆင်ပြေလို့လား ရဂုံ၊ နင်စိတ်ထောင်းကိုယ်ကျေ ဖြစ်နေပြီ၊ ရောဂါက ဆေးကုလို့ရတယ်၊ စိတ်က ဆေးကုလို့မရဘူး၊ နင့်ရဲ့စိတ်ကို တင်းထားပါဦးလား ရဂုံ၊ အရှုံးပေးလိုက်ရတာနဲ့ နင့်ရဲ့စိတ်ကို လျှော့ချပစ်လိုက်ရသလား"

"အရှုံးပေးလိုက်ရလို့ စိတ်ကိုလျှော့ချလိုက်တာမဟုတ်ပါဘူး၊ သူ့ . . . သူ့ကိုသတိရလို့ပါ မမနိုင်"

"ရဂုံ"

စိတ်မာမည်လို့ထင်ထားတာကြောင့် မမနိုင် အံ့ဩသွားရသည်၊ လက်စားချေ လက်တုံ့ပြန်ဖို့ ခွန်နှင့်အားနှင့်တောင် တောင့်ခံနိုင်ခဲ့သေးတာ မဟုတ်ပါလား။ သွေးမတော်သားမစပ်သည့်ကလေးအတွက် အမှီအခို မရှိ တစ်ယောက်တည်းရုန်းကန်နိုင်ခဲ့ပြီးမှ

"နင် ကိုထည့်ကိုချစ်နေတုန်းလား ရဂုံ"

"မေ့ထားဖို့မှ မစဉ်းစားခဲ့တာ မမနိုင်ရယ်၊ ရဂုံ မုန်းတဲ့အထဲမှာ သူမပါပါဘူး၊ သူက အပြစ်မရှိတဲ့သူပါ"

"သူ့စကားတွေကြောင့် စိတ်နာတယ်ဆို"

"ပြောသင့်လို့ ပြောတယ်လို့အောက်မေ့ပါတယ် မမနိုင်ရယ်၊ စာရိတ္တပျက်ယွင်းနေတဲ့ ပြည့်တန်ဆာတစ်ယောက်လို့ သူ့အသိစိတ်ထဲ ဝင်သွားတဲ့အတွက် သူ့ဘက်ကလည်း ဒီလောက်တော့ ပေါက်ကွဲခွင့်ရှိတာပဲ၊ ရဂုံ စိတ်နာကြည့်ပါသေးတယ်၊ နာလို့မရဘူး၊ မဖြစ်နိုင်ပါဘူးလို့ တွေးကြည့်သေးတယ်၊ ဒါပေမဲ့ မျှော်လင့်မိနေတယ်၊ မလွမ်းသင့်ဘူးဆိုပေမယ့်လည်း နေ့တိုင်းသတိရနေမိတာ မမနိုင်ရယ်၊ ဘယ်လိုလုပ်ရမလဲ"

"ရဂုံရယ်၊ နင်အဲဒီလောက် စိတ်ဓာတ်ပျော့ညံ့လိမ့်မယ်လို့ မထင်ခဲ့မိဘူး တကယ်ပါ၊ လောကဓံကြုံကြုံခံနိုင်တဲ့သူမို့ ဒီကိစ္စကို လက်စားချေရုံ သက်သက်ပဲ၊ ခေါင်းထဲကထုတ်ပစ်မယ်ထင်တာ၊ နင်ကိုထည့်ကို တကယ်



ချစ်နေခဲ့တာပါလား ရဂုံ"

နားထင်ကိုဖိထားရင်း ရဂုံထထိုင်လိုက်သည်။ ဒီဝေဒနာတွေ ကင်းဝေးပါရစေလို့ ဆုမတောင်းချင်ပါ။

သူမ ပြုခဲ့သည့်ကံပဲ မဟုတ်ပါလား။

"အန်တီလေး . . . အန်တီလေး"

"ဟင် . . ရွှေဖူးလေး ဘာဖြစ်လာတာလဲ"

ရွှေဖူးလေးက အပြေးအလွှား အိမ်ပေါ်တက်လာသည်။ ကျောင်းပိတ်ထားသည့်မို့ သူငယ်ချင်းတွေနဲ့ သွားဆော့နေတာပါ။

"ဦးဦးကားကိုမြင်ခဲ့တယ်၊ ရွှေဖူးတို့ အိမ်လာမယ်ထင်တာ လှည့်ပြန်သွားတယ်"

"ဟင် . . ဦးဦးကားကိုမြင်ခဲ့တယ်၊ ဘယ်မှာမြင်ခဲ့တာလဲ ရွှေဖူး"

"လမ်းထိပ်မှာလေ၊ ရွှေဖူးတို့က ကျော်ကျော့်အစ်မ မုန့်ဝယ်ကျွေးမယ်ဆိုလို့ လိုက်သွားရင်းနဲ့တွေ့ခဲ့တာ၊ ဦးဦးက ရွှေဖူးတို့အိမ် ဘာလို့မလာတော့တာလဲဟင်၊ ရွှေဖူးတို့ကရော ဦးဦးတို့အိမ်ဘာလို့မသွားတော့တာလဲ၊ ဟိုဖေဖေဆိုတဲ့လူနဲ့လည်း မတွေ့ရတော့ဘူး"

"ဟင် . . . အန်တီလေးတို့နဲ့ သူတို့နဲ့သိပ်မခင်ကြတော့လို့လေ"

"ဟင် . . . အန်တီလေးရယ်၊ ဦးဦးက ခင်ဖို့ကောင်းပါတယ်၊ ရွှေဖူးအပေါ်လည်းကောင်းတယ်၊ အန်တီလေးအပေါ်လည်း ကောင်းတယ်၊ ဦးဦးကိုမခေါ်ဘဲမနေပါနဲ့၊ ဦးဦးက ရွှေဖူးတို့ကို သူတို့အိမ်မှာခေါ်ထားမယ်လို့တောင် ပြောသေးတယ်"

"အေးပါ ရွှေဖူးလေးရယ်၊ နောက်မှသွားလည်ကြမယ်နော်၊ အခုရွှေဖူးလေး ကစားလာတာညစ်ပတ်နေတာပဲ၊ ခြေလက်ဆေး မျက်နှာသစ်ချည်ဦး၊ ပြီးရင် အန်တီလေး ထမင်းကျွေးမယ်"

"ဟုတ်ကဲ့ အန်တီလေး"

www.burmeseclassic.com

www.burmeseclassic.com



ကလေးဆိုတာ ဘာသိမှာလဲ။ သူ့အပေါ်ကောင်းတဲ့လူကို မျှော်လင့်မှာပေါ့။ ရဂုံလည်း မောင်အရမ်းကောင်းလို့ မျှော်လင့်မိပါတယ်။ ဒါပေမဲ့ ...

"ရဂုံ"

"ရှင် မမခိုင်"

"ရွှေဖူးက ကိုထည်ကြီးကားကိုတွေ့လိုက်တယ်ဆိုတာ၊ ကိုထည် ဒီရပ်ကွက်ထဲကိုလာတယ်ဆိုတဲ့သဘောပဲ၊ ရဂုံ့ကို စိတ်မဆိုးနိုင်ဘဲ တွေ့ချင် မြင်ချင်လို့များလား။ တခြားကိစ္စနဲ့ ဒီရပ်ကွက်ထဲလာစရာအကြောင်း မှမရှိတာ"

"ရဂုံ့ကို သတိရတယ်ဆိုတာမျိုးတော့ ရှိမှာမဟုတ်တော့ပါဘူး မမခိုင်၊ သူ့အဖေနဲ့ပတ်သက်ခဲ့တဲ့ မကောင်းတဲ့မိန်းကလေးဆိုပြီး သူ့စိတ်နာနေ မုန်းနေ ရှုံ့နေမှာပါ"

"ကိုယ်ဟုတ်မှ မဟုတ်ခဲ့တာ၊ အဲဒါကို ကိုထည်သိအောင် ရှင်းပြသင့်တယ် ရဂုံ၊ ကိုထည် နင့်ကိုတော်ရုံတန်ရုံ ပေါ့ပေါ့တန်တန်အချစ်မျိုးနဲ့မဟုတ်ဘူး၊ အလေးအနက် လက်ထပ်ဖို့အထိ တန်ဖိုးထားချစ်ခဲ့တာ၊ နင်လည်း သူ့ကိုချစ်နေတာပဲ၊ ဘယ်လိုလုပ်ရမယ်ဆိုတာ အဆင်ပြေမယ့်နည်းလမ်းနဲ့ တစ်ခုခုဆုံးဖြတ်ပါ ရဂုံ"

"တော်ပါပြီ မမခိုင်ရယ်၊ ရဂုံ သူ့အဖေအပေါ် ဆက်ဆံခဲ့တာတွေက မလုပ်သင့်တဲ့ အမည်းစက်တင်သွားပါပြီ၊ အပြစ်ရှိတဲ့သူက တစ်ယောက်၊ ရဂုံအငြိုးနဲ့တိုက်ခိုက်ခဲ့မိတာက တစ်ယောက်ဖြစ်နေတယ်၊ ရန်လိုအငြိုးထားခြင်းဟာ ကိုယ့်ကိုယ်ကိုယ် ပူလောင်စေတာပါပဲ၊ ရဂုံ့အပြစ်နဲ့ ရဂုံပဲရှိပါစေတော့၊ သူနဲ့ပတ်သက်ပြီး ဝေဒနာတွေသက်သာပါစေလို့ ဆုမတောင်းချင်ဘူး မမခိုင်၊ ဝဋ်ကြွေးရှိသရွေ့ နာကျင်မှုတွေကို ကြိတ်မှိတ်ခံစားသွားပါ့မယ်"



"နင် မသက်သာဘူးမဟုတ်လား ရဂုံ"

ရဂုံမဖြေ။ အင့်ခနဲ ရှိုက်ကာ ဒူးပေါ်မေးတင်၍ မျက်ရည်တွေသွန်ချလိုက်သည်။ ဒီရက်တွေထဲ အိပ်လည်းမအိပ်နိုင်၊ စားလည်း မစားနိုင်၊ ဈေးလည်းမရောင်းနိုင်ပါ။

စိတ်နှင့် ကိုယ်မကပ်ဘဲ မောင့်အချစ်တွေကိုသာ တောင့်တနေခဲ့မိသည်။

မမျှော်လင့်သင့်မှန်းသိပေမယ့် မျှော်လင့်နေမိဆဲပါပဲ မောင်ရယ်။ လွမ်းခွင့်လေးတော့ပေးသနားပါ...။

✤✤✤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"ဘာ. . . တစ်နေကုန် ကုမ္ပဏီကိုမလာတာ၊ ရင့်တို့အိမ်ဘက်ကိုသွားနေတာ ဟုတ်လား။ မင်းကွာ ဒီလိုမိန်းကလေးကို ဘာလွမ်းနေတာလဲ၊ ဘာသွားလုပ်တာလဲ"

"ငါမနေနိုင်လွန်းလို့ပါ၊ သူ့မျက်နှာလေးဖြစ်ဖြစ်မြင်ရအောင် သူတို့ရပ်ကွက်ထဲကိုသွားခဲ့တာ၊ သူဈေးရောင်းနေမလား ဈေးဝယ်ထွက်မလား၊ ငါစောင့်ကြည့်နေတာ၊ ဒါပေမဲ့ သူဈေးလည်းမရောင်းဘူး ဈေးဝယ်လည်း မထွက်ဘူး။ တစ်နေကုန်စောင့်ကြည့်နေပေမယ့် သူ့မျက်နှာလေးကို တစ်ချက်လေးတောင် မမြင်ခဲ့ရပါဘူးကွာ"

"မင်းရူးနေလား၊ ရူးနေလား မိုးမြင့်၊ မကောင်းတဲ့ပြည့်တန်ဆာမိန်းကလေးတစ်ယောက်အတွက် မင်းဘာတွေခံစားနေတာလဲ၊ ပြီးတော့ မင်းအဖေနဲ့ပတ်သက်ခဲ့တာ၊ မင်းအဲဒီလိုဖြစ်နေတာ ကြားလို့တောင် မကောင်းဘူး မိုးမြင့်"

မချိမဆံ့ဝေဒနာကြားက မိုးမြင့်ဝင့်ထည် မသက်မသာပင် ပြုံးမိလိုက်၏။ လက်ထဲက အရက်ဖန်ခွက်ကို တစ်ရှိန်ထိုးမော့သောက်ပြီးမှ ဖန်ခွက်ကို စားပွဲပေါ်ဆောင့်ချလိုက်ကာ

"ငါသိတာပေါ့၊ ငါဒီလိုမဖြစ်သင့်ဘူးဆိုတာ ငါကိုယ်ငါသိတာ



ပေါ့ကွာ၊ ဒါပေမဲ့ ငါမှမနေနိုင်ဘဲ၊ ငါ့အတွက် သူကအချစ်ဦး၊ အချစ်ဆုံးမေ့ပစ်လိုက်ပါဆိုတိုင်းမလွယ်ဘူး။ မုန်းဖို့နာကြည်းဖို့ စဉ်းစားတယ်မရဘူး အရက်သောက်ပြီး ဖြေဖျောက်ကြည့်တယ်၊ အိပ်ပျော်သွားတဲ့တစ်ချိန်ကလွဲရင် သူ့မျက်နှာကိုပဲ မြင်ယောင်နေတယ်၊ မောင်လို့ခေါ်တဲ့ သူ့အသံလေးကိုပဲ ကြားနေတယ်၊ သူနဲ့ပတ်သက်သမျှ ဒီရင်ဘတ်ထဲမှာအပြည့်၊ ဘယ်လိုမှဆွဲထုတ်လွှင့်ပစ်လို့ မရဘူး။ ငါဘာလုပ်ရမလဲ၊ ရူးသွား သေသွားရင်တော့ ဖြစ်ချင်ဖြစ်လိမ့်မယ်"

"မိုးမြင့်ကွာ၊ မင်းဘာကြောင့် ချစ်တတ်ခဲ့တာလဲ၊ ဒီလို မိန်းကလေးကိုမှ ဘာကြောင့် အချစ်ကြီးချစ်သွားခဲ့တာလဲ၊ အစကတည်းက ငါပြောခဲ့ပါတယ်၊ မင်းနဲ့မတန်ပါဘူးလို့၊ မင်းက အရမ်းကိုဂုဏ်ဒြပ်မြင့်မားတဲ့ကောင်၊ အစွန်းအထင်းကင်းပြီး ယောကျာ်းချင်းတောင် လေးစားသင့်တဲ့ကောင်ပါ"

"ငါ့အဖေလည်း အဲဒီလို လူစားမျိုးမဟုတ်လား၊ ဒါပေမဲ့ အမှားကင်းခဲ့လို့လား"

"မိုးမြင့်"

"ငါ့အဖေကို ငါလေးစားခဲ့တယ်၊ ကြည်ညိုခဲ့တယ်၊ ဒီလိုအမှားမျိုး မကျူးလွန်ဖူးတဲ့သူဆိုပြီး ဂုဏ်ယူခဲ့တယ်၊ ဒါပေမဲ့ ဖေဖေလည်း ပုထုဇဉ်ပဲ၊ အမှားမကင်းခဲ့ဘူး၊ အပြစ်မကင်းခဲ့ဘူး၊ ငါ့ကို. . . ငါ့ကိုရော ဒီလိုဖြစ်သွားတဲ့ကောင်ဆိုပြီး နားလည်ပေးလိုက်လို့ မရဘူးလား"

"ကျွတ်. . . မိုးမြင့်ရာ"

"ငါ့အဖေကိုတောင် ငါနားလည်ပေးလိုက်ရတယ်လေကွာ၊ ဖေဖေက ငွေကြေးနဲ့မှားခဲ့တာ၊ ငါကနှလုံးသားနဲ့ မှားသွားတာ၊ ဘယ်လိုမှကို ပြန်ဆွဲနုတ်ယူလို့ မရတော့ဘူး၊ သူ့ဆီကို ငါချစ်တတ်သလောက် စုံးနစ်ဝင်သွားတာ၊ ကြေကွဲမှုတွေချည်း ကျန်ခဲ့တာဖြစ်သင့်လို့လားကွာ"

www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့်ဝင့်ထည် တစ်ခွက်ပြီးတစ်ခွက်သောက်ကာ ရင်ဖွင့်နေသည်။ အခုတလောဆို အလုပ်ပျက်အကိုင်ပျက်ပါ။ ဒီလောက်တောင် အသည်းနုရသလားလို့ အပြစ်တင်ချင်ပေမယ့် တကယ်ခံစားနေတာမြင်တော့ အပြစ်မတင်ရက်ပြန်။

ဒါပေမဲ့လည်း ဒီအတိုင်းဆို ဒီကောင်ပျက်စီးသွားတော့မှာပါ။

"မိုးမြင့် . . . မင်းအသက်အရွယ် အသိတရားတွေနဲ့ ဒီလောက်ကြီး ထိခိုက်စရာလားကွာ၊ မဖြစ်သင့်ဘူးလို့ တွေးလိုက်ရင် စိတ်ဖြေသာပါတယ်၊ မင်းအဖေလည်း မင်းအတွက်တော်တော်စိတ်မကောင်းဖြစ်နေတယ်၊ မင်းအဖေကိုပြန်ကြည့်ပါကွာ"

"ငါ့ကိုရော ဘယ်သူကြည့်မှာလဲ၊ ခံစားရတာကိုပဲ မဖြစ်သင့်တာတွေနဲ့ ဖြေသိမ့်ခိုင်းနေတယ်၊ ဝေဒနာသက်သာလားလို့ မေးပါဦးလား၊ ငါ့ကိုကျ ဘယ်သူမှစာနာမပေးကြဘူး"

"မဖြစ်သင့်တဲ့လူမို့လို့ပေါ့ကွာ၊ အတိတ်မကောင်းတဲ့အပြင် အဖေနဲ့ပါ ပတ်သက်တဲ့မိန်းကလေးက မင်းနဲ့ဘယ်လိုလုပ်ဖြစ်မှာလဲ၊ အဲဒီလိုမိန်းကလေးကိုမှ မင်းချစ်မယ်ဆိုရင် အဲဒီအချစ်တွေကို အသေသတ်ပစ်လိုက်တော့"

"အဟား . . . မင်းဦး မင်းစကားလုံးလှတယ်ကွာ၊ ငါရဂုံကိုချစ်နေရင် အဲဒီအချစ်တွေကို အသေသတ်ပစ်လိုက်ရမယ်ပေါ့၊ ဟုတ်တယ် အဲဒီလိုပဲလုပ်ရမှာ၊ အချစ်ကိုမှ သတ်လိုက်ရင် လူပါသေပြီပေါ့၊ ငါသေရင်တော့ မေ့လိုက်နိုင်မယ်ထင်တယ်၊ ငါသေပစ်လိုက်ချင်တယ် မင်းဦးရာ၊ ဒီရင်ဘတ်ကြီးက မခံစားနိုင်လို့ သေပစ်လိုက်ချင်တယ်ကွာ"

မိုးမြင့်ဝင့်ထည် ဘယ်လိုမှထိန်းလို့မရ၊ ယောက်ျားတန်မဲ့ မျက်ရည်တွေပါကျနေတာမို့ စိတ်လည်းမကောင်းပေ။ ရဂုံသာ ကိုယ်ကျင့်တရားမပျက်ဘဲ သိက္ခာရှိသော မိန်းကလေးသာဆိုလျှင် ကိုယ်တိုင်အား





ပေးတိုက်တွန်းမိမှာပါ။ အခုတော့ ရဂုံက အကျင့်ပျက် အသွေးအသားရောင်းစားပြီး ဖအေနှင့်ပတ်သက်ခဲ့သူ။ ဒီလိုမိန်းကလေးနှင့် ဘယ်လိုမှကို မဖြစ်သင့်ပါ။

"မိုးမြင့် ပြန်ရအောင်ကွာ၊ မင်းမူးနေပြီး လူမှန်းသူမှန်းမသိ အိမ်ပြန်သွားရင် မင်းအဖေ တော်တော်စိတ်မကောင်းဖြစ်မှာ"

"ဖေဖေက စိတ်ပဲမကောင်းဖြစ်မှာ၊ ငါက အသည်းကလီဇာတွေ ဘာတစ်ခုမှမကောင်းတော့ဘူး၊ ငါဘယ်လိုနေရမလဲ မင်းဦး"

"ကြာရင်မေ့သွားမှာပါ မိုးမြင့်ရာ၊ ခဏခံစားရတာ ခံစားလိုက်ပါ"

"ခံနိုင်ရည်မရှိတော့ဘူး။ သူ့မျက်နှာလေးဖြစ်ဖြစ် မြင်ချင်တယ်၊ သူ့အသံလေးဖြစ်ဖြစ်ကြားချင်တယ်၊ သူ့အရိပ်အငွေ့လေးဖြစ်ဖြစ် ခံစားချင်တယ်၊ ဖြစ်နိုင်ရင် သူ့အပြစ်တွေအားလုံးကို မေ့ပစ်လိုက်ပြီး"

"မိုးမြင့် . . . မင်းကွာ၊ ဒီလောက်အစွဲအလမ်းကြီးမယ်လို့ ငါ တကယ်မထင်ခဲ့ဘူး၊ ရဂုံက မင်းအတွက် အဲဒီလောက်တောင် တန်ဖိုးကြီးခဲ့တာလား"

"တန်ဖိုးဖြတ်လို့မရအောင် တန်ဖိုးထားခဲ့တာ၊ ဒါတွေ ဘယ်သူသိအောင် ငါပြောရမှာလဲ၊ ငါ့မှာပြောစရာလူမရှိတော့ဘူး၊ ရဂုံ ငါ့အနားမှာမရှိဘူး၊ ဖေဖေနဲ့မဖြစ်ခဲ့ရင် ကောင်းမှာပဲ၊ ဖေဖေနဲ့သာမဟုတ်ရင် သူဘာဖြစ်ဖြစ်၊ ဘာဖြစ်နေနေ ငါရင်ခွင်ထဲမှာထားမှာ၊ ထားဖြစ်မှာပါ"

"မိုးမြင့်ရာ. . . သူငယ်ချင်းရာ"

ဒီလောက်အချစ်ကြီးသည့်သူမျိုး တစ်ခါမှမတွေ့ဖူးပေ။

မိုးမြင့်မူးနေသည်မို့ အိမ်ကိုရောက်အောင် ကားမောင်းပြန်ပို့ရပြန်သည်။ အိမ်ရောက်တော့ မိုးမြင့်လူမှန်းသူမှန်းပင် မသိတော့။

ဒီနေ့တော့ အခန်းထဲထိတွဲပို့ပေးခဲ့ပြီး ဦးဂုဏ်ဝင့်ထည်နှင့် စကား



www.burmeseclassic.com

www.burmeseclassic.com



ပြောဖို့အတွက် ညှော်ခန်းထဲကိုလာခဲ့သည်။ ဦးဂုဏ်ဝင့်ထည်လည်း မျက်နှာမကောင်းပါ။

"မင်းသူငယ်ချင်းကို ဘယ်လိုလုပ်ကြမလဲ မောင်မင်းဦး"

"ဘယ်လိုမှလုပ်လို့မရဘူး အန်ကယ်၊ ဖျောင်းဖျလို့ နှစ်သိမ့်လို့ ဘယ်လိုမှကိုမရဘူး။ ဒီကောင် ရဂုံ့မှမရရင် ဒီအတိုင်းလက်လွှတ်လိုက်ရမယ့်သဘောမှာရှိတယ်၊ ဒီကောင်ရူးသွားပြီ လွတ်သွားပြီ အန်ကယ်"

"သားကို အန်ကယ်ဒီလိုမျိုးလက်မလွှတ်လိုက်နိုင်ဘူး မောင်မင်းဦးရယ်၊ ဒါပေမဲ့ ရဂုံနဲ့ရော ဘယ်လိုဖြစ်နိုင်မှာလဲ၊ စာရိတ္တပျက်တယ်ဆိုတာလည်း အန်ကယ်နဲ့မှဖြစ်ရတယ်၊ တခြားဖြစ်ခဲ့ရင်တောင် မသိချင်ယောင်ဆောင်လိုက်လို့ရသေးတယ်"

"ဟုတ်ပါတယ် အန်ကယ်၊ ကျွန်တော်နားလည်ပါတယ်၊ အဲဒါကြောင့်မို့လည်း ဒီကောင့်ကိုဖျောင်းဖျနေတာပါ၊ သူလည်း မဖြစ်သင့်မှန်းမသိလို့တော့မဟုတ်ပါဘူး၊ နိုးစပ်အောင် လက်ထပ်လို့ရအောင်လုပ်မှာလည်း မဟုတ်ပါဘူး၊ ဒါပေမဲ့ သူခံနိုင်ရည်မရှိဖြစ်နေတာ မခံစားနိုင်ဖြစ်နေတာ အန်ကယ်၊ တစ်ခါမှမချစ်ဖူးတဲ့ကောင်မဟုတ်လား။ သူ့ကို ဘယ်လိုလုပ်ပေးရမလဲဆိုတာပဲ စဉ်းစားပါအန်ကယ်၊ ဒီအတိုင်းဆို ဒီကောင်ပျက်စီးတော့မှာ"

ဦးဂုဏ်ဝင့်ထည်လည်း သိနေပါသည်။ ဒီအတိုင်းနေလျှင် သားပျက်စီးတော့မည်ဆိုတာ။ ဒါပေမဲ့ ဘာလုပ်ပေးလို့ရမှာလဲ။ ကိုယ့်ကိုယ်ကိုယ်တောင် အသက်ရှုလို့မဝသည့်အဖြစ်။

သားကိုကယ်တင်ပေးဖို့ ကိုယ်တိုင်ပင် အင်အားမရှိပါ။ ဖြေသိမ့်မှုတွေနှင့်သာ သားနေတတ်သွားမည်ဆိုလျှင် အသက်ပင်ပေးလိုက်ချင်ပါသည်။

အခုတော့ ဖြစ်မှမဖြစ်သင့်တာ သားရယ်။ အခြေအနေတွေက





အဆိပ်တွေနဲ့ စည်းခြားနေခဲ့တာပါ။

သားနားလည်ရဲ့လား။ အဆိပ်သင့်မယ်ဆိုတာကိုလေ။

သားလေး အဆိပ်သင့်မှာစိုးလို့ပါ သားရယ်။ အဆိပ်သင့်မှာစိုးလို့ပါ။

✤✤✤



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

"သူဌေးမင်း ဧည့်သည်လာပါတယ်"

"ဩော်..ဘယ်သူများလဲ၊ ခေါ်ခဲ့ပါဒေါ်သောင်း"

ဒေါ်သောင်းက အမျိုးသမီးတစ်ယောက်ကို ဧည့်ခန်းထဲခေါ်လာသည်။ ထိုအမျိုးသမီးကို ဦးဂုဏ်ဝင့်ထည် တစ်ခါမှမမြင်ဖူးသလို သိလည်းမသိပေ။

"ထိုင်ပါ မိန်းကလေး၊ ဒါမိန်းကလေးတွေ့ချင်တဲ့ သူဌေးမင်း ဦးဂုဏ်ဝင့်ထည်ပါပဲ၊ ပြောစရာရှိတာပြောပါ"

"ဒေါ်သောင်း ကော်ဖီဖြစ်ဖြစ် ဧည့်ခံပေးပါ"

"ဟုတ်ကဲ့ သူဌေးမင်း"

"ကဲ..ကျွန်တော့်ကိုဘာကြောင့်တွေ့ချင်ရတာလဲ၊ ကျွန်တော်က ခင်ဗျားကိုမသိဘူးနော်"

"ဟုတ်ကဲ့၊ ကျွန်မနာမည် မမေခိုင်ပါ၊ မြလေးရုံနဲ့ ညီအစ်မလို ခင်ကြတဲ့သူတွေပါ"

"ဩော်..ဘာကိစ္စဒီကို"

"ကျွန်မ စကားလေးနည်းနည်းလောက်ရှင်းပြပါရစေရှင်..၊ သည်းခံပြီးနားထောင်ပေးစေချင်ပါတယ်"

[redacted]



"ဘာကိစ္စမို့လို့လဲ"

လက်မခံချင်ပေမယ့် စိတ်ဝင်စားမှုရှိတာကြောင့် မေးလိုက်မိသည်။ ဒေါ်သောင်းက ကော်ဖီခွက်လာချပေးရင်း ဘေးမှာလာထိုင်ပေး၏။

"ဒီလိုပါ၊ ရဂုံ့ကို ဦးဂုဏ်ဝင့်ထည်တို့ ဘယ်လိုထင်နေကြလဲ မသိပေမယ့် တကယ်တော့ ဦးဂုဏ်ဝင့်ထည်နဲ့ပတ်သက်ခဲ့တာ ရဂုံမဟုတ်ဘူးဆိုတာ ရှင်းပြချင်လို့ပါ"

"ဗျာ..ဘယ်လို"

"ဟုတ်ပါတယ်၊ ဦးဂုဏ်ဝင့်ထည်နဲ့ပတ်သက်ခဲ့တာ ရဂုံ့ရဲ့အမြွှာ ညီအစ်မ ရမုံပါ၊ မြလေးရမုံလို့ခေါ်ပါတယ်၊ မိနစ်ပိုင်းရုံလေးပဲခြားလို့ ရဂုံနဲ့ ရုပ်ချင်းခွဲမရအောင်တူပါတယ်"

"ဟင်..တကယ်လား ဘယ်လိုဖြစ်ပြီး"

"ရှင်းပြချင်လွန်းလို့ကိုလာခဲ့တာပါရှင်၊ ဦးဂုဏ်ဝင့်ထည်တို့သိမှ ဖြစ်မယ်ထင်လို့ပါ"

"အဲဒီ..ရ..ရမုံဆိုတာကရော အခု"

"သေသွားပါပြီ၊ ဦးဂုဏ်ဝင့်ထည်နဲ့ပတ်သက်ပြီး သုံးရက်အတွင်းမှာပဲ၊ သူ့ကိုယ်သူသတ်သေသွားခဲ့ပါတယ်"

"ဗျာ..ဟာ..ဘယ်လိုဖြစ်ရတာလဲ"

"စိတ်မကောင်းစရာပဲ၊ ဘယ်လိုဖြစ်ရတာလဲကွယ်"

ဦးဂုဏ်ဝင့်ထည်နှင့် ဒေါ်သောင်းတို့ အရမ်းကိုအံ့ဩ စိတ်မကောင်းဖြစ်သွားကြသည်။ ဒီကိစ္စ ဒီလိုဖြစ်နိုင်သည်လို့ ဘယ်သူကထင်မှာလဲ။ မမေခိုင်ကလည်း စိတ်မကောင်းသည့်ဟန်နှင့်ပင်။

"ရဂုံတို့မှာ ဒီလိုလုပ်စားတဲ့မျိုးရိုးမရှိပါဘူး၊ အကျင့်စာရိတ္တလည်း မပျက်ကြပါဘူး၊ မိသားစုအားလုံး ရိုးရိုးသားသား အေးအေးဆေးဆေး ဖြူဖြူစင်စင်တွေချည်းပါပဲ၊ ရမုံ ဒီအလုပ်လုပ်တယ်ဆိုတာ သူ့အမေ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာရေးကြောင့်ပါ၊ သွေးလုံးတည်တဲ့ရောဂါက မကုနိုင်လို့မကုဘဲထားရင်းက သေဖို့ရက်ပိုင်းပဲလိုတော့တယ်၊ အချိန်မီမှမခွဲစိတ်ရင် သေတော့မှာပါ''

''ဩော်''

''ဒါကြောင့် ရမုံက မိခင်ကိုမသေစေချင်တာကြောင့် ဘယ်သူ့ကိုမှ မတိုင်ပင် အသိမပေးဘဲ အဆက်အသွယ်နဲ့ ဒီအလုပ်ကိုလက်ခံလိုက်တယ်၊ မိခင်အတွက် ဆေးကုဖို့ငွေလုံလုံလောက်လောက်ရမယ်ဆိုလို့ သူ့ရဲ့အပျိုစင်ဘဝ အရှက်နဲ့သိက္ခာကို အလဲအလှယ်လုပ်ခဲ့တာပါ''

''ကျုပ် ... ကျုပ်တော့် ဒီလောက်အထိ မသိခဲ့ပါဘူးဗျာ''

''ဟုတ်မှာပါလေ၊ ဒီလိုလောကကမိန်းကလေးအကြောင်းကို ဘယ်သူကရော အရေးတယူစုံစမ်းနေမှာလဲ၊ ကိုယ့်ဆန္ဒပြည့်ရုံကလွဲပြီး ကျန်တာလိုလည်း မလိုအပ်ဘူးမဟုတ်လား''

မမေခိုင်ပြောသည့်စကားကြောင့် ဦးဂုဏ်ဝင့်ထည်မျက်နှာ သိသိသာသာ ပျက်ယွင်းသွားသည်။ မမေခိုင်ကတော့ ဦးဂုဏ်ဝင့်ထည်မှာ အပြစ်ရှိသည်လို့ ရည်ရွယ်ကာပြောခြင်းမဟုတ်ပါ။

ဒါပေမဲ့ မျက်နှာထားတည်တည်နှင့်ပင်။

''ဒါပေမဲ့ ရမုံမှာတော့ နစ်နာမှုတွေဖြစ်သွားရပါတယ်၊ သူ့အရှက်နဲ့ ဂုဏ်သိက္ခာတွေ ရောင်းစားခဲ့ပေမယ့် အခကြေးငွေမရလို့ သူ့အမေအသက်ကို မကယ်တင်လိုက်နိုင်ဘူးလေ၊ သူ့ဘဝပဲပျက်ရတယ်ဆိုပြီး အရှက်လွန်စိတ်၊ မိခင်အသက်ကို မကယ်တင်နိုင်တော့ဘူးဆိုတဲ့ ယူကျုံးမရစိတ်တွေနဲ့ သူ့ကိုယ်သူ သတ်သေသွားခဲ့တယ်''

''ဖြစ်မှဖြစ်ရလေဗျာ''

''ရမုံရက်လည်တဲ့နေ့မှာ သူ့အမေဆေးမကုနိုင်လို့ ဆုံးသွားတယ်''





''ဟင်''

''သူ့အဖေကတော့ အဲဒီစိတ်တွေအပြင် ရွာထဲကမကောင်းတာလုပ်စားတဲ့ မိသားစုဆိုပြီး ခဲနဲ့ပေါက်ထုတ်မတတ် အထင်သေးအမြင်သေးဖြစ်လာတဲ့ ရှက်စိတ်တွေကြောင့် တစ်နှစ်လောက်အတွင်းမှာပဲ သေသွားခဲ့ပါတယ်''

''ဘုရား ဘုရား''

''အားကိုးအားထား ဒီမိသားစုလုံးသေသွားရတဲ့အဖြစ်ကြောင့် တစ်ယောက်တည်း ကျန်ရစ်ခဲ့ရတဲ့ ရဂုံ့စိတ်ထဲမှာ နာကြည်းမှုတွေ လက်စားချေလိုမှုတွေ မုန်းတီးမှုတွေ မဖြစ်သင့်ဘူးလား။ တစ်ကောင်ကြွက်တစ်မျက်နှာ အရှက်တွေရဲ၊ သိက္ခာတွေကျပြီး ကျန်ခဲ့ရတာလေ၊ အဲဒီအချိန်က ငွေသာရခဲ့မယ်ဆိုရင် သူ့အစ်မလည်း နာမည်ဆိုးနဲ့သေမှာမဟုတ်ဘူး၊ သူ့အမေလည်း အသက်ရှင်မှာ၊ သူတို့အဖေလည်း ရှက်စိတ်တွေနဲ့ လူ့ပြည်ကစောပြီး ထွက်သွားပါ့မလား''

ဦးဂုဏ်ဝင့်ထည် ခေါင်းတညိတ်ညိတ် ထောက်ခံမိသွားလေသည်။ ဇော်မြင့်သာ ဒီလိုမလုပ်ခဲ့လျှင် ဒီမိသားစုဘဝ ဒီလိုတွေဖြစ်သွားပါ့မလား။

''အန်ကယ် တောင်းပန်ပါတယ်၊ ဒီကိစ္စတွေက အန်ကယ့်သူငယ်ချင်းကြောင့် ...''

''ရဂုံကပြောပါတယ်၊ သူမသိခင်က ဦးဂုဏ်ဝင့်ထည်ကို လက်စားချေဖို့ ကြိုးစားမိတာပါတဲ့၊ အခု သူအရှုံးပေးလိုက်ပါပြီ၊ ဦးဂုဏ်ဝင့်ထည်နဲ့ရခဲ့တယ်ဆိုတဲ့ ရွှေဖူးလေးကလည်း ဦးဂုဏ်ဝင့်ထည်ရဲ့ကလေးမဟုတ်ပါဘူး''

''ဟင် ... တကယ်''

''သုံးရက်တည်းနဲ့ သတ်သေသွားတဲ့သူက ဘယ်လိုလုပ်ကလေး



www.burmeseclassic.com

www.burmeseclassic.com



မွေးနိုင်ခဲ့မှာလဲ၊ ရဂုံကလည်း ယင်ဖိုတောင်မသမ်းဖူးတဲ့ အပျိုစင်လေးပါ၊ ရွှေဖူးလေးက တစ်ကောင်ကြွက်ဘဝ ဆွေမရှိမျိုးမရှိဖြစ်နေလို့ ရဂုံ မွေးစားထားတဲ့ကလေးပါ၊ ဒါတွေအားလုံးက ရဂုံလက်စားချေချင်စိတ်နဲ့ လုပ်ကြံဖန်တီးထားတာတွေချည်းပါပဲ"

"ဩော် . . ကလေးမလေးနှယ်၊ အေးပေါ့လေ၊ သူ့ဘက်မှာ အမေလည်းသေ၊ အစ်မလည်းသေ၊ အဖေလည်း သေဆိုတဲ့ နာကြည်း မုန်းတီးမှုတွေရှိနိုင်တာပဲ၊ အပြစ်တင်လို့ ဘယ်ရတော့မှာလဲလေ၊ ကိုယ် ဆိုရင်လည်း အဲဒီလိုလုပ်ဖြစ်ချင် လုပ်ဖြစ်မှာပဲ၊ ကျွန်တော်ကတော့ သူ့ကို ကျွန်တော်နဲ့ ဆက်ဆံမိတဲ့မိန်းကလေးလို့ကို တကယ်ထင်နေတာပါ၊ ရုပ်ချင်းခွဲမရအောင်တူတဲ့ အမြွှာရှိတယ်ဆိုတာ လုံးဝမသိခဲ့ပါဘူး"

"ဦးဂုဏ်ဝင့်ထည် သေချာသိထားရမယ့်ကိစ္စရှိပါတယ်၊ အဲဒါကတော့ ရဂုံတို့က အဲဒီလိုလုပ်စားတဲ့ မျိုးရိုးမရှိပါဘူး၊ သူ့အစ်မရမုံ ဒီလိုလုပ်လိုက်တယ်ဆိုတာကလည်း သူ့အမေရဲ့ကျန်းမာရေး နေ့လား ညလား သေရေးရှင်ရေးဖြစ်သွားတဲ့ကိစ္စကြောင့်ပါ၊ ဒါလိမ်တာ ညာတာ လည်း မဟုတ်ပါဘူး၊ တကယ်သေသွားခဲ့ပါတယ်၊ ရမုံ ဒီကိစ္စအပေါ်ရှက်တာရော၊ သူ့အမေကိုဆေးကုမပေးလိုက်ရတာရောကြောင့် သူလည်း သူ့ကိုယ်သူ သတ်သေသွားခဲ့ပါတယ်၊ ဒါဟာ သူတို့ရိုးသားတယ်ဆိုတဲ့ သက်သေပဲမဟုတ်လား"

ဦးဂုဏ်ဝင့်ထည် ခေါင်းတဆတ်ဆတ်ညိတ်ကာ ထောက်ခံလိုက်သည်။ ဒါကိုလက်မခံလို့ဖြစ်မလား၊ အသက်ကိုတောင်ရင်းပြီး ရိုးသားကြောင်း သက်သေပြသွားခဲ့တာပဲ။

"ကျွန်တော်နားလည်ပါပြီ၊ သိသွားပါပြီ မမေခိုင်၊ ကျွန်တော်တို့ လည်း မသိခဲ့လို့ ရဂုံ့အပေါ်တစ်မျိုးထင်သွားတာပါ၊ အခုတော့ ကျွန်တော့် ရဲ့ ဥပါဒါန်ကြောင့် ဆွေမဲ့မျိုးမဲ့တစ်ယောက်တည်း ကျန်ခဲ့ရတဲ့ ရဂုံ့ကို





သားသမီးချင်းကိုယ်ချင်းစာနာမိပါတယ်၊ ဒါနဲ့ဒီလိုလာရှင်းပြတာအကြောင်း တစ်ခုခုရှိမှာပေါ့"

"ဟုတ်ကဲ့ ရဂုံ့ကြောင့်ပါပဲ၊ ဒီကလေးမရောဂါရလောက်အောင် ကြိတ်မှိတ်ခံစားနေလို့ စိတ်မချမ်းမြေ့လွန်းလို့ပါ၊ ကျွန်မ ဒီကိုထွက်လာ ပြီး ဒီလိုတွေပြောမယ်ဆိုတာ သူမသိပါဘူး"

"သူက ဘာတွေဖြစ်"

"မိုးမြင့်ဝင့်ထည်ကို သူတကယ်ချစ်နေပါတယ်၊ သူအရှုံးပေး လိုက်တယ်ဆိုတာ အဲဒါကြောင့်လည်းပါပါတယ်၊ သူမှားခဲ့တာကြောင့် ဘယ်သူ့ကိုမှလည်း အပြစ်မမြင်တော့ပါဘူး၊ အဲဒါတွေကို စိတ်ထိခိုက်ခံ စားပြီး ဈေးလည်းမရောင်းနိုင်၊ အစားလည်းမစားနိုင်ဖြစ်နေပါတယ်၊ ဒီ ပြဿနာတွေကြောင့် သူ့မှာဘာမှမျှော်လင့်လို့လည်း မရတော့ဘူး မဟုတ် လား၊ လမ်းစပျောက်သွားတဲ့သူ့အနေနဲ့ အရမ်းကို သနားစရာကောင်း ပါတယ်၊ ကျွန်မ မနေနိုင်လွန်းလို့ စိတ်မချမ်းမြေ့လွန်းလို့ လာပြောရတာ ပါ၊ ရဂုံ့ကိုခွင့်လွှတ်ပေးကြပါရှင်"

မမေခိုင် မျက်ရည်တွေလည််၍ ပြောနေသည်။ ဦးဂုဏ်ဝင့်ထည် လည်း စိတ်မကောင်းပေ။ ဖြစ်ခဲ့သမျှတွေက ကိုယ့်ရဲ့ဥပါဒါန်ကြောင့်တွေ ချည်းပဲ မဟုတ်ပါလား။

ကိုယ့်ရဲ့တစ်ကြိမ်မိုက်မဲမှုဟာ လူအများကို ဒုက္ခရောက်စေခဲ့ သည်။ ဒါတောင် လူတွေဆက်တိုက်မှားယွင်းနေကြသည်။ ကိုယ်ကတော့ ဒီတစ်ကြိတ်တည်းနှင့်ကို ကြောက်လန့်သွားခဲ့ပါပြီ။ အတိတ်ဆိုတာ ချန် ထားလို့လည်းရတာမဟုတ်သလို ကျန်ခဲ့သည့်အရာလည်း မဟုတ်ပေ။

ကိုယ့်နောက်ကို အရိပ်လိုလိုက်ပါလာပြီး ခြောက်လှန့်နေတတ် သည့်အရာပါ။

မမေခိုင် ဘာပြောချင်သည်ဆိုတာ သဘောပေါက်သည်။ သား



www.burmeseclassic.com

www.burmeseclassic.com



ကို ဘာပြောရမည်ဆိုတာလည်း နားလည်နေ၏။

ဖြစ်သင့်သမျှ လုပ်ပေးရတော့မှာလည်း ကိုယ့်ရဲ့ဝတ္တရားပင်။

သားရယ်. . . သား ကံကောင်းပါသေးတယ်. . .။

✤✤✤



# အခန်း (၃၉)

"သား"

မနက်စောထကာ သားကိုစောင့်ပြီးခေါ်ရသည်။ သားက ညက သောက်ထားသည့်အရှိန်ကြောင့် မျက်နှာတစ်ခုလုံးနီရဲနေသည်။

ကိုယ့်ဘဝကိုယ် အချစ်အတွက်နှင့် အပျက်စီးခံရဲသည့်သတ္တိတွေရှိသော သားပါ။

"ထိုင်ပါဦးသား။ မနက်စာ မစားတောင် ဖေဖေပြောမယ့်စကားကို နားထောင်သွားပါဦး"

"ဟို. . . သား"

"အိမ်ကထွက်သွားလည်း သားကုမ္ပဏီမရောက်ဘူးဆိုတာ အဖေသိနေပါတယ်၊ အလုပ်အပေါ်မှာ စိတ်ဝင်စားမှုမရှိလောက်အောင် မြလေးရဂုံစိတ်နဲ့ပဲ အသက်ရှင်နေတာ မဟုတ်လား၊ မြလေးရဂုံလည်း အဲဒီလိုပဲတဲ့"

"ဗျာ"

"မမေခိုင်ဆိုတဲ့ အမျိုးသမီးရောက်လာတယ်"

"ဟင်"

"မြလေးရဂုံအကြောင်း အားလုံးပြောပြသွားတယ်။ ညက သား



www.burmeseclassic.com

www.burmeseclassic.com



မူးပြီးပြန်လာလို့ ဖေဖေ ဘာမှပြောချိန်မရတာ၊ အခု မြလေးရဲ့အကြောင်း ပြောမှာ သားနားထောင်ချင်ရဲ့လား''

မိုးမြင့်ဝင့်ထည် ထိုင်ခုံမှာဝင်ထိုင်သည်။ ဖအေပြောမည့်စကားကို စိတ်ဝင်တစားနားစွင့်၏။ ဦးဂုဏ်ဝင့်ထည်သည် အနည်းငယ်ပြုံးလိုက်မိကာ

''ရဂုံက မိန်းမကောင်းလေးတဲ့သား''

''ဗျာ. . . အဲဒါက''

''ဖေဖေနဲ့ပတ်သက်ခဲ့တာ သူ့နဲ့ရုပ်ချင်းခွဲမရအောင်တူတဲ့ အမြွှာညီအစ်မ ရှိမှုတဲ့''

''တ. . . တကယ်လား ဖေဖေ''

''ဟုတ်တယ်သား။ ဖေဖေလည်း အစက မယုံနိုင်ပါဘူး။ အမြွှာညီအစ်မရှိခဲ့မယ်လို့မှ မထင်မှမထင်တာ၊ အခုမှ မမေခိုင်က သေချာရှင်းပြတယ်၊ ရွှေဖူးလေးကလည်း ဖေဖေ့ရင်သွေးမဟုတ်ဘူးတဲ့၊ ရမုံက ဖေဖေနဲ့ပတ်သက်ပြီး သုံးရက်လောက်မှာ အဲဒီကိစ္စကိုရှက်တာရယ်၊ သူ့အမေကို ဆေးကုမပေးနိုင်တာရယ်ကြောင့် သူ့ကိုယ်သူသတ်သေသွားခဲ့တယ်''

''ဗျာ''

မိုးမြင့်ဝင့်ထည် အရမ်းကို အံ့သြသွားရလေသည်။ ရဂုံ့မှာ ဒီလိုကိစ္စတွေရှိခဲ့မှန်း တကယ်ကိုမသိခဲ့ပါ။ ဖေဖေက စိတ်မကောင်းသည့်ဟန်ဖြင့် . . .

''သူ့အမေကလည်း သူ့အစ်မရက်လည်တဲ့နေ့မှာပဲ ဆေးမကုလိုက်ရတဲ့အတွက် သေသွားခဲ့တယ်တဲ့၊ ရမုံ ဘာကြောင့်သေရတယ်ဆိုတာ ရပ်ကွက်ထဲကသိသွားလို့ ခဲနဲ့ပေါက်ထုတ်မတတ် အရှက်တွေရခဲ့ရလို့ သူ့အဖေလည်း တစ်နှစ်အတွင်းမှာပဲ သေသွားခဲ့ရတယ်တဲ့လေ ဒါကြောင့် ရဂုံအငြိုးကြီးသွားခဲ့တာ၊ တစ်ကောင်ကြွက်တစ်မျက်နှာ အရှက်





တွေရပြီး ကျန်ခဲ့ရတာမဟုတ်လား''

''စိတ်မကောင်းလိုက်တာ ဖေဖေရယ်၊ သားပြောပြတုန်းက တစ်ဖက်က ကောင်မလေးအပေါ် ရဂုံကိုယ်ချင်းစာပြီး ပေါက်ကွဲတယ်လို့ ထင်ခဲ့တာ၊ သူ့ဘက်မှာခံစားရတာတွေရှိလို့ လက်တုံ့ပြန်တာဖြစ်မှာပေါ့ တဲ့လေ''

''အေးပေါ့ကွာ၊ ဖေဖေ့အပြစ်တွေပါ ဖေဖေမှားခဲ့တာပါ၊ ကိုယ့်စိတ်ဆန္ဒ အာသာပြေဖို့အတွက် သူတို့မှာလည်း ဘဝတွေရှိသေးတယ်ဆိုတာ ဖေဖေမေ့သွားတယ်၊ သူငယ်ချင်းကြောင့်လို့ အပြစ်ပုံချလို့ရပေမယ့် ခုဖေဖေလည်း ပြန်ပေးဆပ်ရတော့မှာပေါ့ သား၊ သား ရဂုံ့ဆီသွားပါ''

''ဗျာ. . . ဖေဖေ''

''ရဂုံက မိန်းမကောင်းလေးလို့ သိရပြီပဲ သားရယ်၊ သားတို့ချစ်ခြင်းကို ဖေဖေ မခွဲတော့ပါဘူး။ သားတို့ကို ဖေဖေ တင့်တောင့်တင့်တယ် သက်ထပ်ပေးယုံ့မယ်''

''ဗျာ. . . တ. . . တကယ်လား ဖေဖေ၊ တကယ်လား''

''တကယ်ပြောတာပါ သား။ ရဂုံ့ဆီသွားလိုက်ပါ၊ သူလည်း ဆောက်တော်ထိခိုက်ခံစားနေရတယ်တဲ့၊ မမေခိုင်က စိတ်မကောင်းပြီး မနေနိုင်လို့လာပြောတာ၊ သားကို သူတကယ်ချစ်သွားခဲ့တာ ထင်ပါတယ်၊ ချစ်ဆုံချင်လို့လို့သဘောထားလိုက်ပါ သားရယ်''

''ဝမ်းသာလိုက်တာ ဖေဖေရယ်၊ ကျေးဇူးလည်းတင်ပါတယ်၊ သား တကယ်ကို ရဂုံကိုမခွဲနိုင်တာပါ၊ အပြစ်တွေရှိရင်တောင် ခွင့်လွှတ်လိုက်ဖို့ စဉ်းစားနေတာ၊ အခုလိုအပြစ်တွေမရှိဘဲ ရိုးသားဖြူစင်တာလေးကို သိရတော့ ပိုပြီးတော့တောင် တန်ဖိုးထားမိပါတယ်၊ ဖေဖေလည်း ဒီလိုခွင့်ပြုတယ်ဆိုတော့ ရဂုံလည်း ဝမ်းသာသွားမှာပါ ဖေဖေ''

''အေးပါသားရယ်၊ သားပျော်တယ်ဆိုရင် ဖေဖေလည်း စိတ်



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာပါပြီး ဖေဖေ့ကိုလည်း ဖြစ်ခဲ့---တွေအတွက် ခွင့်လွှတ်နားလည်ပေးပါ၊ နောင်ဒီလိုကိစ္စမျိုး ဘယ်တော့မှမရှိစေရပါဘူး"

"နားလည်ပါတယ် ဖေဖေ၊ သားလည်း လူ့ဘဝမှာနေထိုင်ရင်းနဲ့ အပြစ်ကင်းအောင်နေထိုင်ဖို့ မနည်းကိုကြိုးစားရမှာပါ၊ တစ်သက်လုံး အပြစ်ကင်းဖို့ဆိုတာတော့ ဘယ်တော့မှမဖြစ်နိုင်ပါဘူး။ သား ရဂုံ့ဆီသွားလိုက်တော့မယ် ဖေဖေ"

မိုးမြင့်ဝင့်ထည် ဟန်ပင်မဆောင်နိုင်။ ဖေဖေ့ကိုစကားဖြတ်ပြီး ဖွတ်ပင်ထွက်လာခဲ့သည်။

စောင့်နေပါရဂုံ၊ ကျွန်တော်လာနေပါပြီ။ ချစ်သော ရဂုံရယ်။

✤✤✤

[redacted]

# အခန်း (၄၀)

"ဒီနေ့လည်း ဈေးမထွက်ဘူးလား ရဂုံ"

"ဟုတ်ကဲ့ မမခိုင်၊ ရဂုံ့စိတ်တွေ တည်ငြိမ်မှပဲ ထွက်တော့မယ် မမခိုင်၊ စိတ်နဲ့ကိုယ်မကပ်ရင် စားသုံးသူတွေအတွက်လည်း ကောင်းမှာမဟုတ်ဘူး"

"နင်ဘယ်အချိန်ထိ ဒီလိုနေနေမှာလဲ ရဂုံ၊ အဆင်မပြေနိုင်တဲ့ သူတစ်ယောက်ကို မျှော်လင့်ရင်းနဲ့ နင့်ဘဝကို အသေခံတော့မလို့လား ဘဝရဲ့ဒဏ်ရာ ဒဏ်ချက်တွေကိုတော့ ခါးစည်းခံနိုင်ခဲ့ပြီး၊ အခုအချစ်နဲ့ ဆွေ့မှ"

"ရဂုံ ခံနိုင်ရည်မရှိတာမဟုတ်ပါဘူး။ မခံစားနိုင်တာပါ၊ ဒဏ်ရာ ကျက်သေးတာပါ၊ တစ်နေ့နေ့တော့ အဆင်ပြေသွားမှာပေါ့ မမခိုင်ရယ်"

"အေးပါ အေး။ နင်အဆင်ပြေပါစေလို့ ကျုပ်ဆုတောင်းပါတယ်၊ နင့်စိတ်ရင်းမှန်ရင် ကိုထည်ပြန်လာပါလိမ့်မယ်"

ဟိုအိမ်ကိုသွားပြီး ဖြေရှင်းပြခဲ့သည်ဆိုတာ မပြောဖြစ်။ ရဂုံ သက်ခံမှာမဟုတ်ဘူး မဟုတ်လား။

"ကဲ. . . ကျုပ်ဈေးသွားမယ်၊ အိမ်ချက်ဖို့ဘာမှာဦးမှာလဲ"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"မမှာတော့ဘူး မမခိုင်၊ ရွှေဖူးအတွက် ကြက်သားချက်ထားတာလေး ပြန်နွှေးပေးလိုက်တယ်၊ ကျောင်းသွားမှာဆိုတော့လေ၊ ရဂုံကတော့ စားချင်စိတ်မရှိလို့ ဒီအတိုင်းပဲနေလိုက်တော့မယ်"

"အေး. . . အေး စားချင်စိတ်ရှိတော့လည်း ကျုပ်ချက်တာစားပေါ့အေ၊ ရွှေဖူးလေးကို ကျောင်းဝင်ပို့လိုက်မယ်နော်၊ ကျုပ်ခေါ်သွားမယ်"

"ဟုတ်ကဲ့ မမခိုင်၊ ကျေးဇူးပါ"

မမခိုင်က ရွှေဖူးလေးကို ဈေးသွားရင်းနှင့် ကျောင်းဝင်ပို့ဖို့ ခေါ်သွားသည်။ သူမကတော့ အိမ်သန့်ရှင်းရေးတောင် မလုပ်ဖြစ်ပေ။ မျက်ဝန်းထဲမှာ မောင်ရဲ့အရိပ်အရောင်တွေပဲ မြင်ယောင်နေပြီး မောင့်ရဲ့ အကြင်နာတွေ အချစ်တွေကိုပဲ တောင့်တနေမိသည်။

ဒါပေမဲ့ ဒီဘဝမှာတော့ ဘယ်လိုမှမဖြစ်နိုင်တော့ဘူး မဟုတ်လား။ ဝေးရမည့်အကြောင်းရင်းက သူမကြောင့်ဆိုပေမယ့် ဖြေသာဖို့ ခက်ခဲနေခဲ့သည်။

"အိမ်ရှင်တို့ ဘယ်သူမှမရှိကြဘူးလား"

"ဟင်. . . မောင့်အသံ"

သူမ ဆတ်ခနဲထရပ်ပြီးမှ မဖြစ်နိုင်တာမို့ ပြန်ထိုင်နေလိုက်သည်။ မောင်က ဘာကိစ္စနဲ့ရောက်လာမှာလဲ။ အပြစ်တွေများသည်လို့ သိထားသည့်အတွက် မောင်ဘယ်တော့မှရောက်လာတော့မှာ မဟုတ်ပေ။

"ရဂုံ"

"ဟင်. . . မောင်"

မောင့်ကိုလက်တွေ့မြင်လိုက်ရ၍ သူမ အံ့ဩသွားရသည်။ တကယ်မောင်ပါပဲလား။

"မောင်. . . မောင်ဘာလာလုပ်တာလဲ"



"ရဂုံ့ကိုမခွဲနိုင်လို့ပေါ့ ရဂုံရယ်၊ ကျွန်တော် လွမ်းလို့ပါ"

"ဟို. . . ဟိုကိစ္စတွေ"

"မမခိုင်လာရှင်းပြလို့ ကိစ္စတွေအားလုံး ကျွန်တော်တို့သိပြီးပါပြီ ရဂုံ၊ ဘာလို့ ဒီအကြောင်းတွေ အစောကြီးကတည်းက မပြောခဲ့တာလဲ ရဂုံရယ်၊ ကျွန်တော်တို့က မဖြစ်သင့်တာတွေဖြစ်ရတယ်၊ မလွမ်းသင့်ဘဲ လွမ်းရတယ်"

"ဩော်. . . မမခိုင် လာပြောတာလား"

"ဟုတ်တယ်၊ ရဂုံ ခံစားနေရတာမကြည့်ရက်လို့တဲ့၊ ရဂုံ ကျွန်တော့်ကိုလွမ်းနေခဲ့တာမဟုတ်လား"

"မဟုတ်ဘူးလို့ပြောရင်တော့ ရဂုံ လိမ်ညာသလိုဖြစ်တော့မှာပဲ"

"မလိမ်ပါနဲ့၊ ကျွန်တော့်အပေါ် မလိမ်ညာဘဲ အမှန်အတိုင်းပဲ ဝန်ခံ. . . ဝန်ခံပေးပါရဂုံ၊ ချစ်ရင်ချစ်တဲ့အကြောင်း ပြဿနာတွေရှိရင် ရှိတဲ့အကြောင်းပေါ့"

"မောင်ရဂုံ့ကို စိတ်မနာဘူးလားဟင်၊ မောင့်အဖေအပေါ် မပြုမူသင့်တဲ့ အပြုအမူတွေ၊ မဆက်ဆံသင့်တဲ့ ဆက်ဆံရေးတွေ. . ."

"ဒါတွေက ရဂုံစိတ်ရင်းနဲ့ လုပ်ချင်လို့လုပ်ခဲ့တာတွေ မဟုတ်ဘူးဆိုတာ ကျွန်တော်နားလည်ပါတယ်၊ ရဂုံ့ကို ကျွန်တော်အလွန်အကျွံပြောခဲ့မိတာတွေအတွက်ပဲ တောင်းပန်ပါတယ်၊ ကိုယ့်ချစ်သူတစ်ယောက်အပေါ်မှာ ကျွန်တော်ဒီလိုမဖြစ်သင့်ဘူးမဟုတ်လား။ ကျွန်တော့်ကိုခွင့်လွှတ်တယ်မဟုတ်လား ရဂုံ"

"မောင့်မှာ ဘာအပြစ်မှမရှိပါဘူးမောင်ရယ်၊ မှားခဲ့တာက ရဂုံပါပဲ၊ ရဂုံကပဲ တောင်းပန်ရမှာပါ"

"ရဂုံ ပင်ပန်းနေပါပြီ၊ အဲဒါတွေ နောက်မှပြောရအောင်ရဂုံရယ်၊

www.burmeseclassic.com

www.burmeseclassic.com



အခု ကျွန်တော့်ရင်ခွင်ထဲမှာနေပြီး အပန်းဖြေပါ၊ လွမ်းမောမှုတွေအတွက် ကျွန်တော့်ကိုနှစ်သိမ့်ခွင့်ပေးပါ ရက်၊ ကျွန်တော့်အလွမ်းတွေအတွက်လည်း ထွေးပွေ့ခွင့်ပေးပါနော်"

"ကြည်... မောင်ရယ်"

ချစ်တတ်လွန်းသောမောင့်ရဲ့ရင်ခွင်မှာ သူမမှေးမှိုက်သည်။ ဒီရင်ခွင်ကို သူမဘယ်တော့မှ မခွာတော့၊ တောင့်တမှုတွေအတွက် တစ်သက်စာလုံးနိုးနားပါရစေမောင်။

ဒီရင်ခွင်ကပဲ သူမအတွက် အကြင်နာမေတ္တာတွေနှင့် လုံခြုံမှု ပေးနိုင်မှာမို့ ...။

♥♥♥

[redacted]

## စာရေးဆရာမ လုံမ၏ ထွက်ရှိပြီးသော လုံးချင်းဝတ္ထုများ

၁။ ရင်ခွင်စားရက်
၂။ ရင်ထဲရှိတဲ့အတိုင်း - သစ္စာနှင်းဆီဗီဒီယို
၃။ အရောင်ကွဲပုံရိပ်
၄။ အခမဲ့ရင်ပြင် - အောင်သိဒ္ဓိဗီဒီယို
၅။ ခြယ်သမိ တိမ်ပန်းချီ - အောင်သိဒ္ဓိဗီဒီယို
၆။ ရှိုက်သံကင်းမဲ့ဖုန် - အောင်သိဒ္ဓိဗီဒီယို
၇။ အလင်းမဲ့ည - မာန်ထက်ချီဗီဒီယို
၈။ ရွှေရင်သိမ်းသစ်စကမျာ - အောင်သိဒ္ဓိဗီဒီယို
၉။ စိတ်မျှော်စင်
၁၀။ မိန်းမလှရှိကာ - အောင်သိဒ္ဓိဗီဒီယို
၁၁။ အနာတရလေပြည် - ပါဝါကင်းဗီဒီယို
၁၂။ ပင်လယ်ရေနဲ့ဆေးပါ့မယ် -
၁၃။ ပန်းနုရောင်နိဒါန်း - မျက်ခြယ်ဗီဒီယို
၁၄။ တိမ်ပြာပြာနေ့တစ်နေ့ -
၁၅။ ရင်ခုန်သံအဓိပ္ပာယ် - စူပါစတားဗီဒီယို
၁၆။ အချစ်ညွှတ်ကွင်း - ဗီဒီယို
၁၇။ အသည်းကွဲအောင်လက်မှတ် - သစ္စာနှင်းဆီဗီဒီယို
၁၈။ အနမ်းများနှင့်ရေ့ဆက်ခွင့်ပြုပါ - အောင်သိဒ္ဓိဗီဒီယို
၁၉။ အရောင်မဲ့သင်္ကေတ - ရွှေစင်ဦးဗီဒီယို
၂၀။ ပြောဖို့လိုသေးလား - အောင်သိဒ္ဓိဗီဒီယို
၂၁။ မင်းအတွက်ဆို - မာန်ထက်ချီဗီဒီယို
၂၂။ သက်တမ်းရှင်သမုဒယ - သစ္စာနှင်းဆီဗီဒီယို
၂၃။ မေ့ဖို့မလွယ် - အောင်သိဒ္ဓိဗီဒီယို
၂၄။ အကြင်နာလက်တစ်ကမ်း - ရွှေစင်ဦးဗီဒီယို
၂၅။ မေ့လို့မရသည့်အကြောင်းအရင်း - အောင်သိဒ္ဓိဗီဒီယို
၂၆။ လက်ကလေးရဲ့မိုးပြိုတိုက် - အောင်သိဒ္ဓိဗီဒီယို
၂၇။ မကြုံဘူးလို့ ချစ်မိတာပါ - အောင်သိဒ္ဓိဗီဒီယို
၂၈။ နှလုံးသားထဲ တိုးဝင်ကြည့် - အောင်သိဒ္ဓိဗီဒီယို
၂၉။ ဦးတွယ်ခြင်း သင်ခန်းစာ - အောင်သိဒ္ဓိဗီဒီယို

[redacted]

www.burmeseclassic.com